

www.burmeseclassic.com
အောင်မြင်စာပေ
၂
ကြိုခတ္က
BURMESE CLASSIC .com
ကွင်းပိုင်မိစ္ဆာ နှင့် မပဲရီ
www.burmeseclassic.com

www.burmeseclassic.com

# အောင်မြင် စာပေ



BURMESE CLASSIC .com

၈၉၅.၈၃
တြိစက္ကူ
ကျွင်းပိုင်မိဿရာနှင့်မင်ဖါ/တြိစက္ကူ။ - ရန်ကုန်၊
အောင်မြင်စာပေ၊ ၂၀၁၃၊
၂၄၀ - စာ၊ ၁၂.၅ x ၁၈.၃ စင်တီ။
(၁) တြိစက္ကူ

**ထုတ်ဝေသူ** ဦးအောင်မြင့်၊
**ဖြန့်ချိရေး** အောင်မြင်စာပေ၊

**အတွင်းပုံနှိပ် နှင့် မျက်နှာဖုံးပုံနှိပ်**
အောင်မြင်ပုံနှိပ်တိုက်၊ ပထမအကြိမ်၊
၂၀၁၃ ခုနှစ်၊ (ဧပြီလ)၊ အုပ်ရေ(၅၀၀)။



www.burmeseclassic.com

www.burmeseclassic.com

# ဒဿနလင်္ကာဆောင်

❖ ချစ်ခြင်းမေတ္တာဟူသည်
အသည်းနှလုံး၏ ခံစားချက်သာဖြစ်သည်၊
ဘဝ၏အကြောင်းအရာများ မည်သို့ပင်ရှိစေကာမူ
မိမိရင်ထဲမှ ချစ်ခြင်းမေတ္တာကို
မထိခိုက်စေခြင်း သည်သာ
အကောင်းဆုံးဖြစ်ပေသည်။

❖ အမှားတစ်ခုပြုမိခြင်းအတွက်တော့
နောင်တရနေစရာ မလိုပါချေ၊
သင်ခန်းစာယူတတ်လျှင်
ထိုအမှားသည်ပင်
သင့်အတွက်အားဖြစ်လာနိုင်ပါတယ်။

❖ "အတွေ့အကြုံ" ဟူသောစကားလုံးသည်
မှားယွင်းမှုအတွက် ဆင်ခြေပေးခြင်းသာဖြစ်၏။
မှားသည်ဖြစ်စေ မှန်သည်ဖြစ်စေ
ထိုအတွေ့အကြုံကတော့
ဘဝအဖော်ဖြစ်နိုင်ပါတယ်။

BURMESE CLASSIC .com

# ဒဿနလင်္ကာဆောင်

❖ အခက်အခဲနှင့် ကြုံတွေ့နေရသူကို
အထင်မသေးသင့်ပါချေ၊
ကူညီနိုင်ပါက အကူအညီပေးပါ
မကူညီနိုင်ပါက သင်ခန်းစာယူလိုက်ပါ။

❖ လူတစ်ယောက် အသက်ရှည်ခြင်းသည်
တုပ၍မရနိုင်သောအရာ ဖြစ်သော်လည်း
အသက်ရှင်နေစဉ် ကာလတစ်လျှောက်မှာ
သူဘာတွေအကောင်းဆုံးလုပ်ပေးခဲ့တာကိုတော့
တုပနိုင်ကြပါတယ်။

❖ စိတ်ရဲ့အခြားတစ်ဘက်မှာ..
အမှန်တရားရှိပါတယ်၊
ဒါပေမယ့် အဲဒီနေရာ ရောက်အောင်သွားဖို့
အချစ်နဲ့ခင်းတဲ့ တံတားတစ်စင်းတော့
လိုပါလိမ့်မယ်။

www.burmeseclassic.com

www.burmeseclassic.com

# ဒဿနလက်ဆောင်

❖ နှလုံးသားတိုင်းမှာ...
ခံစားချက်ကိုယ်စီရှိကြပါတယ်၊
တစ်ဦးနဲ့တစ်ဦး ခံစားချက်ချင်းမတူကြတာ
အချစ်ကို တန်ဖိုးထားတာချင်း မတူကြလို့ပါပဲ...။

❖ မော်အတတ်ပညာဆိုတာ..
လှည့်စားခြင်းတွေထဲမှာ
အတော်ဆုံး ပညာရပ်တစ်ခုပါပဲ..၊
ဒါပေမယ့် တစ်ခါတစ်ရံမှာတော့
အချစ်က မော်အတတ်ပညာထက်
ပိုတော်တာတွေလည်းရှိပါတယ်။

❖ သူတစ်ပါးကို အပြစ်ပြောဆိုခြင်း
ဝေဖန်ခြင်း ပြုတော့မည်ဆိုပါက
မိမိပြုလုပ်ခဲ့သော အကြောင်းအရာများကို
မကွယ်မဝှက်ပဲ
ပြန်လည်ဆန်းစစ်သင့်ပါတယ်။

BURMESE CLASSIC .com



# ဒဿနလက်ဆောင်

❖ အသက်ရှင် နေခြင်းသည်
တိုးတက်မှုတစ်ခုလို့တော့ ဆိုနိုင်ပါတယ်၊
ဒါပေမယ့် သေချာတာကတော့
ဆုံးရှုံးခြင်းဆီသို့ ဦးတည်ရွေ့လျားနေတာကတော့
အမှန်တရားပင်ဖြစ်ပါတယ်၊

❖ မအောင်မြင်ခင်အချိန်မှာ
အောင်မြင်မှုရရန် စိတ်ကူးကြံစည်ရပါတယ်၊
အောင်မြင်မှုရပြီးလျှင်တော့
ပတ်ဝန်းကျင်မှထိုးနှက်လာသော
အနှောင့်အယှက်များအား၊
ကာကွယ်ဖို့ အသင့်ပြင်ကြရပါတယ်၊

❖ မျက်ရည်သည်
မျက်လုံးကိုဆေးကြောရန်အတွက်
အသည်းနှလုံးက ထုတ်ပေးလိုက်ရတာဖြစ်လို့
မကြာခဏ မျက်ရည်မကျအောင်တော့
ထိမ်းသိမ်းရပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

# ဤဝတ္ထုတွင်ပါဝင်သောအခန်းများ


အခန်း(၁) မိစ္ဆာများဝင်သဖြင့် ရွာပျက်ပြေးကြရခြင်း၊

အခန်း(၂) ထူးဆန်းလှသည့် ပုတ်ဝင်သည့်မှတ်တမ်းများ၊

အခန်း(၃) ပေါင်းဝရွာမှ မဖဲဝါ၊

အခန်း(၄) လေးကျွန်းကိုင် ကွင်းပိုင်နက်ကျော်၊

အခန်း(၅) အမှောင်ရိပ်ထဲမှ မိစ္ဆာငှက်လေလား၊

အခန်း(၆) ပေါင်းဝရွာမှ ဆန်းကြယ်စွာသေဆုံးမှု၊

အခန်း(၇) ပုတ်ဝင်ပြီး ထလာသောအလောင်း၊

အခန်း(၈) နိုင်ငံရပ်ခြားမှ သွေးစုပ်ပုတ်ကောင်များ၊

အခန်း(၉) လေးကျွန်းပိုင်နှင့် မဖဲဝါ..၊

အခန်း(၁၀) ပရလောကမှ အကူအညီလာပေးသူ၊

အခန်း(၁၁) ပေါင်းဝသုသာန်စောင့်နှင့် အဆက်ရှိသူ၊

အခန်း(၁၂) သွေးဆာနေသော သွေးစုပ်မိစ္ဆာ၊

အခန်း(၁၃) မိစ္ဆာကျော့ကွင်းမှ သားကောင်၊

အခန်း(၁၄) အမှောင်ရိပ်ထဲမှ မိစ္ဆာကောင်၊

အခန်း(၁၅) ကွင်းပိုင်မိစ္ဆာနှင့် မဖဲဝါ၊

အခန်း(၁၆) ကျွန်ုပ်နှင့်တာဝန်ကျေခဲ့သော ဇာတ်လမ်း၊


BURMESE CLASSIC .com



## ( အခန်း ၁ )

# မိစ္ဆာများဝင်သဖြင့် ရွာပျက်ပြေးကြရခြင်း

ဤဝတ္ထုဖြစ်ပေါ်လာသောအချိန်ကာလမှာ (၁၉၅၀) ခုနှစ် နောက်ပိုင်းကာလများဖြစ်ပေသည်။

ထိုအချိန်က လွတ်လပ်ရေးရပြီး ခါစနောက်ပိုင်းတိုင်းပြည်နှင့်တစ်ဝှမ်းမှာ မငြိမ်မသက်ဖြစ်နေသော အချိန်ကာလလည်း ဖြစ်ပေသည်။

မြစ်ဝကျွန်းပေါ်အရပ်ဒေသများမှာ ရောင်စုံသောင်း



www.burmeseclassic.com

www.burmeseclassic.com



ကျန်းသူတို့ ဆူပူသောင်းကျန်းနေသော အချိန်လည်းဖြစ်သည်။

ထိုအချိန်ကမြစ်ဝကျွန်းပေါ်ဒေသများမှာ သစ်တောကြီးများရှိနေသေးရာ သောင်းကျန်းသူများက ထိုသစ်တောကြီးများအတွင်းမှာ စခန်းချနေထိုင်ပြီး ပတ်ဝန်းကျင်ဒေသ၌ရှိသော ရွာများကိုနှိပ်စက်ကြလေသည်။

ဆက်ကြေးတောင်းခြင်း၊ ရိက္ခာတောင်းခြင်းများအပြင် မပေးနိုင်သောရွာများကို ရွာလုံးကျွတ်မီးရှို့ပစ်ခြင်း၊ လူများကိုသတ်ဖြတ်ခြင်း၊ ကျွဲ၊ နွား၊ ဝက်၊ ကြက်၊ ဘဲတို့ကိုယူဆောင်သွားခြင်း၊ ဝမ်းစာထားသောဆန်စပါးတို့ကို သယ်ယူသွားခြင်း စသောနှိပ်စက်မှုများကြောင့်ကျေးလက်တောရွာများမှာ နေထိုင်ကြသူများ ဒုက္ခရောက်ကြလေသည်။

အများအားဖြင့်တော့ သစ်တောများနှင့်နီးသော ပင်လယ်ပိုင်းဒေသများမှာ နေထိုင်ကြသောရွာများမှာ ပိုပြီးအထိနာကြလေသည်။

ကရင်သောင်းကျန်းသူများက အခြားရွာများကိုဝင်ရောက်ပြီး ရွာလုံးကျွတ်ဖျက်ဆီးပစ်ကြသလို အခြားရောင်စုံသောင်းကျန်သူတို့ကလည်း ကရင်ရွာများကို ရွာလုံးကျွတ်ဖျက်ဆီးပစ်ကြလေသည်။

နယ်ချဲ့များကငင်းတို့ ထွက်ပြေးရခါနီးတွင် ရိုးသားသောဒေသခံများကို မြှောက်ပင့်သွေးထိုးပေးခဲ့သောကြောင့် အချင်းချင်း နားလည်မှုလွဲကာ ထိုကဲ့သို့ပြည်တွင်းစစ်ပွဲများ ဖြစ်ကြရလေ





သည်။

ထိုကဲ့သို့ပြည်တွင်းစစ်ပွဲများဖြစ်သောအခါ အထိနာကြသူများမှာ ကြားထဲမှလူများပင်ဖြစ်သည်။

တစ်ဖက်နှင့်တစ်ဖက်နှိပ်စက်ကြသောအခါ၊ တိုက်ခိုက်ကြသောအခါ အပြစ်မဲ့သော ပြည်သူပြည်သား၊ ရွာသူရွာသားတို့မှာ ကြားထဲမှမြေစာပင်များဖြစ်ခဲ့ကြရသည့် (၁၉၄၈)ခုနှစ် မြန်မာပြည်လွတ်လပ်ရေးရပြီး နောက်ပိုင်းတွင် သောင်းကျန်းသူ အဖွဲ့အတော်များများ ပေါ်ပေါက်ခဲ့ကြလေသည်။

ကရင်သောင်းကျန်းသူများ၊ အလံနီကွန်မြူနစ်များ၊ အလံဖြူကွန်မြူနစ်များ၊ ရဲဘော်ဖြူ ရဲဘော်နီဆိုပြီး အမျိုးမျိုးကွဲပြားကြပြီး နှိပ်စက်မှုမှာလည်း ပိုမိုများပြားကြသည်။ သောင်းကျန်းသူအဖွဲ့များ ပိုမိုကွဲပြားပြီး များပြားလေလေ နယ်ခံများမှာ ပိုမိုနှိပ်စက်ခံကြရလေဖြစ်၏။

အင်အားအကောင်းဆုံးမှာ ကရင်သောင်းကျန်းသူများဖြစ်ပြီးရွာလုံးကျွတ်ဖျက်ဆီးသတ်ဖြတ်ခြင်းများ ပြုကြလေသည်။

သောင်းကျန်းသူများမှာ မြစ်ဝကျွန်းပေါ်ဒေသများမှာ နှစ်ပေါင်း(၂၀)ကျော်ကြာအောင် အုပ်စိုးမင်းမူခဲ့ကြလေသည်။ (၁၉၅၀)ခုနှစ် နောက်ပိုင်းကာလများမှာတော့ ကရင်သောင်းကျန်းသူများဝင်ရောက်ဖျက်ဆီးမှုကြောင့် မြစ်ဝကျွန်းပေါ် နယ်ဘက်မှ ကျေးရွာအတော်များများ ပျက်စီးခဲ့ကြရသည်။

ပင်လယ်နှင့်နီးသော မြစ်ဝကျွန်းပေါ် သစ်တောကြီးများ



www.burmeseclassic.com

www.burmeseclassic.com



နှင့်နီးသော ရွာများမှာ ပိုပြီးနှိပ်စက်မှုဒဏ်ခံကြရသည်။

နောက်ဆုံးမနေဝံ့ကြတော့သဖြင့် မြို့နှင့်နီးသောနေရာများကို ရွှေ့ပြောင်းပြေးကြရသည်။

(၁၉၅၀)ခုနှစ်နောက်ပိုင်းကာလများမှာ ကရင်သောင်းကျန်းသူများက မော်ကျွန်း၊ ဘိုကလေးစသောမြို့များအထိ တက်ကာတိုက်ခိုက်ကြသဖြင့် မြို့မှာနေသူများပါ တထိတ်ထိတ်နှင့်နေကြရသောကာလများဖြစ်သည်။

ကရင်သောင်းကျန်းသူများကလည်း စိတ်မထင်လျှင်ရွာလုံးကျွတ်သတ်ဖြတ်ခဲ့ရာ လယ်ကွင်းများနှင့် မြစ်ချောင်းများအတွင်း၌ အလောင်းများမပြတ်တွေ့ကြရသည်။

လယ်ကွင်းများထဲသေနေသော အလောင်းများကို ကျီး၊ လင်းတစသောငှက်များ၊ တောတိရစ္ဆာန်များက စားသောက်ကြသလိုမြစ်ချောင်းများမှာ မျောပါနေသောအလောင်းကောင်များကိုတော့မိကျောင်းများနှင့် ငါးများကစားသောက်ကြသည်။

(၁၉၅၀)ခုနှစ်ဝန်းကျင် မတိုင်ခင်ကမြစ်ဝကျွန်းပေါ်ဘက်မှာ ထင်းပွဲစခန်းများဖြင့် စည်ကားခဲ့သည်။

ထင်းပွဲစခန်းများကို အကြောင်းပြုပြီး ထိုအနီးတစ်ဝိုက်ရှိကျွန်းများ၊ သစ်တောကမ်းစပ်နေရာများမှာ ရွာအချို့ပေါ်ပေါက်ခဲ့သည်။

ငါးပုစွန်ရှာသူများ၊ အမဲလိုက်သူများစုဝေးနေထိုင်ကြရာမှ အိမ်စုကလေးများ ဖြစ်လာသည်။





နောက်တော့တဖြည်းဖြည်းနှင့် များလာပြီးရွာဖြစ်လာခြင်းဖြစ်ပေသည်။

ထိုအထဲမှာ ပြင်စလူကျွန်းကြီးနှင့် မနီးမဝေး၌ရှိသောကျွန်းအချို့မှာလည်းရွာတန်းများ ပေါ်ပေါက်လာလေသည်။ မော်ဇာရွာ၊ ကညင်ပင်ရွာ၊ ထိန်ပင်ကုန်းရွာနှင့် ဘီလူးမဂယက်ရွာတို့မှာ အတော်စည်ကားခဲ့ကြလေသည်။

မော်ဇာရွာမှ 'ကွင်းပိုင်နက်ကျော်' နေခဲ့သောရွာဖြစ်သောကြောင့်လူသိများသလို ဘီလူးမဂယက်ရွာမှာလည်း ထင်းပွဲစခန်းများရှိခဲ့သောကြောင့် များစွာစည်ကားခဲ့ပေသည်။

နောက်ပိုင်းမှာတော့ ကရင်သောင်းကျန်းသူများ နှိပ်စက်မှုကိုမခံနိုင်သောကြောင့် ရွာများပျက်ကာဘေးလွတ်ရာသို့ထွက်ပြေးကြရသည်။

ထိုအထဲမှာ နီမောင်တို့မိသားစုလည်း အပါအဝင်ဖြစ်တော့သည်။ နီမောင်မှာ ထင်းပွဲစခန်းကောင်းစားစဉ်က ထင်းပွဲရုံတစ်ခုမှာအလုပ်လုပ်ခဲ့သော်လည်း၊ ထင်းပွဲစခန်းများပျက်သောအခါဘေးလွတ်ရာသို့ ထွက်ပြေးကြရသည်။ ပွဲစားမိသားစုကမော်ကျွန်းမြို့သို့ ပြန်ပြောင်းသွားသော်လည်း သူတို့မိသားစုသုံးယောက်ကတော့ မြို့သို့မပြန်နိုင်ကြတော့ပေ။

မြို့ပြန်လျှင်အလုပ်အကိုင်မရှိ ရင်းနှီးစားသောက်ဖို့မရှိကြသောကြောင့် အခက်တွေ့မည့်အတူတူတော့ တောရွာများမှာပင် သင့်သလို လုပ်ကိုင်စားသောက်ကြမည်ဟု အချင်းချင်းတိုင်



www.burmeseclassic.com

www.burmeseclassic.com



ပင်ပြီး မြို့သို့မပြန်တော့ခြင်းဖြစ်သည်။

နောက်တော့ပွဲရုံမှာ ၎င်းနှင့်အလုပ်အတူတူတွဲလုပ်နေသော စောထီးနှင့်ငမဲအောင်တို့နှစ်ယောက်ကခေါ်သဖြင့် ၎င်းတို့ရွာသို့လိုက်သွားကြသည်။ ရွာသို့ရောက်တော့ သင့်သလိုလုပ်ကိုင်စားသောက်နေကြစဉ် ဘေးအန္တရာယ်တစ်ခုနှင့် ကြုံတွေ့ကြရသည်။

အခြားမဟုတ်ပေ။

ထိုရွာရောက်ပြီး လပိုင်းမျှသာရှိသေးသည် တစ်ရွာလုံးကြောက်စရာကောင်းသော အန္တရာယ်ဆိုးတစ်ခုနှင့် တွေ့ကြုံကြရလေတော့သည်။

စောထီးတို့နေသော 'ရေဝင်ရွာ'မှာဒီရေတက်သောအရပ်မှာပင်ရှိသည်။ အများစုကတော့ကရင်လူမျိုးများ အနေများသည်။ အနီးပတ်ဝန်းကျင် တစ်ဝိုက်မှာရှိကြသော ရွာများမှာလည်း နေထိုင်ကြသူအများစုမှာ ကရင်လူမျိုးများလေသည်။

တစ်နေ့သ၌ထိုကရင်ရွာများသို့ သောင်းကျန်းသူအချို့ရောက်လာပြီး ကလေးလူကြီးမကျန် ရွာလုံးကျွတ် ဝင်ရောက်သတ်ဖြတ် သွားလေသည်။

တစ်ရွာလုံးသေဆုံးသွားသောကြောင့် ပိုးလိုးပက်လက်နှင့်ရုပ်ပျက်ဆင်းပျက်သေဆုံးနေသော အလောင်းများကိုမြှုပ်နှံပေးမည့်သူမရှိသောကြောင့် ဒီအတိုင်းပင်ရှိကြလေသည်။ ကံကောင်းထောက်မစွာဖြင့် ရေဝင်ရွာကလွတ်သွားသော်လည်း





၎င်းတို့မှာလည်းကောင်းကောင်း မနေကြရပေ။ ထိုအဖြစ်အပျက်ကနီမောင်တို့ပြောင်းရွှေ့လာပြီး မကြာခင်မှာ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

တစ်ရွာနှင့်တစ်ရွာမဝေးလှပဲ ချောင်းတစ်ချောင်း၊ လယ်တစ်ကွက် တောအုပ်တစ်အုပ်လောက်သာ ကွာဝေးသောကြောင့် ဟိုရွာမှာဖြစ်ပျက်နေသော အကြောင်းများကို အနီးမှာရှိသည့်ရွာများမှ အားလုံးသိနေကြသည်။

ထို့ကြောင့် နေ့တထိတ်ထိတ်ညတထိတ်ထိတ်နှင့် နေကြရသောအချိန်လည်းဖြစ်သည်။

"ငါတို့အဖြစ်ကလည်းကွာ တောဘက်မှာသောင်းကျန်းသူတွေဆူလို့ ဒီဘက်ပြေးလာပါတယ်၊ ဒီရောက်မှပဲ စိတ်မချမ်းသာစရာတွေ ထပ်တွေ့နေကြရတယ်"

ငမဲအောင်ကပြောသည်။

"အခုလို မငြိမ်မသက်ဖြစ်နေတဲ့ အချိန်မှာတော့ ဘယ်နေရာသွားလို့မှ လွတ်မှာမဟုတ်ပါဘူး. . ၊ မြို့တွေမှာတောင် သောင်းကျန်းသူတွေတက်ပြီး လုယက်တိုက်ခိုက်နေမှတော့ ဒီနေရာတွေ လွတ်ပါတော့မလား"

နီမောင်က ပြောလိုက်သည်။

နီမောင်ပြောသလိုပင်. . သူတို့နေသောရေဝင်ရွာမှာလည်း အေးအေးမနေကြရပါချေ။ ရေဝင်ရွာသို့သောင်းကျန်းသူများရောက်လာပြီး ဖျက်ဆီးသောကြောင့်တော့ မဟုတ်ပါချေ။



www.burmeseclassic.com

www.burmeseclassic.com



ညဘက်ရောက်လာလျှင် ကောင်းကောင်းမအိပ်ဝံ့ကြပေ။ တစ်ရွာလုံးအသတ်ခံရသောရွာက သူတို့နေသော ရေဝင်ရွာနှင့် လယ်တစ်ကွက်သာခြားပြီး ညအချိန်ရောက်လာလျှင် ထိုရွာဘက်မှ စူးစူးဝါးဝါးအော်သံများ ကြားကြရသည်။

ကယ်ပါယူပါနှင့် အော်ဟစ်အကူအညီတောင်းသံတို့ကို အတိုင်းသားကြားကြရ သည်။

ထို့ပြင်အမှောင်ရိပ်ထဲမှ ရွာဘက်သို့ပြေးလာသောမည်းမည်းသဏ္ဍာန်များကိုလည်း မြင်ကြရသည်။ ထို့ကြောင့်ညဘက်ရောက်လာလျှင် မည်သူမှအပြင်မထွက်ဝံ့ကြတော့ပေ။ မီးမှိတ်ပြီး မိမိတို့တဲများအတွင်း၌ ငြိမ်သက်နေကြရသည်။

တစ်ခါတလေ ထိုမည်းမည်းသဏ္ဍာန်များက ရွာထဲအထိ ဝင်လာကြသည်။ ရွာထဲမှာရှိကြသော အခြားသူများ၏ နာမည်များကို တကြော်ကြော်အော်ဟစ် ခေါ်ဝေါ်ကြသည်။

ဘယ်သူရေ. . ဘယ်ဝါရေဆိုပြီး နာမည်များတပ်ပြီး ခေါ်ဝေါ်ကြသည်။

"စောထီးရေ. . အိပ်ကြပြီးလားကွာ ငါတို့ဟိုဘက်ရွာက လူတွေပါ. . ဘာမှမစားရသေးလို့ စားစရာရှိရင်ကျွေးကြပါဦးကွ. ."

အိမ်ရှေ့ဘက်အမှောင်ရိပ်ထဲမှ အော်ပြောနေသောအသံများကြားကြရသော်လည်း မည်သူမှအပြင်မထွက်ဝံ့ကြပေ။ ပြန်ပြီး အသံလည်းမပြုဝံ့ကြပေ. . ။





"ငမဲအောင်ရော. . ငါတို့တစ်ရွာလုံးတော့ သူပုန်တွေဝင်ပြီးနှိပ်စက်လို့ ကုန်ပါပြီကွာ. . ငါတို့မှာနေစရာမရှိတော့လို့ မင်းတို့ဆီမှာလာနေပါရစေကွာ. . ."

ဟု လာပြောသူကပြောသည်။

ထိုသို့လာပြောသော်လည်း ဘာမှပြန်မပြောဝံ့ပေ။ မီးခွက်မှုတ်ပြီး ငြိမ်နေကြရသည်။ အချို့ကတော့ ထိုအကြောင်းများကိုမသိကြပေ။ နားမလည်ကြသောကြောင့်လည်း တဲပေါက်မှ ထိုသို့လာပြောလျှင် ၎င်းတို့ အသိမိတ်ဆွေများထင်သဖြင့် ပြန်ပြီးအသံပြုကြလေသည်။

"တင်ရွှေတို့အိပ်ကြပလားကွ. . . ငါတို့ ဟိုဘက်ရွာကပါ၊ မင်းတို့မိတ်ဆွေ ကရင်ကြီးတို့ပါ. ."

"ကရင်ကြီးတို့လား လာကြကွာအချိန်မတော်ကြီးဘယ်လိုဖြစ်လာတာလဲ"

ဟုပြောရင်း မီးခွက်ထွန်းကာ တဲတံခါးဖွင့်ပေးသည်။

တဲတံခါးဖွင့်လိုက်တော့ တဲပေါက်ဝမှာရပ်နေသော လူသုံးယောက်ကို တွေ့ရသည်။

တင်ရွှေ၏အသိမိတ်ဆွေဖြစ်ကြသည့် ကရင်ကြီးတို့မိသားစုသုံးယောက်ပင်ဖြစ်ကြသည်။ ကရင်ကြီးကအထုပ်ကြီးတစ်ထုပ်ထမ်းလာပြီး သူ့မိန်းမကအဝတ်များဖြင့် ပတ်ထားသောကလေးတစ်ယောက်ကိုပွေ့ချီထားသည်။

"ငါတို့ဒုက္ခရောက်လာလို့ကွာ ဒီမှာတစ်ညယောက်



www.burmeseclassic.com

www.burmeseclassic.com



တည်းပါရစေ"

ဟုခွင့်တောင်းသဖြင့် တဲအတွင်းသို့ ဝင်ခွင့်ပေးလိုက်ကြလေသည်။ သုံးယောက်စလုံး ရွှံ့များရေများဖြင့် စိုရွှဲနေတော့သည်။

"ကရင်ကြီးရာ ဘယ်လိုဖြစ်လာတာလဲ"

"ငါတို့တစ်ရွာလုံး သူပုန်တွေဝင်သတ်လို့ သေကုန်ကြပြီလေ"

"မင်းတို့ကရော ဘယ်လိုလွတ်လာကြတာလဲ"

"ငါတို့မိသားစုသုံးယောက်က ခနိတောထဲသွားပုန်းနေလို့လွတ်ခဲ့တာ၊ ဒီမှာလည်း မနေဝံ့တော့ပါဘူး၊ နောက်တစ်နေ့ရောက်ရင်တော့ ငါ့အမျိုးများရှိတဲ့အထက်ပိုင်းကိုပဲ သွားတော့မယ်. . "

တင်ရွှေတို့မှာလည်း မိသားစုမများပေ။ ထိုကြောင့် ကရင်ကြီးတို့မိသားစုကို တဲမှာတည်းခိုခွင့်ပေးလိုက်သည်။

တင်ရွှေမှာ တစ်နေကုန်အလုပ်ကြမ်းလုပ်ရသူဖြစ်သောကြောင့် ညဘက်ရောက်တော့ အိပ်မောကျသွားလေသည်။ သူအိပ်ပျော်သွားသောအချိန်မှာပင် စူးစူးဝါးဝါးအော်ဟစ်သံများကြားရသဖြင့် ပြန်နိုးလာသည်။

"ကယ်ကြပါဦးရှင်. . ကယ်ကြပါဦး၊ ကျွန်မသားနဲ့သမီးတော့ သေပါပြီ. . "

တင်ရွှေကထကြည့်တော့ ကလေးတစ်ယောက်ကို ဖက်





ထားသော မိန်းမဖြစ်သူမရီကို တွေ့ရသည်။

"ဟဲ့. . မရီ ဘာဖြစ်နေတာလဲ"

"ဒီမှာလည်း ကြည့်ပါဦးတော့"

ဟု ပွေ့ထားသော ကလေးကိုပြရာ လည်ပင်းတစ်ဝိုက်မှာ သွေးများနီရဲနေသည်ကို တွေ့ရသည်။ ကလေးမှာလေးနှစ်သားအရွယ်ပင် ရှိသေးသည်။

"ဘာဖြစ်တာလဲ"

"ကျုပ်လည်းမသိဘူး၊ ကလေးငိုသံကြားလို့ ထကြည့်လိုက်တော့ သရဲသဘက်ကြီးတွေထင်ပါရဲ့ ကလေးနှစ်ယောက်ကို သတ်နေကြတာ တွေ့ရတာပါပဲ"

တင်ရွှေက မီးခွက်ထွန်းလိုက်ပြီး တစ်နေရာမှာတုံးလုံးကလေးလဲကျနေသော နောက်ကလေးတစ်ယောက်ကို ပွေ့ယူပြီးကြည့်လိုက်တော့ ထိတ်လန့်ဖွယ်ရာမြင်ကွင်းကို တွေ့ရလေသည်။ လည်ပင်းတစ်ဝိုက်မှာ အပေါက်ကြီးများဖြစ်နေပြီး ထိုနေရာမှ သွေးများပန်းထွက်နေသည်။ ကလေးနှစ်ယောက်စလုံးကတော့ အသက်မရှိကြတော့ပေ. . .။

"ကရင်ကြီးတို့ မိသားစုတွေရော ဘယ်ရောက်သွားပြီလဲ"

ထိုအခါမှည၌ဦးပိုင်းတွင် ဟိုဘက်ရွာမှ ရောက်လာသော ဧည့်သည်သုံးယောက်ကို ကြည့်လိုက်တော့ အိမ်ရှေ့မှာမတွေ့ရတော့ပေ. . ။ သူတို့နေသွားသောနေရာမှာ လူမရှိတော့

www.burmeseclassic.com



သော်လည်း ၎င်းတို့ယူဆောင်လာသော အထုပ်များကတော့ ကျန်နေခဲ့လေသည်။

တင်ရွှေထင်လိုက်သည်က ကြောက်ရွံ့ဖွယ်ရာများတွေ့ရသောကြောင့် ပစ္စည်းများကိုပင်မယူနိုင်တော့ပဲ ထွက်ပြေးသွားကြသည်ဟု ပင်ထင်လေသည်။

ထိုကြောင့်ထိုကျန်နေသောပစ္စည်းများကို မကြည့်ဖြစ်ကြတော့ပဲ. . ဒဏ်ရာများဖြင့်အသက်ပျောက်နေပြီဖြစ်သော ကလေးနှစ်ယောက်အတွက်သာ ပူဆွေးသောကရောက်နေကြသည်။

နောက်တစ်နေ့နံနက်ပိုင်း အချိန်ရောက်သောအခါမှမရှိ ငိုသံကြားသဖြင့် အနီးပတ်ဝန်းကျင်မှ လူများရောက်လာကြပြီး ကြည့်ရှုကြသည်။

နီမောင်၊ စောထီး၊ ငမဲအောင်တို့သုံးယောက်လည်း ရောက်လာကြသည်။ အကျိုးအကြောင်းမေးကြည့်ပြီး သိရသောအခါကရင်ကြီးတို့မိသားစုကျန်နေခဲ့သည့် ပစ္စည်းများကိုသွားရောက်ကြည့်ကြသည်။

ဖျာလိပ်တစ်လိပ်နှင့်အဝတ်ဖြင့် ပတ်ထားသောအထုပ်တစ်ပင်ဖြစ်သည် ဖျာလိပ်ကိုဖြေချလိုက်သောအခါ အတွင်းမှလူသေအလောင်းတစ်လောင်း တွေ့ရသည်။

အရိုးကျနေပြီဖြစ်သော အလောင်းပင်ဖြစ်သည်။ ဖျာလိပ်ထဲမှာ လူအရိုးစုတွေ့ရသောကြောင့် အထုပ်ကြီးကို မဖြေ





ဝံ့ကြတော့ပေ။ သို့ကြောင့် နီမောင်ကပင် အနားသွားပြီး အဝတ်စကိုဖြေချလိုက်သည်။ အတွင်းမှာတော့ အခြားဘာမှမပါပဲ ကလေးအရိုးခေါင်းနှစ်လုံးကို အဝတ်ဖြင့်ထုပ်ထားကြောင်း တွေ့ကြရသည်။

"လက်စသတ်တော့ကရင်ကြီးတို့ မိသားစုတွေက ရွာပျက်တုန်းကတည်းက သေပြီးနေကြပုံပဲ၊ ဒါနဲ့တောင် ငါတို့မိသားစုတွေကို လာပြီးဒုက္ခပေးသွားကြတယ်"

ဟု တင်ရွှေမှာမကျေမနပ်ဖြင့် ရေရွတ်ပြောဆိုနေသည်။ သို့သော်. . . သူ့အနေဖြင့် ဘာမှမတတ်နိုင်တော့ပါချေ။ နောက်ပိုင်းမှာလည်း အခြေအနေက အေးချမ်းမသွားခဲ့ပေ။

သောင်းကျန်းသူများက မကြာခဏရောက်လာပြီး နှိပ်စက်ကြသလို ၎င်းတို့နှိပ်စက်သဖြင့် သေဆုံးသွားကြသူများက မကျွတ်မလွတ်သောဘဝသို့ ရောက်ကြပြီးနောက် ကျန်ခဲ့သောလူများကို ခြောက်လှန့်နှိပ်စက်ကြပြန်ရာ သေကျေပျက်စီးကြရပြန်သည်။

ဤသို့ဖြင့်ပင်လယ်ပိုင်းဒေသ၊ သစ်တောများနှင့်နီးသောနေရာမှာရှိသောကျေးရွာ အတော်များများပျက်စီးခဲ့ကြရလေသည်။ အချို့မနေဝံ့ကြတော့သဖြင့် ပြောင်းရွှေ့ပြေးကြရာမှ ရွာပျက်ကြရသည်။ ထိုအထဲတွင် ရေဝင်ရွာလည်းအပါအဝင်ဖြစ်သည်။ နီမောင်တို့ ရွှေ့ပြောင်းလာပြီး လပိုင်းအတွင်းမှာပင်သရဲသဘက်များဝင်ရောက်နှောင့်ယှက်ခြင်းကို ခံကြရသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်က အောက်ပိုင်းဒေသများမှာ ကြောက်စရာကောင်းသောစကားအချို့ ပေါ်ပေါက်ခဲ့ပေသည်။

"ဟဲ့. . နေဝင်ရီတရောအချိန်ရောက်ရင် ကလေးတွေ အပြင်မထွက်ကြနဲ့၊ ပဿျူးခေါင်းဖြတ်တွေရောက်လာလိမ့်မယ်၊ သွေးစုပ်ဖုတ်ကောင်တွေ ရောက်လာလိမ့်မယ်"

"ပဿျူးခေါင်းဖြတ်ဆိုတာ ဘာလဲ"

ကလေးတွေက မသိသဖြင့် ပြန်မေးသည်။

"ပဿျူးခေါင်းပြတ်ဆိုတာ ခေါင်းပြတ်တဲ့ကုလားတွေကို ပြောတာဟဲ့"

"သွေးစုပ်ဖုတ်ကောင်ဆိုတာ ဘာလဲ"

"သွေးစုပ်ဖုတ်ကောင်ဆိုတာ သရဲသဘက်တွေလိုပဲ ကြောက်စရာကောင်းတယ်၊ သရဲသဘက်တွေက လူတွေ့ရင်ဖမ်းစားတတ်တယ်၊ သွေးစုပ်ဖုတ်ကောင်က လူနဲ့တိရစ္ဆာန်တွေရဲ့ လည်ပင်းကို ဖောက်ပြီးသွေးစုပ်ယူတယ်"

"ကြောက်စရာကြီး. . ."

"ဒါကြောင့်. . နေဝင်ရီတရောအချိန် ရောက်လာရင်အပြင်မထွက်ကြဖို့ ပြောတာပေါ့၊ လင်းနို့တွေလင်းဆွဲတွေဝင်လာရင်လည်း သတိထားကြ"

"ဘာကြောင့်လဲ"

"မကောင်းဆိုးဝါးတွေက လင်းနို့တွေလင်းဆွဲတွေမှာ ကပ်ပါလာတတ်တယ်. . ."





ထိုသို့ပြောထားသဖြင့် ကလေးများကကြောက်ရွံ့ကြလေသည် ရေဝင်ရှာဖွေက်သဖြင့် ရွှေ့ပြောင်းပြေးရသော မိသားစုများထဲတွင် နီမောင်တို့မိသားစုလည်း အပါအဝင်ဖြစ်လေသည်။





www.burmeseclassic.com

www.burmeseclassic.com





# ( အခန်း ၂ )

# ထူးဆန်းလှသည့် ဖုတ်ဝင်သော မှတ်တမ်းများ

မိစ္ဆာများ၊ သရဲသဘက်များ၊ ဖုတ်ကောင်များဝင်ရောက်နှောင့်ယှက်ခံရသဖြင့် ရှာပျက်ကြရသောအကြောင်းများမှာ စိတ်ကူးဖြင့် ဖန်တီးရေးသားသောအကြောင်းမျိုးမဟုတ်ပါချေ. . ။

ထိုအကြောင်းများနှင့်ပတ်သက်ပြီး စိတ်ဝင်စားဖွယ်ရှာကောင်းသောမှတ်တမ်းအချို့ ရှိပေသည်။

စိတ်ကူးယဉ်ဖြင့် ရေးထားသောမှတ်တမ်းမဟုတ်ဘဲ



www.burmeseclassic.com

www.burmeseclassic.com



**ကြုံတွေ့**အဖြစ်အပျက်များကို မှတ်တမ်းတင်ထားခြင်းပင် ဖြစ်**ပေသည်။** မှတ်တမ်းရေးခဲ့သောပုဂ္ဂိုလ်မှာ. . .

မြစ်ကြီးနားမြို့၊ မော်ဖောင်းရွာ၊ အောင်ချမ်းသာရွာ. . **အောင်မော်စံ**ကျောင်းတိုက်မှာ သီတင်းသုံးနေသော ကချင်လူမျိုး 'ဆရာတော်ဘဒ္ဒန္တအရိယဝံသ'ပင် ဖြစ်ပေသည်။ ဆရာတော်က ငှင်းငယ်စဉ်က ကိုယ်တွေ့ကြုံခဲ့ရသော အဖြစ်အပျက်များကို ရေးမှတ်ထားခဲ့သော အကြောင်းအရာများပင်ဖြစ်၏။

(ထိုအကြောင်းအရာများကို '၂၀၀၈'ခုနှစ်လောက်က 'ပညာဒီပ'ကလောင်အမည်ဖြင့် လုံးချင်းရေးသားခဲ့ပြီးဖြစ်ကြောင်းကိုတော့ ကြိုတင်အသိပေးထားရမည် ဖြစ်ပါသည်။)

သို့သော်လည်း ထိုအကြောင်းအရာများမှာ ယခုရေးသားသောဝတ္ထုဇာတ်လမ်းဖြင့် ထပ်တူနေသည်ကတစ်ကြောင်း၊ ထိုအချိန်ကရေးသားခဲ့သော အကြောင်းအရာများကို မဖတ်ဖြစ်လိုက်သူများ ဖတ်ရှုကြစေရန်ရည်ရွယ်ချက်ဖြင့် ဆရာတော်ရေးသားခဲ့သော အကြောင်းအရာအချို့ကို ပြန်လည်ရေးသားဖော်ပြပေးမည်ဖြစ်ပါသည်။

အမိကရေးသားဖော်ပြလိုက်သော အကြောင်းအရာမှာ ဖုတ်၊ သရဲသဘက်တို့ ဝင်ရောက်နှိပ်စက်ကြသဖြင့် ရွာပျက်ခဲ့ရသော. . အကြောင်းအရာများပင်ဖြစ်ပေသည်။

ဆရာတော်မှာ (၁၉၄၂)ခုနှစ်မှာ မွေးဖွားသူဖြစ်သောကြောင့်ယခုအခါအသက် (၇၀)ကျော်ရှိပေပြီ။ ယခုအကြောင်းအ





ရာများမှာ သူငယ်စဉ်ဘဝအသက်(၁၀)နှစ်ကျော်အချိန်က အကြောင်းများဖြစ်ပေရာ လွန်ခဲ့သောနှစ်ပေါင်း(၅၀)ကျော် (၆၀)နီးပါး ကြာမြင့်ခဲ့ပြီဖြစ်၏။

ဆရာတော်၏ ငယ်အမည်မှာ 'တိုးလုံ' (ဒူးဝါးထူးလုံ)ဖြစ်သည်။

ငယ်စဉ်ကနေခဲ့သောရွာမှာ မန်ဖာရွာဖြစ်သည်။ ဘိန်းစိုက်သောအလုပ်၊ အမဲလိုက်သောအလုပ်၊ သားငါးရှာဖွေသောအလုပ်၊ နွားသတ်၊ ဝက်သတ်ရောင်းသောအလုပ်ကိုသာ လုပ်ကိုင်ကြသည်။ တစ်ခုမှကောင်းသောအလုပ်မပါပေ. . .။

တောင်ယာစိုက်ပျိုးခြင်း အလုပ်လုပ်လျှင်ထမင်းမစား ဘိန်းစိုက်ပျိုးမှထမင်းဝသည်ဟု ထင်ကြသည်။ အခြားအလုပ်ထက် နွားသတ်ရောင်းမှ ထမင်းဝသည်ဟု ယူဆသောနေရာမျိုးဖြစ်သည်။

ဘုရားတရားမရှိ နတ်ယုံကြည်ကိုးကွယ်သောနေရာမျိုးဖြစ်သည်။ အချို့နေရာများမှာ ရှမ်းဗုဒ္ဓဘာသာဝင် ဘုန်းကြီးကျောင်းများရှိသော်လည်း သူတို့နှင့်မသက်ဆိုင်သလိုပင်နေသည်။ ထိုအရပ်ဒေသမှာ နွားမွေးမြူခြင်းသည် နွားများကိုခိုင်းစေရန် အတွက်မဟုတ်ကြပေ။

နတ်တင်ရန်အတွက်၊ မိန်းမတောင်းရာ၌သုံးသောပစ္စည်းအဖြစ်သော်လည်းကောင်း၊ သတ်ဖြတ်ပြီး ရောင်းချသောသတ္တဝါအဖြစ် မွေးမြူကြခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအရပ်ဒေသမှာ ပြုလုပ်သော သာရေးနာရေးပွဲများမှာ နွားသား(အမဲသား)မပါလျှင် မပြီးသလောက်ဖြစ်သည်။ ထိုအရပ်တွင် နွားသတ်ကျွမ်းကျင်သော ဆရာများရှိသည်။ နွားသတ်လျှင် ထိုသူများကိုခေါ်ပြီး သတ်ဖြတ်ခိုင်းကြရသည်။

နွားသတ်သူများက အကောင်အရွယ်အစားကို ကြည့်ရုံနှင့်ပင် ပိဿာချိန်ဘယ်လောက်ထွက်မည်ကို မှန်ကန်အောင်ခန့်မှန်းပေးနိုင်ကြသည်။

ရွာတစ်ရွာတွင် နွားသတ်သမားတစ်ယောက်သေဆုံးသွားသောအခါ သေသူကဖုတ်ဝင်ပြီး တစ်ရွာလုံးဖမ်းစားသောအဖြစ်အပျက်မျိုး ကြုံခဲ့ကြရသည်။

ထိုရွာမှာလွယ်ဒန်ရွာဖြစ်ပြီး ကချင်များသာနေသောရွာဖြစ်သည်။

ထိုရွာမှာ ဖုတ်ဝင်သည်နှင့်တစ်အိမ်လျှင် နှစ်ယောက်သုံးယောက်အထိ သေကျေပျက်စီးကြသည်။ တစ်နေ့လျှင်နှစ်လောင်းသုံးလောင်းအထိသေပြီး၊ လူမသေသောရက် မရှိသလောက်ဖြစ်လာသည်။ ရက်ပေါင်း(၂၀)လောက်အတွင်းမှာပင် ရွာသူရွာသား သုံးပုံတစ်ပုံခန့်သေကျေပျက်စီးခဲ့ကြလေပြီ. . . ။

ထိုအခါအတွေ့အကြုံရှိသောရွာလူကြီးများက လွယ်ဒန်ရွာကိုတောင်ပိုင်းနှင့်မြောက်ပိုင်းပိုင်းခြားပြီး မြောင်းတူးရန်ပြောသဖြင့်ချက်ချင်းမြောင်းတူးပြီး ပိုင်းခြားထားလိုက်ကြလေသည်။

မြောင်းမှာ ရွာလယ်ခေါင်နေရာမှ ပိုင်းခြားပြီး တူးလိုက်





ကြခြင်းဖြစ်သည်။ ထိုအခါ ထူးခြားမှုများ တွေ့ကြရသည်။

လူသေရှိသောအိမ်ရှိသော အပိုင်းဘက်မှလူများ တစ်ယောက်ပြီးတစ်ယောက်ဆက်သေကြပြီး၊ လူသေမရှိသောအပိုင်းဘက်ကတော့ မသေကြတော့ပေ. . ။

နောက်တော့ လူသေများ မကြာခဏ ဖြစ်သောဘက်မှ လူများမှာ မနေဝံ့ကြတော့သဖြင့် လူမသေသောမြောင်း ဒီဘက်သို့ပြောင်းပြေးလာကြလေသည်။

ထိုသို့ပြောင်းပြေးလာသောအခါမှာ ဖုတ်၊ သရဲသဘက်များဖမ်းစားခြင်းမှ ကင်းလွတ်သွားကြသည်။ တစ်ဦးပြီးတစ်ဦး၊ မိသားစုတစ်စုပြီးတစ်စုပြောင်းပြေးလာကြရာ နောက်ဆုံးမှာတော့မြောင်းခြားထားသော အခြားတစ်ဘက်မှာ နေသူမရှိတော့ပဲ ဒီဘက်မှာ အားလုံးလာစုနေကြလေတော့သည်။

သို့သော်လည်း ထိုမျှနှင့်ပြီးမသွားပေ၊ ညအချိန်ရောက်လာလျှင် မြောင်းခြားထားသောဟိုဘက်မှ ခွေးအူသံများ၊ နွားအော်သံဝက်အော်သံများ၊ လူများအော်ဟစ်အကူအညီတောင်းသံများ ကြားရခြင်း၊ အမှောင်ရိပ်ထဲမှာ သရဲသဘက်များ သွားလာနေသည်ကို မြင်ကြရခြင်း၊ အချို့မကောင်းဆိုးဝါးများမှာ မြောင်းအစပ်နားအထိရောက်လာကာ လာရောက်ခြောက်လှန့်ကြလေသည်။

ဒီဘက်အထိတော့ ကူးမလာကြပေ။ နောက်ဗျော့ပုံး များ သံပုံးများ တီးခြင်း၊ ဝါးလုံးများကို ဆူညံစွာ ရိုက်နှက်ခြင်း၊



www.burmeseclassic.com

www.burmeseclassic.com



[illegible] သေနတ်များပစ်ဖောက်ခြင်း၊ ရန်ပုံခွင်းပစ်ဖောက်ခြင်းများ အပြင် 'ဟေးဟေး. . ဟားဟား. . ဝူးဝူး. . ဝါးဝါး' အသံများကို ဆိုပြီးအော်ဟစ်ခြင်းများ ပြုလုပ်ကာ တောထုတ်ခြင်းများ ပြုလုပ်ကြလေတော့သည်။

ထိုကဲ့သို့တောထုတ်ခြင်းများ ပြုလုပ်လိုက်သောအခါမှ ပင်လူအသေအပျောက်များ ရပ်တန့်သွားကာ သရဲသဘက်များ လာရောက်ခြောက်လှန့်မှုများလည်း ကင်းသွားကြလေတော့သည်။

တိုးလုံ၏ဦးလေးတော်သူမှာ နွားသတ်သမားတစ်ယောက်ဖြစ်သည်။ ဘယ်အချိန်ကသေသွားပြီး ဖုတ်ဝင်နေသည် မသိပေ၊ နေမကောင်းဖြစ်နေသောကြောင့် အစားအသောက်များကျွေးလျှင် ဟုတ္တိပတ္တိမစားပေ။ တစ်အိမ်လုံးအိပ်သွားသောအခါမှ အိပ်ရာမှထလာပြီး မီးဖိုချောင်းထဲမှာရှိသော အစားအသောက်များကို ခိုးစားတတ်လေသည်။

ညတိုင်းမီးဖိုထဲမှအစားအသောက်များ ပျောက်နေသည်ကိုသတိပြုမိသောအခါ မအိပ်ပဲစောင့်ကြည့်နေကြသည်။ ညအချိန်ရောက်လာသောအခါ အိပ်ရာပေါ်၌မထနိုင်ပဲလဲနေသောလူမမာက အသံမကြားအောင် ထလာပြီးမီးဖိုချောင်သို့သွားလေသည်။

မီးဖိုထဲသို့ရောက်သောအခါ ချက်ထားသောအမဲသားဟင်းများကို ထိုင်စားနေလေတော့သည်။ အိမ်သားများထလာ





သည်ကို မြင်သောအခါမှ နေရာမှာပင် 'ဘိုင်း'ခနဲလဲကျသွားလေသည်။

ထို့နောက်မှာတော့ အိပ်ရာထဲမှာလဲနေပြီး တစ်နေ့တခြား အခြေအနေဆိုးလာလေသည်။ ညအချိန်ရောက်လာလျှင် အသံနက်ကြီးဖြင့် အော်ဟစ်နေလေသည်။

ထိုသို့အော်ရာမှာ လူအသံမျိုးမဟုတ်တော့ပဲ. . နွားအော်သံ၊ ဝက်အော်သံမျိုးထွက်နေသည်။ နွားနှင့်ဝက်များကို သတ်ဖြတ်သောအခါ ကြောက်လန့်တကြားနှင့် ငယ်သံပါအောင် အော်ဟစ်သောအသံမျိုး ထွက်နေတော့သည်။ နောက်ပိုင်းတော့ လူမျက်နှာမတူတော့ပဲ သရဲသဘက်တစ်ကောင်၏ ပုံသဏ္ဍာန်မျိုးဖြစ်လာသည်။

ပါးစပ်ကနွားအော်သံလို အသံမျိုးဖြင့် မပြတ်ညည်းညူနေပြီး မျက်လုံးနှစ်ဖက်က အပြင်သို့ပြူးထွက်လာသည်။ မျက်လုံးနှစ်လုံးစလုံး သွေးများဝိုင်းနေပြီးနီရဲနေသည်။

လူတစ်ယောက်ယောက် သူ့အနီးသို့ကပ်သွားပါက နွားလိုအော်ပြသည်။ ဝက်တစ်ကောင်လိုအသံမျိုးဖြင့် အော်ပြသည်။ နီရဲနေသောမျက်လုံးကို ပြူးပြသည် လျှာထုတ်ပြသည်။ လျှာက လူတစ်ယောက်လျှာမျိုး မဟုတ်တော့ပေ. . ။

အပြင်ဘက်သို့ တစ်တောင်ခန့် ရှည်ထွက်လာသည်။

ထိုအခြေအနေမျိုးကို မြင်တွေ့ရသော်လည်း အိမ်သားများက မကြောက်ကြပေ။



www.burmeseclassic.com

www.burmeseclassic.com



ဖုတ်ဝင်နေမှန်း ရိပ်မိသဖြင့်. . . .

"ငါတို့ကို ခြောက်လှန့်မနေနဲ့ နင်ခြောက်လည်း ငါတို့က မကြောက်ဘူး၊ သွားလိုရာ သွားပေတော့"

ဟုပြောသောအခါ နွားသတ်ရာ၌ အသုံးပြုသော ၄င်းပစ္စည်းများကို လက်ဟန်ခြေဟန်ဖြင့် တောင်းလေသည်။

ထိုပစ္စည်းများမှာ နွားနှင့်ဝက်သတ်ရာမှာ အသုံးပြုသော ဓား၊ ဓားမြှောင်၊ ကြိုး၊ ထုသတ်ရာတွင် အသုံးပြုသော ပေါက်ဆိန်၊ နွားချည်ကြိုး၊ အသားချိန်သောချိန်ခွင်၊ အလေး စသော ကိရိယာပစ္စည်းများဖြစ်လေသည်။

ထိုပစ္စည်းများကို ပေးလိုက်သောအခါမှ ရင်ဘတ်ပေါ် တင်လျက် အားရပါးရ ပွဲ့ဖက်ထားပြီးမှ အသက်ထွက်သွားလေတော့သည်။ ဖုတ်ထွက်သွားသည်ဟုလည်း ဆိုနိုင်လေသည်။

၄င်းအလောင်းကို ရွာနှင့် မနီးမဝေးမှာပင် မြှုပ်နှံထားကြလေသည်။ နောက်ပိုင်းမှာတော့ ထိုရွာမှာ ကြောက်စရာကောင်းသောအဖြစ်အပျက်များ ဖြစ်ပွားပြန်လေတော့သည်။

ညအချိန်လူခြေတိတ်သွားသည်နှင့် ခွေးဟောင်သံ၊ ခွေးအူသံများကြားရသည်။

ထိုအသံကြားသဖြင့် အချို့ထကြည့်သောအခါ နွားသတ်ရာတွင် အသုံးပြုသည့် ပစ္စည်းကိရိယာများ ထမ်းပိုးထားသော မည်းမည်းသဏ္ဌာန်လူတစ်ယောက် တောစပ်မှာ လျှောက်နေသည်ကို တွေ့မြင်ကြရသည်။





သို့စေကာမူ ပုံပန်းသဏ္ဌာန်ကို သေသေချာချာမြင်တွေ့ရခြင်းမရှိပဲ မည်းမည်းသဏ္ဌာန်ကိုသာ မသဲမကွဲမြင်ကြရခြင်းဖြစ်သည်။

ထိုမည်းမည်း သဏ္ဌာန်ကြီးရွာထဲဝင်လာပြီဆိုလျှင်တော့ ရွာထဲမှာ မွေးထားသောနွားများ၊ ဝက်များမှာ ကြောက်ရွံ့ထိတ်လန့်ကြသဖြင့် ရုန်းကန်နေကြသည်။

အချို့အသံနက်ကြီးများဖြင့်လန့်အော်ကြသည်။

ထိုသို့ဖြစ်ပြီးနောက်တစ်နေ့ နံနက်ပိုင်းရောက်လျှင်တော့ တစ်အိမ်အိမ်မှ မွေးထားသောနွား၊ သို့မဟုတ် ဝက်တစ်ကောင်တော့ သေဆုံးနေသည်ကို တွေ့ကြရသည်။

သေဆုံးနေသော နွားနှင့် ဝက်များကို စစ်ဆေးကြည့်လျှင်တော့ လည်ပင်းတစ်ဝိုက်တွင် အစွယ်ရာကဲ့သို့ အပေါက်နှစ်ပေါက်ကို တွေ့ရပြီး ထိုနေရာမှ သွေးများစိမ့်ထွက်နေလေသည်။

အစွယ်ရာထိထားသော တိရစ္ဆာန်မှာလည်း တစ်ကိုယ်လုံးသွေးများမရှိတော့ သကဲ့သို့ဖြစ်နေသည်။

နေ့စဉ်ရက်ဆက်ဆိုသလို ရွာထဲမှ တိရစ္ဆာန်များသေသောအခါ အမဲသား၊ ဝက်သားများမှာ ရွာထဲမှာ စားမကုန်အောင်ဖြစ်နေတော့သည်။

ထိုအသားများကို စားသူအချို့မှာလည်း ဝမ်းရောဂါများဖြစ်ကြပြန်သဖြင့် လူအချို့သေကြပြန်သည်။

ထို့နောက်မှာ ရွာလူကြီးအချို့က ရှမ်းဆရာတစ်ဦးကို



www.burmeseclassic.com

www.burmeseclassic.com



ခေါ်ပြီးပြသရာ ထိုဆရာက. . .။

"ဒါသွေးရိုးသွားရိုး မဟုတ်ဘူး၊ တိရစ္ဆာန်တွေကို ဖုတ်ကောင်သတ်စားနေတာ. .၊ ဖုတ်ကောင်ကို မရှင်းနိုင်ရင်တော့ လူတွေရော တိရစ္ဆာန်တွေရော တစ်ရွာလုံး သေကုန်မှာပဲ ဟု ပြောရာ များစွာထိတ်လန့် ကြောက်ရွံ့ကြလေသည်။

"ဘယ်လိုလုပ်ရမလဲ"

"အဲဒီဖုတ်ကောင်ကို ရှင်းပစ်ရမှာပေါ့"

"ဖုတ်ကောင်ကို ငါတို့မှ မသိတာ ဘယ်လိုလုပ်မလဲ"

"ရှာရမှာပေါ့. . ဒီရွာမှာသေပြီးမှ ဖုတ်ဝင်နေတဲ့သူ ဘယ်သူရှိသလဲ"

"နွားသတ်သမားထန်မွန်းတော့ ရှိတယ်"

"အခုဘယ်မှာလဲ"

"တလောလောက်ကမှ သေသွားလို့ တောထဲမှာသွားမြှုပ်ပစ်လိုက်ပြီ. . ."

"သူ့အလောင်း ကိုသွားပြန်ဖော်ရမယ်"

ထိုစကားကြောင့် မျက်လုံးပြူးသွားကြသည်။

"ဒီလိုမှ မလုပ်ရင် မရဘူးလား"

"မရဘူး၊ ဒီအတိုင်းထားရင် တစ်ရွာလုံးကုန်အောင် စားလိမ့်မယ်"

ဟုပြောသဖြင့် ရှမ်းဆရာနှင့်အတူထိုနေရာသို့ လူစုပြီး သွားကြလေသည်။ လိုအပ်သော ပစ္စည်းများလည်း ၄င်းတို့နှင့်





အတူ တစ်ပါးတည်းယူဆောင်သွားကြလေသည်။

ထန်မွန်း အလောင်းမြေမြှုပ်ထားသောနေရာ ရောက်သောအခါ မြေပုံကို ပြန်တူးဖော်ကြသည်။ မြှုပ်ထားသော အလောင်းပြန်ပေါ်လာသောအခါ အံ့ဩဖွယ်ရာ မြင်တွေ့ရသည်။

ခါးအောက်ပိုင်းက ပုပ်ပွနေပြီး ပိုးလောက်များ တွယ်နေသော်လည်း ခါးအထက်ပိုင်းကတော့ လူရွယ်တစ်ယောက်ပမာ ပြန်ဖြစ်နေသည်။

"ဒီအတိုင်းထားလို့ တစ်ကိုယ်လုံး ပြန်ကောင်းသွားရင် သူထလာတော့မယ်၊ အဲဒါဆိုရင် ဘယ်ဆရာမှ တားလို့ မရတော့ဘူး၊ တွေ့သမျှ သတ်ဖြတ်စားသောက်တော့မှာပဲ"

ထိုကဲ့သို့ လက်တွေ့မြင်ရတော့မှပင် ရှမ်းဆရာပြောသည်ကို လက်ခံယုံကြည်ကြတော့သည်။

ထိုသို့စကားပြောနေစဉ်မှာ အလောင်းက ဖျတ်ခနဲ မျက်လုံးပွင့်လာလေသည်။

"ဟင်. . ."

"ဟာ. . ဟိုမှာ မျက်လုံးပွင့်လာပြီ လုပ်ပါဦး"

ကြောက်ကြောက်လန့်လန့်ဖြင့် အချို့ကနောက်သို့ ဆုတ်သွားကြလေသည်။

ခါးအထက်ပိုင်း အထိလူတစ်ယောက်လိုပြန်ဖြစ်နေသော အလောင်းက မျက်လုံးဖွင့်လာရုံမကပဲ သူတို့မြင့်အောင် ရယ်ပြသည်။



www.burmeseclassic.com

www.burmeseclassic.com



သွားဖြုပြုလေသလား၊ ရယ်ပြုလေသလားတော့ မပြော တတ်ပေ။ ကြောက်စရာကောင်းသည် ကတော့အမှန်ပင်ဖြစ် သည်။ ထို့နောက်မှာတော့ ထထိုင်လာသည်။

"ဟာ. . လုပ်ကြပါဦး အလောင်းထလာပြီဟ. . "

ထိုသို့အော်လိုက်သောကြောင့် ပိုဆိုးသွားလေတော့ သည်။ သချိုင်းမှာရောက်နေစဉ် တစ်ယောက်နှင့် တစ်ယောက် စကားကျယ်လောင်စွာ မပြောကြရပေ. . .။

ထိုသို့ပြောမိပါက အလောင်းကောင်များ ဖုတ်ဝင်ပြီး ထလာတတ်လေသည်။

ယခုလည်း ထန်မွှန်း အလောင်းက ထထိုင်လာလေပြီ၊ သို့သော်လည်း သူတို့ကံကောင်းသွားသောအချက်မှာ အလောင်း က အပေါ်ပိုင်းသာကောင်းနေပြီး အောက်ပိုင်းက မကောင်း သေးသောကြောင့် ထမရပဲ ရှိလေသည်။

"အလောင်းထလာပြီ လှံနဲ့ထိုး၊ ဓားနဲ့ခုတ်ကြဟဲ့"

ရွာလူကြီးကပြောသဖြင့် အချို့ကပါလာသော ဓားဖြင့် အလောင်းကို ဝင်ပိုင်းချသည်။

ထိုသို့ ဝင်ခုတ်သော်လည်း သားရေတုံး၊ ရာဘာတုံးကြီး ကိုခုတ်ရသကဲ့သို့ ဘယ်လိုမှ ခုတ်ထစ်၍ မပြတ်ပဲရှိလေသည်။

"ဖုတ်ဝင်နေတဲ့ အလောင်းကို ဒီဓားတွေနဲ့ ခုတ်လို့ မပြတ်ဘူး မရဘူး၊ မခုတ်ဓား၊ မခုန်လှံနဲ့ ထိုးခုတ်မှ ရမယ်"

'မခုတ်ဓား၊ မခုတ်လှံ' ဆိုသည်မှာ နတ်စင်တင်ထား





သော ဓားလှံဖြစ်သည်။

နတ်ဆရာပြောသော မခုတ်ဓား၊ မခုတ်လှံများလည်း တစ်ပါတည်း ယူဆောင်လာကြရာ သတ္တိကောင်းသောလူရွယ် အချို့က ဝင်ပြီး ခုတ်သောအခါမှ ပြန်လဲကျသွားလေသည်။

သို့သော် ပွင့်နေသော မျက်စိကတော့ ပြန်ပိတ်မသွားပဲ ဖွင့်မြဲဖွင့်နေသေးသည်၊

"သူမျက်စိပြန်မပိတ်မချင်း ဘာမှလုပ်လို့မရဘူး၊ ဒီတော့ မျက်လုံးပြန်ပိတ်အောင် အရင်လုပ်ကြ. . . "

"ဘယ်လိုလုပ်ရမလဲ"

"မခုတ်လှံနဲ့ ထိုးမယ်လို့ရွယ်လိုက်"

ဟု ပြောသဖြင့်လှံဖြင့်ထိုးရန် ချိန်ရွယ်လိုက်သောအခါ မှပင် မျက်လုံးနှစ်လုံးက ပြန်ပိတ်ကျသွားလေသည်။ ထိုအခါမှ အလောင်းအပေါ်သို့ သစ်ခြောက်များတင်ပြီး ရေနံဆီလောင်း ပြီးနောက် မီးရှို့လိုက်တော့မှပင် ကိစ္စပြီးသွားလေတော့သည်။

ထိုကဲ့သို့သောအဖြစ်မျိုးက ထိုနယ်တစ်ဝိုက်မှာ မကြာ ခဏကြုံတွေ့ကြရသည်။

တစ်ခါကလည်း ဒေါ်ဖောင်ရယ်ဆိုသောအဘွားကြီး တစ်ယောက်မှာ နှာခေါင်းပေါက်ထဲမှာ အနာပေါက်နေလေ သည်။ တစ်နေ့တော့ ဝက်မွေးကို မီးဖြင့်မြှိုက်သော အညှော်မိ ရာမှ အနာကတဖြည်းဖြည်း အခြေအနေဆိုးလာပြီး နောက် တော့ သေဆုံးသွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ဖောင်ရယ်သေတော့ ရွာသူရွာသားများက အပြင်မှာ စင်ဖြင့်ထုတ်ကာ လေးရက်ထားသည်။

ထိုလေးရက်စလုံးမှာ ခါတိုင်းနှင့်မတူပဲ မိုးသည်းထန်စွာ ရွာသွန်းလေသည်။

အလောင်းကိုသင်္ဂြိုလ်မည့်နေ့ရောက်တော့ ဝါးကပ်ပေါ် အလောင်းတင်ပြီး ယောကျ်ားလေးယောက် ရှေ့နောက်ထမ်းကြသော်လည်း မကြွတော့ပေ. . .။

ဒေါ်ဖောင်ရယ်မှာ ပိန်ပိန်သေးသေးနှင့် အဘွားအိုတစ်ဦးဖြစ်သည်။

လူလေးယောက်ထမ်းတာ မကြွနိုင်စရာ အကြောင်းမရှိပေ။ လေးယောက်ထမ်းတာ မနိုင်သဖြင့် ဘေးမှလူများက ဝင်ကူပေးကြရင်းမှ လူ(၁၀)ယောက်ဖြစ်သွားသည်။

"ဘယ်လိုလဲဟ ဒီအဖွားကြီးအလောင်းက လေးလှချည်းလား"

"ဟုတ်ပါရဲ့ ဆယ်ယောက်လောက်ထမ်းတာတောင် မကြွချင်ဘူး၊ သရဲသဘက်တွေများ စီးလိုက်လာသလားထင်ရတယ်"

ယောကျ်ား(၁၀)ယောက် အလောင်းကို မနိုင်မနင်းထမ်းပြီးနောက် သုသာန်သယ်ယူသွားပြီးနောက် မြေကျင်းတူးကာ မြှုပ်နှံလိုက်ကြသည်။

ထိုအလောင်း မြေမြှုပ်ပြီးနောက်မှာတော့ ရွာထဲမှာ





ရှိသောလူများတစ်ယောက်ပြီးတစ်ယောက် သေကြပြန်သည်။

(၁၀)ရက်ခန့်ကြာတော့ ကိုးလောင်း၊ ဆယ်လောင်းခန့် သေကျေပျက်စီးခဲ့ပေပြီ. . .။

ထိုအခါ ရှမ်းဆရာများက အလောင်းကို ဖုတ်ဝင်နေကြောင်း သိကြသဖြင့် အလောင်းမြှုပ်ပြီး ရက်အတန်ကြာမှ ပြန်ဖော်ကြည့်ကြရသည်။

ထိုအခါ အဘွားကြီး အလောင်းမှာ တစ်ပိုင်းက ပုပ်ပွနေပြီဖြစ်သော်လည်း ကျန်တစ်ပိုင်းက (၁၆)နှစ်သမီးကဲ့သို့ ထိုနုပျို့ချောမောနေသည်ကို တွေ့ရသည်။

ပထမတော့ သာမန်ဓား၊ လှံများဖြင့်ထိုးခုတ်ရ မပြတ်ပဲရှိရာမှ 'မခုတ်ဓား၊ မခုတ်လှံ'ဖြင့် ထိုးခုတ်တော့ ဒဏ်ရာမှ သွေးများယန်းထွက်လာလေတော့သည်။

ထွက်လာသော သွေးများမှာလည်း လူကောင်းတစ်ယောက် ခန္ဓာကိုယ်မှ ထွက်သောသွေးကဲ့သို့ နီရဲလျက်ရှိနေသည်။

မခုတ်ဓားဖြင့်အလောင်းကို အပိုင်းပိုင်း၊ အတစ်တစ်ဖြစ်အောင်ခုတ်ဖြတ်ပြီးမှ ရေနံဆီလောင်းထည့်ပြီး မီးရှို့သောအခါမှ ပြာကျသွားလေသည်။ ထိုအခါမှပင် ရွာထဲမှာ လူအသေအပျောက် ရှင်းသွားလေတော့သည်။

အထက်ပါအကြောင်းအရာများမှာ တိုးလုံတစ်ဖြစ်လဲ ဆရာတော် ဘဒ္ဒန္တအရိယဝံသ ရေးသားသောကိုယ်တွေ့ ဖြစ်ရပ်



www.burmeseclassic.com

www.burmeseclassic.com



များထဲမှ ကောက်နုတ်ဖော်ပြပေးခြင်းဖြစ်ပါသည်။

ဆရာတော်ရေးသားသော အကြောင်းအရာများမှာ ထိုထက် ပိုမိုများပြားပြီး ထို့ထက်ပိုပြီး ထိတ်လန့်စရာ ကြောက်စရာလည်း ကောင်းပေသည်။

ထိုအကြောင်းအရာများကို အသေးစိတ်ဖတ်ရှုလိုလျှင်တော့ 'ပညာဒီပ' ကလောင်အမည်ဖြင့် ရေးသားခဲ့သော စာအုပ်အချို့မှာရှာဖွေ ဖတ်ရှုနိုင်ကြပါသည်။

ယခုတော့ နီမောင်တို့ အကြောင်းကို ဆက်လက်ရေးသားရမည် ဖြစ်ပေသည်။

နီမောင်တို့မှာ ဘီလူးမဂယက် ထင်းပွဲစခန်းများပျက်ပြီး ထွက်ပြေးကြရာမှ ရေဝင်ရွာသို့ ရောက်သွားကြသည်။

ရေဝင်ရွာရောက်ပြီး မကြာခင်မှာပင် ရွာပျက်ပြန်သဖြင့် ထွက်ပြေးကြရပြန်သည်။

ထိုသို့ ထွက်ပြေးရင်းမှပင် ဦးဗန်ကောင်းနှင့် ပြန်တွေ့ခဲ့ကြပြီးနောက် ပေါင်းဝရွာသို့ရောက်သွားကြလေသည်။

ပေါင်းဝရွာမှာ အခြားမဟုတ်ပါချေ။

ပေါင်းဝသုသာန်စောင့် မဖဲဝါရှိသောရွာပင် ဖြစ်ပေတော့သည်။







# ( အခန်း ၃ )

# ပေါင်းဝရွာမှ မဖဲဝါ

ပေါင်းဝရွာသည် ပုသိမ်မြစ်မှ ခွဲတက်လာသော မြစ်ခွဲတစ်ခုအတွင်း၌ရှိသော ရွာဖြစ်သည်။

ပုသိမ်မြစ်သည် ရှည်လျားသောမြစ်တစ်စင်း ဖြစ်ပြီး မြစ်ခွဲများနှင့် ချောင်းမြောင်းပေါများလှသော မြစ်လည်း ဖြစ်လေသည်။

ဧရာဝတီတိုင်း (ယခုဧရာဝတီတိုင်းဒေသကြီး)အတွင်းမှာ မြစ်ချောင်းများပေါမျှားသလောက် ဆန်စပါးနှင့် သားငါး

www.burmeseclassic.com



ပေါ်များလှသော အရပ်ဒေသလည်းဖြစ်၏။

သို့ကြောင့် နေရာတိုင်းမှာ ရွာများရှိကြသည်။

ပုသိမ်မြစ်မှ ခွဲထွက်လာသော ချောင်းကျယ်တစ်ခုအတွင်း တစ်နေရာ၌ ပေါင်းဝရွာရှိလေသည်။

မြစ်ဝကျွန်းပေါ် အရပ်ဒေသတွင် မြောက်မြားလှစွာသော ကျေးရွာများစွာရှိကြသည့်အနက် ပေါင်းဝရွာလည်း အပါအဝင်ဖြစ်လေသည်။

ပေါင်းဝရွာသည် မြစ်ကမ်းပေါ်မှာ မေးတင်တည်ထားသော ရှေးဟောင်းရွာတစ်ရွာလည်းဖြစ်သည်။

အုန်းတော၊ ကွမ်းသီးပင်တောများဖြင့် အဝေးမှကြည့်လျှင် မှိုင်းညို့နေသော ရွာကြီးတစ်ရွာလည်းဖြစ်သည်။

အိမ်ခြေပေါင်း တစ်ရာကျော်ခန့်ရှိပြီး အများအားဖြင့် တောလယ်လုပ်ခြင်း၊ ငါးပုစွန်ရှာဖွေခြင်းနှင့် ခြံစိုက်ပျိုးခြင်းလုပ်ငန်းများဖြင့် အသက်မွေးဝမ်းကျောင်းပြုကြလေသည်။

ခြံစိုက်ပျိုးသူတို့မှာ ထိုဒေသမှာ ဖြစ်ထွန်းလှသော အုန်းပင်၊ ကွမ်းသီးပင်၊ ငှက်ပျောပင်တို့ကို စီးပွားဖြစ်စိုက်ပျိုးလုပ်ကိုင်ကြသည်။

ပေါင်းဝရွာမှာ ရှေးဟောင်းရွာကြီးတစ်ရွာဖြစ်ပြီး နေထိုင်သူ များပြားသော်လည်း ရှေးကနေထိုင်ခဲ့ကြသော လူဟောင်းများကတော့ ထိုရွာမှ သိပ်မကျန်တော့ပေ။

ရှေးကနေထိုင်ခဲ့ကြသူများမှာ ခေတ်ကာလမကောင်းလှ





သောကြောင့် မြို့များသို့ ရွှေ့ပြောင်းသွားကြရာ ပေါင်းဝရွာတွင် လူဟောင်းအနည်းငယ်သာ ကျန်ခဲ့တော့သည်။ သို့သော်လည်း နေထိုင်ကြသူ နည်းသွားခြင်းမဟုတ်ဘဲ ရွာကြီးကတော့ ရှေးယခင်အတိုင်း စည်ကားနေမြဲပင် ရှိလေသည်။

သို့သော်လည်း အတော်များများမှာ စီးပွားရေးကောင်းသောကြောင့် နောက်မှ ရွှေ့ပြောင်းရောက်လာကြသည့် လူသစ်များသာဖြစ်ကြလေသည်။

ပေါင်းဝရွာသို့ နောက်မှ ရွှေ့ပြောင်းလာကြသူများထဲတွင် ဦးစိုင်းမောင်တို့ မိသားစုလည်း အပါအဝင်ဖြစ်သည်။

၎င်းတို့ မိသားစုမှာ ပဲခူးဘက်မှ ရွှေ့ပြောင်းလာကြခြင်းဖြစ်ပြီး ငါးလုပ်ငန်းလုပ်ကိုင်ရန် ထိုရွာသို့ရောက်လာကြခြင်းဖြစ်သည်။

ထိုရွာသို့ရောက်သောအခါ ရွာအနောက်ဘက်ပိုင်း ဥယျာဉ်ခြံကျယ်ကြီးတစ်ခုကို ဝယ်ယူပြီး ထိုခြံထဲမှာပင် နှစ်ဆောင်ပြိုင်အိမ်ကြီးတစ်ဆောင် ဆောက်လုပ်ပြီးနေ ထိုင်ကြသည်။

ဦးစိုင်းမောင်၏ အဓိကလုပ်ငန်းမှာ ငါးရှဲဒိုင်ဖွင့်ထားပြီး သူကိုယ်တိုင်ကလည်း အင်း၊ တမံ၊ ချောင်းများကို လေလံဆွဲပြီး ငါးပုစွန်ရှာဖွေသောအလုပ်ကို အဓိကထားပြီး လုပ်ကိုင်လေသည်။

ဦးစိုင်းမောင်သည် ကရင်သွေးပါသူတစ်ယောက်ဖြစ်ပြီး အသက်ငါးဆယ်ကျော် အရွယ်ခန့် ရှိပြီး အသားမည်းမည်းနှင့်



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်လုံးကိုယ်ထည်ကြံ့ခိုင်ပြီး စိတ်ကြမ်းလူကြမ်းနေထိုင်သူ ဖြစ်သည်။

သူမိန်းမ ဒေါ်ရွှေလေးမှာ အသက်လေးဆယ်ကျော်အရွယ်ခန့်သာ ရှိသေးသည်။

၄င်းတို့မှာ သားတစ်ယောက်၊ သမီးတစ်ယောက်ရှိသည်။ သမီးဖြစ်သူ 'မယ်ဇာရီ'က အသက်(၂၅)နှစ်အရွယ်ရှိပြီး သားဖြစ်သူ ရွှေမောင်က (၂၈)နှစ်အရွယ်ခန့် ရှိသည်။

နှစ်ယောက်စလုံး အိမ်ထောင်မရှိကြသေးပဲ လူပျိုအပျိုများဖြစ်ကြသည်။

၄င်းတို့ နေအိမ်တွင် ထိုလေးယောက်အပြင် နောက်ထပ်မိသားစုဝင် တစ်ယောက်ရှိသေးသည်။

ဒေါ်ရွှေလေး၏ အဒေါ်တော်စပ်သူ ဒေါ်မင်းဇာပင်ဖြစ်ပေသည်။

၄င်းတို့မိသားစု ငါးယောက်အပြင် အခြားအလုပ်သမားများလည်း ရှိကြသေးသည်။

ဦးစိုင်းမောင်တို့ မိသားစုများက နှစ်ဆောင်ပြိုင်အိမ်ကြီး၌နေပြီး အလုပ်သမားများကတော့ ကမ်းစပ်တွင်ဆောက်ထားသောတဲများမှာ နေကြသည်။

ထိုတဲများမှာ ငါးရွှဲအတွက် အသုံးပြုရန် ရေတစ်ပိုင်းကုန်းတစ်ပိုင်း ဆောက်ထားကြခြင်းဖြစ်ပေသည်။

၄င်းတို့မိသားစုမှာ ပေါင်းဝရွာသို့ ရောက်လာကတည်း





က အခြားရွာသူ ရွာသားများနှင့် ရောရောထွေးထွေးမနေပဲ ၄င်းတို့ဘာသာ သီးခြားနေပြီး ကိုယ့်အလုပ်ကိုယ်လုပ်နေကြသူများဖြစ်သည်။

သို့သော်. . ချောင်း၊ မြောင်း၊ အင်းများကို လေလံဆွဲပြီး ငါးပုစွန် ဖမ်းဆီးရာမှာတော့ အလုပ်ကြမ်းသမားများလိုသောအခါ ရွာထဲမှာ အလုပ်သမားများကို ခေါ်ယူစေခိုင်းရသည်။

ထိုအပြင် ငါးရွေး၊ ငါးခုတ်၊ ပုစွန်ရွေး၊ ပုစွန်လုပ်သောအလုပ်များအတွက်လည်း ရွာထဲမှ အလုပ်သမားများ၊ အမျိုးသမီးများကို နေ့စားဖြင့် ခေါ်ယူကာ အလုပ်စေခိုင်းရသည်။

ဦးစိုင်းမောင်၏ ငါးရွှဲမှာ ထိုနေရာတစ်ဝိုက်တွင် အကြီးကျယ်ဆုံးလုပ်ကိုင်သော ငါးရွှဲဖြစ်ရာ အလုပ်သမားများလည်းအတော်အသင့် များပြားလေသည်။

မိုးရာသီရောက်လျှင် မြစ်ချောင်းများမှာ ပိုက်ထောင်ရာမှ ပုစွန်နှင့် ငါးများရသည်။

ပုစွန်ကျော့များကို မြို့သို့ပို့တန်ပို့၊ ပုစွန်ခြောက်ပြုလုပ်တန် ပြုလုပ်လေသည်။

နွေရာသီရောက်တော့ အင်း၊ တမံ၊ ချောင်းများမှ ငါးမျိုးစုံတို့ရပြန်ရာ မြို့သို့တင်ပို့သောအလုပ်များဖြင့် နွေရော မိုးပါအလုပ်ဆက်နေသည်။

သို့ကြောင့် ငါးတဲများမှာ ရွာထဲမှ လာရောက်အလုပ်လုပ်ကြသော ယောကျ်ားလေး၊ မိန်းကလေး အတော်များများ



www.burmeseclassic.com

www.burmeseclassic.com



ရှိနေကြသည်။

ထိုအထဲတွင် မြသင်းကြူနှင့် ထွန်းမောင်တို့ မောင်နှမလည်း အပါအဝင်ဖြစ်သည်။

မြသင်းကြူတို့ မိသားစုများမှာ အောက်ဘက်နယ် ကညင်ပင်ကျွန်းတွင် နေထိုင်ခဲ့ကြပြီး ပိုက်ထောင်သောအလုပ်ဖြင့် အသက်မွေးခဲ့ကြသည်။ မိသားစုလေးယောက်ရှိပြီး ဦးဘဖြူ၊ ဒေါ်ကျူနှင့် မောင်ဖြစ်သူ ထွန်းမောင်တို့ဖြစ်သည်။

ထိုနယ်ဘက်မှာသောင်းကျန်းသူများ နှိပ်စက်သဖြင့် ရွာလုံးကျွတ် ထွက်ပြေးကြရာတွင် သူတို့မိသားစုလည်း ပါဝင်သည်

သူတို့မိသားစုမှာ ရွာထဲမှ အသိအကျွမ်းတစ်ဦးနှင့် လိုက်လာကြရာမှ ညောင်လန်းကိုင်းရွာသို့ ရောက်လာခြင်းဖြစ်သည်။ ညောင်လန်းကိုင်းရွာမှာ ပေါင်းဝရွာနှင့် မဝေးလှပေ. . ။

ထိုရွာသို့ ရောက်ခဲ့ကြရာ မကြာသေးသောကြောင့် အလုပ်ကလည်း မရှိသေးပေ။

တောရွာများမှာ နေစရာထက် စားစရာရရန် အရေးကြီးပေရာ ဝမ်းရေးအတွက် အလုပ်ရှာရသည်။

ကညင်ပင်ကျွန်းမှာ နေခဲ့စဉ်က မြစ်ထဲမှာ ပိုက်ထောင်ရာတွင် မည်သူထံမှ ခွင့်တောင်းစရာမလိုပဲ ကြိုက်သည့်နေရာမှာ ဆင်းထောင်၍ ရသော်လည်း လေလံဆွဲရသော နယ်နိမိတ်အတွင်းသို့ ရောက်လာသောအခါ ကိုယ့်သဘောနှင့်ကိုယ် ပိုက်





ထောင်ခွင့် မရကြတော့ပေ။

လေလံအောင်ထားသော အင်းသူကြီးထံမှ တစ်ဆင့်ဝယ်၍ သော်လည်းကောင်း၊ အခကြေးငွေပေး၍သော်လည်းကောင်း ယူပြီးမှ ထောင်ခွင့်ရှိသည်။

ထိုကဲ့သို့ ဝယ်ယူရန် ငွေမတတ်နိုင်သောကြောင့် ပိုက်များပါလာသော်လည်း ပိုက်ထောင်ခွင့်မရကြပေ။

သို့ကြောင့် မြသင်းကြူနှင့် ထွန်းမောင်တို့ မောင်နှမနှစ်ယောက်မှာ ဦးစိုင်းမောင် အင်းထဲမှာ ဝင်ရောက်ကာ အလုပ်လုပ်ကြရသည်။

မြသင်းကြူက ငါးရွေး ငါးခုတ်လုပ်ပြီး၊ ထွန်းမောင်က အခြားအလုပ်ကြမ်းများကို လုပ်ကိုင်ရလေသည်။

မောင်နှမနှစ်ယောက် အတူတူတွဲပြီး အလုပ်လုပ်ကြရသောကြောင့် အဆင်ပြေသည် ဟုဆိုရပေမည်။

မြသင်းကြူမှာ ရုပ်ရည်ချောမောသူဖြစ်သဖြင့် အလုပ်ရှင်ဖြစ်သောရွှေမောင်က မြင်သည်နှင့် သဘောကျနေလေသည်။

"နင့်နာမည် ဘယ်လိုခေါ်သလဲ"

"မြသင်းကြူပါရှင့်"

"ဘယ်ရွာကလာပြီး အလုပ်လုပ်တာကြတာလဲ"

"ညောင်လန်းကိုင်းရွာကပါ. . "

"အေး. . အေး. . ဒီမှာတော့ အဖေအမေတို့ပြီးရင် ငါ့ရဲ့သဘောတစ်ခုပဲ နင်လိုတာရှိရင် ငါ့ကိုပြော. . "



www.burmeseclassic.com

www.burmeseclassic.com



ဟုရေလာမြှောင်းပေးစကားမျိုး ပြောထားလေသည်။

ထိုသို့ ပြောသော်လည်း မြသင်းကြူက သူလုပ်စရာရှိတာလုပ်ပြီး မည်သူနှင့်မှ ရောရောနှောနှော နေလေ့မရှိပေ။

ထို့အပြင် အလုပ်ရှင် ရွှေမောင်သဘောထားကို အတန်အသင့်ရိပ်မိသောကြောင့် ဆင်ဆင်ခြင်ခြင်နေသည်။

မြင်သင်းကြူအနေဖြင့် အချစ်ရေးနှင့် ပတ်သတ်လာပါက ကံမကောင်းလှပေ. . .။

ကညင်ပင်ကျွန်း၌နေစဉ်က ဘီလူးမဂယက်ကျွန်းမှ ပွဲစားရင်မောင်နှင့် ချစ်သူဘဝရောက်ခဲ့ပြီးမှ ရင်မောင်သေဆုံးသွားခဲ့ရသည်။

(ထို့အကြောင်းများကို ကျွန်ုပ်ရေးသားခဲ့သော "လေးကျွန်းကိုင် ကွင်းပိုင်မိစ္ဆာ" လုံးချင်းဝတ္ထုစာအုပ်တွင် ပြည့်စုံစွာဖတ်ရှုနိုင်ပါတယ်)

ရင်မောင်သေဆုံးသွားခဲ့ပြီး နောက်ထပ်နီမောင်နှင့် အဆင်ပြေတော့မည်ဆဲဆဲမှာပင် ခေတ်ပျက်သဖြင့် ထွက်ပြေးခဲ့ကြရပြန်သည်။

နီမောင်တို့လည်း တစ်နေရာ ပြေးကြရသောကြောင့် သူတို့ချင်း ကွဲခဲ့ရပြန်သည်။

နီမောင်လည်း ဘယ်အရပ်ဒေသ ရောက်သွားသည်ကို သတင်းပင် မကြားရတော့ပေ. . .။

သို့သော်လည်း မြသင်းကြူ စိတ်ထဲမှာတော့ တစ်နေ့တွင် နီမောင်နှင့် ပြန်တွေ့ကြရဦးမည်ဟု မျှော်လင့်နေမိလေသည်။

အလုပ်သိမ်းပြီး ညနေပိုင်း ပြန်ကာနီးတော့ ရွှေမောင်ကငွေရှင်းပေးရင်းနှင့် ငါးတစ်တွဲပါ ပေးသည်။

"ဒီ. . ဒီငါးတွဲက. . ."

"နင်တို့အိမ်မှာချက်စားဖို့ ငါထည့်ပေးလိုက်တာ. . ."

ဟုပြောပြီးပေးသဖြင့် မလွဲသာသောကြောင့် ယူလာခဲ့ရလေသည် ပေါင်းဝရွာနှင့် ညောင်လန်းကိုင်းရွာမှာ လယ်တစ်ကွက်သာခြားသဖြင့် ခြေလျှင်ပြန်လာခဲ့သည်။

တစ်ရွာနှင့်တစ်ရွာ ကြားတွင် တမံချောင်းတစ်ခုသာခြားပြီး လူသွားရန် တလင်းတစ်ခုဖို့ ထားလေသည်။

ဘေးတစ်ဖက်တစ်ချက်တွင် ချုံပုတ်များရှိသည်။

တမံချောင်းနှင့် နီးသောနေရာတွင် လမုတောအုပ်များရှိသည်။

ညောင်လန်းကိုင်းရွာဟု အမည်တွင်ရခြင်းမှာ ထိပ်ဘက်မှာ ညောင်လန်းပင်ကြီးတစ်ပင်ရှိသည်

ထိုညောင်ပင်ကြီး နှစ်ပေါင်းများစွာကတည်းက ရှိနေသောသစ်ပင်ကြီးဖြစ်ပြီး သစ်ကိုင်းများက လူသွားတာလမ်းပေါ်အထိ အုပ်မိုးကျနေသောကြောင့် ညောင်လန်းကိုင်းရွာဟု ခေါ်ကြခြင်းဖြစ်သည်။

မြသင်းကြူ ပြန်လာသောအချိန်မှာ ညနေစောင်းအချိန်ဖြစ်သည်။ ခါတိုင်းပြန်လာလျှင် တာလမ်းပေါ်မှာ လူမပြတ်







www.burmeseclassic.com

www.burmeseclassic.com



လှပဲ တစ်ယောက်မဟုတ် တစ်ယောက်တွေ့ရသည်။

ဒီကနေ့တော့ ထူးထူးခြားခြား လှပြတ်လှသည်။

မြသင်းကြူမှာ ထိုနယ်မှာ နေသောဒေသခံမဟုတ်ပေ။ ထို့ကြောင့် ထိုဒေသအကြောင်းဘာမှ မသိသေးပေ။ ဘာမှမသိ သေးသောကြောင့် ဘယ်နေရာ ဘာရှိမှန်းလည်း မသိပေ။ မသိ သဖြင့် ဘာမှကြောက်လန့်မှု မရှိပေ။

ညောင်လန်းပင်အောက်ရောက်တော့ မှောင်နေသည်။

သူမထိုနေရာ ရောက်သောအခါ သစ်ပင်နောက်ဘက်မှ အမျိုးသမီးတစ်ယောက် ထွက်လာသည်။

သူမထက် အသက်အနည်းငယ်ပိုကြီးပြီး ရုပ်ရည်သင့် တင့်သူဖြစ်သည်။

ဆံပင်ဖားလျားချထားပြီး မျက်နှာပေါ်မှ သနပ်ခါးပါး ကွက်ကြား လိမ်းထားလေသည်။

အဝတ်အစားကတော့ ကရင်လူမျိုးတို့ ဝတ်သော အဝတ်အစားနှင့် ဆင်တူကာ အနက်ရောင်ဖြစ်သည်။

မြသင်းကြူကတော့ အမျိုးသမီး အဖော်တစ်ယောက် တွေ့ရသောကြောင့် စိတ်ထဲမှာ အားရှိသွားသည်။

ထိုအမျိုးသမီးကသူ့ကိုမြင်တော့ ပြုံးပြသည်။

"ငါ့ညီမကို အရင်က မမြင်ဘူးပါလား၊ ဘယ်ရွာကလဲ"

ဟုမေးသည်။

"ကျွန်မတို့က ဒီညောင်ပင်ကိုင်းရွာကို ပြောင်းလာကြ





တာ မကြာသေးပါဘူး မမရယ်၊ ဟိုး အောက်ဘက်က ခေတ်ပျက် လို့ ဒီကိုပြေးလာကြတဲ့ ဒုက္ခသည်တွေပါ. . ."

"ဒါကြောင့် မမြင်ဘူးတာကိုး နာမည်ကရော ဘယ်သူ လဲ"

"မြသင်းကြူလို့ခေါ်ပါတယ်၊ ဒါထက် အစ်မကရော ဘယ်ရွာကလဲဟင်"

"ငါက ပေါင်းဝရွာမှာပဲနေပါတယ်၊ ငါ့နာမည်က မဖဲဝါ လို့ခေါ်တယ်. . ."

"အစ်မနာမည်က တစ်မျိုးပဲ တစ်ခါမှ မကြားဖူးသေး ဘူး"

မဖဲဝါက ပြုံးနေသည်။

ထိုသို့ပြုံးနေရင်းမှ မြသင်းကြူဆွဲလာသော ငါးတွဲကို တစ်ချက်ကြည့်လိုက်လေရာ

"မြသင်းကြူက တစ်မျိုးထင်သွားသဖြင့် ငါးဟင်း စား ချင်လို့လား အစ်မ၊ လိုချင်ရင် တစ်ဝက်ယူထားလိုက်လေ ဒီမှာ အများကြီးပါပဲ"

ဟုပြောပြောဆိုဆိုနှင့် မြသင်းကြူက ရွှေမောင်ပေး လိုက်သော ငါးတွဲမှ တစ်ဝက်စီခွဲပြီး မဖဲဝါကို ပေးလိုက်လေ သည်။

"ငါ့ညီမက စေတနာရှိလို့ ပေးတော့လည်း စားရတာပေါ့ ကွယ် နောက်လည်း ငါ့ညီမမှာ အကြောင်းရှိရင် အကူအညီပေး



www.burmeseclassic.com

www.burmeseclassic.com



ပါ့မယ်”

ဟုပြောပြီး ဖါးတွဲကို ဆွဲကားပေါင်းဝရွာဘက်သို့ ထွက်သွားလေတော့သည်။

မြသင်းကြူလည်း အိမ်သို့ပြန်လာသည်။

အိမ်သို့ရောက်တော့ မိုးချုပ်စပြုနေလေပြီ။ မိခင်ဖြစ်သူကတော့ မြသင်းကြူပြန်ရောက်လာတော့မှပဲ သက်ပြင်းချနိုင်ပြီ စိတ်ပူစွာ စကားဆိုသည်။

“မြသင်းကြူ တစ်ယောက်တည်း ပြန်လာတာလား၊ နင့်မောင်ရော မပါဘူးလား”

“ထွန်းမောင်အလုပ်မပြီး သေးလို့ ကျန်ခဲ့တယ်အမေ”

ဟုပြောပြီး လက်ထဲမှငါးတွဲကို မိခင်ဖြစ်သူကို လှမ်းပေးလိုက်သည်။

“ငါးတွေများလှချည်လား၊ ဝယ်လာတာလား”

“မဟုတ်ပါဘူး၊ အလုပ်ပိုင်ရှင်သားက ပေးလိုက်တာပါ”

ထိုစကားကြားတော့ မိခင်ဖြစ်သူကသဘောပေါက်စွာဖြင့် တစ်ချက်ပြုံးလိုက်လေသည်။

“ငါ့သမီးကဆင်းရဲပေမယ့် ရုပ်ရည်ကလေးရှိတော့ ရောက်လေရာမျက်နှာပွင့်လှတယ်၊ ဒါပေမယ့် ခေတ်ကာလကမကောင်းတော့ ဘယ်နေရာသွားသွား သတိရှိပေစေကွယ့်”

“စိတ်ချပါအမေ”

“နောက်ပြီး အမေတို့က ဒီနယ်ရောက်တာမကြာသေး





တော့ ဘယ်သူ့အကြောင်းမှလည်း မသိရသေးဘူး၊ ဒါကြောင့် ညောင်သီးလည်းစား လေးညို့သံလည်း နားထောင်ပြီးနေရင်တော့အကောင်းဆုံးပေါ့ကွယ်”

“ကျွန်မလည်း သဘောပေါက်ပါတယ်အမေ၊ မလွှဲသာလို့သာ သူများဆီမှာ သွားပြီးအလုပ်လုပ်နေရတာပါ၊ ဒီဘက်မှာအခြေချရင်တော့ ကိုယ့်ဘာသာအလုပ်ကလေးဘာလေးလုပ်နိုင်အောင် ကြိုးစားရမှာပါ”

“ဒါပေမယ့် အသိအကျွမ်းတောင်မရှိသေးတော့ မလွယ်သေးပါဘူး”

ထိုအခါ မြသင်းကြူက ရယ်ရယ်မောမောပြောသည်။

“အမေကသာပြောနေတယ်၊ ကျွန်မကရောက်တာတောင်သိပ်မကြာသေးဘူး၊ ပေါင်းဝရွာဘက်က အစ်မတစ်ယောက်နဲ့တောင် သိခဲ့ပြီ”

“အလုပ်လုပ်ရင်း သိကြတာထင်ပါရဲ့၊ ဒါထက်နာမည်ကဘယ်သူတဲ့လဲ”

“နာမည်ကတော့ ခတ်ဆန်းဆန်းပဲ မဖဲဝါတဲ့”

ထိုစကားကြောင့်မိခင်ဖြစ်သူ ဒေါ်ကျူခမျာဇဝေဇဝါဖြစ်သွားလေသည်။

“အမေကသိလို့လား”

“ငါ နင်ပြောတဲ့နာမည်ကို ကြားဖူးသလိုပဲ”

ဟု စဉ်းစားနေသော်လည်း အဖြေမပေါ်ပေ။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက်မှာတော့ မြသင်းကြူမှာ ရေချိုးရန်ပြင်နေသဖြင့် စကားပြတ်သွားလေသည်။

ဒေါ်ကျူစိတ်ထဲမှာတော့ 'မဖဲဝါ' ဆိုသောအမည်ကို တစ်နေရာမှာ ကြားဖူးသည်ထင်သဖြင့် စဉ်းစားနေသော်လည်း မမှတ်မိတော့ပါချေ။







# ( အခန်း ၄ )

# လေးကျွန်းကိုင် ကွင်းပိုင်နက်ကျော်

ပုသိမ်မြစ်ကမ်းနှင့်ဆက်စပ်လျက်ရှိသော နေရာများမှာ အင်း၊ မြစ်ချောင်း၊ တာတမံတို့များစွာ ပေါများလှသည်။

ထိုနေရာများမှာ ရေချိုရေငန်စပ်ဖြစ်သောကြောင့် ရေချိုမှာနေသော ငါး၊ ရေငန်ဘက်မှ နေကြသည့်ငါးများ ပေါများသောနေရာလည်းဖြစ်သည်။

မိုးရာသီရောက်လျှင် မြစ်ချောင်းများမှ ငါးပုစွန်အ



www.burmeseclassic.com

www.burmeseclassic.com



မြောက်အမြှားရနိုင်သလို၊ နွေရာသီရောက်သောအခါမှာလည်း အင်း၊ တမံစသောနေရာများမှာ ငါးရံ့၊ ငါးခူ၊ ငါးကျည်း၊ စသော ရေချိုငါးအမြောက်အမြား ဖမ်းဆီးရမိသောကြောင့် ရွှေမောင်တို့ မိသားစုများ အကျိုးစီးပွားရရှိကြလေသည်။

ထပ်မံဝယ်ယူ လေလံဆွဲကာ လုပ်နိုင်ကြသည်။

တစ်နေ့တော့ ရွာနှင့်အနည်းငယ်ဝေးသော နေရာမှာရှိသော အင်းချောင်းတစ်ခုကို လေလံရသဖြင့် ဝယ်ယူလိုက်လေသည်။

ထိုချောင်းတစ်ဘက်မှာ သစ်တောများရှိပြီး ကျန်တစ်ဘက်တွင် လယ်ကွက်များရှိသည်။

ချောင်းအမည်မှာ 'မလက်တို'ချောင်းဖြစ်သည်။

လေလံရပြီးနောက် ချောင်းပေါက်ဝမှ တမံဖို့ပြီးအင်း အဖြစ်လုပ်သောကြောင့် မလက်တိုအင်းဖြစ်လာသည်။

ချောင်းဝမှာ မကျယ်လှသော်လည်း အလျားရှည်သောကြောင့် ငါးပုစွန်အထီအမ မျှားလေသည်။

မလက်တိုချောင်းကို လေလံရပြီး အင်းအဖြစ်လုပ်ကိုင်သောအခါ ရွှေမောင်ကိုယ်တိုင် အလုပ်သမားခေါ်ပြီး သွားရောက်လုပ်ကိုင်လေသည်။

ထိုနေရာရောက်စက ယာယီတဲများ ထိုးနေရသည်။ ရောက်လျှင်ရောက်ချင်း အင်းသမားတို့ ထုံးစံအတိုင်းတင်မြောက်ပသရန်ပြင်ကြသည်။





သူတို့အထဲမှာ အသက်ကြီးသော ဦးမွန်ထော်ပါလာသဖြင့် ဦးမွန်ထော်ကပင် တင်မြောက်မှုများပြုလုပ်လေသည်။

ဦးစွာ နယ်တော်ရှင်မြို့တော်ရှင်ဖြစ်သော ဦးရှင်ကြီးနတ်နှင့်ကိုးမြို့ရှင်ကို ဆွမ်းတင်ပသသည်။

တစ်ဆက်တည်း 'အဘိုးနတ်'ကို တင်မြောက်သည်။ အားလုံးပြီးတော့ နောက်တစ်ရက်တွင် တောပိုင်၊ ကွင်းပိုင်၊ ချောင်းပိုင်တို့ကို ထုံးစံအတိုင်း တင်မြောက်ရသည်။ ထမင်းဦးပေါင်း၊ ကြက်သားဟင်း၊ ငါးကြော်၊ ဘဲဥ၊ အရက်၊ ဆေးလိပ်၊ ကွမ်းယာ တို့ဖြင့် ရေစင်ထိပ်ထွက်ပြီး တင်မြောက်ကြလေသည်။

ထိုသို့တင်မြောက်ပသနေစဉ် မနီးမဝေးမှာရှိသော တောင်သရက်ပင်ကြီးပေါ်မှ မည်းမည်းသဏ္ဌာန်တစ်ကောင် ဖောက်ထိုးဆင်းလာသည်ကို ဗိုးတဝါးမြင်ရသည်။

အချိန်ကညဥ့်ဦးပိုင်း အချိန်ဖြစ်သောကြောင့် မသဲမကွဲ လှမ်းမြင်ကြရသည်။

ထိုသဏ္ဌာန်ကိုမြင်တော့ ရွှေမောင်ကတိုးတိုးကပ်ပြောလေသည်။

"ဟိုသစ်ပင်ပေါ်က ဖောက်ထိုးဆင်းလာတာ . . ဘာကောင်ကြီးလည်း မသိဘူး အဘ"

"ဒီနေရာနဲ့ သက်ဆိုင်သူဖြစ်မှာပေါ့"

ထိုသို့ပြောနေစဉ် သစ်ပင်ပေါ်မှ ဖောက်ထိုးဆင်းလာသောမည်းမည်းသဏ္ဌာန်ကြီးက သူတို့ရှိသော ရေစင်နားသို့



www.burmeseclassic.com

www.burmeseclassic.com



လျှောက်လာပြီး လမုပင်အောက်မှာရပ်လိုက်သည်။

သစ်ပင်ရိပ်ကြောင့် အမှောင်ဖုံးနေသောကြောင့် သဲသဲကွဲကွဲမမြင်ရသော်လည်း အရုပ်အမောင်းနှင့် ကိုယ်လုံးကိုယ်ထည်ကတော့ သာမန်ထက် ပိုမိုကြီးမားလေသည်။

အရုပ်အမောင်းက လမုပင်သစ်ကိုင်းများကို ထိနေသည်။

"ငါ့အတွက် စားပွဲပေးပါ"

ဟု အသံသြသြကြီးဖြင့် လှမ်းတောင်းသည်။

"ဘယ်သူလဲ"

"ငါက ကွင်းပိုင်နက်ကျော်ပဲ"

"ဒီကွင်းကို ပိုင်တဲ့သူလား"

"မဟုတ်ဘူး၊ ငါကအောက်ဘက်ကွင်းတွေကနေ နယ်တော်ရှင်က နယ်နှင်လိုက်လို့ ဒီဘက်ရောက်လာတာ၊ ဒီနေရာတွေက ငါနဲ့သက်ဆိုင်တဲ့နေရာပဲ ငါ့ကိုလည်းစားပွဲပေးပါ"

"ဘယ်လိုပေးရမလဲ"

"လေးကျွန်းပိုင်အတွက် တစ်ပွဲဆိုပြီးပေးရမယ်၊ အဲဒီလို စားပွဲပေးရင် ငါစောင့်ရှောက်ပေးမယ် ငါ့ကိုပွဲမပေးရင် ငါ့အကြောင်းသိရစေမယ်"

ဟုပြောသည်။

ဦးမွန်ထော်တို့အတွက်ကတော့ အခက်အခဲမရှိကြပါပေ အခြားပုဂ္ဂိုလ်များကို တင်မြှောက်ရင်း သူ့အတွက်တစ်ပွဲထည့်ပေး





ရုံသာရှိသည်။

တောတောင်၊ ချောင်းမြောင်းများမှာ အမှီပြုပြီး ဝမ်းစာရှာဖွေကြသူများမှာ သက်ဆိုင်ရာပုဂ္ဂိုလ်များကို တင်မြှောက်ပသရသလို ထိုနေရာမှာရှိနေသော ပရလောကသားတို့နှင့်လည်း သဟဇာတဖြစ်အောင် အပေးအယူပြုလုပ်ကြရသည်။

ပရလောကသားများက အကူအညီမပေးလျှင်သာရှိမည်။ အနှောင့်အယှက်နှင့် ဘေးအန္တရာယ်ပေးရာမှာတော့ ရှေ့ဆုံးကရောက်လာလေ့ရှိရာ ကြောက်စရာကောင်းလှသည်။

ထို့ကြောင့် ဦးမွန်ထော်ကလည်း ထွေထွေထူးထူးစဉ်းစားမနေတော့ပဲ နောက်ထပ်စားပွဲတစ်ပွဲပြင်ပြီး ပေးလိုက်တော့မှ စားသောက်ပြီးပြန်သွားလေသည်။

နောက်ပိုင်းမှာလည်း တင်မြှောက်ပသမှုများပြုပြီဆိုလျှင် လေးကျွန်းပိုင်နက်ကျော်ဆိုသူရောက်လာပြီး စားပွဲတောင်းလေ့ရှိသဖြင့် အမြဲကျွေးကြရသည်။

ထိုသို့ကျွေးမွေးနေသောကြောင့်လည်း နက်ကျော်ကသူတို့ကို စောင့်ရှောက်ပေးသည်။ အကူအညီပေးလေသည်။

မလက်တို့ ချောင်းတစ်ဝိုက်မှာရှိသော သရဲသဘက်များကို ဖယ်ရှားပေးသည်။

ထိုသို့ဖယ်ရှားပေးသည်ကို နယ်ခံမိစ္ဆာများက မကျေနပ်သဖြင့် နက်ကျော်ကို ရန်ရှာလာသည်မျိုးနှင့် ကြုံတွေ့ရသည်။

မလက်တို့ချောင်းမှာ ရွာနှင့်ဝေးသည်ကတစ်ကြောင်း



www.burmeseclassic.com

www.burmeseclassic.com



လယ်တစ်ဖက်၊ တောတစ်ဖက်ရှိသည့်နေရာဖြစ်သောကြောင့် ငါးပုစွန် ပေါများသော ချောင်းဖြစ်သည်။ ရေချိုငါးရော၊ ရေငန်ငါးပါမျိုးစုံရသည်။

လူသူဝေးသောနေရာဖြစ်သဖြင့်လည်း သရဲသဘက်ခြောက်လှန့်မှုများသည်။

ရွှေမောင်တို့လေလံမဆွဲခင်က ထိုချောင်းထဲသို့ ငါးပုစွန်ရှာဖွေသူတို့ ဝင်ရောက်ဖမ်းဆီးကြသည်။

အင်းလေလံချိန်ကုန်သွားပြီး နောက်တစ်နှစ်လူသစ်များလက်သို့မရောက်ခင်မှာ လွတ်လပ်နေသောကြောင့် မည်သူမဆိုဝင်ရောက် ငါးပုစွန်ဖမ်းဆီးခွင့်ရှိသည်။

ပိုင်ရှင်မရှိသေးသောကြောင့် မည်သူကမှ မတားနိုင်ကြပေ။ အနီးတစ်ဝိုက်မှာရှိသော ရွာများမှ လူတို့မှာလည်း ထိုအချိန်မျိုးကို စောင့်နေပြီး အင်း၊ ချောင်း လေလံချိန်သက်တမ်းကုန်သွားသည်နှင့် ငါးဖမ်းကိရိယာများ ယူဆောင်လျက် သူ့ထက်ငါဦးအောင် ရောက်လာပြီးငါးပုစွန် ရှာဖွေဖမ်းဆီးကြလေသည်။

ကွန်၊ ပိုက်၊ မျှား၊ ဒိုင်းဝန်း၊ ငါးမျှား စသောကိရိယာများအသုံးပြုပြီးဖမ်းကြသည်။

တန်ဆောင်မုန်းလရောက်ပြီး ချောင်းများအတွင်းမှာရေနည်းသွားလေ့ရှိသည်။

ထိုအခါရေပြန်ပိုက် ထောင်ကြသည်။

ရေပြန်ပိုက်မှာ ရေတက်လာချိန်ထောင်သော ပိုက်မျိုး





ဖြစ်သည်။

ဝါးဖောင်တစ်ဖက်ခြမ်းပုံစံမျိုးဖြစ်ပြီး ပိုက်အမျိုးအစားကလည်း ထူသည့်ပိုက်စိပ်အမျိုးအစားဖြစ်သောကြောင့် ပုစွန်ဆိတ်၊ ပုစွန်ကျော၊ ငါးနုပ်ငါးဖွဲများမှစပြီး ပုစွန်တုပ်နှင့်ငါးကြီးများပါရလေသည်။

မလက်တိုချောင်းမှာ ငါးပုစွန် အရများသောချောင်းဖြစ်သလို သရဲသဘက် ခြောက်လှန့်မှုများသောချောင်းလည်း ဖြစ်သည်။

ထိုသို့ ခြောက်လှန့်များရခြင်းမှာ အကြောင်းနှစ်ချက်ရှိသည်။ တစ်ချက်က သဘာဝအတိုင်း သရဲသဘက်များရှိနေသဖြင့် ခြောက်လှန့်ခြင်းမျိုးဖြစ်သည်။

ကျန်တစ်ချက်ကတော့ လူတို့ပယောဂကြောင့် ခြောက်လှန့်ကြခြင်းဖြစ်ပေသည်။

လူတို့ပယောဂကြောင့် ခြောက်လှန့်ခြင်းမှာ အခြားမဟုတ်ပေ။ ထိုချောင်းကို တစ်နှစ်တစ်ခါ လေလံရသူများက ငါးပုစွန်ဝင်ခိုးသူများအန္တရာယ်ကင်းစေရန် အင်းအတော်များများချောင်းအတော်များများမှာ သရဲမွေးထားသည်။

သရဲကို ကျွေးမွေးထားပြီး လူမရောက်သောနေရာများမှာ အစောင့်ထားခြင်းမျိုးဖြစ်သည်။

အစောင့်ထားသောသရဲက ငါးပုစွန်ဝင်ခိုးသူများရောက်လာလျှင် ခြောက်လှန့်သည်။



www.burmeseclassic.com

www.burmeseclassic.com



အချို့လည်း ငါးဖမ်းကိရိယာများပင် မယူနိုင်ပဲထွက်ပြေးကြရသည်။

ထိုကဲ့သို့ သရဲအစောင့်ထားသော အင်းများ၊ ချောင်းများဆိုလျှင် ငါးခိုးသူများက မဝင်ဝံ့ကြပေ။

ချောင်းလေလံရသူများက ထိုမျှနှင့် မပြီးပေ။ လေလံချိန်ကုန်သွားသဖြင့် ထိုနေရာမှ ဖယ်ပေးရသောအခါ ကျွေးမွေးထားသောသရဲကိုပင် ထိုနေရာအတွက် တာဝန်ပေးထားခဲ့သည်။

တစ်ချက်က ချောင်းထဲသို့ ဘယ်သူမှမဝင်ဝံ့စေရန်ဖြစ်ပြီး နောက်တစ်ချက်ကတော့ ထိုချောင်းကိုသူတို့ထပ်မရပဲ အခြားတစ်ဦးတစ်ယောက်ရသွားပါက အခြောက်၊ အလှန့်များပြီး မလုပ်ဝံ့ကြစေရန် ရည်ရွယ်ချက်ဖြစ်သည်။

အချို့အင်း၊ ချောင်းများမှာ ငါးပုစွန်အရများမှန်း သိသော်လည်း သရဲခြောက်သည်ဟု နာမည်ကြီးသောကြောင့် လေလံမဆွဲဝံ့ကြပေ။

အခြားသူများ လေလံမဆွဲဝံ့သောအခါ မူလလုပ်ကိုင်သူများကပင် ထိုချောင်းကို ပြန်လည်ရရှိစေရန် ထိုကဲ့သို့စီမံထားခဲ့ခြင်းဖြစ်သည်။

တစ်ခါက အထက်ပိုင်းမှ လေလံဆွဲသူတစ်ယောက်သည် လေလံအောင်သဖြင့် သရဲခြောက်သည်ဟု နာမည်ကြီးသောချောင်းတစ်ချောင်းသို့ ရောက်လာပြီး ပိုက်ထောင်ရန် ပြင်ဆင်သည်။





တဲဆောက်နေစဉ်မှာ ညအချိန်ရောက်လျှင် တဲတိုင်များကိုဆွဲလှုပ်ခြင်း၊ နံရံများကို တဗုန်းဗုန်းနှင့် ပြုလုပ်လေသည်။ တဲရှင်ကလည်း မကြောက်မလန့်နှင့် တဲကိုပြီးအောင်ဆောက်သည်။

တဲပြီးပြန်တော့ အနှောင့်အယှက် မပြီးပြန်ပေ။ ပိုက်ထောင်သောအခါ ပိုက်ထဲသို့ ငါးပုစွန် အမြောက်အမြားဝင်လာသည်ကို မီးရောင်ဖြင့်မြင်ရသည်။

သို့သော် ချေးအိတ်ကိုဖော်ကြည့်တော့ တစ်ကောင်မှမတွေ့ရပေ။

ပိုက်ချက်ပြုလုပ်ထားသောနေရာနှင့် မနီးမဝေးရှေ့ဘက်တွင် ကမ်းစပ်၌ပေါက်နေသည့် လမုပင်ကြီးတစ်ပင်ရှိသည်။

လမုကိုင်း တစ်ကိုင်းကချောင်းအလယ်လောက်အထိကိုင်းကျနေသည်။

တစ်ညတော့ လရောင်မှုန်ဝါးဝါးနှင့် ပိုက်ထောင်နေသောသူက လမုကိုင်းပေါ်မှဆောင့်ကြောင့်ထိုင်နေသည့် မည်းမည်းသဏ္ဍာန်ကြီးကို လှမ်းမြင်သွားသည်။

"ဟို လမုကိုင်းပေါ်မှာ ဆောင့်ကြောင့်ထိုင်နေတာ ဘာကောင်ကြီးလည်းမသိဘူး"

ထိုသို့ပြောသဖြင့် ကျန်လူများကပါ တဲထဲမှထွက်လာပြီးကြည့်ကြသည်။

သူတို့ထွက်လာပြီး ကြည့်တော့လမုကိုင်းပေါ်မှာ ဘာမှ



www.burmeseclassic.com

www.burmeseclassic.com



မရှိတော့ပေ။

ထို့ကြောင့် တဲထဲပြန်ဝင်သွားကြသည်။

နောက်တစ်ကြိမ်မှာတော့ လမုကိုင်းပေါ်မှာ ဆောင့်ကြောင့်ထိုင်နေသည့် မည်းမည်းသဏ္ဍာန်ကြီးက ပါးစပ်ထဲမှ လျှာကို ဖျာလိပ်ဖြေချလိုက်သကဲ့သို့ အောက်ဘက်သို့ ဖြေချလိုက်လေသည်။

ထိုသို့ဖြေချလိုက်သောကြောင့် လျှာပြားကြီးကရေနှင့်လာထိနေလေသည်။

"ဖြန်း. . ဖြန်း. . ဖြန်း. ."

ထိုသို့ပိုက်အထက်မှ တဖြန်းဖြန်းနှင့်ရိုက်နေသဖြင့် ငါးပုစွန်များလည်း ထွက်ပြေးကုန်ရာ ပိုက်ထဲသို့ တစ်ကောင်မှ မရောက်တော့ပေ။

ဤသို့ဖြင့် တစ်မျိုးပြီးတစ်မျိုး နှိပ်စက်ခြောက်လှန့်လေရာ ချောင်းလေလံရသူတို့ နှစ်ကုန်အောင်ပင် မနေဝံ့တော့သဖြင့် ချောင်းကို ပြန်အပ်ပြီး ပြောင်းပြေးသွားကြရသည်။

ထိုအခါယခင်နှစ်ကလုပ်ခဲ့သော သူများမှာသက်သာသောဈေးဖြင့် လေလံဆွဲပြီး လာရောက်လုပ်ကိုင်ကြရာ ခြောက်လှန့်မှုများမရှိတော့ပဲ အဆင်ပြေစွာဖြင့်လုပ်ကိုင်ကြရသဖြင့် အကျိုးစီးပွားများစွာရကြသည်။

"သရဲမျက်ပြူးရေ. . မင်းအကူအညီပေးလို့ ဒီချောင်းကို ငါတို့ပြန်ရတာကွ၊ ဒါကြောင့် မင်းရဲ့ကျေးဇူးတွေလည်းပါတယ်





ဟေ့. . ဒါကြောင့် မင်းအတွက်လည်း ကောင်းကောင်းကျွေးရမယ်၊ လာစားဟေ့. ."

ဟု ပြောပြီး ထမင်းနှင့်အမဲသားဟင်းများကို လမုပင်အောက်သို့သွားပုံပေးရာ သစ်ကိုင်းပေါ်မှပင် လျှာဖြင့်ပတ်ယူသွားပြီး သစ်ကိုင်းပေါ်မှာထိုင်စားနေသည်ကို မြင်ကြရသည်။

"နောက်နှစ်လည်း ဒီချောင်းကိုငါတို့မရလို့ တခြားလူတွေရောက်လာရင် ဒီလိုပဲမနေနိုင်အောင်လုပ်ပေးနော် ဒါမှငါတို့ဈေးနည်းနည်းနဲ့လုပ်ခွင့်ရမှာ. . .

မင်းကိုလည်း ဒီထက်ပိုကျွေးမှာပေါ့ကွာ. . . ."

ဟု မှာထားလေသည်။

ရှေးအခါကယခုအချိန်ကာလကဲ့သို့ တိုးတက်မှုမရှိသေးရာအင်းများ၊ ချောင်းများကိုလေလံရဖို့ သရဲသဘက်များတို့၏ အကူအညီ ယူကြရသည့်မျိုးရှိသည်။

ရှေ့၌ရေးခဲ့သလို သရဲသဘက်မွေးထားသောချောင်းများ၊ အင်းများဆိုလျှင် အခြားသူများလေလံရသော်လည်း လုပ်ရတာအဆင်မပြေကြပေ။

ထို့ကြောင့်မူလပိုင်ရှင်များသာ ပြန်လုပ်ခွင့်ရကြသည်။ ယခုလည်း ရွှေမောင်တို့မှာ သရဲခြောက်သည်ဟု နာမည်ကြီးသောမလက်တိုချောင်းကို လေလံရပြီးမှ လေးကျွန်းပိုင်နက်ကျော်နှင့် တွေ့ကြရခြင်းဖြစ်သည်။

လေးကျွန်းပိုင်နက်ကျော်က သူတို့ကျွေးမွေးသောအစား



www.burmeseclassic.com

www.burmeseclassic.com



အသောက်တို့ကို စားသောက်နေရသောကြောင့် ထိုပတ်ဝန်းကျင်မှာပင် နေသည်။

ညအချိန်ရောက်လာလျှင် သူ့ကိုတွေ့မြင်နိုင်သည်။

"ဒီချောင်းကသရဲခြောက်တယ်လို့ အတော်ကလေးနာမည်ကြီးတယ် မင်းခြောက်နေတာလား"

တစ်နေ့တော့ ရွှေမောင်က မေးသည်။

"ငါခြောက်လှန့်နေတာမဟုတ်ဘူး. . ၊ ငါကဒီနယ်ကိုရောက်လာတာမကြာသေးဘူး"

"ဒါဖြင့်ဘယ်သူခြောက်နေတာလဲ"

"ဒီချောင်းထဲမှာ ငါးရှာရင်းနဲ့ သရဲသတ်လို့သေသွားတဲ့လူကသရဲဖြစ်နေတယ် သူခြောက်နေတာ"

"အခုဘယ်ရောက်သွားပြီးလဲ"

"ငါရောက်တော့ နှင်ထုတ်ပစ်လိုက်ပြီ. . ."

"မင်းကသူ့ထက် ကမ္ဘဇိဒ္ဓိရှိတယ်"

"ငါကသူတို့လို သေပြီးမှ သရဲဘဝရောက်တာမဟုတ်ဘူး"

"ဟင်. . ဘယ်လိုရောက်တာလဲ"

"မသေခင်လူ့ဘဝကတည်းက သရဲဘဝရောက်ခဲ့တာ၊ သူတို့ထက်ပိုပြီး ကမ္ဘဇိဒ္ဓိရှိတယ်"

ထိုစကားကြားတော့ ရွှေမောင်နှင့်ဦးမွန်းထော်တို့မှာ အံ့သြရုံမကပဲ သဘောကျသွားလေသည်။





"ဒီလိုဆိုရင်လည်း မင်းဒီနယ်မှာနေရတဲ့အခါ ငါတို့နဲ့လာနေပေါ့"

"ငါသဘောနဲ့ငါနေလို့မရဘူး၊ နယ်တော်ရှင်ကခွင့်ပေးမှသူထားတဲ့နေရာမှာနေရတာ၊ နောက်ပြီး တချို့နေရာတွေမှာ ငါ့ထက်ကမ္ဘဇိဒ္ဓိရှိတဲ့ ပရလောကသားတွေရှိတယ်"

"ဘာပဲဖြစ်ဖြစ်ပေါ့. . မင်း ငါတို့နဲ့နေပြီး ငါတို့ကိုအကူအညီပေးရင် ငါတို့ကကျွေးမယ်"

"ငါတတ်နိုင်တာဆိုရင်တော့ လုပ်ပေးမယ်"

ဟု ကတိပေးလေသည်။

ရွှေမောင်က နက်ကျော်ထံမှ ထိုစကားကြားသောအခါ တစ်စုံတစ်ခုကိုသတိရသွားသည်။

ပေါင်းဝသုသာန်နှင့် မနီးမဝေးမှာတမံချောင်းတစ်ချောင်းရှိသည်။

ငါးပေါသော်လည်း သရဲခြောက်တာကြမ်းသဖြင့် ဘယ်သူမှသွားမလုပ်ဝံ့ပဲ ဒီအတိုင်းပစ်ထားရသောချောင်းဖြစ်သည်။ အကယ်၍သာ ထိုချောင်းကိုလုပ်ခွင့်ရပါက၊ လုပ်နိုင်ပါကအကျိုးအမြတ်များများရမည်ကို ရွှေမောင်ကတွက်ဆမိသည်။

ထိုချောင်းကိုလုပ်ဖို့ လေးကျွန်းပိုင်နက်ကျော်၏ အကူအညီယူမည်ဟုလည်း စိတ်ကူးမိသည်။

ထိုအကြောင်းကို ဦးမွန်ထော်နှင့်တိုင်ပင်ကြည့်သောအခါ ဦးမွန်ထော်ကပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"ပရလောကဆိုတာ အခက်သားပဲ၊ ကိုယ်မြင်ရတာတွေလည်းမဟုတ်ဘူး၊ ဘယ်သူကတန်ခိုးရှိပြီး ဘယ်သူကမရှိဘူးဆိုတာလည်း မသိရဘူး၊ နိုင်တာကိုလုပ်မိရင်ဘာမှ မဖြစ်နိုင်ပေမယ့် မနိုင်တာကိုသွားစမိရင် ပျားအုံကိုတုတ်နဲ့သွားဆွမိသလိုမျိုး ဖြစ်လာနိုင်တယ်"

ဟု လူကြီးပီပီ. . တွေးတွေးဆဆပြောသည်။

"နက်ကျော်က ကွင်းပိုင်ဘဝက လာတာမဟုတ်လား၊ ကွင်းပိုင်တောင်မှ ရိုးရိုးမဟုတ်ဘူး၊ လေးကျွန်းကိုင်တဲ့ကွင်းပိုင်ဆိုလားပဲ၊ ဒီတော့. . တော်ရုံသရဲတစ္ဆေလောက်တော့ သူက နိုင်လောက်ပါတယ်"

"အေးလေ. . ဒါကတော့မင်းသဘောပဲ. . စမ်းကြည့်ချင်လည်း စမ်းကြည့်ပေါ့"

ဟု သာပြောသည်။

ရွှေမောင်ကတော့ စီးပွားရေးသမားပီပီ ကွင်းပိုင်နက်ကျော်အားကိုးဖြင့် 'ပေါင်းဝသုသာန်ချောင်း' ကို စမ်းလုပ်ကြည့်ရန်စိတ်အားထက်သန်နေလေသည်။







# ( အခန်း ၅ )

# အမှောင်ရိပ်ထဲမှ မိစ္ဆာနက်လေလား

နီမောင်တို့မိသားစု ရေဝင်ရွာမှထွက်ပြေးသောအခါ သူတို့နှင့်အတူ စောထီးနှင့်ငမဲအောင်တို့လည်း လိုက်လာကြလေသည်။

စောထီးနှင့်ငမဲအောင်တို့နှစ်ယောက်မှာ သွေးသားမတော်စပ်ကြသော်လည်း ညီရင်းအစ်ကိုကဲ့သို့ ခင်မင်တွယ်တာကာ အမြဲတစေအတူအကွနေကြသူများလည်းဖြစ်သည်။ စောထီးကကရင်၊ ငမဲအောင်ကရခိုင်သွေးပါသူ ဖြစ်သော်လည်း မိခင်

www.burmeseclassic.com



တစ်ဦးတည်းမှ မွေးဖွားခဲ့သူပမာ တစ်ဦးနှင့်တစ်ဦး သံယောဇဉ်တွယ်ကြသူများဖြစ်သည်။

ထို့ပြင် နီမောင်အပေါ်မှာလည်း ညီအစ်ကိုကဲ့သို့ခင်မင်လျက် သံယောဇဉ်ရှိကြလေရာ နီမောင်ရှိသောနေရာဆိုလျှင် ဘယ်နေရာဖြစ်ဖြစ် သူတို့နှစ်ယောက်ပါအမြဲတစေ ရှိနေကြခြင်းဖြစ်၏။

ယခုလည်းရေဝင်ရွာ ပျက်သဖြင့် ထွက်ပြေးကြရပြင်သောအခါ သူတို့နှစ်ယောက်ပါအတူတူ လိုက်ခဲ့ကြခြင်းဖြစ်သည်။ ဘီလူးမဂယက် ထင်းပွဲစခန်းမှာ နေထိုင်ကြစဉ်က ဆေးဆရာကြီး ဦးဗန်ကောင်းနှင့် ခင်မင်သိကျွမ်းခဲ့ကြသည်။ ၎င်းတို့အားမိစ္ဆာများ နှောင့်ယှက်သောအချိန်တွင် ဦးဗန်ကောင်းက များစွာအကူအညီပေးခဲ့ရာမှ ခင်မင်နေကြခြင်းဖြစ်ကြလေသည်။

ထင်းပွဲစခန်း ပျက်သောအခါ ထိုမှာနေကြသူများလည်း တကွဲတပြားစီဖြစ်ကာ တစ်နေရာစီရောက်သွားကြသည်။ နီမောင်တို့သုံးယောက်က ရေဝင်ရွာဘက်ရောက်သွားခဲ့ပြီး ဦးဗန်ကောင်းကတော့ ၎င်းနှင့်ခင်မင်မှုရှိနေသည့် ပေါင်းဝရွာမှရွာလူကြီးဦးဖိုးထင်ရှိသောနေရာသို့ သွားလေသည်။ လအတန်ကြာပြီး ရေဝင်ရွာပျက်သောအချိန်တွင် သတင်းကြားသဖြင့် ဦးဗန်ကောင်းရောက်လာပြီး ခေါ်သဖြင့် လှေကြီးတစ်စင်းဖြင့် ထိုနယ်ဘက်သို့လိုက်သွားကြလေသည်။

တကယ်တော့ပေါင်းဝရွာမှာ သူတို့သုံးယောက်နှင့်စိမ်း





သောနေရာတစ်ခုတော့ မဟုတ်ပါချေ။ လွန်ခဲ့သော အချိန်က ထိုရွာသို့ရောက်ဖူးပြီး ထိုရွာနှင့် ပတ်သက်သည့် မမေ့နိုင်စရာအကြောင်းအရာများစွာတို့လည်း ရှိခဲ့ဘူးကြပေသည်။

ထိုအကြောင်းများထဲတွင် မဖဲဝါနှင့်ပတ်သက်သည့်အကြောင်းအရာအချို့လည်း ပါဝင်ပေသည်။

(ထိုအကြောင်းများကိုတော့ သီးခြားဇာတ်လမ်းတစ်ခုအနေဖြင့် ရေးထားခဲ့ပြီးဖြစ်သောကြောင့် ပြန်လည်ဖော်ပြတော့မည်မဟုတ်ပါချေ။)

သူတို့သုံးယောက်စလုံး မဖဲဝါကိုသိကြသည်။

နှစ်များစွာကြာခဲ့ပြီဖြစ်သောကြောင့် ထိုအကြောင်းများကိုမမေ့နိုင်ကြသေးပေ။

လှေကြီးကို ရှေ့တစ်ယောက်၊ နောက်တစ်ယောက်ခတ်တက်ဖြင့် မှန်မှန်ခတ်နေရာ ခတ်ကွင်းမြည်သံတို့က တကျွိကျွိနှင့် မြန်မြန်နှင့်မှန်မှန် ပေါ်ထွက်နေသည်။

လှေခတ်နေရင်းမှ ငမဲအောင်ကမေးသည်။

"နီမောင် ပေါင်းဝရွာက ငါတို့နဲ့အတော်ကလေးရေစက်ပါပုံရတယ်၊ အဲဒီရွာပြန်ရောက်တော့မယ်ဆိုတော့ မင်းမဖဲဝါအကြောင်း သတိမရဘူးလား"

"ရပါတယ်"

နီမောင်ကပြောရင်း ကမ်းစပ်ဘက်မှ တမျှော်တခေါ်မြင်နေရသော လယ်ကွင်းများရှိရာဘက်သို့ လှမ်းမျှော်ကြည့်နေ



www.burmeseclassic.com

www.burmeseclassic.com



သည်။

"ငါတို့နောက်ဆုံးသတင်းကြားခဲ့တုန်းကတော့ သူပေါင်းဝသုသာန်မှာရှိနေတာပဲ၊ အခုလည်း ရှိနေဦးမလားမသိဘူးနော်"

စောထီးကပါ ဝင်ပြောသည်။

"ရှိချင်မှလည်းရှိတော့မှာပါ ဒီလောက်ကြာမှတော့ သုသာန်စောင့်ဘဝက ကျွတ်ချင်ကျွတ်သွားရောပေါ့"

"သူ့ဘဝလည်း သနားစရာပါပဲကွာ"

"ဒါကတော့ ဘယ်တတ်နိုင်ပါ့မလဲ၊ ဘဝကံကစီမံတဲ့အတိုင်းပဲ ဖြစ်ကြရတာပေါ့ကွာ"

ဟု ပြောဆိုနေရင်း သုံးယောက်စလုံး ၎င်းတို့နှင့် ဆုံတွေ့ခဲ့ဘူးသော မဟူရာတစ်ဖြစ်လဲ မဖဲဝါဆိုသော နာမည်ဆိုးဖြင့် နာမည်ကြီးခဲ့သည့် မိန်းကလေးတစ်ယောက်ကို သတိရနေမိကြသည်။

နောက်တစ်နေ့ညနေပိုင်းမှာတော့ ပေါင်းဝရွာသို့ ရောက်သွားကြလေသည်။

ရွာပျက်သဖြင့် ဒုက္ခရောက်ပြီးပြေးလာကြသော နီမောင်တို့မိသားစုအား ရွာလူကြီးဦးဖိုးထင်က အစစအရာရာအကူအညီပေးရှာသည်။

ဦးပန်ကောင်း မျက်နှာရှိသည်ကတစ်ကြောင်း၊ ဦးဖိုးထင်ကိုယ်တိုင်ကလည်း ကွမ်းတမြုံ့မြုံ့နှင့် သဘောမနောကောင်းသူဖြစ်သောကြောင့် နေထိုင်စားသောက်ဖို့ တတ်နိုင်သမျှအကူအ





ညီပေးလေသည်။

"ဟိုရွာအစွန်ဘက်မှာ ကျုပ်ပိုင်တဲ့ ဥယျာဉ်ခြံရှိတယ်၊ ခြံထဲမှာ အိမ်တစ်လုံးလည်း အဆင်သင့်ရှိတယ်၊ အဲဒီမှာ ခြံစောင့်တစ်ယောက်ပဲရှိတာဆိုတော့ ခင်ဗျားတို့မိသားစုအဲဒီမှာနေကြပါ၊ စားဖို့သောက်ဖို့ အဆင်မပြေသေးရင်လည်း ဆန်လေးဘာလေး ကျုပ်ဆီကလာယူထား. . . ."

"ကျေးဇူးတင်ပါတယ်ဗျာ. . ကျုပ်တို့မိသားစု ဒုက္ခရောက်လာတဲ့အချိန်မှာ အခုလိုအကူအညီပေးခဲ့တဲ့ ကျေးဇူးတွေကို မမေ့ပါဘူး. . ."

ဟု နီမောင်ဖခင်ဦးဘရှိန်က ပြောလေသည်။

"ဒီလောက်လည်းကျေးဇူးတင်ဖို့ မလိုပါဘူးဗျာ. . တစ်ယောက်မှာအခက်အခဲ ဖြစ်နေရင် တစ်ဦးကအကူအညီပေးရမှာပေါ့၊ ခင်ဗျားတို့မှာနေစရာနဲ့ စားဖို့ဆန်ရှိနေရင် ဟင်းစားကတော့မပူရပါဘူး၊ ကွန်တစ်လက်နဲ့ ဒိုင်းဝန်းရှိရင်တောင် ဟင်းစားမကပါဘူး၊ ရောင်းချဖို့တောင်ရမှာပါ"

ထိုသို့အကူအညီပေးသောကြောင့် ရွာစွန်ဘက်မှာရှိသော ဦးဖိုးထင်ခြံထဲမှာ လောလောဆယ်နေကြသည်။

ဦးဖိုးထင်ကဆန်တစ်တင်း လာပို့ပေးထားရာစားသောက်စရာရပေပြီ. . ။

ရောက်စလည်းဖြစ်သဖြင့် ဘာလုပ်ရမှန်းမသိသေးသောကြောင့် ချောင်းထဲမြစ်ထဲဆင်းပြီး ငါးရှာကြသည်၊ စောထီး



www.burmeseclassic.com

www.burmeseclassic.com



နှင့်ငမဲအောင်တို့မှာ ငါးရှာဖွေရာတွင်ကျွမ်းကျင်သူများဖြစ်သဖြင့် ငါးတန်၊ ငါးမြင်းစသော ငါးကြီးများရသည်။

ထိုငါးများကို ဟင်းစားအတွက်ထားတန်ထား၊ ရောင်းတန်တာရောင်းဖြင့် သူတို့အတွက်တော့ အဆင်ပြေနေကြလေသည်။ တစ်နေ့တော့ ပိဿာချိန်များသော ငါးမြင်းတစ်ကောင်ရသဖြင့် ရောင်းချရန်ပြင်လေသည်။

သူတို့ရွာမှာလည်း ငါးရွဲလုပ်သောသူဆို၍ ဦးစိုင်းမောင်တို့ရွဲသာရှိသဖြင့် ရလာသောငါးမြင်းကြီးကို ထိုငါးရွဲသို့သွားရောင်းကြသည်။

ဦးစိုင်းမောင်က ငါးမြင်းကြီးကို မြင်သောအခါများစွာသဘောကျသဖြင့် သူကိုယ်တိုင်ချိန်တွယ်ပြီး ဝယ်ယူထားလိုက်လေသည်။

"ဟန်ကျတာပဲ၊ ပွဲမြောက်ကာနီးမှာ ဒီငါးကြီးရတာအတော်ပဲ ငါးမြင်းသားကောင်းကောင်းနဲ့ ပွဲတင်ရတော့မယ်"

ထိုသို့ပြောပြီး ငါးဖိုးငွေကို နီမောင်ကိုရှင်းပေးသည်။

"မင်းတို့က ဘယ်ကလာရောင်းတာလဲ"

"ဒီရွာကပါပဲ"

"အရင်က မမြင်ဘူးပါလား"

"ကျွန်တော်တို့ကရောက်လာတာ မကြာသေးပါဘူး၊ အောက်ဘက်ကပြောင်းလာကြတာပါ"

"အေး. . အေး၊ တခြားအလုပ်အဆင်မပြေလို့ ငါ့ရဲ့





ငါးရွဲမှာလာပြီး အလုပ်လုပ်မယ်ဆိုရင်လည်း လက်ခံတယ်ဟေ့"

ဟု ပြောဆိုနေသည်။

နီမောင်တို့ ငါးချိန်နေသော နေရာနှင့်မနီးမဝေးရေစင်ပေါ်မှာငါးရွေး၊ ငါးခုတ်နေကြသော အမျိုးသမီးတစ်သိုက်ရှိသည်။

ထိုအမျိုးသမီးများထဲမှာ မြသင်းကြူလည်းပါသည်။ မြသင်းကြူက သူတို့ဘက်သို့ ကျောပေးထားသောကြောင့် မမြင်ရပေ. . ။

ထို့ပြင်. . ငါးရွေးငါးခုတ်နေသူများမှ စကားပြောသံ၊ သီချင်းဆိုနေသော အသံများကြောင့် နောက်ဘက်မှ နီမောင်တို့ပြောဆိုနေသောအသံများကို မကြားရပေ. . ။

စောထီးကတော့ငါးခုတ်နေသော အမျိုးသမီးများကို လှမ်းကြည့်ရင်းမှ သူတို့ဘက်သို့ကျောပေးထားသော မြသင်းကြူကိုမြင်သောအခါ တစ်နေရာမှာ မြင်ဖူးသည်အထင်ဖြင့် မကြာခဏ လှမ်းကြည့်နေသည်။

ငါးဖိုးရှင်းပေးပြီးတော့ သုံးယောက်သားတံတားမှ လှေရှိရာသို့ ပြန်ဆင်းလာကြသည်။

ထိုအခါတံတားပေါ်သို့ ငါးတောင်းထမ်းတက်လာသော ထွန်းမောင်နှင့်တွေ့ကြသည်။

ထွန်းမောင်ကသူတို့သုံးယောက်ကို ကောင်းစွာမှတ်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟာ. . အစ်ကိုတို့. . ."

ဟု ပြောပြီး ထမ်းလာသော ငါးတောင်းကိုတံတားပေါ် ချလိုက်သည်။

"ဟင်. . ထွန်းမောင် ဘယ်ကနေ ဒီကိုရောက်နေတာလဲ"

"နောက်မှပြောမယ် ဟိုမှာအစ်မရှိတယ်"

ဟုပြောပြောဆိုဆိုနှင့် ငါးရွေးနေသောမြသင်းကြူကို သွားခေါ်လာသည်။

မြသင်းကြူကလည်း နီမောင်တို့သုံးယောက်နှင့် မမျှော်လင့်ပဲ ပြန်တွေ့သောအခါ ဝမ်းသာအားရဖြစ်နေလေသည်။ သူတို့ငါးယောက်ရပ်ပြီး စကားပြောနေရာသို့ မယ်ဇာရီရောက်လာလေသည်။

မယ်ဇာရီမှာ ဦးစိုင်းမောင်၏ တစ်ဦးတည်းသမီးဖြစ်ပြီး အသက်(၂၅)နှစ်အရွယ်ခန့်ရှိသည်။

ရုပ်ရည်သင့်ပြီး မာနကြီးသူဖြစ်သည်။

ထို့အပြင် ခက်ထန်ကြမ်းတမ်းသူလည်း ဖြစ်လေသည်။

"အလုပ်မလုပ်ဘဲနဲ့ ဒီမှာဘာလုပ်နေကြတာလဲ"

ဟုလေသံမာမာ ဖြင့်မေးသည်။

"ကျွန်မတို့ အသိတွေရောက်လာလို့ စကားပြောနေတာပါ"

"စကားပြောနေလို့ အလုပ်ပြီးမှာမို့လို့လား၊ စကားက





နောက်မှပြောရင်ရတယ်၊ ငါးတွေကနောက်ကျရင် ပုပ်ကုန်လိမ့်မယ်"

ဟုပြောသဖြင့် မြသင်းကြူလည်း ၄င်းတို့နေရာကို ပြောပြပြီး သူ့နေရာသို့ပြန်သွားသည်။

ထွန်းမောင်လည်း ငါးတောင်းထမ်းသွားလေရာ နီမောင်တို့ သုံးယောက်လည်း လှေရှိရာသို့ ဆင်းရန်ပြင်လိုက်တော့ မယ်ဇာရီကလှမ်းမေးလိုက်သည်။

"နင်တို့ ဘယ်ရွာကလဲ"

"ဒီရွာကပဲ"

နီမောင်က ခတ်တိုတို ပြန်ဖြေလိုက်သည်။

"အရင် မမြင်ဖူးပါဘူး"

နီမောင်က ဘာမှပြန်မပြောပဲ ရှေ့သို့ဆက်ဆင်းလာတော့ရေစင်ထိပ် အထိလိုက်လာပြီး အပေါ်မှငုံ့ကြည့်ရင်း လှမ်းပြောလေသည်။

"နင် ပေါင်းဝရောက်တာ မကြာသေးဘူးထင်တယ်၊ ဘယ်နေရာမှာ နေသလဲ"

"ဟိုး ရွာဖျားဘက်မှာနေတယ်"

ဒါပဲပြန်ပြောပြီး လှေထဲသို့ ဆင်းကာထိုနေရာမှ ခွာထွက်လာကြသည်။

ညအချိန်ရောက်တော့ မြသင်းကြူပေးထားခဲ့သော လမ်းညွှန်အတိုင်း သွားကြရာ ဆိုက်ဆိုက်မြိုက်မြိုက်တွေ့ရလေ



www.burmeseclassic.com

www.burmeseclassic.com



သည်။

မြသင်းကြူတို့မိသားစုကလည်း နီမောင်တို့နှင့် ပြန်တွေ့ကြရသောကြောင့် အံ့ဩဝမ်းသာနေကြသည်။

အချိန်ကလည်း ညဉ့်ဦးပိုင်း အချိန်ရောက်နေချေပြီ. . .

အခြားသူများကလည်း ရှေးဟောင်းနှောင်းဖြစ်များပြောဆိုနေကြစဉ် နီမောင်နှင့် မြသင်းကြူကလည်း ကွပ်ပျစ်တစ်နေရာမှာထိုင်ပြီး စကားပြောကြသည်။

"ကျွန်မဖြင့် အစ်ကိုတို့နဲ့ပြန်တွေ့တာ သိပ်ပြီးဝမ်းသာတာပဲ စိတ်ထဲမှာလည်း အားရှိသွားသလိုပဲ"

စိတ်ထဲမှာရှိသည့် အတိုင်းပွင့်ပွင့်လင်းလင်းပြောသည်။

"ကျွန်တော်လည်း ဝမ်းသာတာပါပဲ ရေစက်မကုန်လို့ တိုက်တိုက်ဆိုင်ဆိုင် ပြန်တွေ့ကြရတယ်လို့ပဲ ဆိုရတော့မှာပေါ့နော်. . ."

မြသင်းကြူက ရှက်သွေးဖြာသော အပြုံးကလေးဖြင့် ခေါင်းညိတ်ပြလေသည်။

"ဒါထက် မြသင်းကြူ အဲ့ဒီငါးရွဲမှာလုပ်နေတာလား"

"ဟုတ်တယ် ရောက်စလည်းဖြစ်နေတော့ ဘာလုပ်ရမှန်းမသိသေးတာနဲ့ ကျွန်မတို့ မောင်နှမနှစ်ယောက်စလုံး အဲ့ဒီမှာ ဝင်လုပ်နေရတာ. . ."

"ဒီလိုပေါ့လေ ကျွန်တော်တို့လည်း ဒီလိုပါပဲ ပေါင်းဝမှာရှိတဲ့ ရွာလူကြီးက နေစရာရော စားစရာပါပေးထားလို့ အဆင်





ပြေသွားတယ် လောလောဆယ်တော့ စောထီးနဲ့ ငမဲအောင်တို့ နှစ်ယောက်နဲ့ ကြုံရာလုပ်နေရတာပါပဲ. . ."

"ရောက်စမို့ပါ နောက်တော့ နေသားကျပြီး တဖြည်းဖြည်း အဆင်ပြေသွားမှာပါ"

ဟုအားပေးစကားပြောလေသည်။

ထို့နောက်မှာတော့ သုံးယောက်သား လှေဖြင့်ပြန်လာကြသည်။ အချိန်က ညဉ့်ဦးပိုင်းအချိန် ရောက်နေပြီဖြစ်သောကြောင့် ပတ်ဝန်းကျင်မှာ အမှောင်ရိပ်များ သမ်းနေလေသည်။

သို့သော်လည်း ကောင်းကင်ပေါ်မှ အလင်းရောင်ကြောင့် ပတ်ဝန်းကျင်တစ်ဝိုက်ကို ဝိုးတဝါးမြင်နိုင်လေသည်။

လှေကို စောထီးနှင့် ငမဲအောင်တို့က ရှေ့နောက်လှော်ကြပြီး နီမောင်က ရေပက်ခွက်ဖြင့် ရေပက်ရင်း လှေဝမ်းအလယ်မှ ထိုင်လိုက်လာလေသည်။

"နီမောင် မြသင်းကြူနဲ့ မမျှော်လင့်ပဲပြန်တွေ့ရတော့ မင်းစိတ်ထဲမှာ ဘယ်လိုနေသလဲ"

စောထီးကလှေ လှော်နေရင်းမှ လှမ်းမေးသည်။

နီမောင်က ဘာမှပြန်မပြောရသေးခင်မှာ ငမဲအောင်က ကြားထဲမှ ဝင်ပြောလိုက်သည်။

"စောထီးကလည်းကွာ ဒါများ မေးစရာလိုသေးလို့လား လူသာငြိမ်နေပေမယ့် စိတ်ထဲမှာတော့ ကုလားဘုရားပွဲလည်သလို ဆူညံနေမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဒါကတော့ သူတို့နှစ်ယောက် ဖူးစာဖက်မှန်လို့ပြန်တွေ့ကြရတာပဲ ဝမ်းသာစရာပေါ့"

ထိုသို့ပြောနေသောအခါ နီမောင်ကရေပက်နေရင်းဖြင့် ပြောလိုက်သည်။

"သူနဲ့ ပြန်တွေ့လို့ ဝမ်းသာမိတာတော့ မှန်ပါတယ်၊ ဒါပေမယ့်အခုလောလောဆယ်တော့ ကိုယ်တောင် နေစရာ စားစရာမရှိသေးတာ ဒီအကြောင်းတွေ မစဉ်းစားနိုင်သေးပါဘူး. ."

"ဒါက ဒီလောက်အရေးမကြီးပါဘူး၊ တစ်ဦးနဲ့တစ်ဦးနားလည်မှုရှိကြရင် ဘယ်ဘဝဖြစ်ဖြစ်နေလို့ရပါတယ်"

စောထီက လူကြီးတစ်ယောက်လေသံဖြင့် ပြောလိုက်သည်။

"ငါတို့ဒီလို ပြောရအောင် မင်းက မိန်းမရဖူးလို့လား"

"ရတော့ မရသေးဘူးပေါ့၊ ဒါပေမယ့် ကိုယ့်ရှေ့ကလူတွေကို ကြည့်ရင် ဒီလောက်ခက်မယ်မထင်ပါဘူး. . .

ပျိုးနုတ်တဲ့လူနဲ့ ကောက်စိုက်တဲ့မိန်းမ ညားလည်းအဆင်ပြေတာပဲ၊ ငါးရှာတဲ့လူနဲ့ ငါးရွေးတဲ့မိန်းမ ညားကြရင်လည်းအဆင်ပြေတာပဲ၊ စားစားသောက်သောက်နဲ့ ကလေးတစ်ယောက်၊ နှစ်ယောက်တော့ ရကြတာချည်းပါပဲ. . ."

"တော်စမ်းပါကွာ အဟုတ်မှတ်လို့ နားထောင်နေကြတာ"

ထိုကဲ့သို့ စကားတပြောပြောနှင့် လှေလှော်လာကြရာ





ပေါင်းဝရွာနှင့် ညောင်လန်းကိုင်းရွာနှစ်ရွာကြားသို့ ရောက်လာကြသည်။ ထိုနေရာတစ်ဝိုက်မှာတော့ လူနေအိမ်ခြေမရှိပဲ ကမ်းခြေတစ်လျှောက်တွင် ခရာတောများ၊ ချုံများနှင့် လမုပင် အချို့သာတွေ့ရသည်။

ညောင်လန်းကိုင်းရွာ အဝင်နေရာလောက်မှာတော့ ညောင်လန်းပင်ကြီးရှိပြီး အမှောင်ထဲမှာတော့ အုံ့အုံ့ဆိုင်းဆိုင်းသာမြင်တွေ့ရသည်။

ထိုနေရာမှ လွန်လာသောအခါ ကမ်းစပ်နှင့် မနီးမဝေးသစ်ပင်တစ်ပင်အောက်တွင် ရပ်နေသော မည်းမည်းသဏ္ဌာန်တစ်ခုကိုလှမ်း မြင်ကြရသည်။

ထိုသဏ္ဌာန်က အမှောင်ရိပ်ထဲမှာရပ်နေသော်လည်း လူတစ်ယောက်၏ ပုံပန်းအရွယ်အစားလောက်သာ ရှိလေသည်။ တစ်ကိုယ်လုံး အဝတ်မည်းကြီးခြုံထားသောကြောင့် ဘယ်သူဘယ်ဝါမှန်းတော့ မသိကြရပေ. . .။

"သစ်ပင်အောက်မှာ ရပ်နေတာဘာလဲ"

"သရဲခြောက်တာဖြစ်မှာပေါ့"

"မဖဲဝါ ဒီနေရာမှာ ရှိနေသေးလို့များ ငါတို့ကိုပြတာဖြစ်မလား"

"ဟုတ်မယ် မထင်ပါဘူး၊ ဒီနေရာတွေမှာ သရဲတစ္ဆေကနေရာတိုင်းမှာ ရှိနေတာဆိုတော့ တခြားပရလောကသား တစ်ဦးဦးလည်း ဖြစ်နိုင်တာပဲ"



www.burmeseclassic.com

www.burmeseclassic.com



သစ်ပင်အောက်မှာ ရပ်နေသောမည်းမည်း သဏ္ဌာန်က သူတို့လှေ ထိုနေရာမှ လွန်လာသည်အထိ ထိုနေရာမှာ ရပ်နေဆဲပင် ရှိသေးသည်။

နောက်မှ နီမောင်က စိတ်ထဲမှာ မသင်္ကာသောကြောင့် အတော်ဝေးဝေး ရောက်တော့မှ နောက်သို့ပြန်လှည့်ကြည့် လိုက်ရာ ကောင်းကင်ပေါ်သို့ ပျံတက်လာသော မည်းမည်း သဏ္ဌာန်ကြီးကို မြင်တွေ့ရသည်။

"ဟော့. . . ဟိုမှာဘာလဲ"

ကျန်နှစ်ယောက်ကပါ လှော်တက်များကို ချပြီး လှည့်ကြည့်သောအခါ ကောင်းကင်ပေါ်သို့ ပျံတက်လာသော ငှက်ကြီး တစ်ကောင်ကို တွေ့ကြရသည်။

"ဘာငှက်ကြီးလဲဟ ကြီးလှချည်လား"

"လင်းတကြီးများ ဖြစ်လေသလား"

"မဟုတ်ဘူးကွ သူ့အတောင်ပံတွေက လင်းနို့တွေ လင်းဆွဲတွေနဲ့ တူတယ်၊ လင်းဆွဲကြီးများဖြစ်နေသလား"

"လင်းဆွဲက ဒီလောက်ကြီးပါ့မလား ကောင်းကင်ပျံ တက်လာတဲ့ ကောင်က ငှက်ဆင်လောက်ရှိတယ်"

ထိုသို့ ပြောဆိုရင်း လှေကိုပင် ဆက်မလှော်တော့၊ ကောင်းကင်ပေါ်ပျံတက်လာသော ထူးဆန်းသော သတ္တဝါကြီး ကိုမော့ကြည့်နေကြစဉ် ထိုသတ္တဝါကြီးက သူတို့လှေအပေါ် တည့်တည့်သို့ ရောက်လာလေသည်။





ကောင်းကင်ပေါ်မှ အတော်မြင့်သောနေရာမှ ဝဲပျံလိုက် လာသောကြောင့် ဘယ်လိုငှက်မျိုးဖြစ်သည်ကိုတော့ သဲသဲကွဲကွဲ မမြင်ကြရပေ"

သို့သော် အောက်မှ မော့ကြည့်သောအခါ လင်းဆွဲကြီး တစ်ကောင်နှင့် တူသည်ကိုတော့ တွေ့မြင်ကြရလေသည်။

သုံးယောက်သား တစ်အံ့တသြဖြင့် မော့ကြည့်နေကြစဉ် ထိုငှက်ကြီးကကောင်းကင်ပေါ်သို့ ပျံသွားလေတော့သည်။

နီမောင်တို့ သုံးယောက်လည်း တအံ့တသြဖြင့် မျက်စိ တဆုံး မြင်သာသည်အထိ လိုက်ကြည့်ကြလေသည်။

ထိုငှက်ကြီး မြင်ကွင်းက ပျောက်ကွယ်တော့မှ လှေကို ဆက်လှော်လာကြသည်။

"ဒို့ တစ်သက်တော့ ဒီလောက်ကြီးမားတဲ့ ငှက်ကြီးမျိုး ဒီတစ်ခါပဲ တွေ့ရသေးတယ် ဘယ်လိုငှက်ကြီမျိုး ဖြစ်မလဲဟင်"

"လင်းဆွဲကြီး မြင်ရက်နဲ့ ဘာငှက်လဲလို့ မေးနေရသေး သား"

"လင်းဆွဲက ဒီလောက်ကြီးပါ့မလား၊ ဒီလင်းဆွဲက လူမ ပြောနဲ့ နွားတစ်ကောင်တောင်မှ ချီသွားလို့ရတယ်"

"ကဲ တော်ကြပါတော့ကွာ၊ ဒီနေရာတွေမှာ ငါတို့မသိ သေးတာတွေ အများကြီးရှိနေလို့ပဲ ဖြစ်မှာပေ့ါ ငါ့အထင်ပြော ရရင်တော့ စောစောက မြင်လိုက်ရတဲ့ ငှက်ကြီးဟာ ရိုးရိုးငှက် ဖြစ်ချင်မှဖြစ်မယ်ထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုငှက်မျိုးဖြစ်မလဲ"

"မကောင်းဆိုးဝါး တစ်ကောင်ကောင် ဖြစ်နိုင်တယ်၊ ငါထင်တာမှန်ရင်တော့ ဒီအရပ်မှာ နောက်ထပ်ထူးဆန်းတာမျိုးတွေ ထပ်တွေ့ရဦးမယ်"

ဟု စကားတပြောပြောဖြင့် လှော်လာကြရာ ပေါင်းဝရွာဘက်သို့ ပြန်ရောက်လာကြလေသည်။

အချိန်ကား. . ညဉ့်နက်ပိုင်းရောက်နေပေပြီ. . .။







# ( အခန်း ၆ )

# ပေါင်းဝရွာမှ ဆန်းကြယ်စွာသေဆုံးမှု

ညကအတော် ညဉ့်နက်မှ အိပ်ကြသောကြောင့် အတော်နေမြင့်နေသည်အထိ သုံးယောက်သား အိပ်ရာမှမထနိုင်ကြသေးပေ။ နောက်တော့ ဦးဗန်ကောင်း ရောက်လာပြီး လာနှိုးတော့မှ နိုးလာကြသည်။

"ဟော. . အဘပါလား၊ စောစောစီးစီး ဘယ်ကလှည့်လာတာလဲ"

"မင်းတို့ဆီ တမင်လာတာပဲ၊ ညက အလုပ်ဆင်းကြလို့



www.burmeseclassic.com

www.burmeseclassic.com



လား"

"မဆင်းဘူးအဘ ညောင်လန်းကိုင်းရွာဘက်သွားနေကြ လို့ပါ၊ အဲဒီရွာမှ မြသင်းကြူတို့ ရောက်နေကြတယ်"

"မြသင်းကြူဆိုတာ. . ."

"အောက်ဘက်မှာ နေတုန်းက အဘဆေးကုဖို့ သွားတဲ့ အိမ်ကလေ၊ ဟို. . ဟို ရင်မောင်နဲ့ စေ့စပ်တဲ့ မိန်းကလေး"

ထိုသို့ပြောတော့မှ ဦးဖန်ကောင်းက မှတ်မိသွားသည်။

"အော်. . မှတ်မိပြီ၊ သူတို့လည်း ဒီဘက်ကို ပြေးလာကြ တာလား မင်းအတွက်တော့ အဆင်ပြေသွားတာပေါ့"

ဟုပြောရာ နီမောင်မှာ ရှက်ကိုးရှက်ကန်းဖြစ်သွားကာ မျက်နှာသစ်ရန် ထသွားလေသည်။

သုံးယောက်သား မျက်နှာသစ်ခြင်းကိစ္စတို့ ပြီးသောအခါ ဦးဖန်ကောင်းရှိသောနေရာ ပြန်လာကြသည်။

"ဘယ်သွားမလို့လဲ အဘ. . ."

"ရွာလူကြီး ဦးဖိုးထင်က အခေါ်ခိုင်းလို့ သူ့ဆီသွားကြ ရမယ်"

"ဘာကိစ္စ ရှိလို့လဲ"

"ငါလည်း မသိဘူး အရေးကြီးတဲ့ ကိစ္စရှိလို့သာ ဖြစ်မှာ ပေါ့. . ."

ထို့နောက်မှာတော့ လေးယောက်သား ဦးဖိုးထင်အိမ် သို့သွားကြလေသည်။





ဦးဖိုးထင်နေသော နေရာမှာ ရွာလယ်ပိုင်းမှာ ရှိလေ သည်။ သူတို့ရောက်သွားတော့ ရွာထဲမှ လူအတော်များများ ရောက်နေသည်ကို လှမ်းမြင်ရသည်။

"ဘာဖြစ်လို့ပါလိမ့်"

အိမ်ပေါက်ဝရောက်တော့ ဦးဖိုးထင်နှင့် တွေ့ရသဖြင့် အကျိုးအကြောင်း မေးကြည့်ရသည်။

"ဘာဖြစ်တာလဲ ဦးဖိုးထင်"

"အိမ်က အလုပ်သမားတစ်ယောက် ညဥ့်ဦးပိုင်းက တွေ့တုန်းက အကောင်းသားဗျ၊ မနက်မိုးလင်းတော့ အိပ်ရာထဲမှာ သေနေတာတွေ့လို့ဗျ"

"အစားမှားပြီး အဆိပ်သင့်တာလား၊ ဒါမှမဟုတ် ပိုးထိ တာများလား"

"ကျုပ်လည်း မသိရသေးပါဘူးဗျ တစ်ဆိတ်လောက်စစ် ဆေးကြည့်ပါဦး"

"အလောင်းက ဘယ်မှာလဲ"

"သူက အနောက်ဘက် တင်းကုပ်မှာနေတယ်၊ အ လောင်းက အဲဒီမှာပါပဲ"

ဟုပြောသဖြင့် တင်းကုပ်ရှိရာသို့ လာကြလေသည်။

တင်းကုပ်ရှိရာနေရာမှာ ဦးဖိုးထင်နေသောအိမ်၏ အနောက်ဘက် မနီးမဝေး လယ်ကွင်းစပ်နားမှာရှိသည်။

ထိုနေရာတစ်ဝိုက်တွင် ကောက်ရိုးပုံကြီးများလည်း ရှိ



www.burmeseclassic.com

www.burmeseclassic.com



သည်။ တစ်းကုပ်မှာအတော်ကျယ်ပြီး ရေလွတ်အောင် မြေသား ကုန်းမြို့ထားသည်။

သုံးပုံတစ်ပုံမှာသာ လူနေရန် စင်ထိုးထားပြီး ကျန်နေရာ များကိုတော့ ကျွဲနွားများထားသည်။

တင်းကုပ်ထဲဝင်တော့ နွားချေးနံ့၊ သေးနံ့များက မွှန်နေ လေသည်။

သေဆုံးသူမှာ သန်းရွှေဆိုသူဖြစ်ပြီး ဦးဖိုးထင်ထံမှ အလုပ်လုပ်နေသူဖြစ်သည်။

အသက်(၃၀)ကျော်အရွယ်ခန့်သာ ရှိသေးပြီး အသား မည်းမည်းနှင့် ကြံ့ခိုင်သန်စွမ်းသူ တစ်ယောက်ဖြစ်သည်။

အပေါ်အင်္ကျီဝတ်မထားပဲ ခါးမှာပုဆိုး တစ်ထည်သာ ရှိပြီး ကြမ်းပြင်ပေါ်မှာ ပက်လက်အနေ အထားဖြင့် သေဆုံးနေ ခြင်းဖြစ်သည်။

ဦးဗန်ကောင်းဝင်လာတော့ နံဘေးမှာ ဝိုင်းကြည့်နေသူ များက ဘေးဖယ်ပေးကြသည်။

ဦးစွာ အလောင်းအခြေအနေကြည့်သည်။

အဆိပ်သင့်ထားသော လက္ခဏာမျိုးမတွေ့ရပေ။

အစားများအဆိပ်သင့်ပါက နှုတ်ခမ်းပြာပြီးပါးစပ်၌ အမြှုပ်ထွက်နေတတ်သည်။ မျက်လုံးပြူးနေသည်လည်းရှိသည်။

ယခုမတွေ့ရပေ၊

မွေ့ကိုက်ခံရပြီး အဆိပ်သင့်သောကြောင့် သေရသလား ဟု ကြည့်ပြန်တော့လည်း မတွေ့ရပေ၊

မြွေဆိပ်မိလျှင် တစ်ကိုယ်လုံးပြာနှမ်းနေပြီး ညိုမည်းနေ တတ်သည်။

ယခုအသားအရေက အကောင်းအတိုင်းတွေ့ရသည်။ ထို့ကြောင့် နီမောင်တို့အကူအညီဖြင့် ဒဏ်ရာဒဏ်ချက် ရှာကြည့် သောအခါ လည်ပင်း၌ တွေ့ရလေသည်။

ဒဏ်ရာက လည်ပင်း၏ဘေးဘက်တွင်ရှိပြီး မြွေကိုက်ခံ ရသကဲ့သို့ အစွယ်ရာနှစ်ချက် ပေါ်နေခြင်းဖြစ်သည်။

ဦးဗန်ကောင်းက ထိုဒဏ်ရာကို အသေအချာကြည့်ပြီး မျက်စိမျက်နှာပျက်သွားလေသည်။

အစွယ်ရာနှစ်ချက်မှာ တစ်နေရာနှင့် တစ်နေရာ နှစ် လက်မ နီးပါးလောက်ကွာဝေးပြီး အတွင်းသို့ အတော်နက်ဟန် ရှိသည်။ ထိုနေရာမှ သွေးများစိုနေသည်။

ထိုဒဏ်ရာအပြင် တစ်ကိုယ်လုံး အခြားဘာမှ အတွေ့ ရတော့ပေ။

"ဘာကောင်ကိုက် သွားတာလဲ"

"ကျားဝင်ကိုက်သွားတာဖြစ်မှာပေါ့"

"ကျားက ဒီနေရာမှာ မှမရှိတာ"

"ကျားမရှိရင် မိကျောင်းဝင်ကိုက်တာရော. . ."

"ပိုဆိုးတာပေါ့ မိကျောင်းသာကိုက်ရင် အခုလို အစွယ် ရာထင်နေရုံနဲ့ ပြီးမှာမဟုတ်ဘူး၊ မျက်နှာတစ်ခုလုံး ကြေမွနေမှာ

www.burmeseclassic.com



ပေါ့"

"ဒါဖြင့် ဒီအစွယ်ရာက မြွေကိုက်တာပဲ ဖြစ်မယ်"

ဝိုင်းကြည့်နေသူများက ထင်ရာ တစ်ယောက်တစ်မျိုး ပြောဆိုနေကြသည်။

သူတို့ပြောဆိုနေကြသည့်အထဲမှာ မြွေကိုက်သည်ဆိုသော ထင်မြင်ယူဆချက်မှာ ဖြစ်နိုင်ခြေ အရှိဆုံးဖြစ်သဖြင့် ကျန်လူများက ထပ်မပြောကြတော့ပေ။

နီမောင်က ဒဏ်ရာနှစ်ပေါက်ကိုကြည့်ပြီး ဦးဗန်ကောင်းအနီးသို့ကပ်မေးလိုက်သည်။

"သူတို့ပြောသလို မြွေအစွယ်ရာလားအဘ"

"မြွေစွယ်ရာဆိုရင် အဆိပ်တွေ့ရမှာပေါ့"

"အခုမတွေ့ရဘူးလား ဒီလိုဆိုရင် အဆိပ်မရှိတဲ့ စပါးကြီးတို့ စပါးအုံးတို့ ကိုက်တာဖြစ်ရမယ်"

"ဒါလည်း မဖြစ်နိုင်ဘူး စပါးကြီးတို့ စပါးအုံးတို့က အကောင်ကြီးပေမယ့် အစွယ်မရှည်ဘူး၊ ဒီမြွေမျိုးတွေက အဆိပ်မရှိတော့ မကိုက်ဘူး တစ်ကိုယ်လုံးပတ်ပြီး မျိုတာ. . ."

ထိုကဲ့သို့ ပြန်ပြောသဖြင့် နီမောင်တို့လည်း မစဉ်းစားတတ်အောင်ဖြစ်သွားကြသည်။

ဦးဗန်ကောင်းက နီမောင်ဘက်သို့ အဓိပ္ပါယ်ပါသောအကြည့်မျိုးဖြင့် တစ်ချက်ကြည့်ပြီး တိုးတိုးပြောသည်။

"ဒီအစွယ်ရာက တိရစ္ဆာန်တစ်ကောင်ရဲ့ အစွယ်ရာမျိုး





မဟုတ်ဘူး"

"ဟင်. . ."

နီမောင်ပင် မျက်လုံးပြူးသွားသည်။

"သရဲ သဘက်တွေ့ရဲ့ အစွယ်ရာမျိုးလား"

ခေါင်းညိတ်ပြသည်။

ထိုကဲ့သို့ အလောင်းကို စစ်ဆေးပြီးသောအခါ. . . အလောင်းပြင်သူများလက်သို့ အပ်လိုက်ပြီးနောက် ဦးဖိုးထင်ရှိသောနေရာသို့သွားက အကျိုးအကြောင်းမေးကြည့်ရသည်။

"ဘာကြောင့် သေရတာလဲ ဆရာကြီး"

"လည်ပင်းမှာ အစွယ်ရာနှစ်ချက်တော့ တွေ့ရတယ်၊ အဲဒီဒဏ်ရာကြောင့် သေရတာပဲ"

"ဘာကောင့်ကိုက်တာလဲဟင်"

"တိရစ္ဆာန် တစ်ကောင်တော့ မဟုတ်ဘူး၊ ဒါထက်ဦးဖိုးထင်ကို မေးရဦးမယ်"

"မေးပါဗျာ. . ."

"အရင်က ဒီရွာမှာ အခုလိုအကောင်းသားကနေ ဖြန်းစားကြီးဖြစ်ပြီး သေသွားသူမျိုး ရှိသလား"

ထိုစကားကြောသောအခါ ဦးဖိုးထင်က ကွမ်းကို မပြတ်ဝါးနေရင်း အတန်ကြာအောင်စဉ်းစားနေပြီးမှ ပြောသည်။

"ဆရာကြီးမေးမှပဲ ပြန်ပြီးစဉ်းစားကြည့်မိတယ် အရင်တုန်းကတော့ ပိုးထိတာမျိုး၊ ထိခိုက်မိလို့ ရုတ်တရက်သေတာမျိုး



www.burmeseclassic.com

www.burmeseclassic.com



တော့ ရှိဖူးပါတယ်၊ အခုလို အကောင်းသားကနေ ဒဏ်ရာမပေါ်ပဲနဲ့ သေတာမျိုးကတော့ မရှိခဲ့ပါဘူး၊

ဒါပေမယ့် လွန်ခဲ့တဲ့ တစ်နှစ်လောက်ကစပြီး ကျုပ်တို့ရွာမှာပဲဖြစ်ဖြစ်၊ ဒီနားတစ်ဝိုက်က ရွာတွေမှာပဲဖြစ်ဖြစ် အခုလို ရုတ်တရက်သေတဲ့လူတွေ ရှိလာခဲ့တယ်"

"ဘယ်လောက်များပြီလဲ"

"တစ်နှစ်လောက် အတောအတွင်းမှာကို ငါးယောက်ခြောက်ယောက်လောက် ရှိနေပြီဗျ၊ ကျုပ်တို့ကတော့ မြွေကိုက်ခံရလို့သေတယ်ပဲထင်ပြီး သေရင် သင်္ဂြိုဟ်လိုက်တာပါပဲဗျာ. ."

"ဒါထက် အရင်သေတဲ့ အလောင်းတွေမှာရော ဒီလို အစွယ်ရာမျိုး တွေ့ရသလား"

"တွေ့ရတယ် အခုသန်းရွှေသေသလို လည်ပင်းမှာ အစွယ်ရာတွေ့ရတယ်၊ အဲဒါဘာဖြစ်တာလဲ ဘာကောင်ဝင်ကိုက်တာလည်း ဆရာကြီး"

ထိုအခါဦးဇန်ကောင်းက ပါးစပ်ထဲမှ ကွမ်းတံတွေးများကို ထွေးထုတ်ပစ်လိုက်ပြီးမှ စိတ်မကောင်းစွာဖြင့် ပြန်ပြောလိုက်သည်။

"မကောင်းဆိုးဝါးတွေရဲ့ လက်ချက်ကြောင့်သေကြရတာပါ"

"ဟင်. ."

ဦးဖိုးထင်မှာ တအံ့တသြဖြင့် မျက်လုံးပြူးသွားလေသည်၊





"မ. . မကောင်းဆိုးဝါးဟုတ်လား. .၊ သရဲ. . တစ္ဆေတွေကိုပြော. . ပြောတာလား"

"ဟုတ်ပါတယ်. ."

"ဒါဖြင့် ကျုပ်တို့ရွာထဲမှာ မကောင်းဆိုးဝါးတွေရောက်နေပြီပေါ့နော်. . ဘယ်လိုလုပ်ရမလဲ. . ."

"အခုတော့ရွာထဲမှာ အသုဘရှိနေတော့ လုပ်လို့မရသေးဘူး၊ အသုဘချပြီးရင်တော့ ဘုန်းကြီးပင့်ပြီးပရိတ်ရွတ်တန်တာရွတ်၊ တောထုတ်တန်တာထုတ်ပစ်လိုက်ပေါ့ဗျာ မမှားပါဘူး"

ဟုပြောသဖြင့် ဦးဖိုးထင်လည်း ထိုအကြံကိုသဘောတူလေသည်။

တစ်နေ့တော့. . အသုဘအိမ်သို့ သတင်းပေးသူနှစ်ယောက်ရောက်လာကြသည်။

သူတို့ရောက်လာသောအချိန်မှာ နီမောင်လည်းထိုအိမ်မှာရှိနေလေသည်။ နီမောင်က ထူးထူးခြားခြားရောက်လာသူနှစ်ဦးကို မသိမသာ အကဲခတ်ကြည့်နေသည်။

သတင်းမေးရန်လာသူနှစ်ယောက်မှာ မိန်းမများဖြစ်ပြီး တစ်ယောက်က အသက်ကြီးကြီး၊ ကျန်တစ်ယောက်က အသက်ငယ်ငယ်ဖြစ်သည်။

ထိုနှစ်ယောက်မှာ အခြားတော့မဟုတ်ပေ။ ရွာထိပ်တွင်ရှိသော နှစ်ဆောင်ပြိုင်အိမ်ကြီးမှ ဒေါ်မင်းဇာနှင့် မယ်ဇာရီတို့ပင်ဖြစ်ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထူးထူးခြားခြားပင်။

နှစ်ယောက်စလုံးအင်္ကျီလုံချည်များမှာ အနက်ရောင်များ ဝတ်ထားရုံမကပဲ အနက်ရောင်ပဝါတစ်ထည်စီ ခေါင်းပေါ်မှာ တင်ထားကြသေးသည်။

ဦးဖိုးထင်ကတော့ အိမ်ရှင်ဝတ္တရားအတိုင်းနေရာထိုင် ခင်းများပေးရင်း ဧည့်ခံရသည်။

"ကျုပ်တို့ ရွာထိပ်ကငါးရွဲလုပ်နေတဲ့အိမ်ကပါ ကျုပ်နာ မည်က ဒေါ်မင်းဇာလို့ ခေါ်ပါတယ်၊ သူကတော့ မယ်ဇာရီ"

"အေးဗျာ အခုလိုလာပြီးသတင်းမေးတာကျေးဇူးတင်ပါ တယ်"

"ဒါထက် ဘာရောဂါနဲ့များသေတာလဲ"

"ပြောရတာတော့ မကောင်းပါဘူးဗျာ သေတဲ့လူက ကျုပ်ဆီမှာ နွားကျောင်းနေတဲ့အလုပ်သမားပါ ကျန်းမာရေး လည်းကောင်းပါတယ်၊ ညကမှ ကောက်ခါငင်ကာသေသွားခဲ့ တာပါပဲ"

"ပိုးထိတာများဖြစ်မလား"

"မပြောတတ်ပါဘူးဗျာ ဆရာကြီးတစ်ယောက်ကတော့ မကောင်းဆိုးဝါးတွေလက်ချက်မိပြီး သေရတာလို့ပြောပါတယ်"

ဒေါ်မင်းဇာက အသုဘအိမ်ကတည်သော ဆေးလိပ်ကို ယူမသောက်ပဲ သူ့မှာပါလာသော ပြောင်းဖူးဖက်ဆေးပေါလိပ် ကိုပင် မီးညှိပြီးတစ်ဖွာနှစ်ဖွာ ဖွာလိုက်သည်။





ပြီးမှစကားပြန်ဆက်သည်။

"ရွာသူဖမ်းစားတာပဲဖြစ်ဖြစ်၊ မကောင်းဆိုးဝါးတွေနှိပ် စက်လို့သေတာပဲဖြစ်ဖြစ် အရေးကြီးတယ်. . လုပ်တာကိုင်တာ မှားရင် တစ်ရွာလုံးဒုက္ခရောက်တတ်တယ်"

"ကျုပ်တို့ကတော့ အလောင်းမြေမြှုပ်ပြီးရင် ပရိတ်ရွတ် ပြီး တောထုတ်ပစ်မယ်လို့ စိတ်ကူးထားကြတာပါပဲ"

"ပရလောကသားတွေအကြောင်းတော့ ကျုပ်တို့လည်း သိတန်သလောက်သိပြီး၊ နားလည်တန်သလောက်နားလည်းပါ တယ်၊ ဒါမျိုးတွေကအရေးကြီးတယ် သူတို့နဲ့ရန်သူသဘောမျိုး ဖြစ်သွားရင်ပိုပြီး အန္တရာယ်ပေးတတ်ကြတယ်"

ထိုစကားကြားပြန်တော့ ဦးဖိုးထင်မှာ မျက်လုံးပြူးရပြန် သည်။ ဦးဗန်ကောင်းနှင့်တွေ့စဉ်က တောထုတ်ရန်ပြောသဖြင့် အသုဘပြီးလျှင် ပြုလုပ်ရန်စိတ်ကူးထားသည်။

အခုဒေါ်မင်းဇာနှင့်တွေ့တော့ ထိုသို့ပြုလုပ်ပါက တစ္ဆေ သရဲများနှင့် ရန်သူဖြစ်မည်ဆိုသောအခါ မည်သို့ပြုလုပ်ရမှန်း မသိတော့ပေ။

ဦးဖိုးထင်နှင့် ဒေါ်မင်းဇာတို့စကားပြောနေကြစဉ် မယ် ဇာရီက နေရာမှထလာပြီး နီမောင်ရှိနေသော ကနားဖျင်းထဲသို့ လျှောက်လာသည်။

"နင်က ဒီမှာ အလုပ်လုပ်တာလား"

"မဟုတ်ပါဘူး၊ နာရေးကိစ္စရှိလို့ လာကူပေးနေတာ"



www.burmeseclassic.com

www.burmeseclassic.com



"နင်. . ငါတို့ဆီမှာလာပြီး အလုပ်လုပ်မလား"

နီမောင်က ခေါင်းခါပြတော့ မယ်ဇာရီကပြုံးသည်။

"ဘာဖြစ်လို့ မလုပ်ချင်တာလဲ"

"ငါ့မှာ အလုပ်ရှိပါတယ်"

"ငါးဖမ်းတဲ့အလုပ်ကို ပြောတာမဟုတ်လား၊ ငါတို့ဆီမှာ လုပ်တာလောက် ဘယ်ကောင်းမလဲ"

"ငါက ကိုယ့်ကိုယ်ကို ကိုယ့်ဘာသာပဲခိုင်းချင်တယ် သူများခိုင်းတာကို မလုပ်ချင်ဘူး"

"နင်က ဆင်းရဲပေမယ့် မာနတော့ကြီးသားပါလား"

"ဆင်းရဲတဲ့သူပဲဖြစ်ဖြစ်၊ ချမ်းသာတဲ့သူပဲဖြစ်ဖြစ် ရှိသင့်ရှိထိုက်တဲ့မာနမျိုးတော့ ရှိရမှာပဲ၊ ဒီလိုမှမရှိရင် လူတွေကအထင်အမြင်သေးပြီး နှိပ်စက်ချင်ကြတယ်"

"ငါကလည်း အဲဒီလိုစိတ်ရှိတဲ့သူမျိုးမှ သဘောကျတာ နင်တစ်နေ့တော့ ငါတို့ဆီရောက်လာမှာပါ"

ဟုပြောပြီး အနားမှ ပြန်ထွက်သွားလေသည်။

နီမောင်ကတော့ ယခုမှအနီးကပ်တွေ့ဖူးသော အမျိုးသမီးတစ်ယောက်က ထိုကဲ့သို့စကားမျိုး လာပြောသွားသော ကြောင့် စိတ်ထဲမှ အံ့သြနေမိလေသည်။





## ( အခန်း ၇ )

# ဖုတ်ဝင်ပြီး ထလာသောအလောင်း

ထိုနေ့ကလမိုက်သောညတစ်ညဖြစ်သည်။ ကောင်းကင်မှာလရောင်လည်းမရှိ၊ ကြယ်ရောင်လည်းမရှိဘဲ မှောင်မည်းနေသည်။

အချိန်အခါမဟုတ် မိုးသားများတက်နေသောကြောင့် ထူးထူးခြားခြားခါတိုင်းရက်များထက် ပိုမိုမှောင်နေခြင်းဖြစ်သည်။ ရွာလူကြီးဦးဖိုးထင်နေအိမ်မှ အသုဘရှိသောကြောင့် ပတ်ဝန်းကျင်တစ်ဝိုက်မှာရှိသော ဆွေ့သည်အတော်များများ လာရောက်

www.burmeseclassic.com



ကြသည်။

ကျေးရွာများမှာ အသုဘတစ်ခုရှိလျှင် ပြုလုပ်နေကျထုံးစံအတိုင်း အသုဘကို ခုနစ်ရက်ပြည့်အောင်ထားသည်။ အိမ်နှင့်မနီးမဝေးလယ်ကွင်းစပ်နားမှာ လေးတိုင်စင်ထိုးပြီး အလောင်းကိုတင်ထားသည်။

ခေါင်းသွင်းထားသော်လည်း အဖုံးမပိတ်သေးပဲ ဟရုံဟထားလေသည်။ ကန်တော့ပွဲနှင့် စားမြိန်ထုပ်ကို ခေါင်းအဖုံးပေါ်မှာ တင်ပေးထားသည်။

အောက်ဘက်နားမှာ သေဆုံးစဉ်ကအသုံးပြုခဲ့သော ဝါးကပ်နှင့် သပေ့ါဖျာတစ်လိပ်ကို ပတ်ချထားသည်။

ညအချိန်ဖြစ်သောကြောင့် ရေနံဆီမီးအိမ်တစ်လုံးကိုမီးထွန်းပြီး ချိတ်ထားသော်လည်း မီးရောင်ကမှိန်မှိန်သာရှိလေသည်။ တစ်ချက်တစ်ချက်လေတိုက်သည့်အခါ မီးရောင်က ငြိမ်းလုငြိမ်းခင်ဖြစ်ကာ မှောင်သွားတတ်သည်။

သို့သော် လုံးလုံးသေသွားသည်တော့ မဟုတ်ပဲ နောက်တော့ပြန်လင်းလာသည်။

ဦးဖိုးထင်က ဧည့်သည်များအတွက် အိမ်ရှေ့တွင် ကနားဖျင်းနှစ်လုံး ထိုးပေးထားသည်။

တစ်လုံးကဧည့်သည်များအတွက်ဖြစ်ပြီး ကျန်တစ်လုံးကဖဲသမားများ ဖဲချရန်ဖြစ်သည်။

ကူငွေရသလို ဧည့်ခံရသော ကွမ်းဆေးလက်ဖက်ဖိုးက





လည်း မနည်းလှပေ။

နောက်တစ်နေ့တွင် အသုဘသင်္ဂြိုဟ်တော့မည်ဖြစ်သဖြင့် တစ်နေရာမှာ ထမင်းဟင်းချက်သူများက ချက်နေကြသည်။ ကနားဖျင်းများမှာ အောက်လင်းဓာတ်မီးများထွန်းပေးထားသောကြောင့် လင်းထိန်နေသည်။

နေ့ဘက်တွင် အခြားဧည့်သည်များသော်လည်း၊ ညအချိန်ရောက်သောအခါ ဖဲသမားများသာ ကျန်တော့သည်။

ရွာတစ်ရွာမှာ အသုဘရှိလျှင် တစ်နယ်လုံးမှာရှိသော ဖဲသမားများ လာရောက်ကြသောကြောင့် ကြိတ်ကြိတ်တိုးနေသည်။ ဖဲသမားများမှာ မသာခုနစ်ရက်ထားလျှင် ၄င်းတို့ကနေ့ရောညပါ မပြန်တော့ပဲ မသာအိမ်မှာ ထမင်းဟင်းစားပြီး ဖဲချကြလေသည်။

"မသာခုနစ်ရက်၊ ဖဲသမားရှစ်ရက်" ဆိုသောသူများ ဖြစ်ကြသည်။ အသုဘအိမ်ကလည်း အကောက်ငွေများများရလျှင် အသုဘသင်္ဂြိုဟ်စရိတ် ရသည်ဟု သဘောထားသဖြင့် ဖဲဝိုင်းများများဖြစ်ရန် စီစဉ်ပေးကြသည်။

ဒီနေရာတွင် ရှေးအခါက ကျေးလက်တောရွာများတွင် ဖဲကစားသည်ကို ဝါသနာပါသောကြောင့် ဖဲဝိုင်းမဖြစ်ဖြစ်အောင် ကြံစည်လုပ်ကိုင်ကြသည်ကို ရေးပါဦးမည်။

အရပ်တကာလှည့်ပြီး ဖဲရိုက်နေသူများ၊ ဖဲမရိုက်ရလျှင် မနေနိုင်သူများက အရပ်ထဲမှာသော်လည်းကောင်း၊ အခြားရွာ



www.burmeseclassic.com

www.burmeseclassic.com



များမှာသော်လည်းကောင်း ဘယ်အိမ်မှာ မသာရှိပါ့မလဲဟု သတင်းစုံစမ်းနေကြသည်။

အိမ်တစ်အိမ်မှာ လူမမာတစ်ယောက် အသည်းအသန် ဖြစ်နေပြီဟု သတင်းကြားရလျှင် ဖဲထုပ်ပြင်နေကြသူများဖြစ် သည်။ အိမ်တစ်အိမ်မှာ လူသေလျှင် ထိုအိမ်သို့ချက်ချင်းရောက် သွားပြီ လိုအပ်တာများ ဝိုင်းကူလုပ်ပေးသည်။

ပြီးသည်နှင့် ဖဲဝိုင်းစတော့သည်။

အချို့ဖဲသမားကြီးများက မသာကို လေလံဆွဲသည်မျိုး လည်းရှိသည်။ လေလံဆွဲပုံက ဤသို့ဖြစ်သည်။

"ခင်ဗျားတို့ အသုဘကိစ္စအတွက် ဘာမှပြန်ကြည့်စရာ မလိုဘူး သေတဲ့နေ့ကစပြီး မြေကျတဲ့အထိ သင်္ဂြိုဟ်ပြီးတဲ့အထိ ရက်လည်ဆွမ်းသွတ်ပြီးတဲ့အထိ ကျုပ်တို့တာဝန်ယူပေးမယ် လာတဲ့ဧည့်သည်တွေကို ကွမ်းဆေးလက်ဖက် ဧည့်ခံတာရော ဖဲသမားတွေကို ဆေးလိပ်၊ ကွမ်း၊ လက်ဖက်ရည်၊ ထမင်းကျွေး တာတွေလည်း တာဝန်ယူပေးမယ် မသာချမယ့်နေ့မှာ လာတဲ့ ဧည့်သည်တွေကို ဝက်သားဟင်းနဲ့ ထမင်းကျွေးတဲ့အထိတာဝန် ယူပေးမယ်၊

မသာကိစ္စမှန်သမျှ ကျုပ်တို့တာဝန်ယူပေးမယ် ဒါပေ မယ့် မသာမှာဖဲဝိုင်းလုပ်မယ် ရတဲ့အကောက်ငွေတွေကို ကျုပ်တို့ အားလုံးသိမ်းမယ်"

ဟု ပြောသည်။





အချို့ကတော့ လက်မခံကြပေ။ မသာအိမ်မှာ ဖဲဝိုင်း လုပ်သည်ကိုတော့ ကာယကံရှင်တို့က အကုန်အကျခံကြသည်။ အချို့ဆင်းရဲနွမ်းပါးသူများကတော့ မသာစရိတ်မတတ်နိုင်ကြ သောကြောင့် ဖဲသမားများကို လွှဲပေးလိုက်ရသည်မျိုးလည်းရှိ ကြသည်။

ထိုသို့လွှဲပေးရခြင်းကို ဖဲသမားစကားနှင့် 'မသာလေလံ ဆွဲယူသည်'ဟု ပြောဆိုကြသည်။

အချို့ဖဲသမားများကတော့ ဖဲမချရလျှင် မနေနိုင်ကြ သောကြောင့် မသာအတုပြုလုပ်ကြသည်။

အိမ်တစ်အိမ်မှာ လူတစ်ယောက် သေသည်။ ဒါမှမ ဟုတ် ရပ်ဝေးမှလာသော ဧည့်သည်တစ်ယောက်သေဆုံးသွား သည်ဟု သတင်းလွှင့်ပြီး ကွင်းစပ်၊ တောစပ်၌ အလောင်းစင်ပြင် ထားသည်။

ထိုမသာအိမ်မှာ ခုနစ်ရက်ခုနစ်လီ ဖဲရိုက်ကြသည်။ ခုနစ်ရက်ပြည့်တော့ ယုတ္တိရှိအောင် ဘုန်းကြီးပင့် တရားနာပြီး အလောင်းကို သင်္ဂြိုဟ်လိုက်သည်။

တကယ်တော့ ခေါင်းထဲမှာ သစ်တုံး၊ ငှက်ပျောတုံးများ ထည့်ထားပြီး လူမရှိပေ။

ထိုကဲ့သို့ မသာအတုပြုလုပ်ပြီး ဖဲဝိုင်းမဖြစ်ဖြစ်အောင် ပြုလုပ်ကြသည်မျိုးလည်းရှိသည်။

အဘယ်ကြောင့်ဆိုသော် မသာမရှိပဲ ဖဲဝိုင်းလုပ်လျှင်

www.burmeseclassic.com



သူကြီးဖမ်းလျှင်ဖမ်း၊ သို့မဟုတ် ပုလိပ်များက လာရောက်ဖမ်းဆီး
နိုင်သောကြောင့် မသာအိမ်ရှာပြီး ဖဲရိုက်ကြခြင်းဖြစ်သည်။ တ
ခါတလေလည်း သေပြီးဟု သတင်းလွှင့်ထားသောလူမှာ ရက်အ
တော်ကြာတော့မှ မယောင်မလည်နှင့် ပြန်ရောက်လာသည်မျိုး
လည်းရှိသည်။

ရယ်စရာလည်းကောင်း၊ စိတ်ပျက်စရာလည်းကောင်း
သည်။ ယခုလည်း ဦးဖိုးထင်အိမ်မှာ အသုဘရှိသောကြောင့် ဖဲ
ဝိုင်းများ အကြီးအကျယ်ပြုလုပ်နေကြလေသည်။

ရွာလူကြီးအိမ်မှာ ဖဲဝိုင်းလုပ်သောကြောင့် ဖဲသမားများ
အတွက် အဖမ်းအဆီးခံရမည်ကို ကြောက်စရာမလိုတော့ပဲ ခုန
ရက်ခုနစ်လီ စိတ်ချလက်ချ ဖဲချနိုင်ကြလေသည်။

လူများသလောက် ဖဲကစားသောနည်းကလည်းစုံသည်

ဖဲဝိုင်းများမှာပင် ပိုကာဝိုင်း၊ ကိုးမီး(ဖဲသုံးချပ်)ဝိုင်း
ဘူကြီးဝိုင်း၊ နှစ်ဆယ့်တစ်ဝိုင်း စသည်ဖြင့်ရှိသည်။

ပိုကာဝိုင်းကတော့ ကြာသဖြင့် အကောက်သိပ်မရပေ
သို့သော်လည်း ငွေအကုန်အကျ မများပဲ ဇိမ်ခံပြီးဆွဲသော က
စားနည်းမို့ ဖဲဝါသနာကြီးသောလူကြီးများနှင့် ကိုက်သည်။

အခြားဝိုင်းများကတော့ ငွေပုံပြီးကစားကြသောကြော
အရှုံးအနိုင်များသည်။

ဖဲဝိုင်းထဲမှာပင် လယ်ပေါင်၊ ကျွဲပေါင်၊ စပါးပေးကိစ္စ
အထိရှိကြသည်။





ဖဲဖြင့်စီးပွားရှာသော ဖဲသမားကြီးများကတော့ ကိုးမီး
ဝိုင်းကိုသာ အဓိကထားပြီး ကစားကြသည်။

ထိုဖဲဝိုင်းများအပြင် အခြားကက်ဝိုင်း၊ ကြွေဝိုင်းများ
လည်း ပါသေးသည်။

ကြွေပစ်နေသူများမှာ ပါးစပ်မှ ကြွေဂါထာဟုခေါ်သော
ရွတ်ဆိုမှုများကို သူထက်ငါရွတ်ဆိုနေကြရာ အဆူညံဆုံးဖြစ်နေ
တော့သည်။

ထိုဝိုင်းအသီးသီးမှာရှိကြသော လောင်းကစားသမား
များမှာ ကိုယ့်ဇောနှင့်ကိုယ် ကိုယ့်အာရုံနှင့်ကိုယ်ရှိနေကြသော
ကြောင့် ပတ်ဝန်းကျင်အခြေအနေကို ဘာမှမသိကြပေ။ အိမ်
ပေါ်မှာတော့ ဦးဖိုးထင်၊ ဦးဇန်ကောင်းနှင့် ရွာထဲမှလူကြီးအချို့
လက်ဖက်ရည်ကြမ်းသောက်ရင်း စကားပြောဆိုနေကြလေ
သည်။

အချိန်မှာ ညဥ့်နက်ပိုင်းအချိန်ကျော်လာပြီး သန်းခေါင်
ယံအချိန်သို့ရောက်လာချေပြီ။

ထိုအချိန်တွင် အလောင်းစင်ပြင်ထားသော တောစပ်
တစ်နေရာ၌ တစ်ကိုယ်လုံးအဝတ်မည်းကြီးခြုံထားသူတစ်
ယောက်လာရပ်နေလေသည်။

ရင်းရပ်လိုက်သောအချိန်မှာ လေတိုက်လိုက်သော
ကြောင့်အလောင်းစင်နံဘေးမှာ ထွန်းထားသော မီးအိမ်ကငြိမ်း
သွားလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ပတ်ဝန်းကျင်တစ်ဝိုက်မှာ အမှောင်ရိပ်မျာ ဖုံးသွားလေသည်။

တောစပ်မှာရပ်နေသူ၏ ခြေထောက်နားမှာလည် သတ္တဝါတစ်ကောင်ရှိနေသည်။

ကြီးမားသော ကြောင်နက်ကြီးတစ်ကောင်ပင်ဖြစ်သည် ကြောင်နက်ကြီးမှာ မျက်လုံးပါနက်နေလေရာ အမှောင်ထဲမှ ပင် အရောင်တလက်လက်ဖြစ်နေသည်။

ထိုအခိုက်မှာပင် ရွာထဲမှာရှိသော နေအိမ်အချို့မှ မွေ ထားသော ခွေးများအူသံ ပေါ်ထွက်လာသည်။

တစ်ကောင်အူသဖြင့် နောက်တစ်ကောင်ကလိုက်အူ လေရာ တစ်ရွာလုံးခွေးအူသံများ ဆူညံသွားလေတော့သည်။

ထိုအသံများကြားသဖြင့် ဦးဗန်ကောင်းက လက်ဖက် ရည်ကြမ်းသောက်နေရင်းမှ နားစွင့်လိုက်လေသည်။

“ခွေးတွေအူလှချည်လား”

“ရွာထဲကို မကောင်းဆိုးဝါးဝင်တာများလား”

“ဘာပဲဖြစ်ဖြစ် အသုဘမြေမကျခင်မှာ အခုလိုခွေးအူ သံမျိုးတွေကြားရတာ မကောင်းဘူး”

“တောထုတ်ပစ်လိုက်ရင် မကောင်းဘူးလား”

“အသုဘမချခင် တောမထုတ်ကောင်းဘူး၊ တစ်ရွာလုံး လန့်ပြီးသေတတ်တယ်”

ဟု အချင်းချင်းပြောဆိုနေကြလေသည်။





ဦးဖိုးထင်က အသုဘပြင်ထားသောဘက်သို့ လှမ်း ကြည့်လိုက်တော့ မီးရောင်မမြင်ရသဖြင့် တစ်ယောက်ယောက် ကို မီးထွန်းခိုင်းရန် စဉ်းစားနေသည်။

ထိုအခိုက်မှာပင် မမျှော်လင့်သော အခြေအနေက ဖြစ် ပေါ်လာလေတော့သည်။

တောစပ်မှာ ရပ်နေသော မည်းမည်းသဏ္ဍာန်၏ခြေ ရင်းမှာ ရှိနေသောကြောင်နက်ကြီးက အလောင်းထည့်ထား သော ခေါင်းပေါ်သို့လွှားခနဲ ခုန်တက်လာပြီးနောက် ဟိုဘက် ဒီဘက်သုံးကြိမ်ခုန်ကျော်ပြီးမှ တစ်ဖက်သို့ ခုန်ချသွားလေတော့ သည်။

ကြောင်နက်ကြီးခုန်ချသွားပြီးနောက်မှာတော့ တောစပ် ၌ရပ်နေသောမည်းမည်းသဏ္ဍာန်လည်း ထိုနေရာမှာ မရှိတော့ ပေ။

ထိုအချိန်မှာပင် ဦးဖိုးထင်က အတော်အသင့်သတ္တိ ကောင်းသောရွာသားနှစ်ယောက်ကို ခေါ်ပြီး အလောင်းစင်နား မှာချိတ်ထားသော မီးအိမ်ကို မီးထွန်းရန်အတွက် လွှတ်လိုက် လေသည်။

ရွာသားနှစ်ယောက်မှာ ခွေးအူသံများကြောင့် ကြောက် လန့်နေကြစဉ် မသာစင်မှာ ထွန်းထားသော မီးအိမ်ငြိမ်းနေ သည်ကို မီးထွန်းပေးရမည်ဖြစ်သောကြောင့် ကြောက်လန့်နေကြ သည်။



www.burmeseclassic.com

www.burmeseclassic.com

သို့သော် သူကြီးကစေခိုင်းသဖြင့် မလုပ်ပဲမနေဝံ့ကြရာ ကြောက်ကြောက်လန့်လန့်ဖြင့်လာကြရလေသည်။

"ဒီအချိန်ကျမှ ဒီမီးအိမ်က ငြိမ်းရတယ်လို့ကွာ"

"ဟုတ်ပါရဲ့ ခွေးတွေအူနေလို့ ကြောက်နေရတဲ့အထဲမှာ သူကြီးကခိုင်းသေးတယ်"

ပြောပြောဆိုဆိုနှင့် လျှောက်လာကြရာ ထိုနေရာရောက်တော့ အပုပ်နံ့များရသည်။ သေပြီးခဲ့တာ ခုနစ်ရက်ပြည့်တော့မည်မို့ အလောင်းမှ အပုပ်နံ့ရသည်ကတော့ မထူးဆန်းပေ။

ထိုနေရာရောက်တော့ မှောင်နေသဖြင့် မီးထွန်းသောမီးအိမ်ကို မနည်းလိုက်ရှာရသည်။

တွေ့ပြန်တော့ ရေနံဆီထပ်ထည့်ခြင်း၊ မီးထွန်းခြင်းများကိုအမှောင်ထဲမှာ စမ်းလုပ်နေရသောကြောင့် တော်တော်နှင့် မပြီးနိုင်ပဲ ရှိလေသည်။

"မင်းကလည်း မြန်မြန်လုပ်တာမဟုတ်ဘူး၊ ဒီမှာ ကြောက်လို့သေတော့မယ်"

"ငါလည်း လုပ်နေတာပဲ၊ အမှောင်ထဲမှာဆိုတော့ ဘာမှ မမြင်ရဘူးဟ"

ထိုသို့ပြောရင်း ကြောက်ကြောက်ရွံ့ရွံ့နှင့်လုပ်ရာ မီးထွန်းသောကိစ္စအောင်မြင်သွားသည်။ မီးရောင်လင်းလာတော့ ပတ်ဝန်းကျင်ကို အတန်အသင့်မြင်နိုင်လာသည်။

ထိုအခါတစ်ယောက်က ဟိုဟိုဒီဒီကြည့်ရင်းမှ တစ်စုံ





တစ်ခုကို တွေ့မြင်သွားသည်။

"ဟေ့. . ဟို. . ဟိုမှာ"

အနားမှာရှိသော တစ်ယောက်ကို လက်တို့ပြီးပြောသည်။

"ဘာ. . ဘာလဲဟ. . ဒီမှာ ကြောက်ရတဲ့အထဲမှာ"

"ဟိုမှာ ကြည့်ပါဦး"

ကျန်တစ်ယောက်ကပါ ကြည့်သောအခါ ကြောက်လန့်ဖွယ်ရာကောင်းသောမြင်ကွင်းကို မြင်ရလေတော့သည်။

ခေါင်းတလားထဲမှာ ထည့်ထားသော သန်းရွှေ၏အလောင်းက ထထိုင်နေပြီး အပေါ်မှ သူတို့နှစ်ယောက်ကို ငုံ့ကြည့်နေသည်ကို တွေ့ကြရသောကြောင့်ဖြစ်သည်။

"အမလေးဗျ. . ကယ်ကြပါဦး"

"အလောင်းကောင်ထလာပြီး ပြေးပေတော့ဟေ့"

နှစ်ယောက်သား ဖဲဝိုင်းများရှိသောဘက်သို့ပြန်ပြေးလာကြလေသည်။

"ကယ်ကြပါဦးဗျာ. . ကယ်ကြပါဦး"

"ဟဲ့. . ဘာဖြစ်လာကြတာလဲ"

"ခေါင်းထဲက အလောင်းကြီး ထထိုင်နေပြီးဗျ၊ လုပ်ကြပါဦး"

"ဟင်"

ထိုအခါမှ ဦးပန်ကောင်းအပါအဝင်ထိုင်ပြီး စကားပြော



www.burmeseclassic.com

www.burmeseclassic.com



နေကြသူများ နေရာမှထကြလေသည်။

အော်သံဟစ်သံများကြောင့် ဖဲဝိုင်းများမှာ ဖဲချနေသူများလည်းလှည့်ကြည့်ကြသည်။

"ဘာဖြစ်တာလဲ. . ဘာဖြစ်တာလဲ"

"အလောင်းစင်ပေါ်မှာထားတဲ့ မသာကဖုတ်ဝင်ပြီးထလာလို့တဲ့"

"ဟေ"

ထိုစကားကြောင့် တခြားသရဲခြောက်လျှင်ပင် မကြောက်တတ်သော ဖဲသမားများက လန့်ဖျပ်ကုန်ပြီး ထပြေးသူပြေးကြလေသည်။

ဖဲသမား အတော်များများမှာ ဖဲရှုံးနေလျှင်သော်လည်းကောင်း၊ ဖဲချရမည်ဆိုလျှင်သော်လည်းကောင်း သရဲခြောက်သောနေရာများကိုပင် မကြောက်မရွံ့ဖြတ်လာဝံ့ကြသူများ ဖြစ်ကြလေသည်။ ယခုတော့ သရဲခြောက်တာမဟုတ်ပေ။

အလောင်းကောင်ထလာပြီဆိုသဖြင့် ကြောက်လန့်ပြီးထွက်ပြေးသွားကြခြင်းဖြစ်သည်။

ဦးဗန်ကောင်းတို့ကတော့ ကြောက်လန့်နေ၍မဖြစ်ကြပေ။ ထိုအလောင်းကောင်ထလာပြီး အပြင်သို့ရောက်လာပါက ပြန်သွင်း၍ရတော့မည် မဟုတ်ပေ။

"ဦးဖိုးထင် ခင်ဗျားအိမ်မှာ ပရိတ်ကြိုး၊ ပရိတ်ရေရှိသလား"





"မ. . မရှိဘူးထင်တယ်"

"နတ်ဆက်ထားတဲ့ ဓားလှံရောရှိသလား"

"အိမ်မှာတော့ မရှိဘူးဗျ ရွာထိပ်ကနတ်စင်မှာတော့ ကိုးမြို့ရှင်နတ်တင်ထားတဲ့ ဓားရှိတယ်"

"အဲဒီဓားကို တစ်ယောက်ယောက်ကို အမြန်သွားယူခိုင်းမှဖြစ်မယ်ဗျို့"

ဟုပြောရာ ဦးဖိုးထင်အနားမှာ ရောက်လာသောနီမောင်ကိုပင် စေခိုင်းလေသည်။

နီမောင်ကလည်း စောထီးနှင့်ငမဲအောင်ကိုပါ ခေါ်သွားလေသည်။

ဦးဗန်ကောင်းနှင့် ရွာလူကြီးအချို့ကတော့ အလောင်းထားသောနေရာသို့ သွားကြလေသည်။

အချို့မှာ ကြောက်လန့်နေသော်လည်း ရှေ့ကဦးဗန်ကောင်းက ဦးဆောင်သွားသဖြင့် လိုက်သွားကြသည်။

ထိုနေရာရောက်တော့ အခြေအနေမကောင်းလှပေ၊ ခေါင်းထဲထည့်ထားသော အလောင်းက ထိထိုင်နေရာ ခါးအထက်ပိုင်းပေါ်နေသည်။

သူတို့ရောက်သွားတော့ မျက်လုံးပြူးကြီးဖြင့် ငုံ့ကြည့်နေသည်။ အလောင်းကောင်များတွင် ထုံးစံအတိုင်း ခြေကြိုးလက်ကြိုးချည်ထားရပေရာ လက်ကြိုးကပြတ်နေချေပြီ။

ထို့ကြောင့် ဖုတ်ဝင်နေသောအလောင်းက တစ်ဝက်



www.burmeseclassic.com

www.burmeseclassic.com



တစ်ပျက်ထထိုင်နိုင်နေခြင်းဖြစ်သည်။

ခြေထောက်နှစ်ဖက်ကို ချည်ထားသော ခြေကြိုးမပြတ်သေးသောကြောင့်သာ ခေါင်းထဲမှထပြီး အောက်သို့ဆင်းမလာနိုင်သေးခြင်းဖြစ်သည်။

"ဘယ်လိုလုပ်မလဲ"

ဦးဖိုးထင်က ကြောက်ကြောက်လန့်လန့်ဖြင့်မေးလိုက်ရာ အသံမထွက်စေရန် ဦးဗန်ကောင်းကဟန်အမူအရာပြပြီး သတိပေးထားရသည်။

အကယ်၍သာ တစ်ယောက်ယောက်က ခြေကြိုးမပြတ်သေးဘူး၊ လက်ကြိုးမပြတ်သေးဘူး၊ ဟုလှမ်းပြောလိုက်မိပါက ဖုတ်ကောင်က ခြေကြိုးရှိနေသည်ကို သတိပြုမိ(သိသွားပြီး)သွားပြီး သူ့ဘာသာဖြုတ်ကာ ဆင်းလာပေလိမ့်မည် ဖြစ်သည်။

ဦးဗန်ကောင်းက. . .

"အခုနေတော့ ဘာမှလုပ်လို့မရသေးဘူး၊ နတ်စားသွားယူတဲ့လူတွေ ရောက်လာမှ သာလုပ်သင့်တာလုပ်ရတော့မှာပဲ"

ဟု ဟန်အမူအရာဖြင့် ပြောပြထားရလေသည်။

ရွာထိပ်သို့သွားနေသော နီမောင်တို့သုံးယောက်မှာလည်း လမ်းမှာအနှောင့်အယှက်များနှင့် တွေ့နေရသဖြင့် တော်တော်နှင့် မရောက်ပဲရှိနေကြသည်။

သရဲသဘက်များ နှောင့်ယှက်ခြင်း၊ ခွေးနက်ကြီးများထွက်လာပြီး လိုက်ဆွဲခြင်းများနှင့် ကြုံနေကြရသည်။





သို့သော် နီမောင်လည်ပင်းမှာဆွဲထားသော ပရိတ်ကြိုးကြောင့်တော့ အနီးသို့မကပ်နိုင်ကြပေ။

အတင်းတိုးဝင်လာလိုက် အနားမရောက်ခင်မှာ ပျောက်သွားလိုက်နှင့် ဖြစ်နေတော့သည်။

နတ်စင်ရှိသော ကန်ဘောင်ရိုးဘက်သို့သွားသော လမ်းတစ်နေရာသို့ရောက်တော့ပင် သွားမည့်လမ်းပေါ်မှာ ပိတ်ရပ်နေသောမည်းမည်းသဏ္ဍာန်ကြီးကို တွေ့ကြရတော့သည်။

"ငါနာမည် လေးကျွန်းပိုင်လို့ခေါ်တယ် ဒီလမ်းကသွားခွင့်မပေးနိုင်ဘူး"

လေးကျွန်းပိုင်ဟု ပြောသဖြင့်နီမောင်တို့သုံးယောက်မှာ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြသည်။

အောက်နယ်ဘက်မှာနေခဲ့စဉ်က လေးကျွန်းကိုင်ကွင်းပိုင်မိစ္ဆာအကြောင်းကို ကောင်းစွာသိခဲ့ကြသူများဖြစ်သောကြောင့် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြခြင်းဖြစ်သည်။

နီမောင်ကလည်ပင်းမှာ ဆွဲထားသော ပရိတ်ကြိုးကိုအားကိုးပြီး ရှေ့သို့တိုးသွားကြည့်သည်။

လေးကျွန်းပိုင်ဆိုသော မိစ္ဆာကောင်ကရပ်မြဲရပ်နေသည်

ထိုအခိုက်မှာပင် ကွင်းဘက်မှဖြူဖြူသဏ္ဍာန် တစ်ယောက်လျှောက်လာနေသည်။

မနီးမဝေးရောက်လာတော့မှ ဆံပင်ဖားလျားချထား



www.burmeseclassic.com

www.burmeseclassic.com



သောမိန်းမတစ်ယောက်ဖြစ်မှန်းသိရသည်။

အမှောင်ထဲမှာဖြစ်သောကြောင့် မျက်နှာကိုတော့ မမြင်ရပေ။ ထိုအမျိုးသမီးက လမ်းမပေါ်ရပ်နေသော လေးကျွန်းပိုင်ထံလျှောက်သွားရာ တဖြည်းဖြည်း နောက်ဆုတ်သွားလေသည်။

သူဆုတ်သွားတော့ အမျိုးသမီးကရှေ့တိုးလိုက်သွားသည်။ ရှေ့တိုးရင် နောက်ဆုတ်သွားရင်းနှင့်ပင် အတော်ဝေးဝေးသို့ ရောက်သွားလေတော့သည်။

ထိုအခါနီမောင်လည်း ထွေထွေထူးထူး စဉ်းစားမနေတော့ပဲ ကန်ပေါင်ရိုးပေါ်မှာ ဆောက်ထားသော မြို့တော်ရှင်(ကိုးမြို့ရှင်)နတ်ကွန်းရှိရာသို့ ခပ်သုတ်သုတ်သွားကြလေသည်။

ထိုနေရာရောက်သောအခါ နတ်ကွန်း၌သက်ဆိုင်ရာတို့ကိုခွင့်တောင်းပြီးနောက် နတ်ဆက်ထားသော ငှက်ကြီးတောင်ဓားနှစ်လက်ကိုယူပြီး ကန်ဘောင်ပေါ်မှာ ပြန်ဆင်းလာကြသည်။ အပြန်လမ်းတစ်လျှောက်မှာတော့ မည်သည့်အနှောင့်အယှက်မှ မတွေ့ကြရပေ။

သူတို့သုံးယောက် ပြန်ရောက်လာသည်အထိ အလောင်းကောင်က ထိုင်နေရုံသာရှိပြီး ဘာမှမထူးခြားသေးပေ။

ဦးဇန်ကောင်းက နီမောင်လက်ထဲမှာပါလာသော နတ်ဓားကိုယူပြီး ခေါင်းအနားသို့လျှောက်သွားပြီး ခုတ်ချလိုက်သည်။

"ဘုန်း"

ခေါင်းကိုဓားခုတ်မိသော အသံထွက်ပေါ်လာပြီးနောက်





ကွင် ထိုင်နေပြီဖြစ်သော အလောင်းကောင်က 'ဗိုင်း'ခနဲ ပြန်လဲကျသွားလေတော့သည်။

အချိန်က အရုဏ်တက်ချိန် ရောက်လာချေပြီ။

နောက်ထပ် ထူးခြားမှုမရှိတော့သော်လည်း နီမောင်တို့က ဦးဇန်ကောင်းနှင့်အတူ ထိုင်နေရာမှာစောင့်နေကြရသည်။

"နောက်တစ်နေ့မနက်လင်းရင် ခုနစ်ရက်ပြည့်ပြီမဟုတ်လား ကြာရှည်ထားလို့မကောင်းဘူး၊ မြန်မြန်သင်္ဂြိုဟ်ပစ်လိုက်ရင်ကောင်းမယ်"

"ဆရာကြီးသဘောကျသလို ကောင်းမယ်ထင်သလိုသာ လုပ်ပါတော့ဗျာ"

ဦးဖိုးထင်ကလည်း ခွင့်ပေးလေသည်။

အခြေအနေပြန်ငြိမ်သွားသောအခါ ဖဲသမားများလည်း ချက်ချင်းလူပြန်စုပြီး ဖဲဝိုင်းပြန်လုပ်ကြပြန်လေသည်။

လူစုကွဲသွားသောအခါမှ ဦးဇန်ကောင်းက နီမောင်ကို မေးသည်။

"ဒါ သွေးရိုးသားရိုးမဟုတ်ဘူး အပမှီတာ၊ ဖုတ်ဝင်တယ်လို့ခေါ်တယ်၊ လက်ကြိုးပြတ်ပြီး အလောင်းကောင်ထထိုင်လာတဲ့အချိန်မှာ ခြေကြိုးမပြတ်လို့သာ တော်ရော့တယ်၊ တကယ်လို့သာခြေကြိုးပါပြတ်သွားရင်တော့ ထလာမှာသေချာတယ် အဲဒီလိုထလာရင် ဘယ်လိုမှ ပြန်သွင်းလို့မရတော့ဘူး တစ်ရွာလုံး ကုန်မှာပဲ"



www.burmeseclassic.com

www.burmeseclassic.com



ထိုစကားကြောင့် သုံးယောက်သားကျောစိမ့်သွားကြ
လေသည်။

"မင်းတို့သွားတော့ လမ်းမှာအနှောင့်အယှက်တွေ့ခဲ့
ကြသေးလား"

"တွေ့ခဲ့တယ်အဘ လေးကျွန်းပိုင်လို့ပြောတယ်"

"ဟင်"

ထိုစကားကြားတော့ ဦးဇန်ကောင်းပင် များစွာအံ့ဩ
သွားလေသည်။

"လေးကျွန်းပိုင် ဟုတ်လား"

"ဟုတ်တယ် အဲဒီလိုပဲ ပြောသံကြားလိုက်တယ်"

"ဒီလိုဆိုရင်တော့ ငါတို့ရဲ့ရန်သူဟောင်းကြီး နက်ကျော်
ဒီဘက်ကွင်းကို ရောက်လာပြီထင်တယ်"

"နက်ကျော်"

"ဟုတ်တယ်လေ မှော်ဇာကျွန်းကနက်ကျော်ကိုပြော
တာပေါ့၊ လူစင်စစ်ကနေ သရဲဘဝရောက်သွားတဲ့နက်ကျော်
ဖြစ်မှာပေါ့။ လေးကျွန်းပိုင်ဆိုတာ အဲဒီနယ်ဘက်မှာ သုံးကြတဲ့
နာမည်မဟုတ်လား"

"ဟုတ်. . ဟုတ်ပါတယ်"

"ဟုတ်ရင် သူ့အပြင်ဘယ်သူရှိမလဲ၊ မင်းတို့ကိုသံယော
ဇဉ်မကုန်လို့ နောက်ကလိုက်လာတာပဲ ဖြစ်မှာပေါ့ကွာ"

ဦးဇန်ကောင်းက ပေါ့ပေါ့ပါးပါး ပြောလိုက်သော်လည်း





တျန်သုံးယောက်ကတော့ ကြားရုံနှင့် နားကြောစိမ့်သွားကြ
သည်။

"ဒါထက် လေးကျွန်းပိုင်နဲ့တွေ့တော့ ဘယ်လိုဆက်ဖြစ်
သေးသလဲ"

နီမောင်ကမြင်တွေ့ခဲ့ရသော အကြောင်းများကိုပြန်
ပြောပြလိုက်လေသည်။

"ဒါက ဒီနယ်မှာရှိတဲ့ ပရလောကသားတစ်ဦးဖြစ်မှာပေါ့
လေးကျွန်းပိုင်ထက်ပိုပြီး ကမ္မဇိဒ္ဓိရှိလို့ မင်းတို့ကို ဝင်ပြီးအကူ
အညီပေးသွားတာလည်း ဖြစ်မှာပေါ့၊

လူတွေမှာလည်း ကောင်းတဲ့လူတွေရှိသလို ဆိုးတဲ့လူ
တွေလည်းရှိကြသလိုပေါ့၊ ပရလောကမှာလည်း ကောင်းတာ
တွေရှိသလို ဆိုးတဲ့သူတွေလည်း အများကြီးရှိကြတာပါပဲ"

ဟု ပြောလေသည်။

စကားပြောနေရင်းမှာပင် အရုဏ်ဦးအလင်းရောင်များ
တက်လာပြီး ဖြစ်သောကြောင့်ပတ်ဝန်းကျင်တစ်ဝိုက်မှာ လင်း
လာချေပြီ။






www.burmeseclassic.com

www.burmeseclassic.com





# ( အခန်း ၈ )

# နိုင်ငံရပ်ခြားမှ သွေးစုပ်ဖုတ်ကောင်များ

ပရလောကနှင့် ပတ်သက်သည့်ဆန်းကြယ်သောအဖြစ်အပျက်တို့သည် ရှေးနှစ်ပေါင်းများစွာကတည်းက ရှိခဲ့သောအကြောင်းအရာများဖြစ်ပေသည်။

မြန်မာစာပေမှာရော ကမ္ဘာ့စာပေ၌ပါ ပရလောကသားများအကြောင်းကို ရေးသားမှတ်တမ်းတင်ထားသော အဖြစ်အပျက်များစွာတို့ ရှိကြသည်။

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



ကမ္ဘာ့စာပေလောကမှာလည်း တစ္ဆေပုံပြင်၊ တစ္ဆေဝတ္ထုများ အများအပြား ပေါ်ထွက်ခဲ့ဖူးပေသည်။

မြန်မာစာပေလောကမှာတော့ ဝေါဟာရဇိနတ္ထာဒီပနီကျမ်းကို ရေးသားပြုစုတော်မူသော လှေသင်းအတွင်းဝန်မင်းကြီး မဟာဇေယျသင်္ခယာ ရေးသားခဲ့သည့် 'တဖ္ဆတ္ထာဒီပနီ'ကျမ်းမှာ ရှေးအကျဆုံးနှင့် အထင်ရှားဆုံးဖြစ်သည်။

ဒီဘက်နောက်ပိုင်းမှာတော့ ဦးခ၏'တစ္ဆေညွန့်ပေါင်းစာအုပ်လည်းထွက်ခဲ့ဘူးသည်။

(၁၉၂၀)ခုနှစ်နောက်ပိုင်း ထွက်ခဲ့ခြင်းဖြစ်သည်။ မြန်မာစာပေလောကတွင် တစ္ဆေသရဲမှတ်တမ်းများကို ရှာဖွေရေးသားထားသောစာရေးဆရာများမှာ မြစကြာ၊ ကဝေသာရနှင့် ဒေါ်ဒဂုန်ခင်ခင်လေးက ကိုကိုလေးအမည်ဖြင့် ရေးသားခဲ့သော မှော်ဆရာမှတ်တမ်း စာအုပ်တွဲများမှာ လူကြိုက်များခဲ့ပေသည်။

ကမ္ဘာ့စာပေလောကတွင် ထိုဝတ္ထုများကို 'Gothic Novel Super natural Tale'ဟု ခေါ်ဝေါ်ကြသည်။

ဝင်းမှတ်တမ်းများမှ သွေးစုပ်ဖုတ်ကောင်မှတ်တမ်းအချို့ကို ဖော်ပြပေးပါမည်။

လူဘဝဆိုသည်မှာလျို့ဝှက်ဆန်းကြယ်မှုများ အပြည့်ရှိနေပေသည်။

ဘဝခရီးတွင် အလှည့်အပြောင်းများစွာ ရှိတတ်ပေသေးသည်။ ဘဝ၏အတက်အကျ အနိမ့်အမြင့်၊ ဘဝအစပိုင်း





နှင့် ဘဝနိဂုံးချုပ်ချိန်ဟူ၍ အမျိုးမျိုးအဖုံဖုံရှိတတ်ကြမြဲပင်။

လူတစ်ဦးနှင့်တစ်ဦး ဘဝခရီးကို လျှောက်လှမ်းပုံ၊ တွေ့ကြုံရပုံခြင်း မတူကွဲပြားမည်ဖြစ်သော်လည်း ဘဝနိဂုံးချုပ်တွင် သေခြင်းတရားကို မလွှဲမသွေရင်ဆိုင်ကြရသည့် အချက်မှာတူညီကြသည်။

လူ့ဘဝတွင် လူတစ်ယောက်၏ ဘဝအစနှင့် ဘဝနိဂုံးကို အဆုံးအဖြတ်ပေးသည်မှာ "အချိန်ကာလ"ပင်ဖြစ်သည်။

လူ့ဘဝတွင် အချိန်ကာလတိုတိုလေးသာ နေထိုင်ရသူများရှိသည်။ အသက်တိုသူများပင်။

လူ့ဘဝတွင် အချိန်ကာလကြာရှည်စွာ နေထိုင်ရသူများရှိသည်။ အသက်ရှည်သူများပင်။

အသက်တိုသူများနှင့် အသက်ရှည်သူများအားလုံးကို လူ့ဘဝနိဂုံးချုပ်စေသည်မှာ "သေခြင်းတရား"ဖြစ်ပေသည်။

လူ့ဘဝတွင် အသက်ရှင်လျက်နေထိုင်စဉ်က ထိုသူ၏ကောင်းမှုနှင့်မကောင်းမှုများသည် ထိုသူသေဆုံးပြီးနောက် ဆက်လက်ဖြစ်ပေါ်မှုများကို အကြောင်းရင်းခံဖြစ်စေသည်။

လူ့ဘဝတွင် တွေ့ကြုံရသည့် ပရဆန်းကြယ် ဖြစ်ရပ်များကစုံလင်လှသည်။

ရှေးခေတ်ရှေးအခါမှစ၍ ယနေ့ခေတ်ကာလအထိ ပရဆန်းကြယ်ဖြစ်ရပ်များတွင် လူပြောများသည့် ထိတ်လန့်ကြောက်ရွံ့၍ စိတ်ချောက်ချားဖွယ်ကောင်းလှသည့် ဖြစ်ရပ်များမှာ သွေး

www.burmeseclassic.com



စုပ်ဖုတ်ကောင်များ၊ သေသူမှဖုတ်ဝင်၍ ပြန်လည်ရှင်သန်လ
သည့် ဖုတ်ကောင်များ၊ လူများကို အမျိုးမျိုး နှောင့်ယှက်ခြော
လှန့်တတ်သော မကောင်းဆိုးဝါးဟု ခေါ်ကြသည့် တစ္ဆေ၊ သ
များနှင့် မှော်အတတ်ပညာကို တတ်မြောက်၍ ပြုစားတတ်
သည့် စုန်းကဝေများဟူ၍ အမျိုးအစားစုံလင်လှသည်။

လူသေအလောင်းသည် ပြန်လည်အသက်ဝင်၍ ရှ
သန်လာသည့်ဖြစ်ရပ်မျိုးမှာ ယခုအခါတွင် အဆန်းတကြယ်
ဟုတ်လှတော့ပေ။

လူတို့သည်မိမိ၏ မိသားစုဝင်တစ်ဦးဦး သေဆုံးလျှ
အလွန်ဝမ်းနည်းပူဆွေးတတ်ကြမြဖြစ်သည်။

ထိုအခြေအနေမျိုးတွင် သေသူသည်ပြန်လည်ရှင်သ
လာခြင်း၊ မိမိ၏မိသားစုများနှင့် မိတ်ဆွေအပေါင်း အသင်းမျ
ဆွေမျိုးဉာတကာများကို စကားစမြည်ပြောလာနိုင်ခြင်းကို တွေ
ရပါမူ မိဘ၊ ဆွေမျိုး၊ မိတ်ဆွေများသည် သောကငြိမ်းတန်သ
ငြိမ်းတတ်ကြသည်။

အမှန်ဆိုရပါလျှင် ထိုသို့သေပြီးသူ ပြန်လည်အသက်ဝ
ရှင်သန်လာခြင်း၊ မိဘဆွေမျိုးများနှင့် စကားပြောဆိုခြင်း စသ
အပြုအမူများသည် ထိတ်လန့်စရာအခြေအနေမျိုး ဖြစ်
သည်။

သေပြီးသူများပြန်လည် အသက်ဝင်ရှင်သန်လာရသ
အကြောင်းရင်းများမှာ . . .





- သက်ရှိလူသား၏ သွေးကိုစုပ်ယူခြင်းဖြင့် ရှင်သန်လာသည့်သွေးစုပ်ဖုတ်ကောင်များ . . .
- သက်ရှိလူသား၏ အသားကိုစားသုံးခြင်းဖြင့် ရှင်သန်လာသည့် ဖုတ်ကောင်များ . . . ဖြစ်ပေါ်လာခြင်းကြောင့်ပင်တည်း။

တစ္ဆေ သူရဲစသည့် ပရလောကသားများသည် လူများကိုခြောက်လှန့်ရန် အသံပေးခြင်း၊ အရိပ်အယောင်ပြခြင်း၊ လှုပ်ရှားမှုအမျိုးမျိုးပြုခြင်း၊ ဖျက်ဆီးခြင်း၊ နှောင့်ယှက်ခြင်းစသည်တို့ကို ပြုကြသည်။

သွေးစုပ်ဖုတ်ကောင် (Vampire)နှင့် ဖုတ်ကောင် (Zombie) တို့သည် ရုပ်ခန္ဓာကိုယ် ပေါ်လွင်ကြပြီး တစ္ဆေသရဲတို့သည် စိတ်ဝိညာဉ်ပိုင်းတွင် အလေးသာသည်။

စိတ်ပိုင်းနှင့် ရုပ်ပိုင်းပေါင်းစပ်ထားသည့် လူကိုအမျိုးမျိုး နှောင့်ယှက်နိုင်ကြသည့် ပရလောကသားများဖြစ်ပေသည်။

သွေးစုပ်ဖုတ်ကောင်နှင့် ဖုတ်ကောင်များသည် လူသာမန်ထက်ပို၍ အားအင်ကြီးမားသန်မာကြသည်။

ထိုသွေးစုပ်ဖုတ်ကောင်သည် လူသားတစ်ဦး၏ လည်ပင်းကို ၎င်း၏လက်များဖြင့် ညှစ်လိုက်ရုံမျှဖြင့် ထိုသူသည် သေလုမတတ် အသက်ရှုကျပ်သွားနိုင်သည်။ ပြီးလျှင် သွေးစုပ်ဖုတ်ကောင်သည် ထိုလူသား၏ လည်ပင်းမှသွေးစုပ်ယူတတ်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



သွေးစုပ်ဖုတ်ကောင်သည် ရုပ်ခန္ဓာရှိသဖြင့် လူများက သွေးစုပ်ဖုတ်ကောင်ကို ဖမ်းပြီးအခန်းထဲထည့်၍ သော့ကြီးများဖြင့်ခတ်ထားပါက ရကောင်းရနိုင်ပေမည်။

သို့သော် တစ္ဆေ(Ghost)တို့ကိုမူ ထိုသို့ဖမ်း၍အခန်းထဲထည့်ကာ သော့ခတ်ထား၍မရနိုင်ပေ။

"တစ္ဆေ"ဟူသည့် ဝိညာဉ်ကို အထူးပြုသည့် ပရလောကသားတို့သည် အခန်းတွင်း၊ အခန်းပြင်၊ နံရံတွင်း၊ နံရံပြင်နေရာအနှံ့သို့ လွတ်လပ်စွာစိတ်ဆန္ဒရှိသလို သွားလာနိုင်ကြသည်။

အစ္ဆေခြောက်သည်ကို ကြောက်ရွံ့ထိတ်လန့်သည်ဆိုသည့် အတိုင်းအတာမှာလည်း တစ္ဆေခြောက်ခံရသည့်သူ၏ စိတ်ခံစားမှုပေါ်တွင် မူတည်၍ကွာခြားတတ်လေသည်။

သွေစုပ်ဖုတ်ကောင်များမှာမူ ၎င်းတို့၏ ပင်ကိုယ်စွမ်းအားနှင့် အမူအရာတို့ကကြောက်စရာကောင်းလောက်ပေသည်၊

သွေးစုပ်ဖုတ်ကောင်သည် မိမိသွေးစုပ်ယူမည့် လူသားကို သားကောင်တစ်ကောင်ကဲ့သို့ ပေါ့ပေါ့ပါးပါး နိုင်နိုင်နင်းနင်း ချီးမြှောက်နိုင်ပြီး အရုပ်ကလေးတစ်ရုပ်ကဲ့သို့ အောက်သို့ပြန်လည်ပစ်ချနိုင်သည်။

သွေးစုပ်ဖုတ်ကောင်ဟူသော ပရလောကသားတွင် မှော်ပညာဆိုင်ရာ စွမ်းအားများလည်း အထိုက်အလျောက်ပါဝင်ပေါင်းစပ်၍ ၎င်း၏အားခွန်ဗလကို တိုးပွားစေသည်။





အင်တာနက်ကိုသုံး၍ ကမ္ဘာအရပ်ရပ်တွင် ဖြစ်ပွားနေသော ပရဆန်းကြယ်ဖြစ်ရပ်များကို လေ့လာကြည့်သောအခါ သွေးစုပ်ဖုတ်ကောင်များနှင့် သက်ဆိုင်သည့်ဖြစ်ရပ်အချို့ကို တွေ့ရှိရသဖြင့် အကျဉ်းချုပ်၍ ဖော်ပြပါသည်။

ယခုဖော်ပြသည့် အကြောင်းအရာဖြစ်စဉ်သည် ဘူ(လ)ဂေးရီးယား နိုင်ငံတွင်တွေ့ရှိရသည့် သွေးစုပ်ဖုတ်ကောင်အရိုးစုများဖြစ်ပါသည်။

(၂၀၁၂) ဇွန်လဆန်းခန့်က ဘူ(လ)ဂေးရီးယား ရှေးဟောင်းသုတေသနပညာရှင်များသည် ဆိုဇိုပို(လ)မြို့ အနီးတွင် လုပ်ငန်းဆောင်ရွက်ခဲ့ကြရာ ရာစုနှစ်ပေါင်းများက မြှုပ်နှံထားခဲ့သည့် အရိုးစုများကို တူးဖော်တွေ့ရှိခဲ့ကြသည်။

ထိုအရိုးစု၏ ရင်ဘတ်တွင်သံချောင်းများရိုက်သွင်းထားသည်ကို သတိပြုမိသည်။

သေသူ၏အလောင်းကို မြှုပ်နှံရာတွင် အလောင်းကောင်၏ ရင်ဘတ်၌ သံချောင်းများ ရိုက်သွင်းပေးထားခြင်းမှာ သေသူအားသွေးစုပ်ဖုတ်ကောင်အဖြစ် ပြန်လည်ရှင်သန်မှု မဖြစ်ရန် အကာအကွယ်လုပ်ပေးထားခြင်း ဖြစ်ပေသည်။

လူ့ဘဝတွင် အသက်ရှင်သန်ခဲ့စဉ်က အရက်သေစာသောက်စားမူးယစ်ကြသူများ၊ ရာဇဝတ်မှု ကျူးလွန်ကြသူများ ဆိုးသွမ်းရမ်းကားသူများသည် သေဆုံးသွားသည့်အခါ သွေးစုပ်ဖုတ်ကောင်များ ဖြစ်နိုင်သည်ဟု ရှေးခေတ်လူအများက ယူဆ



www.burmeseclassic.com

www.burmeseclassic.com



ထားခဲ့ကြသည်။

သုတေသနပညာရှင်များ၏ သုတေသနပြုမှုအရ ထိုအ
ရိုးစုများသည် လွန်ခဲ့သည့်နှစ်ပေါင်း (၅၀၀၀)ခန့်က အရိုးစုများ
ဖြစ်နိုင်ပေသည်။

(၁၈၈၈)ခုနှစ်တွင် သွေးစုပ်ဖုတ်ကောင်၏ သွေးစုပ်ပုံ
သွေးစုပ်နည်းကို ဖော်ပြထားခဲ့သည်။

ဂရိနိုင်ငံမှ သွေးစုပ်ဖုတ်ကောင်သည် အိပ်ပျော်နေသူ၏
အပေါ်မှ ၎င်း၏ကြီးမားကြံ့ခိုင်သော ကိုယ်ခန္ဓာကြီးဖြင့် ဖိချလိုက်
လေရာ အဖိခံရသူသည် ပြင်းထန်သောဝေဒနာကို ခံစားရပြီး
အသက်ရှူကျပ်၍ သေဆုံးသည်အထိဖြစ်ရသည်။ ထိုအခါမှ
သွေးစုပ်ဖုတ်ကောင်သည် သွေးစုပ်ယူသည်။

ထိုခေတ်ကရိုးသားသည့် ကျေးလက်ဒေသမှ ရွာသူရွာ
သားများသည် ၎င်းတို့၏ကျေးရွာသို့ ညနေပိုင်းတွင် ရောက်လာ
သူကို သေချာစွာစူးစမ်းကြည့်ရှုခဲ့ကြသည်။

အကယ်၍ ထိုသူသည် ဝတ်ရုံခြုံထားပြီး အသားအရေ
ခန်းခြောက်ပိန်ကြုံ့ကာ သွေးမရှိသကဲ့သို့ ဖြူဖျော့ဖျော့အသွေး
အရောင်ဖြင့် ခက်ထန်ရက်စက်သည့် ပုံပန်းသဏ္ဌာန်မျိုးဖြစ်နေ
ပါလျှင် ရွာသူရွာသားများက သူ့ကိုသွေးစုပ်ဖုတ်ကောင်အဖြစ်
မှတ်ယူကြကာ ကြောက်ရွံ့တုန်လှုပ်ကြသည်။

သွေးစုပ်ဖုတ်ကောင်သည် သေသူ၏ဝိညာဉ်ပူးကပ်နေ
ခြင်းဖြစ်ရာ အဆိုပါသေဆုံးသွားသူ၏ အုတ်ဂူကိုဖွင့်၍ ခေါင်းတ





လားကိုအဖုံးဖွင့်ကြည့်ပါ ထိုအလောင်းကောင်သည် ပိန်ပိန်လှီ
လှီမဟုတ်ပဲ ကိုယ်လုံးကိုယ်ထည်ဖောင်းကားပြည့်ဖြိုးနေပြီး ခန္ဓာ
ကိုယ်တွင် သွေးဆုတ်ကာဖြူဖျော့မနေပဲ သွေးနီရောင်လွှမ်းနေ
သည်ကို ပီပီပြင်ပြင်တွေ့မြင်နိုင်သည်။

ထိုအခြင်းအရာမှာ လူ၏သွေးကို စုပ်ယူထားသော
ကြောင့် ထိုသွေးများဖြင့် ခန္ဓာကိုယ်တစ်ခုလုံးလည်းပတ်ကာ ခန္ဓာ
ကိုယ်သည် နုပျိုရှင်သန်နေခြင်းဖြစ်ဟန်ရှိပေသည်။

စတီဖန်မိုမေယာ၏ ဖော်ပြချက်အရ (၂၀၀၄)၊ ဇန်နဝါရီ
လတွင် မာရိုတင်နီ-ဒီ-ဆူ(စ)ရှိ ရိုမေနီးယန်းရွာသူရွာသားများ
သည် ထိုရွာရှိ နေမကောင်းဖြစ်နေသော ကျေးရွာသူတစ်ဦးကို
သွေးစုပ်ဖုတ်ကောင်၏ ဝိညာဉ်ဝင်ရောက်ပူးကပ်နေသည်ဟု
ယူဆ၍ ထိုဝိညာဉ်ပိုင်ရှင်ကို မေးမြန်းစူးစမ်းကြသည်။

ထိုဝိညာဉ်ပိုင်ရှင်မှာ မကြာမီက သေဆုံးသွားခဲ့သော
ပီထရီတိုမာဖြစ်ကြောင်း သိရှိခဲ့ကြသည်။

ညဥ့်သန်းခေါင်အချိန်တွင် ထိုရွာမှရွာသားခြောက်ဦး
သည် သေဆုံးသူမြှုပ်နှံထားသည့် ဂူကိုဖွင့်၊ ခေါင်းတလားကိုဖွင့်
၍ အဆိုပါအလောင်းကောင်ကို ရင်ခွဲကာ အသဲနှလုံးကိုထုတ်
ယူလာပြီး မီးရှို့၍ပြာချလိုက်သည်။

အဆိုပါ ပြာကိုရေဖြင့်ဖျော်၍ နေမကောင်းသည့် အမျိုး
သမီးကိုတိုက်ကြသည်။

ထိုအခါမှ နေမကောင်းသည့်အမျိုးသမီးကို ပူးကပ်နေ



www.burmeseclassic.com

www.burmeseclassic.com



သည့် သွေးစုပ်ဖုတ်ကောင်ဝိညာဉ်သည် ထွက်ခွာသွားတော့သည်။ နောက်ထပ်လည်းသွေးစုပ်ဖုတ်ကောင်၏ ဝိညာဉ်ပူးကပ်လာခြင်းမရှိတော့ပေ။ လူနာသည် ပြန်၍နေကောင်းလာသည်။

အထူးသဖြင့် လွန်ခဲ့သည့်နှစ်ပေါင်းများစွာကတည်းက အရှေ့ဥရောပဒေသတွင် သွေးစုပ်ဖုတ်ကောင်ဆိုသည်မှာ အသွင်သဏ္ဍာန်အမျိုးမျိုးဖြင့် ပေါ်ထွန်းခဲ့သည်။

ခေတ်သစ်အယူအဆအရ သွေးစုပ်ဖုတ်ကောင်ဆိုသည်မှာ လူ(သို့မဟုတ်) တိရစ္ဆာန်ကို သေသူ၏ဝိညာဉ်ပူးကပ်နေခြင်း၊ လူ(သို့မဟုတ်)တိရစ္ဆာန်တို့၏ သွေးကိုစုပ်ယူခြင်း၊ သေသူ၏ဝိညာဉ်သည် ညအချိန်တွင် အထူးသဖြင့်ပူးကပ်၍သွေးစုပ်ယူခြင်း စသောခြင်းရာလက္ခဏာများ ရှိပေသည်။

လူအများသိထားကြပြီး မြင်တွေ့ဖူးသည့် သွေးစုပ်ဖုတ်ကောင်၏ အသွင်သဏ္ဍာန်များမှာ ထိုသူသည် ညဝတ်အင်္ကျီရှည်ကြီးကို ကော်လံရှည်ကြီးတပ်၍ ဝတ်ဆင်ထားပြီး ညအချိန်ရောက်သောအခါ လင်းနို့အသွင်ကူးပြောင်းသွားပြီး သွေးစုပ်ကောင်လင်းနို့များ ဖြစ်လာသည်ဟူ၍ ဆိုကြသည်။

အရှေ့ဥရောပနိုင်ငံအသီးသီးတွင် နိုင်ငံအလိုက် သွေးစုပ်ဖုတ်ကောင်များ ရှိကြသည်။

ဂျစ်ပစီတို့ကမူ ဘီး(မ)စတိုကာ၏"ဒရက်ကူလာ" (Dracula) စာအုပ်တွင် ပါရှိသည့်အတိုင်း သွေးစုပ်ဖုတ်ကောင်ကို အယူရှိကြသည်။





ဂျစ်ပစီတို့၏ အယူအဆတွင် သေသူ၏ဝိညာဉ်သည် ၎င်းကိုသေစေရန် ပြုမူခဲ့သူကို လက်စားချေလိုသဖြင့် ထိုသူ၏ သွေးကိုစုပ်ယူခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။

ခေတ်သစ်ကာလတွင် လင်းနို့များသည် သွေးစုပ်ဖုတ်ကောင်များ၏ ဝိညာဉ်များ ဝင်ရောက်ပူးကပ်ကာ သွေးစုပ်လင်းနို့များ ဖြစ်လာတတ်ကြသည်ဟု အချို့လူများက ယူဆကြသည်။

တောင်အမေရိကတွင် ကမဇော(Camazotz)သည် လင်းနို့ဂူရှိ လင်းနို့အားလုံး၏ အရှင်သခင်ဖြစ်သည်။

ဥရောပတွင် လင်းနို့များနှင့် ဇီးကွက်များသည် ညသတ္တဝါများဖြစ်သောကြောင့် အချင်းချင်း သဘာဝလွန်သတ္တဝါများအဖြစ် မှတ်ယူကြသည်။

ဂျစ်ပစီများသည် လင်းနို့အရိုးများကို အဆောင်အဖြစ်ထားခြင်းအားဖြင့် ကံကောင်းမှုရှိသည်၊ လူချစ်လူခင်ခံရသည်ဟု အစွဲအလမ်းရှိကြသည်။

တောင်အမေရိကနှင့် အလယ်ပိုင်းဒေသတို့တွင် သွေးစုပ်ဖုတ်ကောင်လင်းနို့များကို တွေ့ရှိရသည်။

(၁၆)ရာစုအတွင်းက စပိန်လူမျိုး လင်းနို့လေ့လာသူများသည် သွေးစုပ်ဖုတ်ကောင်လင်းနို့များကို လာရောက်လေ့လာခဲ့ကြသည်။

နောက်ပိုင်းကာလများတွင် စာရေးဆရာများက သွေးစုပ်ဖုတ်ကောင်လင်းနို့များအကြောင်းကို ရေးသားလာကြသော



www.burmeseclassic.com

www.burmeseclassic.com



အခါ ပြည်သူလူထုအများစုသည် လင်းနို့များနှင့် သွေးစုပ်ဖုတ်ကောင်တို့ကို ဆက်စပ်သတိပြုမိလာခဲ့ကြသည်။

အင်္ဂလန်နိုင်ငံတွင် "သွေးစုပ်ဖုတ်ကောင်"(Vampire) ဟူသော ဝေါဟာရသည် ဂျာမန်အစီရင်ခံစာတစ်စောင်တစ်တွင် ပါသော ဆားဗီးယားတွင်ဖြစ်ပွားသည့် အာနိုးပါအိုလီ သွေးစုပ်ဖုတ်ကောင်အကြောင်း ပေါ်ထွက်လာသည့်အခါမှ အင်္ဂလိပ်ဘာသာသို့ (၁၇၃၂)ခုနှစ်တွင် ဘာသာပြန်ဆို၍ သုံးစွဲခဲ့ခြင်းဖြစ်သည်။

ဆိတ်များသွေးကို စုပ်ယူ၍ အသက်ရှင်သန်နေသည့် အယ်(လ)ချူပါကာဘရာ (El Chupacabra)သည် အမေရိကရှိ လက်တင်အမေရိက မက္ကဆီကိုနှင့် ပေါ်တိုရီကိုတို့တွင် ကျက်စားနေထိုင်ခဲ့သည်။

ထိုသတ္တဝါသည် ဝက်ဝံအငယ်ကောင်၏ အရွယ်အစားခန့်ရှိသည်။ ကျောရိုးသည် လည်ပင်းမှအမြီးထိ ခိုင်ခန့်ရှည်လျားစွာရှိသဖြင့် တိရစ္ဆာန်များ(အထူးသဖြင့် ဆိတ်များ)ကို တိုက်ခိုက်သတ်ဖြတ်၍ သွေးစုပ်ယူနိုင်ရန် အထောက်အကူပြုသည်။

ဆက်လက်ဖော်ပြမည့် "ဖုတ်ကောင်"(Zombie)ဆိုသည်မှာ သေပြီးသူသည် မှော်အတတ်ပညာဖြင့် ပြန်လည်ရှင်သန်လာခြင်းကို ဆိုလိုပေသည်။

ကြုံကြိုက်ဖူးခြင်းမရှိသူများက "ဖုတ်ကောင်"ဆိုသည်မှာ စာရေးဆရာများ ရေးသားသည့် စာအုပ်များနှင့် ရုပ်ရှင်ဇာတ်





လမ်းများတွင်သာ ပါရှိသည်ဟု ယူဆကြသည်။

သို့သော် ဟေတီရှိလူအများကမူ ဖုတ်ကောင်ကိုသိရှိကြသည်။ ဖုတ်ကောင်နှင့်သက်ဆိုင်သည့် အဖြစ်အပျက်များစွာရှိခဲ့ပေသည်။

ရှေးအခါက ဆီးဆာအမည်ရှိသူသည် သေဆုံးသဖြင့် ဂူသွင်းမြှုပ်နှံခြင်းခံရပြီး (၁၈)နှစ်ကြာမြင့်သည့်အခါမှ သူ့နေအိမ်သို့ ပြန်လာခဲ့သည်။ သူသည်စေ့စပ်ထားခဲ့သူနှင့် လက်ထပ်ပြီး သား သမီးသုံးဦး ရရှိပြီးမှ သေဆုံးသွားခဲ့သည်။

အခြားအဖြစ်အပျက်တစ်ခုမှာ ပို့(ထ)-အော-ပရင့်(ခ) (Port -au-Prince)ကျေးရွာမှ ကျောင်းသားတစ်ဦးသည် ဓားပြတိုက်ခံရရာ ဓားပြများကို ပြန်လည်ခုခံသောကြောင့် သေနတ်ကျည်ဆံမှန်၍ သေဆုံးခဲ့သည်။ သေဆုံးပြီး(၆)လကြာသောအခါမှ သူ၏နေအိမ်သို့ ဖုတ်ဝင်သည့်ဖုတ်ကောင်အဖြစ် ရောက်ရှိလာခဲ့သည်။

အိမ်ပြန်ရောက်စတွင် လူများနှင့်စကားပြောနိုင်သဖြင့် သူသည်သူအသတ်ခံရပုံကိုအစအဆုံးပြောပြနိုင်ခဲ့သည်။ သေနတ်ဒဏ်ရာရသောသူ့ကို ဆေးရုံသို့ပို့စဉ် ပယောဂကုဆရာတစ်ဦးက တွေ့မြင်သွားပြီးသူ၏ ခန္ဓာကိုယ်ကို လူနာတင်ကားပေါ်မှာ ခိုးယူသွားရာ သူသည်ဆေးရုံသို့ပင်မရောက်ရှိတော့ပဲ အသက်သေဆုံးခဲ့ရသည်။

ထိုဆရာ၏ ပယောဂဆေးစွမ်းဖြင့် သူသည်အသက်

www.burmeseclassic.com



သေဆုံးပြီးမှ ဖုတ်ဝင်ကာဖုတ်ကောင်ဘဝသို့ ကူးပြောင်းခဲ့ရခြင်း ဖြစ်သည်။

အချိန်ကာလကြာလာသောအခါ သူသည်လူများနှင့် ပြောဆိုဆက်ဆံခြင်းမပြုနိုင်တော့ပဲ ပို၍ပို၍ထိုင်းမှိုင်းလေးလံလာကာ မျှားမကြာမီသေဆုံးခဲ့လေသည်။

ဖုတ်ဝင်သည့်ဖြစ်ရပ်မှန်အကြောင်းအရာတစ်ခုမှာ ဟေတီတွင် ဖြစ်ပျက်ခဲ့သည်။

ဟေတီတွင် ကလယ်ရာဗီရပ်(စ်)နာစစ်ဆီအမည်ရှိသောလူတစ်ဦးသည် (၁၉၆၂)၊ မေလ(၂)ရက်နေ့တွင် သေဆုံးခဲ့သည်။

သူ၏ညီမနှစ်ဦးဖြစ်သော မာရီကလယ်ရီနှင့် အင်ဂျယ်လီနာတို့သည် ကွယ်လွန်သည့်အစ်ကို၏ အသုဘကို သူ၏ဇာတိမြို့အနီးရှိ သင်္ချိုင်းငယ်တွင် မြှုပ်နှံသဂြိုဟ်ခဲ့ကြသည်။

(၁၈)နှစ်ခန့်ကြာသောအခါ ကျန်ရစ်ခဲ့သည့် ညီမနှစ်ဦးသည် မိမိတို့သက်မွေးဝမ်းကျောင်းပြုရာ လုပ်ငန်းအတိုင်း ပြောင်းရွှေ့နေထိုင်ခဲ့ကြသည်။

သေဆုံးသူ၏ညီမတစ်ဦးဖြစ်သော အင်ဂျယ်လီနာသည် သူမ၏ရွာရှိ ဈေးဆိုင်တွင်ရှိနေစဉ်မှာ ထူးဆန်းသည့်ဖြစ်ရပ်နှင့် ကြုံခဲ့သည်။ သေဆုံးခဲ့သည်မှာ (၁၈)နှစ်ကြာခဲ့ပြီဖြစ်သော သူမ၏ အစ်ကို ကလယ်ရာဗီရပ်(စ)နာစစ်ဆီသည် သူမထံချဉ်းကပ်လာပြီး နှုတ်ဆက်စကားဆိုလာသဖြင့် မျှားစွာအံ့သြထိတ်လန့်





ကြောက်ရွံ့မှုဖြစ်ခဲ့ရပေသည်။

ဖုတ်ဝင်သည့် ဖုတ်ကောင်ကဲ့သို့ အခြားသူ၏အသားကို ကိုက်စားခဲ့သည့် ဖြစ်ရပ်မှန်များကို ဖော်ပြပါဦးမည်။

ဖြစ်စဉ်မှာ ဂျာရော(ဒ)ဝှပ်(ထ)ဆိုသူသည် (၂၀၁၀) မတ်လတွင် သူ၏သူငယ်ချင်း တေလာပို့ဝဲ(လ)ကိုသတ်၍ သေသူ၏ရင်ကိုခွဲကာ အသည်းနှလုံးကိုထုတ်ယူ စားသောက်ခဲ့ခြင်း ဖြစ်သည့်ပြင် သေသူ၏လျှာကို ဖြတ်၍စားခဲ့သည်။

အသည်းနှလုံးနှင့် လျှာတို့ကို စားသူဂျာရော့(ဒ)ဝှပ်(ထ)သည် (၂၆)နှစ်အရွယ်ရှိပြီး အသတ်ခံရသည့် သင်တန်းတက်ဖော် သူငယ်ချင်းတေလာပို့ဝဲ(လ)သည် (၂၁)နှစ်ရှိပြီဖြစ်သည်။

လူသတ်ခဲ့သည့် ဂျာရော့(ဒ)ဝှပ်(ထ)ကို စစ်ဆေးမေးမြန်းရန်သွားရောက်ခဲ့သည့် ရဲအဖွဲ့ဝင်များသည် အဝတ်ဗလာဖြင့် ခေါင်းမှခြေဖျားထိ သွေးအလိမ်းလိမ်းလူးနေသော ဂျာရော့(ဒ)ဝှပ်(ထ)ကို အခင်းဖြစ်ပွားသည့် နေရာ၌တွေ့ခဲ့ရသည်။

ဂျာရော့(ဒ)ဝှပ်(ထ)က သူသည် သူငယ်ချင်းတေလာပို့ဝဲ(လ)ကို သတ်ခဲ့ပြီး သေသူ၏ အသည်းနှလုံးနှင့်လျှာတို့ကို ထုတ်ယူစားခဲ့ကြောင်း ရဲအရာရှိများရှေ့မှောက်တွင် ဖြောင့်ချက်ပေးခဲ့လေသည်။

ဖော်ပြခဲ့သည့် ဖြစ်ရပ်တွင် သူငယ်ချင်းကိုသတ်၍ အသည်းနှလုံးနှင့်လျှာကို ဖြတ်၍ အစိမ်းစားသူသည် ဖုတ်ဝင်နေသည့် ဖုတ်ကောင်မဟုတ်နိုင်ဟု ဆိုသူတို့ကဆိုကြသည်။ ပြည်ပ



www.burmeseclassic.com

www.burmeseclassic.com



ဒေသတွင် ဖြစ်ခဲ့သည့်ဖြစ်ရပ်ဆန်းတစ်ခုကို ဖော်ပြခြင်းဖြစ်ပါ သည်။ လူ့အသိစိတ် ကင်းလွတ်ခြင်းပေလော။

ဆက်လက်ဖော်ပြမည့် ဖြစ်ရပ်မှာ မိခင်တစ်ဦး၏ ရက် စက်ကြမ်းကြုတ်လှသည့် လုပ်ရပ်ဖြစ်ပါသည်။

(၂၀၀၉) ခုနှစ်တွင် တက်ဆတ်မှ အသက် (၃၃)နှစ်ရှိ သော အော့တီစန်ချက်ဆိုသူ အမျိုးသမီးသည် သူမ၏ အိပ်ခန်း ထဲတွင် သုံးလခွဲအရွယ်ရှိ သူမ၏ ရင်ခွင်ပိုက်အရွယ်သားလေး၏ ခြေချောင်းသုံးချောင်းကို ကိုက်ဖြတ်စားသောက်ပစ်သည်။

ထို့မျှမက ကလေးငယ်၏ဦးခေါင်းကို ခွဲဖောက်ကာ ဦး နှောက်ကိုပါ စားသောက်ခဲ့သည်။

ထို့နောက် အော့တီစန်ချက်သည် သူမကို သူမဓားနှင့် ထိုးခဲ့ပြန်သည်။

ရဲအဖွဲ့ရောက်ရှိသွားသောအခါ သူမသည် သူမ၏အိပ် ခန်းအတွင်းရှိ အိပ်ရာခုတင်ပေါ်၌ ထိုင်လျက်ရှိသည်။ ဒကောင် ဆိုးဝါးပူးကပ်ခိုင်းစေသောကြောင့် သူမသည် သူမ၏ကလေး ငယ်ကိုသတ်လိုက်မိပြီဟု ဖြောင့်ချက်ပေးခဲ့သည်။

မိခင်၏ ပင်ကိုယ်အသိစိတ်ပျောက်ဆုံးကာ ရက်စက်စွာ ကျူးလွန်ခဲ့သော ဖြစ်ရပ်ဆိုးသည် ဖုတ်ဝင်ကာ လူသားစားခြင်း ဖြစ်လေသလော။ တဒင်္ဂ ရူးသွပ်သွားခြင်းပေလော။

(၂၀၀၄)ခုနှစ်တွင် တက်ဆတ်နေအိမ်၌ ဒီနာစကာ လော့ဆာဆိုသူ အမျိုးသမီးသည် သူမ၏(၁၀)လအရွယ် ကလေး





ငယ်၏ လက်မောင်းများကို ဖြတ်၍ အသားအလွှာချပ်များအ ဖြစ် လွှာပစ်ခဲ့လေသည်။

ရဲအဖွဲ့ကစစ်ဆေးသည့်အခါ သူမ၏ကလေးငယ်ကို ဘုရားသခင်ထံပေးအပ်လိုသောကြောင့် ဤသို့ပြုမူခြင်းဖြစ်လေ ရာ သူမတွင် အပြစ်မရှိပါဟု အစစ်ခံခဲ့ပါသည်။

လူ၏ ပင်ကိုယ်စိတ်ပျောက်ကွယ်ခြင်းသည် လွန်စွာ ကြောက်စရာကောင်းလှသည်။

ဖုတ်ဝင်သဖြင့် ဖုတ်ကောင်ဖြစ်သွားခြင်းကြောင့် ဤမျှ ရက်စက်မှုပြုပေလော။

ဆက်လက်ဖော်ပြမည့် ဖြစ်ရပ်ဆန်းမှာလည်း လူက လူကို ကိုက်စားခြင်းပင်ဖြစ်သည်။

အသက်(၃၁)နှစ်အရွယ်ရှိ ရူဒီယူဂျင်းဆိုသူသည် အ သက်(၆၅)နှစ်အရွယ်ရှိ ရောဘတ်ပေါ့ပို၏ မျက်နှာကို (၇၅%) ကုန်အောင်ကိုက်စားခဲ့သည်။

ရဲအဖွဲ့ရောက်ရှိလာပြီး လူသားစားနေသည့် ရူဒီယူဂျင်း ကို သေနတ်ဖြင့်ပစ်သောအခါ ယူဂျင်းသည် သေနတ်ဒဏ်ရာကို အလေးဂရုမပြုပဲ ရောဘတ်ပေါ့ပို၏ မျက်နှာကိုသာ စားမြဲစား ရင်း သေဆုံးခဲ့သည်။

ဖြစ်ရပ်ကို စုံစမ်းရေးအဖွဲ့သည် ရူဒီယူဂျင်း၏ မိခင်ဖြစ် သူနှင့် ချစ်သူမိန်းကလေးတို့ကို စစ်ဆေးမေးမြန်းခဲ့ကြသည်။

မိခင်ဖြစ်သူက သူမ၏သား ယူဂျင်းသည် ဘုရားသခင်



www.burmeseclassic.com

www.burmeseclassic.com



ကို ယုံကြည်အားထားပြီး သမ္မာကျမ်းစာကို ဖတ်ရှုတတ်သူဖြစ်သည်ဟုဆိုသည်။

ယူဂျင်း၏ ချစ်သူမိန်းကလေးက ဤဖြစ်ရပ်ကို. . . အံ့သြထိတ်လန့်ဖွယ် ကျူးလွန်သည်မှာ ယူဂျင်း၏ခန္ဓာကိုယ် ဖြစ်သည်မှာ မှန်သော်လည်း ကျူးလွန်သူ၏စိတ်မှာမူ ယူဂျင်း၏ပုံမှန်မူလစိတ်မဟုတ်နိုင်ပါဟုဆိုသည်။

အမျိုးသမီးနှစ်ဦးလုံးက ယူဂျင်းသည် ဤမျှရက်စက်သော အပြုအမူမျိုးကို ယခင်က တစ်ကြိမ်တစ်ခါမှ မပြုလုပ်ခဲ့ဖူးပါဟု အခိုင်အမာဆိုကြသည်။

ဤဖြစ်ရပ်တွင် ယူဂျင်းသည် လူသားစားသောဖုတ်ကောင်မဟုတ်ပါဟု ထိုအမျိုးသမီးနှစ်ဦးက ထပ်၍ဆိုကြဖြစ်သည်။

လူ၏အသားကို အစိမ်းလိုက်ကိုက်စားလိုစိတ်သည် ယူဂျင်းတွင်အဘယ်ကြောင့် ပေါ်ပေါက်ခဲ့ရပါသနည်း။

ပြည်ပမှ လူ၏အသားကိုစားသည့် ဖြစ်ရပ်ဆန်းတစ်ခုကို ဖော်ပြပါဦးမည်။

တရုတ်ပြည်မှ လာရောက်နေထိုင်သည့် (၇၉)နှစ်အရွယ်ဂျီမင်လုဆိုသူသည် စိတ်ဝေဒနာခံစားနေရချိန်တွင် အသက် (၇၃) နှစ်အရွယ်ရှိ ဇနီးဖြစ်သူ ယူဇိုကို ကိုယ်တိုင်သတ်ဖြတ်ထားကြောင်းကို မိဘများထံ အလည်လာသည့်သားက တွေ့ရှိရခြင်းဖြစ်သည်။





သားဖြစ်သူသည် မိဘများ၏အိမ်သို့ ရောက်ရှိလာသောအခါ မိခင်ဖြစ်သူသည် တံတောင်ဆစ်၏ အောက်ပိုင်းလက်မောင်းတစ်ဖက်ပြတ်ကာ သွေးအိုင်ထွန်းနေသောကြောင့် ညည့်ခန်းကြမ်းပြင်ပေါ်တွင် လဲကျနေသည်ကို တွေ့မြင်လိုက်ရသည်။

သူ၏ ဖခင်သည် ထိုညည့်ခန်းရှိ ကုလားထိုင်တစ်လုံးပေါ်တွင်ထိုင်လျက် ဇနီးဖြစ်သူ၏ လက်မောင်းမှ အသားများကို ကိုက်စားနေသည်မှာ လက်မောင်းရိုးမျှသာ ကျန်တော့ကြောင်း တွေ့မြင်လိုက်ရသောအခါ. . သူသည် ထိတ်လန့်ကြောက်ရွံ့မိသည်အထိ ဖြစ်သွားသည်ဟုဆိုပါသည်။

ဇနီးဖြစ်သူ၏ လက်မောင်းသားများကို အားရပါးရကိုက်စားနေသည့် ဖခင်ဖြစ်သူသည် ညည့်ခန်းပေါက်ဝတွင် ထိတ်လန့်အံ့သြစွာရပ်ကြည့်နေသော သားဖြစ်သူကိုတွေ့သောအခါ အသားစားနေရာမှ စကားတစ်ခွန်းလှမ်းပြောလိုက်လေသည်။

"အဲဒါ. . မင်းရဲ့အမေမဟုတ်ဘူး"

ယုံနိုင်ရန်ခက်သည့် ဖြစ်ရပ်ဆန်းတွင် ဖုတ်ဝင်၍ ဖုတ်ကောင်က လူသားကို အားရပါးရစားခြင်းပေလော။

သားကိုမူ သားဖြစ်မှန်းသိပါလျက် ဇနီးဖြစ်သူကို အဘယ်ကြောင့်ရက်စက်စွာသတ်၍ အသားကိုစားရပါသနည်း။

(၁၉၈၂)တွင် အမေရိကန်သိပ္ပံပညာရှင်တစ်ဦးက မှော်ပညာရှင်သည် သူစမ်းသပ်လိုသူကို အင်အားကောင်းသောအဆိပ်များဖြင့် (၃)ရက်ခန့်သတိကင်းမဲ့ပြီး သေဆုံးသည့်အဖြစ်



www.burmeseclassic.com

www.burmeseclassic.com



မျိုး ဆောင်ရွက်ထားသည်ဟု လေ့လာတွေ့ရှိမှုကို ဖော်ပြခဲ့သည်။

ဖုတ်ဝင်အောင် အသက်သွင်းပုံကို လေ့လာဖော်ပြထား ခြင်းဖြစ်သည်။

သတ်မှတ်ချိန်ရောက်သည့်အခါ သေဆုံးနေသူကိုပြန်၍ အသက်ရှင်အောင် မှော်ပညာရှင်၏အစွမ်းဖြင့် ဆောင်ရွက်လိုက် သည်။

ထိုအခါ ပြန်လည်အသက်ရှင်လာသူသည် ဆရာခိုင်းသ မှုကို ရိုရိုသေသေလေးလေးစားစားလုပ်တတ်သည့် ကျေးကျွန် တစ်ဦးသဖွယ် ဖုတ်ကောင်ဘဝဖြင့် ဆက်လက်ရပ်တည်ရပေ သည်။

အဆိုပါဖုတ်ကောင်သည် မူလစိတ်ပျောက်ကာ လျှို ဝှက်ဆန်းကြယ်သော ကိစ္စများကို ဆောင်ရွက်ရသည်။

ဖုတ်ကောင်တွင် ပင်ကိုယ်လူ့အသိစိတ်ကင်းမဲ့နေသဖြင့် စိတ်ရူးပေါက်၍ မလုပ်သင့်သည့်ကိစ္စများကို လုပ်ဆောင်တတ် သည်ဟု ဆိုရလောက်အောင်ပင် သာမန်လူများနှင့် လုပ်ဆောင် မှု ကွာခြားသွားသည်။

ကိုရီးယား၊ တရုတ်၊ မလေးရှား၊ ဂျပန် နှင့်အင်ဒိုနီးရှား စသောအာရှဒေသရှိ နိုင်ငံများတွင် သဘာဝလွန် ပရလောက သား မဟုတ်ကြသော်လည်း လူကိုသေလောက်အောင်ဒုက္ခပေး စွမ်းနိုင်သည့် ကြောက်စရာသတ္တဝါကောင်ကြီးများ ရှိပေသေး သည်။





ကိုရီးယားတွင် ထိုအကောင်ကြီးမျိုးကို မုတ်ဆင်တွန်ဘော့ (MOKSIN TONGBOP)ဟုခေါ်သည်။

မလေးရှားတွင် အဆိုပါမကောင်းဆိုးဝါးကောင်ကို ပီနန်ဂလန်( PENANGGALAN)ဟုခေါ်သည်။

ဂျပန်တွင် လူတို့အားဒုက္ခပေးတတ်သည့် မကောင်းဆိုးဝါးသတ္တဝါကို ကက်ပါ(KAPPA)ဟုခေါ်သည်။

အင်ဒိုနီးရှားတွင် ရင်းဒါ(RANGDA)ဟုခေါ်သော သတ္တဝါကြီးသည် အလွန်အန္တရာယ်ပေးနိုင်သည်။

တရုတ်နိုင်ငံတွင် ကျီယန်ရှီ(JIANGSHI)ဟုခေါ်သော သွေးစုပ်ဖုတ်ကောင်ကြီး၏ မျက်နှာမှာ ဖြူရော်ရော်အရောင် ရှိသည်။

ထိုသွေးစုပ်ဖုတ်ကောင်ကြီးသည် သူ၏လက်နှစ်ဖက်ကို ဘေးသို့ဆန့်ထုတ်လိုက်ပြီး . . သူ၏လက်သည်းချွန်ကြီးများကို အသင့်အနေအထားမျိုး ဖြန့်ထားလိုက်သည်။

၎င်း၏ ရှည်လျားကြီးမားသော လျှာကြီးမှာ တန်းလန်းကျလျက် သားကောင်သစ်တွေ့ပါက အသင့်ဖမ်းနိုင်ရန် ပြင်ဆင်ပြီး ခုန်ဆွခုန်ဆွသွားလျက် သားကောင်ရှာထွက်လေ့ရှိသည်။

လူတို့သည် ထိုမကောင်းဆိုးဝါးသတ္တဝါကြီး၏သားကောင် မဖြစ်စေရန် အထူးသတိပြုကာကွယ်ကြရသည်။

အကယ်၍ ထိုသတ္တဝါကြီးသည် မိမိ၏အနီးအနားသို့ ရောက်နေကြောင်းသိရှိပါက လူသည်အသက်အောင့်၍သေချင်



www.burmeseclassic.com

www.burmeseclassic.com



ယောင်ဆောင်ကာ ထိုသတ္တဝါကြီး၏ အန္တရာယ်မှ လွတ်အောင် ကြံဆောင်အားထုတ်ကြရသည်။

အကယ်၍ ထိုသွေးစုပ်ဖုတ်ကောင်ကြီးက လူကိုလက်ဦးမှုရပါမူ လူကိုအနာတရဖြစ်စေကာ အသေသတ်ပစ်သည်။ ပြီးမှ လူ၏ဗိုက်ကို ကိုက်ဖောက်ကာလူ့အသည်းကို အားရပါးရ စားတတ်ပေသည်။

မည်သည့်နိုင်ငံ၊ မည်သည့်လူ့အဖွဲ့အစည်း မည်သည့်ယဉ်ကျေးမှုတွင်မဆို ပရလောကနှင့်ဆိုင်သောဖြစ်ရပ်ဆန်းကြယ်မှုများ ရှိတတ်ပါသည်။

စာရေးသူ ဖော်ပြထားသည့် နိုင်ငံရပ်ခြားမှ သွေးစုပ်ဖုတ်ကောင်များနှင့် လူသားစားဖုတ်ကောင်များသည် အံ့သြထိတ်လန့်ဖွယ် ကောင်းလှသဖြင့် စာဖတ်သူများကိုမျှဝေခံစားခြင်းဖြစ်ပါသည်။





# ( အခန်း ၉ )

# လေးကျွန်းပိုင်နှင့် မဖဲဝါ

ပေါင်းဝရွာ၏ အနောက်ဘက်ယွန်းယွန်းလောက်တွင် သုသာန်ရှိသည်။ ပေါင်းဝသုသာန်ဟုပင် အလွယ်တကူခေါ်ကြသည်။ ရွာနှင့်အနည်းငယ်ဝေးသော နေရာမှာရှိပြီး အထိကရ သစ်ပင်ကြီးများနှင့် ချုံနွယ်ပိတ်ပေါင်းများထူထပ်သော နေရာလည်းဖြစ်သည်။

ပေါင်းဝသုသာန်မှာ သရဲခြောက်သည်ဟု နာမည်ကြီးပြီး နယ်ကြမ်းသောနေရာလည်း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုနေရာနှင့် မနီးမဝေးနေရာတွင် ချောင်းကျယ်တစ် ချောင်းရှိသည်။

မြစ်ဘက်မှ ဟိုးအတွင်းဘက်ရောက်သည်အထိ အ တော်ရှည်လျားသော ချောင်းပင်ဖြစ်သည်။

ပေါင်းဝသုသာန်အနီးမှာ ရှိသောကြောင့် 'သုသာန် ချောင်း'ဟုပင် ခေါ်ဝေါ်ကြသည်။

ထိုချောင်းမှာ မြစ်၊ သစ်တော၊ လယ်ကွင်းများနှင့် ထိစပ် လျက်ရှိသဖြင့် ရေချိုး ရေငန်၊ ငါးပုစွန်အလွန်ပေါသောချောင်း ဖြစ်သည်။

အင်းများ၊ချောင်းများကို လေလံပစ်သောအခါ သုသာန် ချောင်းလည်း အပါအဝင်ဖြစ်သော်လည်း မည်သူမှ မဆွဲဝံ့ကြ ပေ။ ယခင်ကတော့ ထိုချောင်းအကြောင်းကို မသိသဖြင့် လေလံ ဆွဲပြီး လုပ်ကိုင်ခဲ့ကြဖူးသည်။

သို့သော် မည်သူမှနှစ်လုံးပေါက်အောင် လုပ်နိုင်သည် မရှိခဲ့ကြပေ။

လေလံဆွဲပြီး အလုပ်လုပ်သောအခါမှာ ပုစွန်၊ ငါးမ သည့်အပြင် သရဲခြောက်သောကြောင့် လူအသေအပျောက် ကြလေရာ နှစ်ကုန်အောင်မလုပ်နိုင်ပဲ ထွက်ပြေးကြရသည်က များသည်။

နောက်ပိုင်းထိုအကြောင်းများကို လူသိများလာသော အခါ လေလံဆွဲမည့်သူများက အခြားချောင်းများကိုသာ လေလံ





ဆွဲပြီး သုသာန်ချောင်းကိုတော့ ရှောင်ကြသည်။

ဦးစိုင်းမောင်တို့မိသားစုမှာ ထိုနေရာသို့ ရွှေ့ပြောင်းလာ ပြီး ငါးပုစွန်ဖမ်းသော လုပ်ငန်းများ၊ ငါးရှဲလုပ်ငန်းများလုပ်ကြ ရင်းမှ တဖြည်းဖြည်းအဆင်ပြေလာကာ ကြီးပွားလာကြလေ သည်။

ထိုနေရာပတ်ဝန်းကျင်တစ်ဝိုက်မှာရှိကြသော ချောင်း များမှာ သူတို့လေလံမဆွဲဖူးသောချောင်း မရှိတော့ပေ။ ထိုအထဲ တွင် သုသာန်ချောင်းလည်း အပါအဝင်ဖြစ်သည်။

ရောက်စကဆို ချောင်းကိုလေလံဆွဲယူရန် ပြင်သောအ ခါဒေသခံ အလုပ်သမားအချို့က ပြောသည်။

"အဘတို့ ဒီသုသာန်ချောင်းကို လေလံဆွဲမယ့်အစား၊ အခြားချောင်းကိုပဲ ဆွဲသင့်တယ်"

"ဘာဖြစ်လို့လဲကွ"

"အဲဒီချောင်းက သရဲသိပ်ခြောက်တာ ဘယ်သူမှ နှစ် ကုန်အောင်မလုပ်နိုင်ကြဘူး"

"သရဲခြောက်တာလောက်များကွာ အရေးလုပ်နေစရာ မှတ်လို့၊ ငါနဲ့တွေ့ရင် အဲဒီမှာရှိတဲ့သရဲတွေ ပြေးရမယ်သာမှတ် ပေရော့"

ဟု ရွှေမောင်ကဝင်ပြောသည်။

အလုပ်သမားများက တားသော်လည်း ထိုချောင်းကို လေလံဆွဲယူပြီးလုပ်သည်။



www.burmeseclassic.com

www.burmeseclassic.com



နှစ်မကုန်ခင်မှာပင် ထွက်ပြေးရသော်လည်း. . . ရွှေမောင်ပြောသလို သရဲမပြေးရပဲ သူတို့အလုပ်သမားများဆက်မနေဝံ့ကြသောကြောင့် ထွက်ပြေးကြရသည်။

နောက်ပိုင်းမှာလည်း ထိုချောင်းသို့ ပိုက်ချရန်အတွက် လူလွှတ်လျှင်လည်း ဘယ်အလုပ်သမားမှ မသွားဝံ့ကြတော့ပေ။

"ဒီလောက်ဆိုးတဲ့ချောင်းမျိုးတော့ သွားမနေဝံ့ပါဘူး၊ မလုပ်နိုင်လို့ ထွက်ဆိုရင်လည်း ဒီအလုပ်က ထွက်တော့မယ်"

ဟုပြောသဖြင့် ရွှေမောင်လည်း နောက်ထပ် အတင်းအကျပ် မခိုင်းဝံ့တော့ပေ. . ။

ရွှေမောင်စိတ်ထဲမှာတော့ မကျေနပ်ဖြစ်နေမိသည်။ ထိုကဲ့သို့ မကျေနပ်ဖြစ်နေသော်လည်း သူကိုယ်တိုင်လည်း သွားမလုပ်နိုင်သောကြောင့် ဒီအတိုင်းလက်လျှော့ပေးထားခဲ့ရသောချောင်းဖြစ်သည်။

ယခုတော့ ရွှေမောင်အတွက် သုသာန်ချောင်းကိုလုပ်ရန် အခွင့်အရေးတစ်ခု ပေါ်လာလေသည်။

လေးကျွန်းပိုင်ဟုခေါ်သော သရဲနက်ကျော်နှင့် တွေ့ရသောကြောင့်ဖြစ်သည်။

လေးကျွန်းပိုင်က ရွှေမောင်ကျွေးမွေးသော အစားအသောက်များစားသောက်ပြီး သူခိုင်းတာလုပ်ပေးသည်။ အချို့သရဲခြောက်သည်ဟု နာမည်ကြီးသော နေရာများပင် လေးကျွန်းပိုင်နက်ကျော်သွားသောအခါ ငြိမ်သက်သွားကြသည်။





သို့ကြောင့် ရွှေမောင်က ယခုနှစ်ရာသီချိန်ရောက်သောအခါ သုသာန်ချောင်းကို လေးလံဆွဲပြီးလုပ်ရန် အားခဲထားလေသည်။

လေလံချိန်ရောက်သောအခါ အခြားချောင်းများကိုသာ သူထက်ငါဦးအောင် အလုအယက်လေလံဆွဲယူကြသော်လည်း သုသာန်ချောင်းကိုတော့ ဘယ်သူကမှ လေလံဆွဲမည့်သူမရှိသဖြင့် ဈေးချိုချိုနှင့်ပင် ရရှိလေသည်။

ထိုချောင်းကို ရသောအခါ နက်ကျော်ကို အသိပေးပြီးခေါ်သွားလေသည်။

"နက်ကျော်ရေ ငါတော့မင်းကိုအားကိုးတာနဲ့ သုသာန်ချောင်းကို လေလံဆွဲလိုက်ပြီဟေ့၊ ဟိုမှာရှိတဲ့ အနှောင့်အယှက်တွေကို လိုက်ပြီးရှင်းပေတော့. . . "

ဟုပြောပြီး ခေါ်သွားလေသည်။

ချောင်းမှာ ရွာရှိသောဘက်ကမ်းမှာပင်ရှိပြီး ရွာနှင့် အသမ်းဝေးသည်။

ထိုနေရာ တစ်ဝိုက်မှာ သစ်ပင်ကြီးများနှင့် ချုံနွယ်ပိတ်ပေါင်းများသာရှိသည်။

သုသာန်ရှိသောနေရာမှာတော့ သစ်ပင်ကြီးများအုပ်မိုးထားပြီး အချို့နေရာတွင် အုတ်ဂူအချို့ရှိသည်။

ရွှေမောင်တို့က ချောင်းဝပိုင်းမှာပင် တဲဆောက်ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



တဲဆောက်နေသည်အထိတော့ အနှောင့်အယှက် မတွေ့ရပေ။ ရွှေမောင်စိတ်ထဲမှာတော့ နက်ကျော်ပါလာသော ကြောင့် အခြားအနှောင့်အယှက်များ မလာဝံ့ကြသည်ဟု ထင် နေသည် သို့သော် သူထင်သလိုမဟုတ်ပေ။

ညဉ့်ဦးပိုင်း အချိန်ရောက်တော့မှ သုသာန်တစ်ဝိုက်မှာ ရှိသော သစ်ပင်ကြီးများပေါ်မှ ပုံသဏ္ဍာန်အမျိုးမျိုးနှင့် သရဲသ ဘက်များ ဆင်းလာပြီး လာရောက်ခြောက်လှန့်ကြလေတော့ သည်။

"အော် . . လက်စသတ်တော့ ဒင်းတို့လက်ချက်ကြောင့် ဒီချောင်းကို ဘယ်သူမှ လာမလုပ်ဝံ့ကြတာကိုး၊ မင်းတို့လာ ခြောက်နေလည်း ငါတို့က ကြောက်ပြီးထွက်ပြေးမယ့်လူတွေမှ မဟုတ်တာ. . ."

ရွှေမောင်က ထိုသို့ပြောပြီးနောက် သူခေါ်လာသော သရဲနက်ကျော်ကို ခေါ်ပြီးပြောသည်။

"အနှောင့်အယှက်လာပေးနေတဲ့ မကောင်းဆိုးဝါးတွေ ကို ဖယ်ရှားပေးရမှာ မင်းတာဝန်ပဲ နက်ကျော်ရေ. . . ."

ထိုသို့ပြောသည်နှင့် သရဲနက်ကျော်လည်း တဲပေါက်ဝ နားမှာထောင်ထားသော မျောတိုင်တစ်ချောင်းကို နှုတ်ယူပြီး အမှောင်ထဲသို့ ဝင်သွားလေတော့သည်။

အတန်ကြာသော အခါ ခနိုတော၊ လမုတော၊ ချုံများ နောက်မှ ဆူဆူညံညံ အသံများကြားရသည်။





ရွှေမောင်နှင့် အလုပ်သမားများက တဲပေါ်မှာ ထိုင်ရင်း အခြေအနေ စောင့်ကြည့်နေကြသည်။

"နက်ကျော်တော့ မကောင်းဆိုးဝါးတွေကို ဆုံးမနေပြီ နဲ့တူတယ် အသံတွေကို ဆူညံနေတာပဲ"

အပြင်ဘက်မနီး မဝေးမှ အသံများကို သူတို့ရှိနေသော တဲအတွင်းမှ ကြားနေရသည်။

တုတ်ရိုက်သံများ၊ အော်ဟစ်သံများ၊ ချုံများကြားမှာပြေး လွှားနေသော ခြေသံများကို အတိုင်းသားကြားနေကြရလေ သည်။

ညဉ့်ဦးပိုင်း တစ်ချိန်လုံးတဲနှင့် မနီးမဝေးနေရာများမှ ဆူဆူညံညံ အသံများကြားနေရပြီးနောက် အတန်ကြာတော့. . ထိုအသံများ တဖြည်းဖြည်းပြန်ငြိမ်ကျသွားသည်။

ရွှေမောင်တို့ နားစွင့်ကြည့်သော်လည်း ဟိုးအတော်ဝေး ဝေးမှ အသံအချို့လောက်သာ ကြားရပြီး အနီးတစ်ဝိုက်မှာတော့ နောက်ထပ်ဘာမှ အသံမကြားရတော့ပေ. . . .။

"နက်ကျော် အစွမ်းပြလိုက်တာ ဒီနားတစ်ဝိုက်မှာရှိတဲ့ တစ္ဆေသရဲတွေတော့ ထွက်ပြေးကြရပြီနဲ့တူတယ်. . ဒီလောက် သောင်းကျန်းနေတဲ့သရဲတွေ နိုင်တဲ့သူနဲ့တွေ့မှပဲ ပြေးရတော့တာ မဟုတ်လား"

ရွှေမောင်က ကျေနပ်စွာ ရေရွတ်ပြောဆိုနေလေသည်။ ထိုသို့ပြောဆိုနေစဉ်မှာ ဆူဆူညံညံကြားနေရသော အသံများ



www.burmeseclassic.com

www.burmeseclassic.com



ကတိုတ်ဆိတ်သွားပြီး ပုရစ်အော်သံ၊ ဖားအော်သံများလောက်သာ ကြားရတော့သည်။

ညဉ့်နက်ပိုင်း အချိန်ရောက်သောအခါ သုသာန်ဘက်မှ ပြေးလာသော မည်းမည်းသဏ္ဌာန်ကြီးကို တွေ့ကြရသည်။

ထိုသဏ္ဌာန်က တဲဘက်သို့ပြန်ပြေးလာပြီး နောက်တဲနားရောက်တော့ လည်းမရပ်ပဲ ချောင်းဝဘက်သို့ ပြေးသွားလေသည်။

"ကိုရွှေမောင် စောစောကပြေးသွားတာ နက်ကျော် မဟုတ်လား"

"ဟုတ်မယ် မထင်ဘူး၊ နက်ကျော်ဆိုရင် ဒီနေရာလာမှာပေါ့"

ထိုသို့ပြောနေကြစဉ် သုသာန်ဘက်မှ လျှောက်လာသော ဖြူဖြူသဏ္ဌာန်တစ်ခုကို တွေ့ပြန်သည်။

ထိုသဏ္ဌာန်က ရွှေမောင်တို့ရှိနေသော တဲဘက်သို့ လျှောက်ပြီး မနီးမဝေးမှာ ရပ်နေသည်။

ဆံပင်ဖါးလျားချထားသော အမျိုးသမီးတစ်ယောက်ပင် ဖြစ်လေသည်။

"ဒီနေရာဟာ ငါပိုင်တဲ့နယ်မြေဆိုတာ မသိဘူးလား"

ဟု လှမ်းမေးသည်။

"နင် ဘယ်သူလဲ"

"ဒီနယ်မြေမှာ နေပြီး ငါကိုတောင် မသိကြသေးဘူးကိုး





ငါနာမည် မဖဲဝါ ပေါင်းဝသုသာန်စောင့် မဖဲဝါဆိုရင် ဒီတစ်နယ်လုံးသိတယ်"

"ဟင်. . ."

ဒီတော့မှ မျက်လုံးပြူးသွားကြသည်။

"ချက်ချင်း ဒီနေရာက ထွက်သွားကြ၊ ဒီနေရာက နင်တို့လုပ်ရမယ့် နေရာမဟုတ်ဘူး၊ အချိန်တန်ရင် သက်ဆိုင်တဲ့သူတွေ ရောက်လာပြီး လုပ်ကြလိမ့်မယ်"

"ဟင်. . ဘယ်သူတွေလဲ"

"နင်တို့သိစရာ မလိုဘူး၊ နင်တို့လုပ်ရမှာက ဒီနေရာက အမြန်ဆုံးထွက်သွားပေတော့၊ ငါ့စကားကို နားမထောင်ရင်တော့ တစ်ယောက်ပြီး တစ်ယောက်သေမှာပဲ"

ဟုပြောပြီး အမှောင်ရိပ်ထဲသို့ ပြန်ထွက်သွားလေသည်။

ထိုအခါမှ ရွှေမောင်က သူ့အလုပ်သမားများထဲမှ ရွာခံသားကိုမေးရလေသည်။

"မဖဲဝါဆိုတာ မင်းတို့သိလား"

"သိ. . သိပါတယ်"

"သူက ဘာလဲ"

"သေပြီး သရဲဘဝရောက်နေတာ အတော်ကြာပြီ. ."

"သူက ဒီနေရာမှာပဲ နေတာလား"

"ဟုတ်တယ်. ပေါင်းဝသုသာန်မှာပဲ အမြဲနေတယ်၊ ဒါ့ကြောင့် ပေါင်းဝသုသာန်စောင့် မဖဲဝါလို့ ခေါ်ကြတယ်၊ ဒါပေ



www.burmeseclassic.com

www.burmeseclassic.com



မယ့် သူကလူတွေကို ဒုက္ခမပေးတတ်ပါဘူး"

"ဒုက္ခမပေးဘူးသာဆိုတယ်၊ ဒီချောင်းမှာ အလုပ်လာလုပ်တဲ့ လူတွေကိုတော့ ဘာကြောင့် ဒုက္ခပေးနေတာလဲ"

"အကြောင်း တစ်ခုခုရှိလို့ ဖြစ်မှာပေါ့"

ထိုသို့ စကားပြောရင်းနှင့် အခြေအနေ စောင့်ကြည့်ပြသော်လည်း နောက်ထပ် အနှောင့်အယှက်မတွေ့ကြရပေ. . .

နက်ကျော်လည်း တော်တော်နှင့် ပြန်မရောက်လာတေပေ။ နောက်တစ်နေ့ ရောက်တော့ ရွှေမောင်မှာ ချီတုံချတုံ ဖြစ်လေသည်။

အလုပ်ပဲ ဆက်လုပ်ရမလား. . .။

ဒီအတိုင်းပဲ ပစ္စည်းတွေ သိမ်းပြီး ပြန်သွားရလေမလာ ထိုကဲ့သို့ လက်လျှော့ပြီး ပြန်သွားရုံနဲ့တော့ မဖြစ်နိုင်ပေ။

အဘယ်ကြောင့်ဆိုသော်. . . .။

ချောင်းလေလံ ဆွဲစဉ်ကပင် အင်းသူကြီးကို တစ်နှစာအတွက် ပေးရမည့်ငွေများအားလုံး ပေးခဲ့ရပြီဖြစ်ရာ အကယ်၍ မလုပ်နိုင်ပဲ ဒီအတိုင်းထားခဲ့လျှင်လည်း အင်းသူကြီက ငွေပြန်ပေးမည် မဟုတ်တော့ပေ. . .။

ရွှေမောင်ကလောဘကြီးသူဖြစ်သောကြောင့် အမြမရရင်တောင်မှ အရင်းငွေပြန်ရအောင်တော့ ဆက်လုပ်ရမည်ဆုံးဖြတ်ချက်ချသည်။

သို့သော် ထိုနေရာမှာ အလုပ်လုပ်ဝံ့မည့်သူက အခေ





သွားလေသည်။

အခြားအရပ်ဒေသမှ အလုပ်လာလုပ်သူအချို့ကိုခေါ်ပြီး ရွှေမောင်ကိုယ်တိုင်ဦးဆောင်ပြီး ဆက်လုပ်ကြလေသည်။

ထိုသို့ ဆက်လုပ်ကြရာ ပိုက်မချရသေးပဲ တဲဆောက်နေစဉ်မှာပင် လူတစ်ယောက်သေသွားသည်။

ညဘက်တွင် စူးစူးဝါးဝါးအော်သံကြားရပြီး နောက်တစ်နေ့တွင် ဇက်ကျိုးပြီး သေနေသည်ကို တွေ့ရသည်။

သုသာန်နှင့်နီးသောကြောင့် သုသာန်မှာပင် အလောင်းကို သွားမြှုပ်လိုက်ကြသည်။

ရွှေမောင်မှာ အနည်းငယ်လန့်သွားလေသည်။

သို့သော် အရဲစွန့်ပြီးဆက်လုပ်ကြည့်သည်။

နောက်တစ်ယောက် ထပ်သေပြန်သည်။

ထိုရက်ရောက်တော့မှ နက်ကျော်ကိုပြန်တွေ့ရသည်။

"ငါက မင်းကိုအားကိုးပြီး သုသာန်ချောင်းကို လေလံဆွဲခဲ့တာ၊ တကယ့်အရေးအကြောင်းပေါ်လာတော့ မင်းကဘယ်သွားနေတာလဲ"

နက်ကျော်က ဘာမှပြန်မပြောပဲ ကျွေးမွေးသောအစားအသောက်များကိုသာ စားသောက်နေလေသည်။

"ဒါထက် သုသာန်မှနေတဲ့ မဖဲဝါက ငါတို့ကိုလာပြီး အနှောင့်အယှက်ပေးနေတယ်၊ မင်းသူ့ကို ဒီနေရာကနေ နှင်ထုတ်လို့မရဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



နက်ကျော်က အစားအသောက်များကို ပလုတ်
လောင်း စားသောက်နေရင်းမှ ခေါင်းခါပြသည်။

နက်ကျော်ကြည့်ရသည်မှာ အစားအသောက် မစား
သည်မှာ အတော်ကြာနေဟန်ဖြင့် သဲသဲမဲမဲစားသောက်နေခြင်း
ဖြစ်ပေသည်။

"မင်းက လေးကျွန်းပိုင်တဲ့ကွင်းပိုင်တောင်ဖြစ်ခဲ့သေ
တာမဟုတ်လား"

ရွှေမောင်က မကျေမနပ်ဖြင့်မေးပြန်သည်။

"ဟုတ်တယ် ငါကဟိုးအောက်နယ်ဘက်မှာရှိတုန်း
ကွင်းပိုင်ဖြစ်ခဲ့ဖူးတယ်"

"ကွင်းပိုင်က ဒီသုသာန်မှာနေတဲ့ သရဲမလောက်တော
မနှင်ပစ်နိုင်ဘူးလား"

"ငါက အခုကွင်းပိုင်မဟုတ်တော့ဘူး၊ သာမန်သရဲဘ
မျိုးမှာပဲ ရှိတော့တယ် ကွင်းပိုင်ဘဝတုန်းကရထားတဲ့ ကမ္ဘ
တွေမရနိုင်တော့ဘူး၊ သက်ဆိုင်ရာတွေက ပြန်သိမ်းထားလိုက်
ဒါကြောင့် သာမန်လောက်ပဲ တတ်နိုင်တော့တယ်"

နက်ကျော်က စားသောက်ရင်း ဗလုံးဗထွေးပြောသည်
သူ့အနေဖြင့် သာမန် သရဲတစ္ဆေတို့လောက်သာ ဖယ်ရှားနိုင်
တော့ပြီး သူ့ထက် ကမ္ဘဇိဒ္ဓိ ပိုရှိသောပရလောကသားများ
တော့ ဘယ်လိုမှ အတတ်နိုင်တော့ကြောင်း ပြောပြနေခြင်းဖြ
သည်။





နက်ကျော်မှ စားသောက်ပြီးတော့ ထိုနေရာမှ ပြန်ထွက်သွားပြန်လေသည်။

ရွှေမောင်မှာ အတော်ကလေး စိတ်ပျက်လက်ပျက်ဖြစ်သွားတော့သည်။

နက်ကျော်နှင့် တွေ့စဉ်ကာသာမန်တစ္ဆေသရဲတို့ကို ဖယ်ရှားပေးခဲ့သောကြောင့် အတော်ကလေးသဘောကျသွားတာ အားကိုးအားထားလည်းပြုမိလေသည်။

နက်ကျော်ကို အားကိုးခဲ့သောကြောင့် ဘယ်သူမှ လေလံမဆွဲဝံ့သော သုသာန်ချောင်းကို အရဲစွန့်ကာ လေလံဆွဲခြင်းပင်ဖြစ်တော့သည်။

ယခုလုပ်ငန်းစတော့မှ အနှောင့်အယှက်က ပေါ်လာရုံမကပဲ သူအားကိုးသောနက်ကျော်ကပါ ထွက်ပြေးနေရသည်။

ရွှေမောင်အဖို့ အရှေ့မတိုးသာ နောက်မဆုတ်သာဖြစ်နေတော့သည် ဒီအတိုင်းပစ်ထားခဲ့ပြန်လျှင်လည်း ချောင်းလေလံဖိုးငွေများ တစ်ပြားတစ်ချပ်မှ ပြန်ရတော့မည် မဟုတ်ပေ။

ဆက်လုပ်ပြန်လျှင်လည်း နောက်ထပ်အလုပ်သမားတွေတစ်ယောက်ပြီး တစ်ယောက်ထပ်သေပါက ခက်ဦးမည်။

သို့ကြောင့် စိတ်ပျက်လက်ပျက်နှင့် အိမ်ပြန်သွားပြီး ဖခင်ဖြစ်သူကို အကျိုးအကြောင်းပြောပြလိုက်သည်။

ထိုအခါ ဦးစိုင်းမောင်က အပြစ်တင်သော အသံမျိုးဖြင့်ပြောလေသည်။



www.burmeseclassic.com

www.burmeseclassic.com



“ငါ မင်းကို အတန်တန်တားခဲ့တယ်မဟုတ်လား. . . ဒီလောက်နာမည်ထွက်နေတဲ့ ချောင်းမျိုးကို မလုင်သင့်ဘူးလို့ ပြောတာ ငါ့စကားမှ နားမထောင်ခဲ့ပဲကိုး”

ထိုသို့ပြောတော့လည်း ရွှေမောင်မှာ ဘာမှပြန်မပြော သာတော့သဖြင့် ခေါင်းငုံ့ရုံသာရှိတော့သည်။

“ဒီမှာငါတစ်ခုပြောမယ် ဒီလောက်ငါးပုစွန်ပေါမှန်း သိကြပါရက်နဲ့ ဒီနယ်ကဒေသခံတွေက ဘယ်သူကမှ လေလံဝင် မဆွဲကြကတည်းက မင်းသိဖို့ကောင်းတယ် ဆက်လုပ်ရင်လည်း သေဦးမယ် လေလံဆွဲပြီးမှ မလုပ်ပဲထားရင်လည်း ကုန်ထားတဲ့ ငွေက ပြန်ရတော့မှာ မဟုတ်ဘူး”

ဟုပြောလေရာ ဒေါ်ရွှေလေးက ကြားမှဝင်ပြောသည်။

“ကိုစိုင်းမောင်ကလည်း သူကိုချည်းအပြစ်တင်နေလို့ ဘယ်ဖြစ်ပါ့မလဲ၊ သူလည်း ဖြစ်မလားလို့ လုပ်ကြည့်တာပေါ့ မဖြစ်တော့လည်း ဘယ်တတ်နိုင်ပါ့မလဲ ကျုပ်အဒေါ်ကို မေး ကြည့်ပါဦးမယ်”

ဟုပြောပြီး အဒေါ်ဖြစ်သူ ဒေါ်မင်းဇာကို အကျိုးအ ကြောင်းပြောပြသောအခါ ဒေါ်မင်းဇာက ဤသို့ပြောသည်။

“ပရလောကတို့ ဝိညာဉ်လောကတို့ဆိုတာ လူ့လောက မှာလိုပဲ အင်မတန်ရှုပ်ထွေးတယ်၊ လူ့လောကမှာလိုပဲ ဒီနေ့ ရှင်ဘုရင်ဖြစ်နေပေမယ့် နောက်တစ်နေ့သူတောင်းစားဘ ရောက်ချင်ရောက်တာမျိုးလိုပဲ သူတို့လောကမှာလည်း ကမ္ဘဇို့





စွမ်းအားတွေ နုတ်ယူထားလိုက်ရင် သာမန်ဘဝမျိုးရောက်သွား ရတာလည်းရှိတယ်”

“ဒီတော့ ဘယ်လိုလုပ်ရမလဲ အဘွား. . .”

“ဧည့်သည်ဆိုတာ အိမ်ရှင်နဲ့ ရန်မဖြစ်တာ အကောင်း ဆုံးပဲ၊ ငါတို့က တစ်နယ်ကလာပြီး အလုပ်လုပ်နေကြရတာ မဟုတ်လား၊ ဒီတော့ ဒီနယ်မှာရှိတဲ့ လူတွေ ပရလောကသား တွေနဲ့ ပြေလည်မှုရအောင် လုပ်ကြရတယ်၊

မင်း အဲ့ဒီချောင်းလုပ်ချင်ရင် သက်ဆိုင်ရာပုဂ္ဂိုလ်နဲ့ ပြဿနာမဖြစ်စေနဲ့၊ သူတို့သဘောကျတာမျိုး လုပ်မယ်ဆိုရင် တော့ ရနိုင်စရာရှိပါတယ်”

ဟုအကြံ ဉာဏ်ပေးရာ ရွှေမောင်တို့လည်း ဆောက် လက်စတဲရှိရာ သို့ပြန်သွားကြသည်။

ထိုညမှာ မဖဲဝါနှင့် တွေ့သောအခါ အကျိုးအကြောင်း ပြောပြရသည်။

“ငါတို့က ဒီနယ်ကမဟုတ်ပါဘူး၊ တခြားနယ်သားတွေ ပါ ဒီနယ်အကြောင်းတွေလည်း ဘာမှမသိပါဘူး၊ ဒါကြောင့် နင်နဲ့ သက်ဆိုတဲ့ ချောင်းကို လေလံဆွဲမိတာပါ နင်မကြိုက်ဘူးဆိုရင် နောက်နှစ်တွေမှာ လေလံမဆွဲတော့ပါဘူး၊ ဒီနှစ်တော့ အရင်းငွေ ပြန်ရအောင် လုပ်ခွင့်ပေးပါ. . .”

ဟုခွင့်တောင်းသောအခါ မဖဲဝါကပြန်ပြောသည်။

“အေး. . နင်တို့တစ်နှစ်ပဲ လုပ်မယ်ဆိုရင်တော့ ငါခွင့်



www.burmeseclassic.com

www.burmeseclassic.com



ပေးမယ်၊ ဒါပေမယ့် နင်တို့ချည်းတော့ လုပ်ခွင့်မပေးနိုင်ဘူး"

"ဘယ်သူတွေနဲ့ လုပ်ရမှာလဲ"

"လုပ်ခွင့်ရတဲ့သူတွေ ရှိပါတယ်၊ အချိန်တန်တော့ သူတို့ လာပြောကြပါလိမ့်မယ်. . ."

"ကောင်းပါပြီ နင်ခွင့်ပြုတဲ့သူနဲ့ တစ်ဝက်စားစီလုပ်ရရင် ကျေနပ်ပါပြီ၊ အခုလိုလုပ်ခွင့်ပေးတဲ့အတွက်လည်း ကျေးဇူးတင်ပါတယ်"

ဟုပြောလိုက်ရာ မဖဲဝါလည်း သုသာန်ဘက်သို့ပြန်သွားလေတော့သည်။

++++++++++++





# ( အခန်း ၁၀ )

# ပရလောကမှ အကူအညီလာပေးသူ

အချိန်က နေဝင်ရီတရောအချိန် ရောက်နေပြီ။

ကောင်းကင်ပေါ်မှာ မိုးသားမိုးရိပ်များတက်နေသောကြောင့် ပတ်ဝန်းကျင်တစ်ခုလုံး မှုန်မှိုင်းနေသည်။

ထိုနေ့က မြသင်းကြူတစ်ယောက် အလုပ်မဆင်းသောကြောင့် အိမ်မှာပင်တစ်ယောက်တည်းရှိနေသည်။

ထွန်းမောင်က ငါးရွဲ့မှာ အလုပ်ဆင်းနေပြီး ဦးဘဖြူနှင့်



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ကျူတို့ကရွာထဲ သွားနေသဖြင့် မရှိကြပေ။

ထိုအချိန်မှာ နီမောင်ရောက်လာသည်။

သူ့လက်ထဲမှာ ငါးတွဲတစ်တွဲလည်း ပါလာလေသည်။

"မြသင်းကြူ ဒီကနေ့ အလုပ်မဆင်းဘူးလား၊ ငါးရွဲ ရောက်တော့ မတွေ့တာနဲ့ လာကြည့်တာပါ"

ဟုပြောပြီး လက်ထဲမှာပါလာသော ငါးတွဲကို လှမ်းပေး လိုက်သည်။

"ကျေးဇူးတင်ပါတယ်အစ်ကိုရယ်. . ၊ ကျွန်မ ကောင်း ကောင်း နေမကောင်းလို့ ငါးရွဲမသွားတာပါ၊ လာလေ အစ်ကို"

မြသင်းကြူက ခေါ်သဖြင့် နီမောင်ကကွပ်ပျစ်ပေါ်မှာ ဝင်ထိုင်လေသည်။

"ဘယ်သူမှလည်း မမြင်ပါလား"

"အမေတို့ ရွာထဲသွားကြတယ်. . . "

နီမောင်က သက်ပြင်းတစ်ချက်ချပြီး ပြောစရာရှိသော စကားများကို ပြောလေသည်။

"မြသင်းကြူနဲ့ အခုလိုတွေ့တုန်း ပြောစရာရှိတဲ့ စကား လေးတွေပြောရဦးမယ်"

မြသင်းကြူက ခေါင်းငုံ့လျက်သားနှင့် နားထောင်နေ သည်။

"ကျွန်တော်တို့နှစ်ယောက် အခုလိုပြန်ပြီးဆုံကြရတာဖူး စာမကုန်သေးလို့ပဲ ဆိုရမှာပေါ့၊ မြသင်းကြူ သဘောကရော





ဘယ်လိုလဲဟင်. . . . "

"အစ်ကိုပြောသလိုပဲ ဖြစ်မယ်ထင်ပါတယ်"

"ဘာပဲဖြစ်ဖြစ် အခုလို ဒုက္ခတွေရောက်နေကြတဲ့ကြား က ပြန်တွေ့ကြရတာကိုတော့ ဝမ်းသာမိပါတယ်၊ ရင်မောင်ကို ပေးထားခဲ့တဲ့ ကတိအတိုင်း မြသင်းကြူကို စောင့်ရှောက်ခွင့်ရ တော့မယ်လို့လည်း ထင်ပါတယ်"

"ကျွန်မတစ်ခုတော့ မေးပါရစေ. . . "

"ဘာမေးမှာလဲ မေးလေ. . . . "

"တခြားတော့မဟုတ်ပါဘူး၊ အစ်ကိုက ကျွန်မကိုစောင့် ရှောက်ပေးမယ်ဆိုတဲ့ စကားကြားရတာတော့ ဝမ်းသာပါတယ်၊ ဒါပေမယ့် ကိုရင်မောင်ကို ကတိပေးခဲ့ပြီးသားဖြစ်လို့ စောင့် ရှောက်မယ်လို့ ပြောတာလား"

"ဒီ. . ဒီလိုချည်းလည်း မဟုတ်ပါဘူး၊ ကျွန်. . ကျွန်. . တော်ကိုယ်တိုင်ကလည်း မြသင်းကြူအပေါ်မှာ နှစ်သက်မှုရှိပါ တယ်"

ဟု အရဲစွန့်ပြီး ပြောသည်။

"ဒီစကားကရော အမှန်ပြောတာပဲလား ကျွန်မမေး တော့မှ မလွဲသာလို့ ပြောတာများလား"

"မဟုတ်ပါဘူး ကျွန်တော်ရင်ထဲရှိတဲ့ အတိုင်းပြောတာ ပါ၊ ကျွန်တော်က တခြားသူတွေကိုလည်း မလိမ်ပါဘူး"

"ဒီစကားကြားရတာ ဝမ်းသာပါတယ် အစ်ကိုရယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါထက် မြသင်းကြူရဲ့ သဘောထားကရော"

"ပြောဖို့လိုသေးလို့လား အစ်ကိုရယ် ဒီစကားတွေကို အစ်ကို မပြောဖြစ်မှာစိုးလို့ ကျွန်မကပဲ စပြီးပြောခဲ့တာ မဟုတ်ဘူးလား"

"ဟုတ်တော့ ဟုတ်ပါတယ်၊ ဒါပေမယ့် စိတ်ချလက်ချ ဖြစ်ချင်လို့ပါ"

"အစ်ကိုက အခုထိ ကျွန်မကိုစိတ်မချသေးလို့လား"

"ဒီသဘောမျိုးတော့ မဟုတ်ပါဘူး၊ ဒါပေမယ့် မြသင်းကြူပြောတာကြားရတော့ ပိုကောင်းတာပေါ့"

မြသင်းကြူက သဘောကျစွာဖြင့် တစ်ချက်ပြုံးလိုက်လေသည်။

"ဒါဖြင့်အစ်ကိုက အရင်စပြော. . ."

"ဘာပြောရမှာလဲ"

"ယောကျာ်းလေးက မေတ္တာစကားကို အရင်စပြောရမှာမဟုတ်ဘူးလား"

"အော်. . . ဟုတ်သားပဲ၊ ဟို. . ဟို. . ကျွန်တော်ကတော့ မြသင်းကြူအပေါ်မှာ မိသားပီပီ ဖသားပီပီ. . ."

"ဟင်. . ချစ်သူဖြစ်ရုံပဲ ရှိသေးတယ်၊ တစ်ခါတည်း တောင်းယူတော့မလို့လား"

"မဟုတ်ပါဘူး စကားပြောတာ လောကြီးသွားလို့ပါ၊ ကျွန်တော်ကတော့ မြသင်းကြူအပေါ်မှာ မေတ္တာရှိနေပါပြီ. . ချစ်နေပါပြီ. . မြသင်းကြူသဘောကို သိပါရစေ"





ထိုအခါမှ မြသင်းကြူက အပြုံးဖြင့် ခေါင်းငုံ့ထားရင် အဖြေပြန်ပေးလေသည်။

"ကျွန်မလည်း အစ်ကိုရဲ့ မေတ္တာကို လက်ခံပါတယ်ရှင်၊ ရှေ့ရေးအတွက်ကတော့ အစ်ကိုသဘောကျသာ စီစဉ်ပါတော့ရှင်"

ဟုကြည်ကြည်ဖြူဖြူဖြင့်ပြောလေရာ နီမောင်မှာမျက်နှာပေါ်မှာ ပီတိတွေ တဝေဝေနှင့် ကျေနပ်နေတော့သည်။

ချစ်သူဘဝ ရောက်သွားပြီဆိုတော့လည်း စကားလက်ဆုံ ပြောမကုန်အောင် ရှိနေတော့သည်။

ထို့နောက် ဦးဘဖြူတို့ လှည်းမယားပြန်လာတော့မှ ပြန်နိပြင်လေသည်။

"အစ်ကို လှေနဲ့လာတာလား"

"မဟုတ်ဘူး ခြေလျင်လာတာ"

"ဒီအချိန်မှာ တစ်ယောက်တည်းပြန်လို့ ဖြစ်ပါ့မလား"

မြသင်းကြူက ရွာထိပ်မှ သရဲခြောက်သည်ဟု နာမည်ကြီးသောညောင်လန်းပင်ကြီးရှိသော နေရာမှဖြတ်ပြန်ရမည်ကို စိုးပူသဖြင့် ပြောလိုက်ခြင်းဖြစ်သည်။

"ရပါတယ်. . စိတ်မပူပါနဲ့"

ဟု ပြောဆိုနှုတ်ဆက်ပြီး ပြန်ထွက်လာလေသည်။

အချိန်က နေညိုချိန် ကျော်လာပြီဖြစ်သောကြောင့် ပတ်



www.burmeseclassic.com

www.burmeseclassic.com



ဝန်းကျင်မှာ အမှောင်ရိပ်များ သမ်းစပြုနေချေပြီ. . ။

သစ်ပင်ကြီးများအပေါ်သို့ အိပ်တန်းတက်ရန်ပြန်လာ ကြသောကျေးငှက်သံများက ဆူညံနေလေသည်။

ရွာထိပ်ဘက်မှာရှိသော ညောင်လန်းပင်ကြီးရှိသော နေရာဘက်မှာတော့ လင်းဆွဲကြီးများ ဝဲပျံနေသည်ကို အဝေး လှမ်းမြင်ရသည်။

အခြားကျေးငှက်များက နေညိုချိန်ရောက်သဖြင့် အိပ် တန်းပြန်လာကြသော အချိန်ရောက်မှ ညဥ့်ငှက်များဖြစ်သော လင်းဆွဲများက အစာရှာထွက်ရန်ကောင်းကင်သို့ ပျံဝဲတက်လာ ကြခြင်းဖြစ်သည်။

လင်းဆွဲကြီးများကိုမြင်တော့ တလောက လှေပေါ် လှမ်းမြင်လိုက်ရသော ထူးဆန်းသောငှက်ကြီးကိုပင် ပြန်သတိ မိလေသည်။

နီမောင်သည် အတွေးကောင်းစွာဖြင့် လျှောက်လာရ ရွာထိပ်မှာရှိသော ညောင်လန်းပင်ကြီးနှင့် မနီးမဝေးသို့ ရောက် လာလေသည်။

ထိုနေရာနှင့် နီးလာတော့ လင်းဆွဲကြီးများ၏ ဆူ ညံညံအော်သံများကို ကြားရသည့်အပြင် ကောင်းကင်ပေါ်မှာပျံ နေကြသည့် လင်းဆွဲကြီးကို မြင်ရလေသည်။

ညောင်လန်းပင်ကြီးက လူသွားလမ်းဖောက်ထားသော တာရိုးပေါ်တည့်တည့်မှာ ပေါက်နေခြင်းဖြစ်ပြီး သစ်ကိုင်းသ





ခွက်များက တာရိုးပေါ်အထိ အုပ်ကျနေသည်။

အလယ်မှာ လူသွားလမ်း လောက်သာရှိပြီး ထိုနေရာ တစ်ဝိုက်မှာ သစ်ကိုင်းရိပ်များကြောင့် ပိုမှောင်နေသည်။

သစ်ပင်ကိုင်းရိပ်များသို့ ရောက်သောအခါ သူသွားမည့် လမ်းပေါ်မှာ ရပ်နေသည့် မိန်းမတစ်ယောက်ကို လှမ်းမြင်ရ သည်။

အမှောင်ရိပ်ထဲမှာ ရပ်နေသောကြောင့် ဘယ်သူဘယ် ဝါမှန်း မသိရသော်လည်း အမျိုးသမီးတစ်ယောက်မှန်းတော့ သိ လေသည်။

လမ်းပေါ်မှာ ပိတ်ရပ်နေသဖြင့် နီမောင်ကလည်း ရှေ့ ဆက်မသွားတော့ပဲ ရပ်လိုက်သည်။

"နီမောင်. . ."

သူ့အမည်ကို ခေါ်သဖြင့် အံ့သြသွားလေသည်။

ပေါင်းဝရွာသို့ ရောက်တာနှစ်လမကြာသေးသဖြင့် သူ့ အမည်ကိုသိသူက အတော်နည်းသည်။

ယခုသူ့အမည်ကို ရင်းရင်းနှီးနှီး ခေါ်သံကြားရသော ကြောင့် အံ့သြသွားသည်။

"ငါ. . . မဖဲဝါလေ မမှတ်မိတော့ဘူးလား၊ ဒီနာမည်က ပေးထားခဲ့တဲ့ နာမည်ပဲ ငါကိုမေ့သွားပြီလား"

ထိုစကား ကြားသောအခါ အံ့သြသွားလေသည်။

"မဖဲဝါ ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်လေ မှော်ဇာရွာမှာတုန်းက ငါတို့ အတူတူ နေခဲ့ကြတာ မေ့သွားပြီလား"

"မမေ့ပါဘူး မဖဲဝါရယ် ငါနင့်ကို သတိရပါတယ် ဒါထက် နင်ဒီဘဝမှာပဲ ရှိနေသေးသလား"

"ဟုတ်တယ် ပရလောကကတော့ မကျွတ်သေးဘူး ဒါပေမယ့် အရင်တုန်းကလို သုသာန်မှာနေရတဲ့ ဘဝမျိုးတော့ မဟုတ်တော့ပါဘူး"

"ငါ နင့်အတွက် စိတ်မကောင်းပါဘူးဟာ"

"ဘယ်တတ်နိုင်ပါ့မလဲ လူ့ဘဝမှာတုန်းက ကိုယ်ပြုခဲ့တဲ့ ကံအတိုင်း ခံရတာပဲ နေရဦးမှာပေါ့"

"ငါတို့လည်း မှော်ဇာရွာက ပြောင်းသွားခဲ့ပြီးကတည်း က ဒုက္ခအမျိုးမျိုးရောက်ပြီး နောက်ဆုံးပေါင်းဝပြန်ရောက်လာ တာပါပဲ"

"ငါသိပါတယ် နင်ပြန်ရောက်လာတာ. . ငါဝမ်းသာ တယ် ငါ့အတွက် အကူအညီရတာပေါ့"

"ငါက ဘယ်လိုအကူအညီပေးနိုင်မှာမို့လဲ နင်ကဘယ် လိုအကူအညီတွေ လိုနေလို့လဲ"

"နောက်တော့ ပြောပါမယ်၊ အခုတော့ ငါနင့်ကို အကူ အညီပေးဖို့ စောင့်နေတာပါ"

"ဘယ်လို အကူအညီပေးမှာလဲဟင်"

"နင်တို့ ဒီရောက်ကတည်းက ဘာမှအဆင်မပြေသေး





တာငါသိပါတယ်၊ ဒါကြောင့် အကူအညီပေးမလို့ပါ. . ပေါင်းဝ သုသာန်နားမှာ ချောင်းတစ်ချောင်းရှိတာ သိတယ်မဟုတ်လား"

"သိတယ် သုသာန်ချောင်းကို ပြောတာမဟုတ်လား"

"ဟုတ်တယ်. . အဲဒီချောင်းကို ဒီနှစ်ကစပြီး နင်လုပ်ပေတော့"

"မဖြစ်နိုင်ပါဘူး မဖဲဝါရယ်၊ ချောင်းလေလံဆွဲဖို့ ငွေသည်း တစ်ပြားတစ်ချပ်မှ မရှိပါဘူး၊ နောက်ပြီး အဲဒီချောင်းက ရွှေမောင်တို့ လေလံရသွားပြီထင်တယ်၊ တဲတွေတောင်ဆောက် နေပြီ မဟုတ်လား"

"တဲဆောက်ပေမယ့် သူတို့လုပ်လို့ မရပါဘူး၊ အဲဒီ ချောင်းက ငါ့ပိုင်နက်ထဲမှာပါတယ်၊ ငါသဘောမတူရင် ဘယ်သူမှ ဝင်လုပ်လို့ မရဘူး"

ဟုပြောလေသည်။

"ဒါဖြင့် ပေါင်းဝသုသာန်ချောင်းမှာ သရဲခြောက်တယ်ဆို တာ နင်ခြောက်လှန့်နေတာလား"

"ဟုတ်တယ်လေ ငါရှိတဲ့နေရာကို လူတွေမလာစေချင် လို့ခြောက်လှန့်ပစ်တာ. . . "

"ငါက ဘယ်လိုလုပ်ရမှာလဲ"

"သူတို့ ချောင်းလေလံရထားပေမယ့် ဒီမှာလာလုပ်လို့ မရဘူး၊ အဲဒီတော့သူတို့နဲ့ တစ်ဝက်စီစားပြီးတော့ နင်ဒီမှာလာ လုပ်ပေတော့"



www.burmeseclassic.com

www.burmeseclassic.com



"ငါတို့လာလုပ်တော့ရော လုပ်လို့ရမှာလား"

"ငါခွင့်ပေးရင် လုပ်လို့ရတယ်၊ ငါကခွင့်မပေးရင်တော့ ဘာမှလုပ်လို့ မရဘူး၊ ဒီတော့ နင်သူတို့ဆီ သွားပြောပေတော့"

"ကျေးဇူးတင်ပါတယ် မဖဲဝါရယ်"

"ကျေးဇူးတင်စရာမလိုပါဘူး၊ လူ့ဘဝတုန်းက နင့်မိသားစုရဲ့ကျေးဇူးတွေ ငါ့အပေါ်မှာ အများကြီးရှိခဲ့တာပဲ အခု အကူအညီပေးနိုင်လို့ ပေးရတာပဲ ငါကျေနပ်မိပါတယ်"

"ဒါထက် နင်ကဘယ်နေရာမှာနေတာလဲ"

"ပေါင်းဝသုသာန်နဲ့ ဒီချောင်းတစ်ဝိုက်မှာပဲ ရှိပါတယ်"

"နင့်အတွက် ငါတို့ဘာလုပ်ပေးရမလဲ"

"နင်ဒီနေရာ ရောက်လာတဲ့အခါကျတော့ လုပ်ပေးရမှာတွေ ပြောပြပါ့မယ်"

ဟုပြောပြီး သစ်ပင်နောက်သို့ ပြန်ဝင်ကာပျောက်သွားလေတော့သည်။

နီမောင်လည်း ထိုနေရာမှ ဆက်လျှောက်လာခဲ့လေသည်။

အချိန်ကညဥ့်နက်ပိုင်းသို့ ရောက်လုပေပြီ. . .။

ထိုအကြောင်းကို အိမ်ပြန်ရောက်တော့ မိဘများအား ပြောပြလိုက်တော့ ပထမတော့ ဝမ်းသာသွားကြသည်။

နောက်တော့ မဖဲဝါမှာ ယခုချိန်ထိ ပရလောကမှာ ပင် နေသေးသည်ကို သိကြရသောအခါ စိတ်မကောင်းဖြစ်မိ





သည်။

"ဒီမိန်းကလေး ငါတို့မိသားစုအပေါ်မှာ အတော်ကလေး သံယောဇဉ်ရှိရှာတယ်"

ဦးဘရှိန်က ပြောသည်။

"ဟုတ်ပါတယ် နောက်ပြီးသူ့ခမျာ အတော်ကိုကံဆိုးရှာတယ် လူ့ဘဝမှာနေခဲ့တုန်းကလည်း တောက်လျှောက်မကောင်းဘူး၊ သေပြန်တော့လည်း အခုသရဲဘဝရောက်နေတာ အတော်ကြာခဲ့ပြီ အခုထိ မကျွတ်မလွတ်သေးဘူး၊ သနားစရာပါပဲ"

ဒေါ်ကျင်မေကပါ ဝင်ပြောသည်။

"အေးလေ ဒါကတော့ သူ့ဘဝအကြောင်းပဲပေါ့၊ ကိုယ်ပြင်လို့မှ မရနိုင်တာ. . ဒါပေမယ့် သူကနောက်တစ်ဘဝကူးရင်တော့ ကောင်းတဲ့ဘဝမျိုး ရောက်နိုင်တယ်"

"ဘယ်လိုကြောင့်လဲ. . ."

"သူက အတိတ်ဘဝကံ အကျိုးပေးမကောင်းခဲ့လို့သာ ဒီလိုဘဝမျိုးရောက်နေရပေမယ့် စိတ်ထားကောင်းတယ်၊ ကျေးဇူးတရားသိတယ်၊ အခုကြည့်ပါလား ဘဝခြားနေတာတောင် ငါတို့ကျေးဇူးကို မမေ့ရှာသေးဘူး"

"ဟုတ်ပါတယ်. . ဒီလို ဘဝခြားသွားရင်တောင်မပြောနဲ့ ဘဝချင်းတူတဲ့လူ့ဘဝမှာ အတူတူရှိနေကြတဲ့လူတွေတောင် အဲသည်လို ကျေးဇူးမသိတတ်ကြဘူး၊

ကျေးဇူးရှိခဲ့ဖူးတယ် ဆိုရင်တောင် ကျေးဇူးဆပ်ဖို့ထက်



www.burmeseclassic.com

www.burmeseclassic.com



ကျေးဇူးကန်းဖို့ပဲ စိတ်ကူးနေတတ်ကြတယ်"

ဟုပြောဆိုနေကြသည်။

စောထီးနှင့် ငမဲအောင်တို့ကလည်း မဖဲဝါနှင့်ပြန်တွေ့ပြီး သုသာန်ချောင်းမှာ အလုပ်လုပ်ရတော့မည်ဆိုသောကြောင့် ဝမ်းသာနေကြသည်။

"ငါတို့တလောက နတ်စင်ဘက်သွားပြီး နတ်ဓားယူ တုန်းက လမ်းမှာ သရဲသဘက်တွေ နှောင့်ယှက်ကြသေးတယ် အဲဒီတုန်းကလည်း အမှောင်ထဲက အမျိုးသမီးတစ်ယောက်ထွက် လာပြီး အကူအညီပေးလို့ မကောင်းဆိုးဝါးတွေ ထွက်ပြေးသွား ကြတာ"

"အဲဒီတုန်းကဝင်ပြီး အကူအညီပေးသွားတာ သူပဲဖြစ် မယ်ထင်တယ်. . . ."

"ငါတို့ကိုဝင်ပြီးကူညီပေးတဲ့သူက သူပဲရှိတာပဲ သူပဲဖြစ် မှာပေါ့"

"ဘာပဲဖြစ်ဖြစ်ပေါ့ကွာ ဒီနေရာမှာသူရှိနေတော့ ငါတို့ အတွက် တစ်ဖက်တစ်လမ်းက အားကိုးတစ်ခုတော့ ရနိုင်တာ ပေါ့၊ ဒါထက် ရွှေမောင်တို့က ချောင်းကိုလေလံဆွဲပြီးမှ မလုပ်နိုင် ကြတာ သူနှောင့်ယှက်နေတာပေါ့နော်. . ."

"ဟုတ်တယ်. . လုပ်ရင်းနဲ့လူတွေသေတာ မကြားဘူး လား"

"ဒီလိုဆိုရင်သူတို့ မွေးကျွေးထားတဲ့ သရဲနက်ကျော်တ





ဘာမှမလုပ်ဘူးလား"

"မလုပ်နိုင်လို့ ဖြစ်မှာပေါ့ကွာ လုပ်နိုင်ရင်တော့ ဘယ် နေပါ့မလဲ"

"ဒါဖြင့် ငါတို့ကံကောင်းတာပဲပေါ့ကွာ. . ."

ဟု အချင်းချင်းပြောဆိုနေကြလေသည်။





www.burmeseclassic.com

www.burmeseclassic.com





## ( အခန်း ၁၀ )

# ပေါင်းဝသုသာန်စောင့်နှင့် အဆက်ရှိသူ

နီမောင်တို့သုံးယောက် ဝင်ရောက်သွားသောအခါ အိမ်ရှေ့ကွပ်ပျစ်ပေါ်မှာ ဦးစိုင်းမောင်၊ ရွှေမောင်နှင့် မယ်ဇာရီတို့ ရှိနေကြသည်။

၎င်းတို့သည် သုသာန်ချောင်းကို မည်သို့မည်ပုံဆက်လုပ်ကြမည်ကို တိုင်ပင်ဆွေးနွေးနေကြသောအချိန်လည်း ဖြစ်သည်။ နီမောင်တို့ ဝင်လာတာမြင်တော့ တအံ့တသြကြည့်နေကြ



www.burmeseclassic.com

www.burmeseclassic.com



သည်။

"ဘာကိစ္စရှိလို့လဲ"

ဦးစိုင်းမောင်က မေးလိုက်သည်။

"တခြားတော့ မဟုတ်ပါဘူး သုသာန်ချောင်းလေလံကို ဦးလေးတို့ ရထားပြီးပြီဆိုတာ သိပါတယ် ဆက်လုပ်ကြဦးမလား ဆိုတာ သိချင်လို့လာမေးတာပါ"

နီမောင်က ထိုသို့မေးသောအခါ မနီးမဝေးမှာရှိနေသော မယ်ဇာရီကပါ စိတ်ဝင်စားသဖြင့် ကြည့်နေလေသည်။

"လေလံကတော့ ရထားပြီးပါပြီ၊ ငါတို့ကလည်း တခြားအလုပ်တွေများတော့ အဲဒီဘက်မလှည့်နိုင်သေးဘူး၊ ဒါထက်မင်းတို့က ဘယ်လိုလုပ်ချင်တာလဲ"

"ဦးလေးတို့ မလုပ်နိုင်လို့ တစ်ဝက်စားနဲ့ချပေးမယ်ဆိုရင်တော့ လုပ်ချင်ပါတယ် ဒါကြောင့်လာမေးကြည့်တာပါ"

နီမောင်စကားကြားသောအခါ သားဖသုံးယောက်သား တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်ကြသည်။

သူတို့မလုပ်နိုင်သော အခြေအနေမျိုးမှာ ထိုသို့လာပြောမည့်သူရှိလာသည်ကပင် စိတ်သက်သာရာ ရသွားကြလေသည်။

"မင်းတို့က တစ်ဝက်စားနဲ့ လုပ်ပေးမယ်ဆိုတာကတော့ဟုတ်ပါပြီ၊ ဘယ်လိုလုပ်မှာလဲ ဘယ်လောက်အထိလုပ်ပေးမှာလဲ"

ရွှေမောင်ကပါ ဝင်မေးလိုက်သည်။





"ကျွန်တော်တို့ကို ချပေးရင် နှစ်ပေါက်အောင်လုပ်ပေးနိုင်ပါတယ်"

နီမောင်က ရဲရဲဝံ့ဝံ့ပင်ပြန်ပြောလိုက်လေသည်။

"ဒါထက်မင်းတို့က ဒီနယ်က မဟုတ်ဘူးလား"

"မဟုတ်ပါဘူး ကျွန်တော်တို့က အောက်နယ်ကပြောင်းလာတာမကြာသေးပါဘူး"

နီမောင်က အရင်က ထိုနယ်မှာနေသွားခဲ့သည့် အကြောင်းများကိုတော့ မပြောတော့ပေ။

"ပြောင်းလာတာ သိပ်မကြာသေးတော့ ဒီနယ်အကြောင်းတွေလည်း သိပ်သိကြပုံ မပေါ်သေးဘူး၊ လုပ်လို့ဖြစ်ပါ့မလား"

"ဖြစ်နိုင်ပါတယ်"

"သုသာန်ချောင်းက သရဲခြောက်တယ်လို့တော့ အတော်ကလေးနာမည်ကြီးတယ်၊ ငါတို့လည်းတခြားကပြောင်းလာတာဆိုတော့ သိပ်မသိသေးပါဘူး၊ မင်းတို့ရော သတင်းကြားမိဘူးလား"

"ကြားသင့်သလောက်တော့ ကြားပါတယ်"

"ကြားရက်သားနဲ့ ဘာကြောင့် လုပ်ဖို့လာပြောတာလဲ"

"လုပ်နိုင်မယ်ထင်လို့ လာပြောတာပါ"

နီမောင်က အေးအေးဆေးဆေးပင် ပြန်ပြောလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ပြောသဖြင့် ဦးစိုင်းမောင်ကရော မယ်ဇာရီကပါ သဘောကျသွားကြလေသည်။

သို့သော် ရွှေမောင်ကတော့ စီးပွားရေးသမားပီပီ သေချာအောင်ထပ်ပြောပြန်သည်။

"တစ်ဝက်နဲ့လုပ်တာကတော့ ဟုတ်ပါပြီ တကယ်လို့ လုပ်ပြီးတော့ တစ်ဝက်တစ်ပျက်နဲ့ ဆက်မလုပ်နိုင်တော့ရင် ဘယ်လိုလုပ်မလဲ၊ တစ်ဝက်ကျိုးနေမှဆိုတော့ ကျန်တဲ့လူတွေကလည်း ဝင်လုပ်ချင်ကြမှာ အဟုတ်ဘူး"

"တကယ်လို့ နှစ်ကုန်တဲ့အထိ ဆက်မလုပ်နိုင်ပဲ ကျွန်တော်တို့ဘက်က ပျက်ကွက်သွားခဲ့ရင် ခင်များတို့ချောင်းဖိုးငွေကို ဖြစ်တဲ့နည်းနဲ့ ပြန်ပေးပါမယ်"

ဟု ရဲရဲဝံ့ဝံ့ပြောလိုက်သောအခါ သားအဖသုံးယောက်စလုံး ကျေနပ်သွားကြပြီး ဘာမှဆက်မပြောသာတော့ပေ။

ဦးစိုင်းမောင်ကတော့ နီမောင်အမူအရာကိုကြည့်ပြီး သဘောအကျကြီး ကျနေတော့သည်။

ထို့နောက်မှာတော့ သူကြီးဦးဖိုးထင်ကိုပါခေါ်ပြီး ၎င်းတို့ ရှေ့မှောက်မှာပင် ၎င်းတို့လေလံရထားသော သုသာန်ချောင်းကို နီမောင်တို့နှင့် ထက်ဝက်စားလုပ်ရန် သဘောတူကြောင်းနှင့် အကယ်၍ နှစ်ကုန်သည်အထိ ဆက်မလုပ်နိုင်ပါက နီမောင်တို့ဘက်မှ ချောင်းလေလံဖိုးငွေ ပြန်ပေးမည့်အကြောင်းပါ စာဖြင့် ရေးသားကာ ဦးဖိုးထင်ကို အသိသက်သေထားလျက် စာချုပ်စာတမ်းဖြင့် လွှဲပေးလိုက်လေတော့သည်။

ထိုသို့ လွှဲပေးပြီးနောက် ဦးဖိုးထင်က ဦးစိုင်းမောင်နှင့် နှစ်ယောက်ချင်းတွေ့သောအခါ ပြောသည်။

"ဒီချောင်းက သရဲခြောက်လွန်းလို့ ဘယ်သူမှ မလုပ်ဝံ့ပဲ ပစ်ထားရတဲ့ချောင်းပဲ ခင်ဗျားတို့က ဘယ်သူမှလေလံမဆွဲဝံ့တဲ့ ချောင်းကို အလကားလိုလိုနဲ့ ရခဲ့တာ မဟုတ်လား"

"ဟုတ်ပါတယ်ဗျာ. . ."

"အခုထက်ဝက်စားနဲ့ လုပ်ပေးမယ့်သူကလည်း အဆင်သင့်ပေါ်လာပြန်တယ်၊ အလုပ်မဖြစ်ရင်တောင်မှ ချောင်းဖိုးငွေက ရဦးမယ်၊ ခင်ဗျားအနေနဲ့ ဘာမှ နစ်နာစရာမရှိတော့ပါလား ဦးစိုင်းမောင်ရဲ့"

"ဒီလိုပါပဲ သူကြီးမင်းရယ် လူမစွမ်းတော့နတ်မပေးတယ်ထင်ပါရဲ့၊ သူကြီးမင်းတို့ ကျေးဇူးတွေလည်း ပါပါတယ်ဗျာ"

ဟုမြောက်ပင့်ပြောနေရာ ဦးဖိုးထင်လည်း အကျေနပ်ကြီး ကျေနပ်သွားလေတော့သည်"

ချောင်းလုပ်ငန်းများကို နီမောင်တို့ကလုပ်ကြရမည်ဖြစ်သော်လည်း လိုအပ်သောအသုံးအဆောင်ပစ္စည်းများကိုတော့ ရွှေမောင်တို့ထံမှ ယူကြရသည်။

ပိုက်နှင့် လိုအပ်သောပစ္စည်းများကို စာရင်းရေးမှတ်ပြီး မယ်ဇာရီက ထုတ်ပေးရသောကြောင့် သူနှင့်တွေ့ရခြင်းပင်ဖြစ်လေသည်။





www.burmeseclassic.com

www.burmeseclassic.com



"အခုတော့ ငါပြောတဲ့ စကားမှန်နေပြီ မဟုတ်လား"

"ဘာကိုပြောတာလဲ"

"တစ်နေ့ကျရင် နင် ငါတို့ဆီမှာ အလုပ်လာလုပ်ရမယ် ဆိုတာမှန်နေပြီ မဟုတ်လား"

"ဒါကတော့ နင်ပြောသလို အခစားဝင်လုပ်ရတာမှ မဟုတ်တာ စပ်တူသဘောမျိုးလုပ်ကြတာပဲ၊ ပြောရရင်တော့ နင်တို့ မလုပ်နိုင်တာကို ငါကဝင်လုပ်ပေးရတာပဲ"

နီမောင်ထံမှ ထိုစကားမျိုးကြားသောအခါ မယ်ဇာရီမှာ မျက်နှာတစ်ချက် ဖျက်သွားလေသည်။

ပြီးမှ ချက်ချင်းမျက်နှာပြင်လိုက်ကာ မေးသည်။

"နင်ဘယ်လို သိတာလဲ"

"မသိပဲရှိပါမလား . . ဒီသုသာန်ချောင်းက သရဲခြောက် လွန်းလို့ ဘယ်သူမှ လုပ်လို့မရတာ လူတိုင်းသိနေတာပဲ ငါတို့ လည်း သိတာပေါ့"

ဟု အရေးမကြီးသလို ပြန်ပြောလိုက်သည်။

"ဒီလိုသိနေတာတောင် နင်ကဘာကြောင့်လုပ်တာလဲ"

"ငါက သူများမလုပ်နိုင်တဲ့အလုပ်တွေကို စိတ်ဝင်စား တယ် ခက်ခဲတဲ့အလုပ်တွေကို လုပ်ချင်တယ်၊ ဒါကြောင့်လုပ်မယ် လို့ပြောခဲ့တာပဲ"

"နင်က ဒီလိုစိတ်ဓာတ်မျိုးရှိတဲ့ လူတစ်ယောက်ဆိုက တော့ မြင်ကတည်းငါသိပါတယ်၊ သူများတွေ ဘယ်သူမှ မလုပ်





နိုင်တဲ့ချောင်းကို နင်လုပ်ရင်ကော ရမယ်လို့ထင်သလား"

"ငါကတော့ ရမယ်လို့တော့ ထင်တာပဲ၊ ဟုတ်မဟုတ် တော့စောင့်ကြည့်မှ ပဲသိရတော့မှာပဲ"

"တကယ်လို့သာ သရဲခြောက်လွန်းလို့ ဘယ်သူမှ ဝင် မလုပ်ဝံ့တဲ့ မလုပ်နိုင်တဲ့ ချောင်းကိုနှစ်လုံးပေါက်တဲ့အထိ လုပ်နိုင် မယ်ဆိုရင်တော့ နင်က သာမန်တော့ ဟုတ်မယ်မထင်ဘူး. . တခြားလူတွေထက် ထူးခြားတဲ့လူတစ်ယောက်မှပဲ ဖြစ်ရမှာပေါ့"

"အဲဒါကတော့ ပြီးအောင်လုပ်နိုင် မလုပ်နိုင်တော့ စောင့်ကြည့်နေပေါ့. ."

"ငါကတော့ နင်တို့ဘာမှ မဖြစ်ပဲနဲ့ ချောချောမောမော နဲ့ပြီးအောင်လုပ်နိုင်ပါစေလို့ ဆုတောင်းပေးပါတယ်၊ ဘာပဲဖြစ် ဖြစ်ပေါ့လေ နင်အခုလို ငါတို့နဲ့ တွဲပြီးအလုပ်လာလုပ်တဲ့ အခြေ အနေမျိုးရောက်လာတာကိုပဲ ငါကတော့ကျေနပ်ပါတယ်. ."

ဟုပြောပြီး နီမောင်တို့လိုအပ်သော ပစ္စည်းများကို စာ ရင်းနှင့်တကွ ထုတ်ပေးလိုက်လေသည်။

ပိုက်၊ လှေ၊ ယင်းချပ်များ၊ ဝါးတိုင်၊ သစ်သားတိုင်၊ ငါး ပစ္စန်ထည့်ရန် ခြင်းတောင်းများ၊ ဖျာကြမ်းများ၊ မီးတိုင်မီးခွက်မှ အစပိုက်ထောင်ရာတွင် အသုံးပြုရန်လိုအပ်သော ပစ္စည်းများကို ယူရလေသည်။

ထိုပစ္စည်းများကို ယူဆောင်ပြီးနောက် နီမောင် စောသီး နှင့် ငမဲအောင်တို့သုံးယောက်က သုသာန်ချောင်းဝမှ တစ်ဝက်



www.burmeseclassic.com

www.burmeseclassic.com



တစ်ပျက်သာဆောက်ထားသော ပိုက်တဲရှိရာသို့ အလျင်အမြန် ပြောင်းသွားကြလေသည်။

ထိုတဲနေရာသို့ ရောက်သောအခါ မပြီးသေးသောတဲကို ပြီးအောင်ဆောက်ကြသည်။

တိုင်စိုက်၊ မြေသားကုန်းဖို့၊ ဓနိမိုး၊ ဓနိကာတဲကြီးဖြစ်ပြီး ရေတစ်ပိုင်း ကုန်းတစ်ပိုင်း ဆောက်ထားခြင်းဖြစ်လေသည်။

ချောင်းရှိသောဘက်တွင် ငါးပုစွန်တင်ရန်နေရာ၊ ငါးပုစွန်ရွေးရန်အတွက် ရေစင်တစ်ခု ဆောက်သည်။ ထိုရေစင်နံဘေးမှာ ရေတက်ချိန်ဖြစ်စေ ရေကျချိန်ဖြစ်စေ အသုံးပြုနိုင်ရန်နိုင်သော ရေဆင်းတံတားတစ်ခုကိုလည်း သစ်သားများဖြင့် အခိုင်အမာဆောက်ကြသည်။

တဲအတွင်းမှာတော့ တစ်ဝက်မှာ လူများနေထိုင်ရန် ပြုလုပ်ထားပြီး ကျန်တစ်ဝက်ကတော့ ပုစွန်ခြောက်ကျပ်တိုက်ရန် နေရာလုပ်ထားရသည်။

ကျပ်စင်နှင့် မနီးမဝေးမှာ ပုစွန်ပြုတ်ရန်အတွက် ဒယ်အိုးကြီးများလည်း အဆင်သင့်ချထားသည်။

ပိုက်ချက်ကတော့ ထွေထွေထူးထူးမဟုတ်ပေ။ တဲရှိသောနေရာနှင့် မနီးမဝေးမှာပင် ပြုလုပ်ထားသည်။ ပိုက်ချက်ဟုသာဆိုသော်လည်း ပိုက်ကို နေရာအနည်းငယ်လောက်သာအသုံးပြုကြပြီး အများအားဖြင့်တော့ ယင်းတိုယင်းရှည်များကိုအသုံးပြုကာ ပုစွန်ဖောင်ပြုလုပ်ကြခြင်းပင်ဖြစ်သည်။





ချောင်းထဲမှာပြုလုပ်သော ပုစွန်ဖောင်ပုံသဏ္ဌာန်မှာ ခင်လယ်ပြင်၌ ပြုလုပ်သော. . အသုံးပြုသော စန္ဒားပုံသဏ္ဌာန်မျိုးပင်ဖြစ်သည်။ အဝပိုင်းကားပြီး နောက်ပိုင်းရှူးသွားသော လင်းနို့တောင် ပုံသဏ္ဌာန်ဖြစ်လေသည်။

လူနေရန် တဲများ၊ ငါးပုစွန်ထောင်ရန် ပိုက်များ၊ ဖောင်များ အဆင်သင့်ပြီးသောအခါ ရေလုပ်သားတို့ ထုံးစံအတိုင်း တင်မြှောက်ပသဖြင်းများ ပြုလုပ်ကြရသည်။

ဦးစွာ နယ်တော်ရှင်၊ မြို့တော်ရှင်၊ ရွာတော်ရှင်တို့ ဆွမ်းပွဲများဖြင့် တင်မြှောက်ပသရသည်။

ထိုသို့ တင်မြှောက်ခြင်းကို ဦးရှင်ကြီးဆွမ်းတင်သည်ဟု ခေါ်ကြသည်။ ပြီးမှ. . အဘိုးနတ်၊ ကွင်းပိုင်၊ ချောင်းပိုင်တို့ကို အရက်၊ ထမင်း၊ ကြက်သားဟင်း၊ ဘဲဥ၊ ကွမ်းယာ ဆေးလိပ်တို့နှင့် တင်မြှောက်ပသကြရသည်။

ထိုကဲ့သို့ တင်မြှောက်ပသခြင်းကို နေဝင်ချိန်မှ ပြုလုပ်ကြလေရာ ပွဲတင်ပြီး၍ စွန့်သောအခါ လာရောက်စားသောက်ကြသော မည်းမည်းသဏ္ဌာန်များကို ဗိုးတဝါးတွေ့မြင်ကြရသည်။

ညဉ့်ဦးပိုင်းအချိန်ရောက်တော့ မဖဲဝါရောက်လာလေသည်။

နီမောင်က သူမအတွက် စားသောက်စရာများကျွေးမွေးသောအခါ အပြင်ဘက်မှပင်ထိုင်ပြီး စားသောက်လေသည်။

"မဖဲဝါ ငါတို့ကို အကူအညီပေးတဲ့အတွက်ကျေးဇူး



www.burmeseclassic.com

www.burmeseclassic.com



တင်ပါတယ်၊ နင်အတွက်ငါတို့က ဘာလုပ်ပေးရမလဲ"

"ငါနေဖို့ နေရာတစ်နေရာ လုပ်ပေးပါ"

"ဘယ်နေရာမှာ လုပ်ပေးရမှာလဲ"

"နင်တို့ကို စောင့်ရှောက်ပေးလို့ရနိုင်အောင် တဲနဲ့ မနီး မဝေးမှာ ငါ့အတွက်တစ်နေရာ လုပ်ပေးပါ"

"ဟိုကညင်ပင်ကြီးအောက်မှာ ဆိုရင်ရမလား"

"အဲဒီကညင်ပင်မှာ ရုက္ခစိုးရှိတယ် ငါနေလို့ မရဘူး"

"ဒီလိုဆိုရင် ဟိုဘက်က ပျဉ်းမပင်မှာရော. . . "

"အဲဒီမှာလည်း နေတဲ့သူတွေရှိတယ်"

"ဒါဖြင့် ငါတို့တဲနဲ့ မနီးမဝေးမှာပဲ တဲတစ်လုံးဆောက် ပေးရမလား၊ တဲဆောက်ပေးပြီးရင်ဘာတွေလိုမလဲ"

"တဲပေါ်မှာ ကြောင်နက်ရုပ်တစ်ရုပ် ထားပေးပါ"

ထိုစကားကြားတော့ နီမောင်က သဘောပေါက်သွား လေသည်။ မဖဲဝါ လူ့ဘဝမှာရှိစဉ်က ကြောင်နက်နှင့်ပတ်သတ် သောအကြောင်းများရှိခဲ့ရာ. . ထို့ကြောင့် ကြောင်နက်ရုပ် ထား ခိုင်းခြင်းပင်ဖြစ်လေသည်။

(ထိုအကြောင်းများကို သိလိုပါက 'မဖဲဝါနှင့် ဝေမာနိဏ ရန်ငြိုး' စာအုပ်တွင်ပြန်လည် ဖတ်ရှုနိုင်ပါသည်)

"ကောင်းပါပြီ နောက်ထပ်ဘာတွေလိုသေးလဲ"

"နောက်တော့ အမျိုးသမီး အသုံးအဆောင်ပစ္စည်းတွေ နဲ့ အကျီလုံချည်အနက်၊ ပဝါအနက်ပါ ထားပေးပါ. ."





ဟု ပြောသဖြင့် နီမောင်ကလည်း ပြုလုပ်ပေးပါမည်ဟု ကတိပေးလိုက်လေသည်။

ထို့နောက်ပိုင်းမှာတော့ စောထီး၊ ငမဲအောင်တို့နှစ် ယောက်နှင့် တဲငယ်တစ်လုံးဆောက်ရန် ပြင်ဆင်ကြသည်။

ထိုတဲကို သူတို့နေမည့်တဲ အနောက်ဘက်သစ်ချုံများ အစပ်တွင် ဆောက်ပေးလိုက်ပြီး. . မဖဲဝါအလိုရှိသော အနက် ရောင် အဝတ်အစားများ၊ အမျိုးသမီးအသုံးအဆောင် ပစ္စည်း များအပြင် ဆေးအနက်ရောင်သုပ်ထားသော ကြောင်နက်ရုပ်ကြီး တစ်ရုပ်ကိုပါ ထိုတဲ၌ ထားပေးလိုက်လေသည်။

ထူးခြားသောအချက်မှာ ညအချိန်ရောက်သောအခါ ထိုတဲရှိသောဘက်မှ ကြောင်တစ်ကောင်အော်သံကိုပါ ကြားကြ ရလေသည်။

"နီမောင် ဟိုဘက်တဲက ကြောင်အောင်သံကြားရတယ်၊ မဖဲဝါမွေးထားတဲ့ ကြောင်နက်ကြီးများ ဒီနေရာပြန်ရောက်နေပြီ လားမသိဘူး"

"ဟုတ်ချင်လည်းဟုတ်မှာပေ့ါ။ အဲဒီကြောင်နက်ကြီးက သူမွေးစအချိန်ကတည်းက သူရှိတဲ့နေရာရောက်လာတာလို့ တော့ ပြောသံကြားရတာပဲ၊ နောက်ပိုင်းမှာတော့ သူယောကျ်ား ခံပချိုင်သတ်လို့ သေသွားတာလို့ ပြောကြတာပဲ"

"ဒီလိုဆိုရင်တော့ အခုမဖဲဝါကလည်း ဝိညာဉ်အသ ရောက် ကြောင်နက်ကြီးကလည်း ဝိညာဉ်ဘဝရောက်နေပြီ

www.burmeseclassic.com



ဆိုတော့ အတူတူပြန်နေကြတာလည်း ဖြစ်နိုင်တာပဲ”

ဟု အချင်းချင်းပြောဆိုနေကြလေသည်။

နီမောင်တို့သုံးယောက်မှာ သုသာန်ချောင်းဝသို့ ပြောင်း ရွှေ့လာကြသည်မှာ အတော်ကြာခဲ့လေသည်။

မိုးမကျခင် ပြုလုပ်စရာမှန်သမျှကို ပြုလုပ်ထားရာ ပြီး နေကြလေပြီ. . .။

ထိုရက်များအတွင်းမှာ အနှောင့်အယှက်တစ်စုံတ ရာမတွေ့ကြရပဲ အေးအေးချမ်းချမ်းပင်ရှိကာ လုပ်ကိုင်နိုင်ကြ လေသည်။

အခြားသူများဆိုလျှင် တစ်ညနှစ်ညထက်ပိုကြာအော မနေနိုင်သောနေရာမှာ ရက်အတော်ကြာသည်အထိ ဘာသံ မကြားရပဲ နေကြသော နီမောင်တို့ကို ကြည့်ပြီး ဦးစိုင်းမော တို့ကပင် အံ့သြနေကြတော့သည်။

“ဘယ်လိုဖြစ်တာလဲအဖေ ကျွန်တော်တို့သွားလုပ်တော လက်မခံပဲ နီမောင်တို့သွားလုပ်တော့လည်း ဘာမှပြောသံမကြ ရပါလား”

ဟု ရွှေမောင်ကပြောသည်။

“သူတို့က အဲဒီနေရာမှာရှိတဲ့သူတွေနဲ့ အဆင်ပြေ ဖြစ်မှာပေါ့၊ ဒါကြောင့်အဆင်မပြေရင် ချောင်းဖိုးငွေပေးမယ် ပြီး ငါတို့ဆီက ယူသွားဝံ့တာဖြစ်မှာပေါ့”

“ကျွန်တော်တော့ သိပ်မကျေနပ်ဘူး၊ တခြားသူတွေ





လုပ်နိုင်အောင် သူတို့ကများ လုပ်ထားသလား မသိဘူး”

ထိုစကားကြားသောအခါ မယ်ဇာရီကဝင်ပြောလေ သည်။

“လူတစ်ဖက်သားကို ဒီလိုတော့မထင်သင့်ဘူး၊ သူတို့က ငါတို့နောက်မှ ဒီနေရာကို ရောက်လာကြတာမဟုတ်လား၊ နင် သိတဲ့အချက်က နီမောင်က နင်ထင်သလို သာမန်လူတစ် ယောက် မဟုတ်ဘူးဆိုတာ မြင်ကတည်းက ငါအကဲခတ်မိတယ်”

“ဒါဖြင့် သူကဆရာတစ်ယောက်လား”

“ဆရာတော့ မဟုတ်ပါဘူး၊ ဒါပေမယ့် သူ့ကိုပရလော ကသားတွေက အနှောင့်အယှက်မပေးကြဘူး၊ လိုအပ်ရင် ဝိုင်း ပြီးအကူအညီတောင်ပေးကြသေးတယ်ဆိုတာ ငါသိတယ်”

ဟု မယ်ဇာရီကပြောသောအခါ ရွှေမောင်လည်း နောက်ထပ်ဘာမှ မပြောတော့ပေ။

သူ့စိတ်ထဲမှာတော့ နီမောင်တို့ကို ဘယ်လိုအကြောင်း ကြောင့်ဘယ်လို ပရလောကသားများက အကူအညီပေးနေတာ လဲ. . . သူတို့ကို ဒုက္ခပေးခဲ့သော သုသာန်စောင့်မဖဲဝါနှင့် ဘယ် လိုများအကြောင်းအဆက်ရှိခဲ့ကြသလဲ ဆိုတာတော့ စိတ်ထဲမှာ သိချင်နေမိလေသည်။





www.burmeseclassic.com

www.burmeseclassic.com





## ( အခန်း ၁၂ )

# သွေးဆာနေသော သွေးစုပ်မိစ္ဆာ

အချိန်ကာလမှာ တဖြည်းဖြည်းနှင့် နွေနှောင်းကာလ ရောက်လာပြီး မကြာမီမိုးဦးကျရာသီ ရောက်လာတော့မည်။

ထိုအချိန်မျိုးတွင် ကျေးလက်တောရွာများ၌ နေထိုင်ကြသူတို့မှာ များစွာအလုပ်ရှုပ်ကြရသောအချိန်မျိုးလည်း ဖြစ်ပေသည်။

မိမိတို့နေသောအိမ်များ၊ တဲများပြုပြင်ခြင်း၊ အမိုးအကာ



www.burmeseclassic.com

www.burmeseclassic.com



များအသစ်လဲတန်လဲခြင်း၊ နွားတင်းကုပ်များပြုပြင်ခြင်း၊ မြေဖို့ခြင်းများ ပြုလုပ်ကြရခြင်း၊ လယ်ယာလုပ်ငန်းဝင်ရန်အတွက် ပစ္စည်းကိရိယာများ ပြင်ဆင်ကြခြင်း၊ ရေလုပ်ငန်းလုပ်ကြမည့်သူတို့မှာလည်း ငါးပုစွန်ဖမ်းဆီးရန် ပစ္စည်းကိရိယာများ ပြုပြင်ကြရသောအချိန်မျိုး ဖြစ်သည်။

နီမောင်တို့ကတော့ စောစောပိုင်းကတည်းက တဲဆောက်ခြင်း၊ ယင်းများ၊ ပိုက်များချခြင်းစသောအရေးကြီးသောလုပ်ငန်းတို့ကို ကြိုတင်ဆောင်ရွက်ထားပြီးဖြစ်ရာ ရာသီချိန်နီးသောအခါ အဆင်သင့် ဖြစ်နေကြလေပြီ။

ထိုကဲ့သို့ မိုးဦးကျရာသီ နီးလာတော့မှ ပေါင်းဝရွာအပါအဝင် ထိုနေရာတစ်ဝိုက်မှာနေကြသော ကျေးရွာများမှာ ဘေးအန္တရာယ်ဆိုးတစ်ခု ကျရောက်လာလေတော့သည်။

အခြားမဟုတ်ပါချေ။

နေဝင်ရီတရောအချိန်ရောက်လျှင် ဘယ်နေရာမှ ထွက်လာမှန်းမသိရသော လင်းနို့များ ရွာများအတွင်းသို့ရောက်လာပြီးနောက်အသီးအနှံများကို ဖျက်ဆီးကြသည်။

လူများကိုလည်းခြင်ကောင်များ ဝင်ကိုက်သကဲ့သို့ တွယ်ကပ်ပြီးနောက် သွေးစုပ်ယူကြခြင်းပင် ဖြစ်တော့သည်။

အကောင်အရွယ်အစား မကြီးလှသော်လည်း ၎င်းတို့က ချွန်ထက်လှသော အစွယ်များ၊ သွားများဖြင့် အသားကိုကိုက်ဖောက်ပြီး သွေးစုပ်ယူကြလေသည်။





လင်းနို့များမှာ လူများအိပ်ပျော်နေချိန်ကျမှ ဝင်ရောက်လာကြပြီး လည်ပင်းကိုဖောက်ကာ သွေးစုပ်ယူသွားတတ်ကြလေသည်။

လင်းနို့များမှာ ကြွက်စုတ်သာသာလောက်သာ အရွယ်အစားရှိသော်လည်း မျက်လုံးကပြူးထွက်နေပြီးအစွယ်က ချွန်ထက်လှသည်။

၎င်းတို့အစွယ်ဖြင့် ထိုးဖောက်သွားသောနေရာမှာ အစွယ်ရာနှစ်ချက် ကျန်ခဲ့သည်။

လူများကို ကိုက်ရာမှာတော့ အများအားဖြင့် လည်ပင်းတစ်ဝိုက်ကိုသာ ကိုက်ဖောက်ကာ သွေးစုပ်ယူကြလေသည်။

ကျွဲနွားတိရစ္ဆာန်တို့မှာလည်း လင်းနို့များ သွေးစုပ်ယူသောဒဏ်ကို ခံကြရလေသည်။

လူများကမှ အကာအကွယ်ရှိသေးသော်လည်း၊ တင်းကုပ်နှင့် ခြံများအတွင်းမှာထားသော တိရစ္ဆာန်တို့မှာ ဒီအတိုင်းသာ ခံကြရလေသည်။

လင်းနို့အကိုက်ခံရသောဒဏ်ရာမှာ သိပ်တော့မကြီးလှပေ၊ အစွယ်ရာနှစ်ချက်သာရှိသည်။

ထိုအစွယ်ရာနှစ်ချက်မှာ အထိုးခံရစဉ်က နီရဲသာနီနေပြီး နောက်အချိန်ကြာလာသောအခါ တဖြည်းဖြည်းရင်းလာလေတော့သည်။

ဒဏ်ရာရှိသော နေရာတစ်ဝိုက်မှာ မနေသာအောင်



www.burmeseclassic.com

www.burmeseclassic.com



ယားယံလာသောကြောင့် ကုတ်မိသည်။

လက်သည်းကြောင့်ပွန်းပဲသွားပြီး အညစ်အကြေးများ ဝင်လာသော အနာဖြစ်လာသည်။

ထိုအနာက ညှော်နံ့၊ နွားချေးနံ့၊ ရွံ့ပုပ်နံ့များ ရှူမိသောအခါ ပိုရင်းလာပြီး အနာကြီးများ ဖြစ်လာကြလေတော့သည်။ အနာရှိန်တက်သောအခါ အချို့နေမကောင်းဖြစ်ကြသည်။ အချို့အဖျားဝင်ကာ မထနိုင်ကြတော့ပေ. . ။

ထိုအခါ ဦးဗန်ကောင်းမှာ နေမကောင်းဖြစ်နေသူများကို ၄င်းမှာရှိသော ဆေးဝါးတို့ဖြင့် ကုသပေးရလေသည်။

သို့ကြောင့် လူနာကများပြီး ဆေးဆရာဇာတစ်ယောက်တည်းဖြစ်နေသောကြောင့် လက်မလည်အောင်ဖြစ်နေတော့သည်။

နောက်ဆုံး ဆေးများပါကုန်သွားသောကြောင့် အခက်ကြုံရလေသည်။

"ဆရာကြီး ကျုပ်တို့ရွာမှာတော့ ကပ်ဆိုးတွေဝင်နေပြီ ဒီလင်းနို့တွေက ဘယ်ကများ ရောက်လာကြသလဲမသိပါဘူး"

"အရင်ကရော ဒီလိုဖြစ်ခဲ့ဘူးလား"

"ဒီလိုတော့ မဖြစ်ခဲ့ဖူးပါဘူး၊ ဝမ်းရောဂါတော့ ဖြစ်ဖူးပါရဲ့. . ဒီလိုလင်းနို့တွေ ဝင်လာပြီး တစ်ရွာလုံးဒုက္ခပေးတာတော့ ဒီတစ်ခါပဲ ကြုံဖူးသေးတယ်"

"အင်း. . ထူးဆန်းတာတော့အမှန်ပဲ၊ လင်းနို့ဆိုတာ ည





ဘက်ရောက်တော့မှ ထွက်လာတာဆိုတော့ ဘယ်နေရာကလာမှန်းလည်းမသိရဘူး"

"ဘယ်လိုလုပ်ရင်ကောင်းမလဲဆရာကြီး၊ တော်ကြာလူအသေအပျောက်တွေများလာရင် ခက်မယ်"

"ကျုပ်လည်း တတ်နိုင်သလောက်တော့ ကုပေးနေတာပဲ၊ ဒါပေမယ့်ရှိတဲ့ဆေးတွေ ကုန်သွားပြီဆိုတော့ ဆေးသွားဝယ်ရဦးမယ်. . "

"ဘယ်မှာသွားဝယ်ရမှာလဲ"

"ဒီရွာက အနီးဆုံး ပုသိမ်ကိုပဲသွားရမှာပဲ၊ တစ်ညအိပ်လောက်တော့ကြာမယ်"

"မြန်မြန်သာ သွားဝယ်ပါဗျာ၊ ဆေးဖိုးအတွက်လည်း လိုသလောက် ကျုပ်ပေးလိုက်ပါ့မယ်"

ဟုပြောဆိုကာ ဆေးဝယ်ရန် ငွေအပြင် ပုသိမ်သွားရန် လှေပါ စီစဉ်ပေးလိုက်လေသည်။

ဦးဗန်ကောင်းလည်း လှေခတ်သူနှစ်ဦးနှင့်အတူ ပုသိမ်မြို့သို့သွားကာ လိုအပ်သောဆေးများ ဝယ်ယူလေသည်။

ထိုသို့ဆေးဝယ်နေစဉ် ပရဆေးဆိုင်တစ်ဆိုင်ရောက်သောအခါ ဆေးဆရာကြီးတစ်ယောက်နှင့် တွေ့ရလေသည်။ သူဝယ်နေသော ဆေးအမယ်များကိုကြည့်ကာ ထိုဆရာကြီးက မေးလေသည်။

"ခင်ဗျားတို့ရွာမှာ ကပ်ရောဂါတွေများ ဖြစ်နေရောသ

www.burmeseclassic.com



လားဗျ. . .”

“ဟုတ်ပါတယ်ဆရာကြီး ဘယ်လိုများသိပါသလဲ”

“ခင်ဗျားဝယ်တဲ့ ဆေးအမယ်တွေကြည့်ရင် သိနိုင်တာပဲ ဒါထက် ဘယ်လိုရောဂါမျိုးတွေ ဖြစ်နေတာလဲ”

“လင်းနို့တွေ အုပ်စုလိုက်ဝင်ပြီး၊ လူတွေနဲ့ တိရစ္ဆာန်တွေကို သွေးစုပ်ရာကနေ ရောဂါတွေဝင်လာတော့တာပါပဲ”

ဦးဇန်ကောင်း စကားကြားသောအခါ ဆေးဆရာကြီးက ပြောသည်။

“အဲဒါဆိုရင်တော့ မပေါ့နဲ့ဗျို့၊ ဒါ သွေးရိုးသားရိုးဖြစ်တဲ့ ရောဂါမျိုး မဟုတ်ဘူးဗျ၊ အမှောင့်ပယောဂတွေပါတယ်၊ ဒါမျိုးက ရိုးရိုးဖြစ်တဲ့ ကပ်ရောဂါတွေထက် ပိုပြီးကြောက်စရာကောင်းတယ်”

ထိုစကားကြားသောအခါ ဆေးဆရာကြီးက ကွမ်းတမြုံ့မြုံ့ဝါးရင်းနှင့် စဉ်းစားနေသည်။

ပြီးမှပြောသည်။

“ကျုပ်က ဒီအရပ်က မဟုတ်ပါဘူး၊ ဟိုးရှမ်းပြည်ဘက်ကလာတာပါ၊ ဒီနယ်မှာရှိတဲ့ အသိမိတ်ဆွေ ဘုန်းကြီးတစ်ပါးဆီလာရင်းနဲ့ တွေ့ရတာပါ၊ တကယ်လို့ ခင်ဗျားအတွက် အကူအညီလိုအပ်မယ်ဆိုရင်တော့ ကျုပ်လိုက်ပြီး အကူအညီပေးနိုင်ပါတယ်”

ဟုပြောလေရာ ဦးဇန်ကောင်းမှာ များစွာဝမ်းသာသွားလေတော့သည်။

“ဘုရားမတာပါပဲ ဆရာကြီးနဲ့တွေ့ရတာ အကြောင်းမဲ့တော့ ဟုတ်မယ်မထင်ဘူး၊ နတ်ကောင်းနတ်မြတ်တွေက အကူအညီပေးလို့သာ ဖြစ်မှာပါပဲ၊ ဆရာကြီးလိုက်နိုင်မယ်ဆိုရင်တော့ ကျွန်တော်တို့နဲ့ တစ်ပါးတည်းလိုက်ခဲ့ဖို့ ပင့်ပါတယ်. . .”

ထိုသို့ခေါ်လေရာ ဆေးဆရာကြီးလည်း လိုအပ်သော ဆေးဝါးပစ္စည်းများကို လွယ်အိတ်ကြီးတစ်လုံးထည့်ကာ ယူဆောင်လျက် ဦးဇန်ကောင်းတို့နှင့်ပင် တစ်ပါတည်းလိုက်လာခဲ့လေတော့သည်။

ဆေးဆရာကြီး၏ အမည်မှာ ဦးဒီပဖြစ်ပြီး အသက် (၆၀)ကျော်အရွယ်ခန့် ရှိသည်။

အသားဖြူဖြူ ပိန်ပိန်ပါးပါးနှင့် ဦးခေါင်းပေါ်မှာ သျှောင်တစောင်းထုံးကာ ပဝါဖြင့်ပတ်ထားသည်။

မျက်နှာပေါ်မှာ နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေးများရှိပြီး အဖြူရောင်သမ်းနေပြီ။

ပင်နီရင်ဖုံးအင်္ကျီနှင့် ပုဆိုးကိုဝတ်ဆင်လျက် ပါးစပ်ထဲမှာ ကွမ်းကိုမပြတ် ဝါးနေတတ်သည်။

ဆေးလွယ်အိတ်ထဲမှာပင် ကွမ်းအစ်သေးသေးတစ်လုံးပါလာပြီး ပါးစပ်ထဲမှာ ကွမ်းတစ်ယာကုန်သွားလျှင် နောက်တစ်ယာကို အဆင်သင့်ပြင်ကာ ပါးစပ်ထဲမှာ မပြတ်ဝါးနေတတ်သူဖြစ်သည်။






www.burmeseclassic.com

www.burmeseclassic.com



ရွာသို့ ရောက်သောအခါ ဦးဖိုးထင်နေအိမ်မှာပင်တည်းပြီး ရွာထဲမှာ နေမကောင်းဖြစ်နေသူတို့ကို ဦးဇန်ကောင်းနှင့်အတူ လိုက်လံကုသပေးလေသည်။

ဆရာကြီး ဦးဒီပ အသုံးပြုသော ဆေးများမှာ သာမန်ဆေးများမဟုတ်ပေ။

ဂမုန်းနီ၊ ဂမုန်းဖြူ၊ ဂမုန်းနက် စသော ဂမုန်းမင်များဖြင့် ဖော်စပ်ထားသောဆေးများဖြစ်ရာ ရောဂါပျောက်ကင်းမှုကို ထိရောက်လှသည်။

ထို့အပြင် ရောဂါဖြစ်နေသူတို့ကို အဆောင်လက်ဖွဲ့ကလေးများလည်း တစ်ခုစီ လည်ပင်းမှာ ဆွဲပေးလိုက်လေသည်။

"ဒီရောဂါမျိုးတွေဖြစ်တယ်ဆိုတာ သာမန်မဟုတ်ဘူး၊ ပယောဂမိစ္ဆာတွေနဲ့ အနှောင့်အယှက်တွေလည်း အနည်းနဲ့အများ ပါတယ်ဗျ၊ ရောဂါဖြစ်နေတာက ကုရတာလွယ်တယ်၊ သူတို့ပါလာရင် ကုရတာခက်တယ်"

"မှန်ပါတယ် ဆရာကြီး"

"ဒါကြောင့် ရောဂါလည်းကု အနှောင့်အယှက်ပေးနေတဲ့ အမှောင့်ပယောဂတွေကိုလည်း အနားမကပ်နိုင်အောင် ကြိုတင်စီမံထားရတယ်ဗျ"

"ကောင်းပါတယ်ဆရာကြီး၊ ဆရာကြီးပါလာလို့သာပဲ ကျွန်တော်တစ်ယောက်တည်းဆိုရင်တော့ ဒီလောက်များတဲ့ အနှောင့်အယှက်တွေကို ဘယ်နည်းနဲ့မှ နိုင်မှာမဟုတ်ပါဘူး"





"မြွေကိုက်ခံရတာ ရိုးရိုးဖြစ်ရင် မြွေဆိပ်တက်နေတာကို ချရတာလွယ်တယ်၊ ပယောဂဝင်ပူးနေရင်တော့ မြွေဆိပ်ချလည်း မကျတော့သလိုပေါ့၊ အခု အနှောင့်အယှက်တွေ အနားမကပ်နိုင်အောင်စီမံထားပြီးရင်တော့ လင်းနို့အကိုက်ခံရတဲ့ ဒဏ်ရာလောက်ကတော့ ကုရတာလွယ်ပါတယ်၊ တစ်ရက်နှစ်ရက်ဆိုရင်ပျောက်ပါတယ်"

"အခုလိုလာပြီး အကူအညီပေးတာ ကျေးဇူးတင်ပါတယ်၊ တစ်ရွာလုံး ဆရာကြီးကယ်ပေးတဲ့ အသက်ပဲရှိပါတော့တယ်"

"ဒီလိုလည်း ဘယ်ဟုတ်ပါမလဲ၊ ကျုပ်တစ်ယောက်တည်း အစွမ်းကြောင့်ချည်းလည်း မဟုတ်ပါဘူး၊ ခင်ဗျားရဲ့ ကြိုးစားအားထုတ်မှုတွေလည်း အများကြီးပါပါတယ်၊ ဒါနဲ့ မပြီးသေးဘူး ဦးဇန်ကောင်းရဲ့. . ."

"ဘာတွေကျန်သေးလဲ ဆရာကြီး. ."

"ရောဂါတွေရဲ့ ဇစ်မြစ်ကို သိရပြီဆိုရင် တရားခံကိုရှာရဦးမယ်၊ အခုဖြစ်နေတာတွေကို ပျောက်အောင်ကုလို့ရတယ်ဆိုပေမယ့် အမှောင့်ပယောဂရဲ့ အခြေအမြစ်ကို သိအောင်ရှာဖွေပြီး အမြစ်မဖြတ်နိုင်ရင်တော့ ထပ်လာဦးမှာပဲဗျ. . ."

"ဒီတော့ ဘယ်လိုလုပ်ရင်ကောင်းမလဲ ဆရာကြီး"

"ဒီလိုဖြစ်အောင် ဖန်တီးနေတဲ့ တရားခံမိစ္ဆာကို ရှာဖွေရမယ်၊ သူ့ကိုတွေ့ပြီး အမြစ်ဖြတ်နိုင်မှသာ အေးမယ်၊ မဟုတ်ရင်



www.burmeseclassic.com

www.burmeseclassic.com



တော့ တစ်ချိန်မဟုတ်တစ်ချိန် ပြန်ရောက်လာဦးမှာပဲ"

ဆရာကြီး ဦးဒီပ ရောက်လာပြီး နောက်ပိုင်းမှာ ရွာထဲသို့ လင်းနို့များ မရောက်လာတော့ပေ။

သို့ကြောင့် လူနှင့်တိရစ္ဆာန်များလည်း လင်းနို့များရန်မှ အတန်သင့် ကင်းဝေးကာ သက်သာရာရသွားကြသည်။

တစ်နေ့တော့ ဦးဒီပရွာအပြင်ဘက်သို့ လှည့်ကြည့်ချင်သည်ဆိုသောကြောင့် ဦးဇန်ကောင်းက ရွာအတွင်းအပြင်သို့ လိုက်ပြလေသည်။

ထိုသို့လှည့်ကြည့်ရှုရင်းမှ ရွာအစွန်ဘက်မှာရှိသော နှစ်ဆောင်ပြိုင်အိမ်ကြီးရှိရာဘက်သို့ ရောက်သွားကြလေသည်။

၎င်းတို့နှစ်ယောက် စကားတပြောပြောနှင့် လျှောက်လာကြသည်ကို ဒေါ်မင်းဇာကထွက်လာပြီး ခေါ်လေသည်။

"ဆရာကြီးတို့ ဘယ်ကလှည့်လာကြသလဲ ကြွကြိုက်တုန်း အိမ်ထဲဝင်ကြပါဦး၊ ကွမ်းဆေးလက်ဖက်နဲ့ ဧည့်ခံချင်လို့ပါရှင်. . "

ဟုထွက်ခေါ်လေရာ အားနာသဖြင့် ထိုအိမ်ထဲသို့ဝင်ထိုင်ကြသည်။ ဦးဇန်ကောင်းအနေဖြင့် ပေါင်းဝရွာစွန်ဘက်မှ နှစ်ဆောင်ပြိုင်အိမ်တစ်လုံး ရှိသည်ဟုသာ သတင်းကြားသော်လည်း ထိုအိမ်သို့ အဝင်အထွက်မပြုဖူးသေးပေ. . .။

ယခုမှသာ ရောက်ဖူးခြင်းဖြစ်တော့သည်။

အိမ်ထဲရောက်တော့ ဦးစိုင်းမောင်နှင့်ဒေါ်ရွှေလေးတို့က လာရောက်နှုတ်ဆက်ကြသည်။

ပြီးမှ အခြားနေရာသို့ ထသွားကြသည်။

ဒေါ်မင်းဇာက သူတို့နှစ်ယောက်ကိုကွမ်း၊ ဆေး၊ လက်ဖက်၊ လက်ဖက်ရည်တို့ဖြင့် ဧည့်ခံရင်း စကားပြောသသည်။

ထိုသို့ပြောနေရင်းမှာပင် မယ်ဇာရီပါရောက်လာပြီး အနားမှာ ထိုင်နေလေသည်။

"အခုတလောရွာထဲမှာ ရောဂါတွေဖြစ်နေတယ်လို့ သတင်းကြားရပါတယ်၊ အခြေအနေဘယ်လိုရှိပါသလဲ ဆရာကြီး"

ဟုဒေါ်မင်းဇာက မေးသည်။

"ကျုပ်တို့နှစ်ယောက်လည်း တတ်နိုင်သလောက်တော့ ကုသပေးကြတော့ သက်သာသင့်သလောက်တော့ သက်သာနေကြပါပြီ"

"ဘယ်လိုရောဂါမျိုးလည်း ဆရာကြီး၊ ရွာထဲကို လင်းနို့တွေဝင်လာပြီး ကိုက်တာလို့တော့ ပြောသံကြားပါတယ်. . . "

"ဟုတ်ပါတယ် လင်းနို့ကိုက်ရာကနေ အနာဖြစ်ကြတာပါ"

"ဒီလောက်များတဲ့ လင်းနို့တွေ ဘယ်နေရာက ရောက်လာကြတာလည်း ဆရာကြီး"

"ဒီနေရာတွေက တောတွေတောင်တွေနဲ့ မဝေးလှတော့ တောတွေထဲက ထွက်လာတာပဲဖြစ်ဖြစ်၊ ရိုးမတောင်ဘက်ကထွက်လာတာပဲဖြစ်ဖြစ်၊ ရောက်လာနိုင်ပါတယ်"




☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



"ကြောက်စရာပါပဲ၊ ရွာသားတွေကတော့ ကြောက်လန့်ပြီးတော့ ပယောဂဝင်တယ်၊ မိစ္ဆာတိုက်တယ်လို့ ပြောနေကြတယ်"

"အမှောင့်ပယောဂဆိုတာကတော့ နေရာတကာမှာ ရှိနေကြတာပဲ၊ မဟုတ်ဘူးလို့လည်း အတပ်မပြောနိုင်ပေဘူးပေါ့"

ဦးဒီပက စကားပြောရင်းနှင့် မနီးမဝေးမှာထိုင်နေသော မင်ဇာရီကို တစ်ချက်ကြည့်လိုက်သည်။

လက်ဖက်ရည်ကြမ်းသောက်နေရင်းမှာ မယ်ဇာရီကို အကဲခတ်ကြည့်နေမှန်း သိသောအခါ ဒေါ်မင်းဇာကပြောလိုက်သည်။

"ညည်းက လူကြီးတွေစကားပြောနေတဲ့ နေရာမှာ ဘာကြောင့်လာထိုင်နေရတာလဲ၊ သွား. . သွား. . ကိုယ့်အလုပ်ရှိတာသွားလုပ်ချေ. . ."

ဟုပြောလိုက်တော့မှ နေရာမှထသွားလေသည်။

"တကယ်လို့သာ ဆရာကြီးပြောသလို. . . အမှောင့်ပယောဂတိုက်တာတွေ မှန်ရင်တော့ ကြောက်စရာပဲ၊ ဆရာကြီးတို့အနေနဲ့ရော ဖယ်ရှားပေးဖို့ အဆင်ပြေပါ့မလား"

ဟု စိုးရိမ်နေသော အသံမျိုးဖြင့် မေးလိုက်လေသည်။

"ဒါကတော့ တတ်နိုင်သလောက်တော့ ဖယ်ရှားပေးရမှာပေါ့ဗျာ၊ ကျုပ်တို့လို ဆေးဆရာဆိုတာက ကိုယ်ကျိုးထက် အများအကျိုးအတွက် လုပ်နေကြရတာဆိုတော့ ဘာပဲဖြစ်ဖြစ်





ပေါ့ ရွာသူရွာသားတွေ ကျန်းမာချမ်းသာအောင်တော့ လုပ်ပေးရမှာပါပဲ၊ ကိုင်းအခုလို ဧည့်ခံကျွေးမွေးတာကျေးဇူးတင်ပါတယ်ဗျာ၊ ဒါထက် နာမည်ရော ဘယ်လိုခေါ်ပါသလဲ. . ."

"ဒေါ်မင်းဇာလို့ ခေါ်ပါတယ် ဆရာကြီးတို့ကရော ဘယ်သူတွေပါလဲ"

"ကျုပ်နာမည်က ဦးဒီပလို့ခေါ်ပါတယ်၊ သူကဦးဇန်ကောင်းလို့ခေါ်ပါတယ်၊ ကျုပ်က ရှမ်းပြည်နယ်ဘက်က လာခဲ့တာပါ"

ဟုပြောဆိုနှုတ်ဆက်ပြီး ပြန်ထွက်သွားကြလေသည်။

ထိုအခါမှ မယ်ဇာရီက အိမ်ခန်းထဲမှ ပြန်ထွက်လာသည်။

"သူတို့က ဆရာတွေမဟုတ်လား အဘွား"

"ကျွန်မလည်း သိတန်သလောက်တော့ သိပါတယ် အဘွားရယ်"

"ဟိုတစ်ယောက်က တခြားနယ်ကလာတာလို့ ပြောသွားတယ်၊ သူက သာမန်ဆရာတစ်ယောက်တော့ မဟုတ်ဘူး၊ သူ့ဆီမှာ ဆေးကောင်းဝါးကောင်းတွေ ပါတယ်၊ အရင်ကလို စိတ်ထင်တိုင်းလုပ်လို့ မသင့်တော့ဘူး၊ တော်ကြာဒုက္ခတွေ့သွားနိုင်တယ် သိရဲ့လား. . ."

ဒေါ်မင်းဇာက ထိုသို့ပြောသဖြင့် မယ်ဇာရီက မျက်လုံးအဝိုင်းသားဖြင့် ကြည့်နေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါထက် ညည်းရဲ့ရောဂါအခြေအနေကရော ဘယ်လို ရှိသလဲ"

"အခုတလောတော့ ကောင်းနေပါတယ်၊ ကျွန်မနဲ့သင့် လျော်တဲ့သွေး ရနေရင်တော့ အသက်ရှည်မှာပါပဲ. . . "

ထိုစကားကြားသောအခါ ဒေါ်မင်းဇာက စိတ်မကောင်း သောအမူအရာဖြင့် မြေးဖြစ်သူကို ကြည့်လိုက်လေသည်။

မယ်ဇာရီ၏ မျက်နှာလေးမှာ ဖြူဖပ်ဖြူရော်ဖြစ်နေလေ သည်။

သွေးရောင်မရှိတော့သကဲ့သို့ ဖြစ်နေသည်။

ဒေါ်မင်းဇာက မယ်ဇာရီမျက်နှာကိုကြည့်နေရင်း သက် ဆိုးရှည်နိုင်ပါတော့မလားဟုလည်း တွေးပူနေမိလေသည်။

သူ့စိတ်ထဲမှာ ပြီးခဲ့သောအကြောင်းများကို ပြန်လည် သတိရနေမိလေသည်။

ဒေါ်မင်းဇာတို့မိသားစုမှာ ယခင်ကရှမ်းပြည်နယ်ဘက် မှာ နေခဲ့ကြသူများဖြစ်သည်။

မယ်ဇာရီမမွေးခင်အထိတော့ သူတို့မိသားစုများ၏ အခြေအနေမှာ ပုံမှန်အခြေအနေသာ ရှိခဲ့ကြသည်။

မယ်ဇာရီ မွေးဖွားလာပြီး အရွယ်ရလာသောအခါမှသာ အခြေအနေက ပြောင်းလဲခဲ့ရခြင်းဖြစ်သည်။

မယ်ဇာရီမှာ မွေးကလည်း သွေးခမ်းခြောက်သောရော ဂါ( ယခု အခေါ် အဝေါ်နှင့် ရေးရလျှင် သွေးကင်ဆာရောဂါပင် ဖြစ်သည်။) ပါလာလေသည်။

သို့သော် သူကိုယ်ထဲမှာရှိသော သွေးအမျိုးအစားကို ရှာဖွေပြီး လစဉ်တိုင်း သွင်းပေးကြရသည်။

၎င်းတို့မိသားစုမှာ ထိုကိစ္စကို မည်သူမှ အသိမပေးကြ ပဲ လျှို့ဝှက်စွာပြုလုပ်ခဲ့ကြလေသည်။

နောက်ပိုင်းတော့ ပတ်ဝန်းကျင်မှလူများက တဖြည်း ဖြည်း ရိပ်မိလာကြပြီး မိသားစုများကို ရန်ရှာကြသောအခါ မူလ နေရာမှ ထွက်ပြေးခဲ့ကြရသည်။

နောက်တစ်နေရာရောက်တော့လည်း နှစ်အနည်းငယ် ကြာအောင်သာနေကြရပြီး ပတ်ဝန်းကျင်မှသိသည်နှင့် နောက် တစ်နေရာသို့ပြောင်းရွှေ့ကြရပြန်၏။

ဤသို့ဖြင့် တစ်နေရာပြီးတစ်နေရာ ရွှေ့ပြောင်းကြရပြီး မယ်ဇာရီအသက်ရှင်နိုင်စေရန် ကြိုးစားပေးခဲ့ကြရသည်။

နောက်ပိုင်းတော့ မယ်ဇာရီလည်း တဖြည်းဖြည်းနှင့် အရွယ်ရောက်လာသောအခါ ဒေါ်မင်းဇာက သူမကို သူ့ဘာသာ သွေးရအောင် ရှာဖွေနိုင်အောင် သင်ကြားပေးခဲ့လေသည်။

ထိုအတတ်ပညာမှာ လမိုက်ညများတွင် လင်းနို့အသွင် ပြောင်းပြီး သားကောင်များကို လိုက်လံရှာဖွေပြီး သွေးစုပ်ယူနိုင် သောပညာပင်ဖြစ်သည်။

ထိုအတတ်ပညာဖြင့် အသွင်ပြောင်းပြီး သွေးစုပ်ယူရ သော်လည်း သူမကိုယ်ခန္ဓာထဲမှာရှိသော သွေးအမျိုးအစားနှင့်တူ





☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



မှသာ အဆင်ပြေပြီး အမျိုးအစားမတူသော အခြားသွေးများကို ရပြန်သောအခါမှာ အဆင်မပြေလှပေ. . .။

ရွာများထဲသို့ လင်းနို့များဝင်ရောက်လာခြင်းမှာ ၎င်းတို့ စနက်ပင်ဖြစ်သည်။

ထိုသို့ လင်းနို့များဝင်ရောက်လာသောအချိန်မှာ မယ်ဇာရီက လင်းနို့အသွင်ပြောင်းကာ အပြင်သို့ ရောနှောထွက်ကာ သားကောင်းကို လိုက်လံရှာဖွေခြင်း ဖြစ်တော့သည်။

ယခုတော့ သူမအတွက် အခွင့်အရေးက သိပ်မရတော့ပေ။ ဦးဒီပရောက်လာပြီး မိစ္ဆာများကို ဖယ်ရှားပေးနေရာ သူမအတွက်လည်း အခွင့်အရေးရရန် မလွယ်တော့ပေ. . .။

"နင်ဘယ်လိုလုပ်မယ် စိတ်ကူးထားလဲ"

မယ်ဇာရီက သက်ပြင်းတစ်ချက် ချလိုက်လေသည်။

"ဒီအတိုင်း နေရင်လည်း သေရမှာပဲ၊ သေရမယ့် အတူတူတော့ ကျွန်မအသက်ရှင်နိုင်ဖို့အတွက်တော့ ဖြစ်တဲ့နည်းနဲ့ ကြိုးစားယူရမှာလဲ"

ဟုပြန်ပြောလေသည်။

"ဒါပေမယ့် သတိဝီရိယတော့ထားပါ။ အခုတောင်မှ ငါ သတိထားမိသလောက်ပြောရရင် သူကနင့်ကို အကဲခတ်မိတဲ့သ ဘောမျိုးပဲ ညောင်သီးလည်းစား၊ လေးညှို့သံလည်း နားထောင် ပေါ့ ငါ့မြေးရယ်. . ."

ဒေါ်မင်းဇာက စိတ်မကောင်းသော အမူအရာဖြင့် မယ်





ဇာရီ၏ ဦးခေါင်းကို လက်ဖြင့်သပ်ကာပြောပြီး နေရာမှ ထသွားလေတော့သည်။

မယ်ဇာရီမှာ နေရာမှာ ထိုင်လျက်သားကျန်နေရင်းမှ မျက်လုံးအိမ်ထဲမှာ ပြည့်တက်လာသော မျက်ရည်တို့ကို အဝတ်စဖြင့် တို့သုတ်ပစ်လိုက်လေသည်။





www.burmeseclassic.com

www.burmeseclassic.com





## ( အခန်း ၁၃ )

# မိစ္ဆာကျောကွင်းမှ သားကောင်

အချိန်က ညဥ့်ဦးပိုင်း အချိန်ဖြစ်သည်။

ကောင်းကင်မှာ မိုးတိမ်ရိပ်များ ရှိနေသည်က တစ်ကြောင်း၊ လမိုက်ညဖြစ်သောကြောင့်သော်လည်းကောင်း အလင်းရောင်မရှိပဲ ပတ်ဝန်းကျင်တစ်ဝိုက်မှာ မှောင်မည်းလျက်ရှိနေလေသည်။

ပေါင်းဝရွာအပါအဝင် ထိုနေရာတစ်ဝိုက်မှာ နေကြသော ရွာသားများမှာ ယခုလိုအမှောင်ဖုံးသော ညမှောင်ရောက်



www.burmeseclassic.com

www.burmeseclassic.com



လာလျှင် အန္တရယ်ဆိုးများ ရောက်လာတတ်သောကြောင့် ထိတ်လန့်ကြောက်ရွံ့နေကြလေသည်။

ထိုကဲ့သို့သော အချိန်မျိုးတွင် အကြောင်းကြီးငယ်မရှိပါပဲ ဘယ်သူမှ အပြင်မထွက်ဝံ့သော အချိန်မျိုးလည်းဖြစ်သည်။ ထိုအချိန်မျိုးမှာ ပေါင်းဝသုသာန်ချောင်းမှာရှိသော နီမောင်တို့ဆောက်ထားသော ပိုက်ဖောင်တဲမှ ထူးထူးခြားခြား ဧည့်သည်နှစ်ယောက် ရောက်နေကြသည်။

ဦးဗန်ကောင်းနှင့် ဆရာကြီးဦးဒီပတို့ပင် ဖြစ်သည်။ ၎င်းတို့ နှစ်ယောက်မှ နေစောင်းသောအချိန်တွင် နီမောင်တို့ သုံးယောက်ရှိသောတဲသို့ ရောက်လာကြသည်။

နီမောင်တို့ကလည်း ဆရာကြီးနှစ်ယောက်ရောက်လာကြသဖြင့် ဝမ်းသာအားရဖြင့် ညနေစာချက်ပြုတ်ကျွေးမွေးပြီး ညအချိန်ရောက်သောအခါ လက်ဖက်ရည်၊ ပုစွန်ခြောက်၊ ငါးရံ့ခြောက်မီးဖုတ်စသည်တို့ ဧည့်ခံကျွေးမွေးရင်း စကားဝိုင်းဖွဲ့နေကြခြင်းဖြစ်သည်။

ထိုသို့ စကားပြောနေကြရင်းမှပင် ဦးဒီပပြောသည်။

"ဒီလိုနေရာမျိုးက သာမန်လူတွေမလုပ်နိုင်ကြတဲ့ နေရာမျိုးပဲ ဒီလိုနေရာမျိုးမှာ လုပ်နိုင်တယ်ဆိုတော့ ဒီနေရာတစ်ဝိုက်မှာရှိကြတဲ့ ပရလောကသားတွေနဲ့ အဆင်ပြေနေပုံရတယ်"

"မှန်ပါတယ် ဆရာကြီး"

"ဒီလိုပဲပေါ့လေ. . . လူလူချင်းပဲဖြစ်ဖြစ်၊ လူနဲ့တိရစ္ဆာန်





ပဲဖြစ်ဖြစ်၊ လူနဲ့ပရလောကသားတွေနဲ့ပဲဖြစ်ဖြစ် ဆက်ဆံကြတဲ့ နေရာမှာ မေတ္တာကအရေးကြီးတယ်၊ မေတ္တာနဲ့လုပ်ကြတာ လောက် ဘယ်အရာမှအဆင်မပြေနိုင်ပါဘူး၊ မင်းကသူတို့အပေါ်မှာ မေတ္တာနဲ့ဆက်ဆံတော့လည်း သူတို့ကလည်း မင်းကိုစောင့်ရှောက်ကြတာပေါ့"

"ဟုတ်ပါတယ် ဆရာကြီး"

ထိုသို့ပြောနေရင်းမှာပင် ဦးဗန်ကောင်းက ဝင်မေးလိုက်သည်။

"ကျွန်တော်တို့ ဝင်ခဲ့တဲ့ အိမ်က ဒေါ်မင်းဇာတို့ မြေအဘွားကိုတွေ့တော့ ဆရာကြီးဘယ်လိုမြင်ပါသလဲ"

"သူတို့လည်း သူတို့အကြောင်းတွေတော့ ရှိကြမှာပေါ့၊ ကျုပ်အမြင်ပြောရရင်တော့ သူတို့က သာမန်အနေအထားမျိုးတော့ မဟုတ်ကြဘူး"

"ကျွန်တော်လည်းထင်နေလို့ မေးကြည့်တာပါ၊ မေးလက်စနဲ့မေးရဦးမယ် သူတို့က စုန်းကဝေတွေလား"

"ဒီလိုတော့လည်း အတပ်ပြောဖို့ ခက်တယ်ဗျ၊ စုန်းနဲ့ပတ်သက်ပြီး အမျိုးအမည်တွေနဲ့ အဆင့်အတန်းကွာခြားမှုတွေလည်းအများရှိတယ်၊ တောရွာတွေမှာတော့ ဆင်ကွပ်စုန်း၊ နဖားတပ်စုန်း၊ ရွာသူစုန်း၊ ရွာသမီးစုန်း၊ ကဝေစုန်း၊ အိမ့်တလိမ့်စုန်း၊ ဇော်ဂနီစုန်းဆိုပြီး အမည်နာမတွေ ခွဲထားတာတွေ ရှိကြတယ်"

"မှန်ပါတယ် ဆရာကြီး၊ အဲဒါတွေကမှ ထိပ်ပြီးအမျိုး



www.burmeseclassic.com

www.burmeseclassic.com



အစားကွဲပြားသွားတာတွေလည်း အများကြီးရှိပါတယ်”

“မှန်ပါတယ်၊ ဒါပေမယ့် အမျိုးအမည်တွေသာ ကွဲပြားပေမယ့် တကယ်တမ်းချုပ်လိုက်ရင်တော့ နှစ်မျိုးလောက်ပဲ ရှိပါတယ်၊ တစ်မျိုးက မိမိရဲ့ဝိညာဉ်ကို တခြားသူတွေနဲ့ဝိညာဉ်နဲ့ ရောစပ်ပြီး လိုသလို စေခိုင်းနိုင်တဲ့ စုန်းမျိုးဗျ”

“နောက်တစ်မျိုးကရော ဆရာကြီး”

“နောက်တစ်မျိုးက သူကတစ်ပါးသူရဲ့ဝိညာဉ်ကို မပူးကပ်နိုင်ပေမယ့် တခြားဝိညာဉ်ကလာပြီး ပူးကပ်ရင်တော့ လက်ခံနိုင်တဲ့စုန်းမျိုးလည်း ရှိသဗျ. . .”

“ဟုတ်ကဲ့. . .”

“တခြားသူရဲ့ဝိညာဉ်ကို သွားရောက်ပူးကပ်နိုင်တယ်ဆိုပေမယ့်လည်း ကြောက်တတ်တဲ့သူတွေ လိပ်ပြာငယ်တတ်တဲ့သူတွေကိုသာ ဝင်ကပ်ဝင်ပူးနိုင်တာဗျ”

ပြောရရင်တော့ စိတ်ဓာတ်ပျော့ညံ့တဲ့သူတွေကိုသာ ပူးကပ်နိုင်ပြီး စိတ်အင်အားကောင်းသူတွေဆိုရင် ဝင်ကပ်ဖို့မဆိုနဲ့ အနားတောင် မကပ်နိုင်ဘူးဗျ”

“ဆရာကြီးပြောတာမှန်ပါတယ်၊ ဒါကြောင့် စုန်းပူး၊ နတ်ပူးပြီဆိုရင် ယောကျ်ားတွေထက် စိတ်ဓာတ်ပျော့ညံ့တဲ့ မိန်းမတွေကို ပူးတာက ပိုများတယ်”

“ဟုတ်တယ်ဗျ၊ လူတစ်ယောက်ကို စုန်းပူး၊ နတ်ပူးခိုင်းတာပဲဖြစ်ဖြစ်၊ ဝိညာဉ်ပူးကပ်ခိုင်းတာပဲဖြစ်ဖြစ် ကာယကံရှင်





ကစိတ်တင်းထားရင် ဝင်မကပ်နိုင်ဘူး၊ ဒါကြောင့် စိတ်လျှော့ထားဖို့ ဘေးကသတိပေးနေရတာပေါ့”

ဆရာကြီးကစကားရပ်ပြီး လက်ဖက်ရည်တစ်ခွက် သောက်သည်။

“ဆရာကြီးပြောသလိုပါပဲ၊ အပူးအကပ်ခံရတဲ့သူတွေကလည်း စုန်းတွေနတ်တွေက သူတို့ကိုယ်ထဲကို ဝင်လာတာမဟုတ်ပါဘူး၊ ဝင်ပူးခံရတဲ့သူရဲ့ စိတ်ထဲမှာ နတ်ဝင်တယ် စုန်းပူးတယ်လို့တောင် ထင်နေတာကလည်း တစ်ကြောင်းပါတယ်၊ နောက်တစ်ချက်က စိတ်ကအင်အားပျော့နေတော့ ပတ်ဝန်းကျင်မှာရှိတဲ့ မိစ္ဆာဝိညာဉ်တွေက ဝင်ပူးတာကို ခံကြရတာမျိုးလည်း ရှိပါတယ်”

“မှန်တာပေါ့ဗျာ၊ အပူးအကပ်ခံရတယ်ဆိုတာလည်း ပင်ကိုယ်စွဲလမ်းတဲ့စိတ်နဲ့လည်း ဆိုင်တယ်ဗျ”

“ဘယ်လိုစွဲလမ်းမှုမျိုးလည်း ဆရာကြီး”

“ဒီလိုစွဲလမ်းမှုမျိုးက စိတ်ပျော့တဲ့ အမျိုးသမီးတွေမှာ ပိုပြီးအဖြစ်များကြတယ်ဗျ၊ ဒါပေမယ့် တချို့ယောကျ်ားတွေလည်း ဒီလိုစွဲလမ်းမှုမျိုးတွေ ရှိတတ်ကြတယ်”

“ဘယ်လိုစွဲလမ်းမှုမျိုးလဲ ဆရာကြီး”

“ယောကျ်ားတွေဆိုရင် မင်းကို ဘိုးဘိုးအောင်၊ ဘိုးမင်းခေါင် စောင့်ရှောက်ပေးနေတယ်၊ မင်းကြီးမင်းလေး နတ်ကစောင့်ရှောက်ပေးနေတယ်၊ ဝက်သားအမဲသား မစားနဲ့ဆိုရင်



www.burmeseclassic.com

www.burmeseclassic.com



တကယ် ယုံတတ်ကြတယ်၊ သူတို့စိတ်ထဲမှာလည်း အဲဒီပုဂ္ဂိုလ်တွေက အနားမှာရှိနေကြသလို ခံစားကြရတယ်"

"မှန်ပါတယ် ဆရာကြီး"

"မိန်းကလေးအများစုကတော့ သိုက်ဆက်ရှိတယ်၊ နဂါးသိုက်ဆက်ရှိတယ်လို့ ပြောရင်ပဲ ယုံကြည်လွယ်ပြီး ကျေနပ်နေကြတယ်၊ နင်က ဘယ်သိုက်ကလာတာ သိုက်ထဲမှာ ညီမတွေ၊ မောင်တွေကျန်နေတယ် သူတို့က စောင့်ရှောက်ပေးနေတယ်၊ တစ်နေ့ကျရင် သူတို့က ကြည့်မနေပါဘူး၊ စောင့်ရှောက်ပေးမှာပါလို့ပြောရင်ကို စိတ်ထဲက ကျေနပ်နေကြတယ်"

"ဟုတ်ပါတယ်"

"ဒါက ကာယကံရှင်ကို ဆရာတွေက မြှောက်ပင့်ပြောကြတာမျိုးပေါ့၊ နောက်ပြီးတော့မှ ကြောက်လန့်သွားအောင် ခြောက်လှန့်ပြီးတော့မှ ကိုယ့်ဘက်ပါလာအောင် ပြောတတ်တာမျိုးတွေလည်း ရှိကြသေးတယ်"

"ဘယ်လိုမျိုးတွေလဲ ဆရာကြီး"

"နင်က သိုက်ကလာတဲ့သူဖြစ်တယ်၊ အသက်အရွယ်ဘယ်လောက်ရောက်ရင် ပြန်ခေါ်လိမ့်မယ်၊ ဒါမှမဟုတ်ရင်လည်း နင့်အသက်ဘယ်လောက်ရောက်ရင် နဂါးသိုက်ထဲမှာ ကျန်ခဲ့တဲ့လူတွေနဲ့ လူစားလဲရလိမ့်မယ်လို့ပြောရင် ကြောက်တတ်ကြတယ်"

"မှန်ပါတယ် ဆရာကြီး"





"ဒီတော့ သိုက်ထဲကိုပြန်မသွားချင်ရင် ငါပြောတဲ့အစီအရင်တွေ လုပ်ရမယ်ဆိုပြီးတော့မှ အချိုကြီးကြံစည်တတ်တယ်ဗျ၊ အချို့ကလည်း ဆရာစကားယုံပြီး ရွှေငွေရတာနာပေးဆိုပေးရတယ်၊

အချို့ကျတော့လည်း ပစ္စည်းဥစ္စာတင်မကပဲ လူပါအသိမ်းခံရတာတွေလည်း ရှိကြတယ်၊ သိုက်ထဲပြန်ရမှာစိုးလို့ ဆရာနဲ့ယူလိုက်ရတာမျိုးပေါ့ဗျာ..၊ ကလေးတစ်ယောက်နှစ်ယောက်ရလိုက်တော့မှ သူ့ကိုယ်သူ ဘာမှမဟုတ်မှန်းသိရပေမယ့် မတတ်နိုင်တော့တဲ့ အခြေအနေမျိုးနဲ့ ကြုံကြိုက်ရတာတွေလည်း အများကြီးရှိကြတယ်"

"ဒါကတော့ ဆရာကြီးရယ် မိန်းကလေးဆိုတာမျိုးဟာ စိတ်ဓာတ်ပျော့ကြလေတော့ သူတစ်ပါးပြောရင် ယုံလွယ်တတ်ကြတယ်၊ သူတို့ကိုယ်သူတို့ သတိမထားကြလို့ပါ ဆရာကသိုက်ထဲကလာတယ်လို့ မြှောက်ပြော၊ ခြောက်လှန့်ပြောရင်ကို စိတ်ထဲမှာ ဘဝင်မြင့်သလို ကျေနပ်နေသလိုဖြစ်တတ်ကြတယ် မဟုတ်လား"

"အမှန်ပေါ့ဗျာ..."

"ဒီလို ကျေနပ်ပြီး ဘဝင်မြင့်နေတဲ့သူက သိုက်ထဲပြန်သွားရတော့မယ်ဆိုတော့မှ ဘာကြောင့်မပျော်နိုင်ရတာလဲ၊ ဘာကြောင့်ကြောက်နေရတာလဲ"

"ဒါကတော့ ရိုးရိုးလေးပါပဲဗျာ လူအတော်များများက



www.burmeseclassic.com

www.burmeseclassic.com



မြောက်ပင့်ပြောတာကို သဘောကျလေ့ရှိပြီး၊ မြှောက်ပင့်မှုနဲ့ ပါ
လာတဲ့ဒုက္ခကိုတော့ လက်မခံချင်ကြတဲ့သဘောမျိုးပါပဲ. . ."

ဆရာကြီး ဦးဒီပက ရှင်းပြရာ အနားမှာရှိနေကြသော
နီမောင်တို့သုံးယောက်ပင် များစွာသဘောကျသွားကြလေသည်။

ထိုသို့ဖြင့် စကားပြောနေကြစဉ် ညဥ့်နက်ပိုင်းအချိန်သို့
တဖြည်းဖြည်း ရောက်လာလေတော့သည်။

နီမောင်တို့ တဲထိုးထားသောနေရာမှာ သုသာန်ချောင်း
ဝပိုင်းမှာရှိပြီး၊ လူအသွားအလာမရှိသောကြောင့် တိတ်ဆိတ်ငြိမ်
သက်နေလေသည်။

ဖား၊ ပုရစ်နှင့် အခြားတိရစ္ဆာန်များအော်သံ၊ မြွေတွန်သံ
များလောက်သာကြားရပြီး လူသံမကြားရသော နေရာဖြစ်သည်။

ထိုသို့ စကားပြောနေကြစဉ်မှာ အပြင်ဘက်မှ ငှက်များ
ပျံတက်လာသောအသံမျိုး ကြားကြရသောကြောင့် နီမောင်တို့
သုံးယောက်က အပြင်သို့ထွက်ကြည့်ကြရာ ကောင်းကင်ပေါ်မှ
ပျံသွားသော လင်းနို့အုပ်ကြီးကို ဝိုးတဝါးမြင်လိုက်ကြရသည်။
များလှသော လင်းနို့အုပ်ကြီးက ပေါင်းဝရွာဘက်သို့ ဦးတည်ပျံ
သွားကြခြင်းဖြစ်လေသည်။

သူတို့တဲအတွင်းပြန်ဝင်လာတော့ ဦးဒီပကမေးသည်။

"ဘာထူးခြားတာ တွေ့ကြသလဲ"

"လင်းနို့အုပ်ကြီးပျံသွားတာ တွေ့လိုက်တယ် ဆရာကြီး"

"ဘယ်ဘက်ကို ပျံသွားတာလဲ"





"ပေါင်းဝရွာဘက်ကို ပျံသွားကြတယ်"

ထိုစကားကြားသောအခါ ဦးဒီပက သောက်လက်စ
လက်ဖက်ရည်ကို လက်စသတ်လိုက်ပြီး ပန်းကန်ကို ပြန်ချထား
လိုက်သည်။

"ဦးဝန်ကောင်းရေ ကျုပ်တို့နှစ်ယောက်က ဒီနေရာ
ရောက်နေတုန်း 'မိစ္ဆာကောင်တွေက ရွာဘက်သွားကြပြီထင်
တယ်ဗျ"

"ဒီတော့ ဘယ်လိုလုပ်ကြမလဲ ဆရာကြီး"

"ညတွင်းချင်း ပေါင်းဝရွာဘက်ကို သွားရင်ကောင်းမယ်၊
ဒါမှ ဟိုမှာ အရေးကိစ္စတစ်ခုခုပေါ်ရင် ချက်ချင်းအကူအညီပေး
လို့ရမှာဗျ"

ဟုပြောသဖြင့် နှစ်ယောက်သားလွယ်အိတ်များကို ပြင်
ဆင်ပြီး ချက်ချင်းထပြန်ရန် ပြင်ဆင်ကြလေသည်။

ထိုအခါ နီမောင်က. . ."

"ဆရာကြီးတို့ ဒီအချိန်ရောက်မှ ကွင်းထဲက ဖြတ်ပြီးပြန်
ကြရင် မြွေပါးကင်းပါး စိုးရိမ်ရပါတယ်၊ ကျွန်တော်ရွာရောက်
အောင် လှေနဲ့လိုက်ပို့ပေးပါမယ်"

ဟုပြောပြီး လှေဖြင့် လိုက်ပို့ပေးလေသည်။

ချောင်းထဲမှ လှော်ထွက်ခဲ့ပြီး မြစ်သို့ ရောက်သောအခါ
မြစ်ကမ်းအတိုင်း ပေါင်းဝရွာဘက်သို့ ဦးတည်သွားလေသည်။

မြစ်ပြင်ရောက်တော့ သစ်ပင်ရိပ်များမရှိသောကြောင့်



www.burmeseclassic.com

www.burmeseclassic.com



အလင်းရောင်ရှိနေရာ ပတ်ဝန်းကျင်သို့ အတန်သင့်မြင်နိုင်ကြလေသည်။

ရွာနှင့်မနီးမဝေး ရောက်သောအခါ လှေနှင့် မနီးမဝေး နောက်ဘက်မှ ပျံလိုက်လာသော လင်းဆွဲကြီးနှင့်တူသော ငှက်တစ်ကောင်ကို တွေ့လိုက်ရသည်။

ထိုငှက်ကြီးက ညောင်လန်းကိုင်းရွာဘက်မှ ပျံလာခြင်းဖြစ်ပြီး လှေပေါ်မှဖြတ်ကာ ပေါင်းဝရွာဘက်သို့ ပျံသွားလေသည်။

ငှက်ကြီးပျံသွားရာသို့ ဆရာကြီးက တစ်ချက်မော့ကြည့်ရင်း တိုးတိုးပြောလိုက်သည်။

"ဒါရိုးရိုးငှက်မဟုတ်ဘူး၊ မိစ္ဆာကောင်က ငှက်ယောင်ဆောင်ထားတာ. . ."

ထိုသို့ပြောသဖြင့် မော့ကြည့်လိုက်ကြသောအချိန်မှာပင် ငှက်ကြီးက အမှောင်ထဲသို့ ရောက်သွားကာ ပျောက်သွားလေတော့သည်။

နီမောင်လည်း ထွေထွေထူးထူးစဉ်းစားမနေတော့ပဲ လှေကို ခတ်သွက်သွက်လှော်သွားရာ ပေါင်းဝရွာသို့ရောက်သွားကြလေသည်။

သူတို့ရောက်သွားသော အချိန်မှာ ညဉ့်နက်ပိုင်းအချိန်ရောက်နေပြီဖြစ်သော်လည်း တစ်ရွာလုံး မအိပ်ကြသေးပဲ မီးရောင်များ လှမ်းမြင်ရသည်။





စကားပြောနေကြသော ဆူဆူညံညံအသံအချို့ကိုလည်း ကြားကြရသည်။

ရွာလူကြီး ဦးဖိုးထင်အိမ်ရောက်တော့လည်း မအိပ်ကြသေးပဲ စကားပြောနေကြသည်ကိုလှမ်းမြင်ရသည်။

သူတို့ဝင်လာတာမြင်တော့ ဦးဖိုးထင်က ဝမ်းသာအားရအမူအရာဖြင့် နေရာမှထလာသည်။

"ဟော. . ဆရာကြီးတို့ ပြန်ရောက်လာပြီ. . ညအချိန်မတော်ကြီးပါလား"

"ဟုတ်တယ် ဦးဖိုးထင် ဒီရွာမှာ တစ်ခုခုများဖြစ်နေသလား"

"စောစောကပဲ ရွာထဲကို လင်းနို့အုပ်ကြီးဝင်လာတယ် ဆရာကြီး၊ တစ်ရွာလုံးမွှေသွားတာပဲ ဘာတွေဖြစ်ကျန်ခဲ့သလဲ မသိဘူး၊ ဆရာကြီးတို့ရောက်မလာခင် စောစောကမှ ပြန်ထွက်သွားကြပုံရတယ်၊

ဆရာကြီးတို့ ဒီအချိန်မျိုးမှာ ပြန်ရောက်လာကြတာ သိပ်ပြီးဝမ်းသာတာပဲဗျာ. . ."

ဟုပြောလေသည်။

ထိုကဲ့သို့ ပြောဆိုပြီး ရွာလူကြီးအိမ်မှာပင် စကားပြောနေကြရာ ထူးထူးခြားခြားတော့ ဘာမှမတွေ့ကြရပေ။

နီမောင်လည်း ပိုက်တဲသို့ မပြန်တော့၊ ထိုမှာပင်စောင့်နေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့ နံနက်ပိုင်းရောက် ထွန်းမောင်ရောက်လာပြီး သတင်းတစ်ခုလာပြောလေသည်။

"ညက အစ်မကို ဘာကောင်ဝင်ကိုက်သွားတာလည်း မသိဘူး၊ လည်ပင်းမှာလည်း အပေါက်နှစ်ပေါက်တွေ့ရတယ်"

"ဟင်. . ."

"အဲဒါကြောင့် ဆရာကြီးတို့ တစ်ဆိတ်လောက်လိုက်ကြည့်ပေးကြပါဗျာ. . ."

ဟုပြောသဖြင့် ဦးဒီပရော ဦးဝန်ကောင်းတို့နှစ်ယောက်အပြင် နီမောင်ပါလိုက်သွားလေသည်။

ညောင်လန်းကိုင်းရွာရောက်တော့ မြသင်းကြူကို သူမအိမ်မှာပင် တွေ့ကြရသည်။

အိပ်ရာပေါ်မှာ ပက်လက်ကလေးဖြင့် သတိမေ့နေလေသည်။ တစ်ကိုယ်လုံးသွေးမရှိတော့သကဲ့သို့ ဖြူဖပ်ဖြူရော် ဖြစ်နေသည်။

လည်ပင်းတစ်နေရာမှာတော့ နီရဲနေသောအစွယ်ရာနှစ်ပေါက်ကို တွေ့ကြရသည်။

ဦးဒီပက သေသေချာချာစမ်းသပ်ပြီး ဒဏ်ရာနေရာသို့ ဂမုန်းနီဥပါဝင်သော ဆေးမှုန့်များ သုတ်လိမ်းပေးလိုက်သည်။ ခဏကြာတော့ တအင်းအင်းနှင့် သတိပြန်ရလာရာ ဆရာကြီး၏ နောက်ထပ်ဆေးရည်တစ်ခွက် ဝင်အောင်တိုက်ပေးလိုက်တော့မှ ညည်းသံရပ်ကာ ပြန်အိပ်ပျော်သွားလေသည်။





"ကျုပ်တို့က ပေါင်းဝရွာဘက်မှာ သတိထားစောင့်ကြည့်နေကြတဲ့အချိန်မှာ မိစ္ဆာကောင်က ဒီရွာဘက်ရောက်လာပြီး သွေးစုပ်ယူသွားတာပဲ"

နီမောင်စိတ်ထဲမှာတော့ ညက ညောင်လန်းကိုင်းရွာဘက်မှ ပေါင်းဝရွာဘက်သို့ ဖြတ်ပျံသွားသော လင်းဆွဲကြီး တစ်ကောင်ကို တွေ့လိုက်ရသည်ကို ပြန်သတိရနေလေသည်။

"ဆရာကြီးတို့ အခုလိုတကူးတက လိုက်လာပြီး ဆေးကုပေးတာ ကျေးဇူးတင်ပါတယ်ဗျာ၊ ကျွန်တော်သမီးလေး အသက်မှ ရှင်နိုင်ပါတော့မလား"

ဖခင်သူ ဦးဘဖြူက စိုးရိမ်ကြီးနေသော အသံဖြင့်မေးလိုက်လေသည်။

"ဒီလောက်လည်း စိတ်မပူပါနဲ့ဗျာ၊ အချိန်မီ ဆေးဦးသွားလေတော့ မကြာခင်ပြန်ကောင်းလာမှာပါ. . ဒါပေမယ့် တစ်ခုတော့ ရှိတယ်ဗျ"

"ဘာများလဲ ဆရာကြီး"

"နောက်တစ်ခါ ဒါမျိုးထပ်မဖြစ်ဖို့တော့ အရေးကြီးတယ်၊ အခုလို အသက်ပြန်ရှင်ခွင့်ရတာ ဆေးကုတာဦးသွားလို့ပဲ. . ၊ နောက် တစ်ခါဖြစ်ရင်တော့ မလွယ်လှဘူး"

ထိုစကားကြားသောအခါ တစ်အိမ်သားလုံး မျက်လုံးပြူးသွားကြသည်။

"ခင်ဗျားတို့ သဘောပေါက်အောင်ပြောရရင်တော့ မိစ္ဆာ

www.burmeseclassic.com



ကောင်တွေက လူတိုင်းဆီက သွေးစုပ်ယူလို့ မရဘူး၊ ရတဲ့လူဆီကပဲ ယူလို့ရတယ်၊ အခုခင်ဖျား သမီးဆီက ရမှန်းသိပြီဆိုတော့ သူ့အတွက်လိုအပ်ရင် နောက်တစ်ခါ ရောက်လာဦးတော့မှာတော့ အသေအချာပဲ”

“ဒီ. . ဒီတော့. . ဘယ်လိုလုပ်ကြမလဲ၊ ကယ်. . ကယ်ပေးပါဦး ဆရာကြီးရယ်. . .”

“ကျုပ်တို့ကလည်း ဒီရွာမှာ အမြဲလာနေမပေးနိုင်ဘူး ဒီရွာမှာလာနေရင် ဟိုဘက်ရွာမှာ ဒီလိုအဖြစ်မျိုးတွေ ထပ်မဖြစ်ဘူးလို့ မပြောနိုင်ဘူးဗျ၊ ဒီတော့ ခင်ဖျားသမီး နေမကောင်းခဲ့ အချိန်မှာ ကျုပ်တို့အမြဲရှိနေတဲ့ ပေါင်းဝရွာမှာ ပို့ထားပေးပါလား ဟိုမှာဆိုတော့ ကျုပ်တို့က ကာကွယ်ပေးလို့ရတာပေါ့”

“ကောင်းတော့ကောင်းပါတယ် ဆရာကြီးရယ်၊ ဒါပေမယ့်. . အဲဒီရွာမှာ ဘယ်သူ့အိမ်က လက်ခံပါ့မလဲ”

ထိုစကားကြားသောအခါ နီမောင်က ဝင်ပြောလိုက်လေသည်။

“ဒီအတွက်တော့ မပူပါနဲ့ဦးလေး ကျွန်တော်တို့အိမ်မှာ ထားလို့ရပါတယ်၊ ကျွန်တော်က ပိုက်တဲမှာ နေတာဆိုတော့ အိမ်မှာအဖေနဲ့ အမေပဲရှိပါတယ်”

“ဒီလိုဆိုရင်လည်း မင်းပဲကောင်းသလို စီစဉ်ပေးတော့ကွယ်”

မြသင်းကြူ၏ မိဘများက နီမောင်နှင့် မြသင်းကြူ





အခြေအနေကို အတန်အသင့်သိထားကြပြီး သဘောတူပြီး ဖြစ်သောကြောင့် ထိုကဲ့သို့ စိတ်ချလက်ချ ခွင့်ပြုပေးလိုက်ကြခြင်းပင်ဖြစ်ပေသည်။

ထို့နောက်မှာတော့ သတိမေ့နေသေးသော မြသင်းကြူအား ပေါင်းဝရွာသို့ ခေါ်ဆောင်လာကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com





## ( အခန်း ၁၄ )

# အမှောင်ရိပ်ထဲမှ မိစ္ဆာကောင်

မြသင်းကြူမှာတစ်ညလုံး သတိမေ့နေပြီး နောက်တစ်နေ့ နေ့လယ်ပိုင်းအချိန်လောက်မှ သတိပြန်ရလာသည်။

သူမသတိပြန်ရလာတော့ နံဘေးမှ နီမောင်ကို မြင်ရသောအခါ ပထမတော့ အံ့ဩသွားသည်။

နောက်တော့ ဝမ်းသာသွားလေသည်။

"ကျွန်မ ဘယ်နေရာ ရောက်နေတာလဲဟင်"



www.burmeseclassic.com

www.burmeseclassic.com



"မြသင်းကြူ အစ်ကိုတို့ အိမ်ကိုရောက်နေတာပါ၊ ပေါင်းဝရှာမှာပေါ့"

"ဟင်. . ဘယ်ကနေဘယ်လို ဒီနေရာကို ရောက်လာတာလဲ"

"အစ်ကိုတို့ ခေါ်လာတာပေါ့၊ ကဲ ဒါတွေနောက်တော့မှ ပြောပြပါမယ်၊ လောလောဆယ်အားရှိသွားအောင် တစ်ခုခု စားသောက်လိုက်ဦးနော်"

ဟုပြောပြီး အပြင်သို့ ပြန်ထွက်သွားရာ ခဏကြာတော့ မိခင်ဖြစ်သူ ဒေါ်ကျင်မေ စီစဉ်ပေးသော အစားအသောက်များ ပါယူပြီး တစ်ခေါက်ပြန်ရောက်လာသည်။

မြသင်းကြူ အိပ်ရာထဲမှ ထထိုင်ပြီး နီမောင်ကျွေးသော အစားအသောက်တို့ကို စားသောက်လေသည်။

ထိုကဲ့သို့ အစားအသောက်အနည်းငယ် ဝင်အောင်စားသောက်လိုက်သောအခါမှ ဖြူဖပ်ဖြူရော်ဖြစ်နေသော မျက်နှာပေါ်မှာ သွေးရောင်များပြန်လွှမ်းလာသည်။

ခါတိုင်းထက်လည်း ပိုပြီးလှုပ်ရှားနိုင်လာသည်။

"ကဲ. . ညတုန်းက ဘယ်လိုကနေ ဘယ်လိုဖြစ်တယ်ဆိုတာ ပြောပြပါဦး"

နီမောင်က ထိုသို့မေးသဖြင့် သူမမှတ်မိသလောက် ပြန်ပြောပြလေသည်။

"ညကအိပ်ပျော်စ အချိန်မှာပဲ ကျွန်မနံဘေးကို လင်းနို့ကြီးတစ်ကောင် ရောက်လာတယ်၊ ကိုယ်ကလင်းနို့ ခန္ဓာကိုယ်နဲ့ဖြစ်ပေမယ့် မျက်နှာက လူမျက်နှာမျိုးပဲ"





"ဟင်. . ဘယ်သူ့မျက်နှာနဲ့ တူသလဲဟင်"

နီမောင် အားတက်သရော မေးလိုက်သည်။

"သူ့မျက်နှာကို အတောင်ပံနဲ့ကွယ်ထားလို့ မမြင်လိုက်ရပါဘူး၊ နောက်တော့သူက ကျွန်မလည်ပင်းကို အစွယ်နဲ့ ထိုးဖောက်လိုက်တယ်၊ ကျွန်မလည်း အတင်းအော်ဖို့ ရုန်းဖို့ကြိုးစားပါသေးတယ်၊ ဒါပေမယ့် သူ့ရဲ့အစွယ်နဲ့ ထိလိုက်တာနဲ့ တစ်ကိုယ်လုံးရှိသမျှ အားအင်တွေ အစုပ်ခံလိုက်ရသလိုဖြစ်ပြီး အိပ်ပျော်သွားခဲ့တာ စောစောကမှ ပြန်နိုးလာတာပါပဲ"

နီမောင် မြသင်းကြူကို စိတ်မကောင်းစွာဖြင့် ကြည့်နေလေသည်။

"မသေကောင်း မပျောက်ကောင်း မြသင်းကြူရယ်. . အစ်ကိုတို့ရောက်တာ နည်းနည်းလေးနောက်ကျသွားရင် မြသင်းကြူ အခုလို အသက်ရှင်နိုင်ခွင့် ရတော့မယ်မထင်ဘူး"

"ကျွန်မ ဘာဖြစ်သွားတာလဲဟင်၊ နောက်ပြီး အစ်ကိုတို့ကရော ဘယ်ကနေဘယ်လိုသိပြီး ရောက်လာတာလဲဟင်"

"မြသင်းကြူကို မကောင်းဆိုးဝါး ပူးကပ်ခံရတာပါ"

ထို့နောက် နီမောင်က ထွန်းမောင်ရောက်လာပြီး ခေါ်သဖြင့် ဆရာကြီးတို့နှစ်ယောက်နှင့်အတူ လိုက်လာခဲ့ကြပြီး ဆေးကုပေးခဲ့ကြပုံနှင့် ဆရာကြီး၏ သဘောဆန္ဒကြောင့် ပေါင်းဝရှာ



www.burmeseclassic.com

www.burmeseclassic.com



သို့ တစ်ပါးတည်းခေါ်လာခဲ့ရပုံများကို ပြောပြလေသည်။

"ကျွန်မအသက်ကို အခုလိုကယ်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ် အစ်ကိုရယ်၊ ဒါပေမယ့် ကျွန်မအတွက်နဲ့ အစ်ကို အလုပ်အကိုင် ပျက်နေတော့မယ်"

"မြသင်းကြူက အစ်ကို့အတွက် တခြားသူမှ မဟုတ်တော့တာ၊ တစ်ယောက်နဲ့တစ်ယောက် နားလည်မှုရထားပြီးတဲ့ ချစ်သူဘဝ ရောက်နေကြတာ မေ့နေလို့လား၊ ကိုယ့်အတွက် မြသင်းကြူကလွဲပြီး တခြားအရေးကြီးတာ သိပ်မရှိလှပါဘူး"

ဟုပြောလိုက်တော့မှ ကျေနပ်သောအပြုံးလေးတစ်ချက် ပေါ်လာလေသည်။

"အစ်ကို သဘောပြောရရင် မြသင်းကြူနဲ့ အတူတူနေချင်လှပါပြီ၊ စီးပွားရေး အဆင်မပြေသေးလို့သာ ကြိုးစားနေရတာ၊ အခုလို အခြေအနေမျိုးရောက်လာတော့လည်း တစ်မျိုးကောင်းတာပါပဲ. . ."

"ဘယ်လိုကောင်းတာလဲဟင်"

"အခုလို မျှော်လင့်ပဲ ကိုယ့်ဆီရောက်လာပြီဆိုမှတော့ လူကြီးတွေ အသိပေးပြီး လက်ထပ်လိုက်ကြရင် ပိုမကောင်းဘူးလား"

"အစ်ကိုကလည်း"

မြသင်းကြူက ရှက်ပြုံးလေးဖြင့် မျက်စောင်းတစ်ချက် ထိုးလိုက်လေသည်။





သို့စေကာမူ သူမမျက်နှာပေါ်မှာတော့ ကျေနပ်သောအပြုံးရိပ်ကလေးများ ပေါ်နေလေ၏။

ညနေပိုင်းအချိန်ရောက်တော့ မြသင်းကြူအတွက် သတင်းမေးလာသူ တစ်ယောက်ရောက်လာသည်။

ထိုအချိန်က နီမောင်ကရွာထဲသွားနေသောကြောင့် အိမ်မှမရှိပေ. . .။ ဦးဘရှိန်တို့ကလည်း ကိုယ့်အလုပ် ကိုယ်လုပ်နေကြသဖြင့် အိမ်ပေါ်မှ မရှိကြပေ. . .။

ရောက်လာသူမှာ မယ်ဇာရီပင်ဖြစ်သည်။

မယ်ဇာရီ ရောက်လာတော့ မြသင်းကြူက နည်းနည်းတော့ အံ့သြသွားလေသည်။

သို့သော်. . . သူမ၏ အလုပ်ရှင်ဖြစ်သဖြင့် ကောင်းမွန်စွာနှင့်ပင် ပြောဆိုဧည့်ခံလေသည်။

"နင်အလုပ်ဆင်းတာမတွေ့လို့ ထွန်းမောင်ကိုမေးကြည့်တော့မှ နေမကောင်းဖြစ်နေတာသိရတယ်၊ နောက်ပြီး ဒီရွာရောက်နေတယ်လို့ ပြောတာနဲ့ ငါသတင်းလာမေးတာပါ. . ."

ဟုပြောရင်း အနားမှာဝင်ထိုင်လိုက်သည်။

"ကျေး. . ကျေးဇူးတင်ပါတယ် အစ်မရယ်"

"ကျေးဇူးတင်စရာမလိုပါဘူးအေ၊ ကိုယ့်ဆီမှာ အလုပ်လုပ်နေတာဆိုတော့ အကူအညီပေးတန်ပေးရအောင်လို့ ငါက လာမေးတာပါ၊ ဒါထက် ဘယ်လိုဖြစ်တာလဲ"

"နေ. . နေမကောင်းဖြစ်တာပါ. . ."



www.burmeseclassic.com

www.burmeseclassic.com



"နင်လည်ပင်းမှာ ဒဏ်ရာမဟုတ်လား ဘာဖြစ်လို့လဲ"

"အိပ်နေရင်းနဲ့ ဘာကောင်ဝင်ကိုက်သွားမှန်းတောင် မသိပါဘူးအစ်မရယ်၊ အခုတော့သက်သာသွားပါပြီ"

"ဒါထက် ဘာကြောင့် ဟိုရွာမနေပဲ ဒီရွာကို ရွှေ့လာရတာလဲ"

"ဟိုဘက်ရွာမှာ ဆေးဆရာမရှိလို့ အမေတို့က ဒီရွာကို ရွှေ့ထားတာပါ. . ."

"ဒီလိုဆိုရင် ဒီအိမ်မှာနေရတာ ကျဉ်းကျပ်ပါတယ် ငါ့အိမ်မှာ ငါနဲ့လိုက်နေပါလား၊ ဟိုမှာဆိုရင် ကျယ်ကျယ်ဝန်းဝန်း လွတ်လွတ်လပ်လပ်နေလို့ရတယ်"

"ရပါတယ် အစ်မရယ် ကျေးဇူးတင်ပါတယ်၊ ဒီမှာပဲနေပါ့မယ်"

"ဒီအိမ်က နင်နဲ့ ဘာတော်လို့လဲ"

"ဘာမှတော့မတော်ပါဘူး ဒါပေမယ့် ဆွေမျိုးသားချင်းတွေလိုပဲ နေကြတာပါ"

"ငါသဘောပေါက်ပါတယ်ဟယ် နင်နဲ့နီမောင်နဲ့က အဆင်ပြေနေကြလို့ မဟုတ်လား"

မြသင်းကြူက ဘာမှပြန်မပြောပဲ ခေါင်ငုံ့ထားလေသည်။

"နီမောင်က ဆင်းရဲပေမယ့် အားကိုးထိုက်တဲ့ လူတော်တစ်ယောက်ပါပဲ၊ နင့်အတွက်တော့ ကံကောင်းတာပေါ့ ဒါထက် နင့်ကိုဘယ်သူတွေ ကုပေးနေတာလဲ"

"ဒီရွာမှာရှိတဲ့ ဆရာကြီးနှစ်ယောက်ပါ. . ."

"ကုတော့လည်း ကုပေါ့၊ ဒါပေမယ့် သိပ်တော့အားကိုးလို့မရပါဘူး၊ တော်ကြာဆေးကုတော့မှ ပိုဆိုးတာမျိုးတွေ ရှိတတ်တယ်၊ ငါက ငါ့ဆီမှာ လုပ်နေတဲ့ အလုပ်သမားမို့ စေတနာနဲ့ သတိပေးတာပါ၊ ဒါထက် နီမောင်ဘယ်သွားနေသလဲ"

"ရွာထဲ သွားတယ်အစ်မ. . ."

"ပိုက်တဲပြန်သွားတာလား"

"မဟုတ်ဘူး ပြန်ရင်တောင်မိုးချုပ်တော့မှ ပြန်မယ်ထင်ပါတယ်"

"ဒါဖြင့် ဒီအိမ်မှာ ဘယ်သူတွေကျန်သေးလဲ"

"ကျွန်မနဲ့ ကိုနီမောင် အဖေနဲ့ အမေပဲ ဒီမှာရှိပါတယ်"

ထိုသို့ပြောသောအခါ ကျေနပ်သွားသောအမူအရာဖြင့် အိမ်အခြေအနေကို မသိအသာ အကဲခတ်ကြည့်လေသည်။

ကျေနပ်အောင်ကြည့်ပြီးမှ ထပြန်ရန်ပြင်ရင်းနှင့် ပြောသည်။

"ငါလာပြီး သတင်းမေးတာ တခြားလူတွေ မသိပါစေနဲ့ တော်ကြာ တစ်မျိုးထင်နေကြမှာစိုးလို့ပါ"

ဟုပြောပြီးမှ ပြန်သွားလေတော့သည်။

ညနေပိုင်းအချိန်လောက်မှ နီမောင်ပြန်ရောက်လာတော့မှ မြသင်းကြူက အကျိုးအကြောင်းပြောပြလိုက်သည်။

www.burmeseclassic.com



ထိုစကားကြားသောအခါ နီမောင်မှာ မျက်လုံးပြူးသွားလေသည်။

“ဒီအတိုင်းဆိုရင်တော့ အစ်ကို ဒီည ပိုက်တဲကို ပြန်လို့ မဖြစ်သေးဘူးထင်တယ်၊ ဒီအကြောင်းကိုတော့ ဆရာကြီးတွေ သွားပြောထားသင့်တယ်”

ဟုပြောပြီး တစ်ခေါက်ပြန်ထွက်သွားရာ ညဦးပိုင်း အချိန်ရောက်တော့မှ လှိုင်ဝှက်စွာဖြင့် ပြန်ရောက်လာသည်။

သူနှင့် အတူဦးဖန်ကောင်းလည်း ပါလာသည်။

“ဘာမှမကြောက်နဲ့ မြသင်းကြူ ဆရာကြီးပါ ဒီညဒီမှာ စောင့်နေပေးလိမ့်မယ်”

ဟုပြောဆိုကာ လှိုင်ဝှက်စွာနေကြလေသည်။

နီမောင်တို့ ယခုနေသောခြံနှင့်အိမ်မှာ ရွာလူကြီးဦးဖိုးထင်ပိုင်သော အိမ်နှင့်ခြံပင်ဖြစ်သည်။

ရေဝင်ရွာပျက်သဖြင့် ဒုက္ခရောက်ပြီး ထွက်ပြေးလာကြစဉ်က ဦးဖန်ကောင်းမျက်နှာဖြင့် ဦးဖိုးထင်က ထိုအိမ်မှာ နေခွင့်ပေးထားခဲ့ခြင်းဖြစ်၏။

ကူညီရာလည်းရောက်၊ ခြံအတွက်လည်း အစောင့်ရစေရန် ထားခဲ့ခြင်းဖြစ်၏။

ခြံဝန်းထဲမှာရှိသော အိမ်မှာ သစ်သားတိုင်၊ ပျဉ်ချပ်ကာပြီး ဓနိမိုးထားသော အိမ်ဟောင်းတစ်လုံးဖြစ်သည်။

ပထမဦးဖိုးထင်တို့ မိသားစုနေသောအိမ်ဖြစ်ပြီး ပြတင်း





ပေါက်တံခါးများဖြင့် အတန်အသင့်လုံခြုံစိတ်ချရသော အိမ်ဖြစ်လေသည်။

ညအချိန်ရောက်တော့ စောစောပင်မီးရောင်မှိတ်ကာ အိပ်ရာဝင်ကြလေသည်။

အုန်းတော၊ ကွမ်းသီးပင်တောထဲမှာ ဆောက်ထားသော အိမ်ဖြစ်သောကြောင့် အပြင်ဘက်မှာထက် ပိုမှောင်နေသည်။

ညအချိန်ရောက်လာလျှင်လည်း လင်းနို့များ ရောက်လာပြီး လူနှင့်တိရစ္ဆာန်တို့ကို သွေးစုပ်ယူတတ်သည်ဟု သတင်းထွက်နေသောကြောင့် မိုးချုပ်သည်နှင့် ဘယ်သူမှ အပြင်မထွက်ကြတော့ပေ။ မထွက်ဝံ့တော့ပေ. . .။

သို့ကြောင့် ခါတိုင်းထက်ပိုမို တိတ်ဆိတ်ငြိမ်သက်နေခြင်းဖြစ်၏။

ညဥ့်နက်ပိုင်းအချိန်ရောက်တော့ ကွမ်းသီးတောရှိရာဘက်မှ လင်းနို့၊ လင်းဆွဲများ အော်သံကြားလာရသည်။

ခါတိုင်းလည်း ကွမ်းသီးမှည့်လျှင် လင်းနို့များလာရောက်စားသောက်ကြသဖြင့် မထူးဆန်းလှပေ. . .။

ကွမ်းသီးပင်တောထဲမှာ နေသူတို့အဖို့ အပင်မှာ ကွမ်းသီးခိုင်များ မှည့်ချိန်ရောက်လျှင် လင်းနို့များအသံ အမြဲကြားနေကျ ဖြစ်သည်။

တဖြည်းဖြည်းနှင့် ညဥ့်နက်ပိုင်းအချိန် ရောက်သောအခါ အပြင်ဘက်မှ ငှက်ကြီးတစ်ကောင်အတောင်ပံ ခတ်လာသော



www.burmeseclassic.com

www.burmeseclassic.com



သံမျိုးစတင် ကြားရသည်။

တဖန်းဖန်းနှင့်ပျံလာသော အသံက အိမ်ဘက်သို့ တဖြည်းဖြည်း နီးလာပြီး အိမ်နားရောက်တော့ ငြိမ်သွားလေသည်။

ထိုအချိန်တွင် အိမ်ထဲမှာရှိနေသူအားလုံး တစ်ယောက်မှမအိပ်ကြသေးပဲ အခြေအနေကို နားစွင့်နေကြသည်။

နီမောင်က နံဘေးနားမှာ ဒူးလေးနှင့်မြားကို အဆင်သင့် ချထားသည်။ မြက်ခုတ်ဓားတစ်လက်ကိုလည်း မနီးမဝေးမှာဆောင်ထားသည်။ အတန်ကြာတော့ အိမ်နံရံသို့ တစ်စုံတစ်ခုဝင်ကပ်လိုက်သကဲ့သို့ သိမ့်ခနဲ တုန်သွားလေသည်။

တစ်ဆက်တည်းမှာပင် နံရံကိုတစ်စုံတစ်ခုနှင့် ထိနေသံလက်သည်းချွန်ဖြင့် ကုတ်ခြစ်နေသကဲ့သို့သောအသံမျိုး ကြားရသည်။ အသံကြားနေရသော နေရာမှာ မြသင်းကြူအိပ်သောနေရာအနီးရှိ ပြတင်းပေါက်နေရာမှဖြစ်သည်။

မြသင်းကြူကတော့ အိပ်ရာပေါ်မှာ မရှိပေ. . ။

သူတို့အားလုံးကတော့ အမှောင်ရိပ်ထဲ၌ ပုန်းကွယ်ကာ အခြေအနေကို စောင့်ကြည့်နေကြသည်။

ခဏကြာတော့ ချက်ထိုးမထားသော တံခါးနှစ်ချပ်က တဖြည်းဖြည်း ပွင့်သွားလေသည်။

ပွင့်သွားသော တံခါးပေါက်နံရံမှာတော့ ကြီးမားသော လင်းနို့ကြီးတစ်ကောင် တွယ်ကပ်နေသည်။

အတောင်မှာပါသော လက်သည်းချိတ်များဖြင့် နံရံမှာ





ချိတ်ထားသောကြောင့် အနုပါက်ဝမှာ တွဲလောင်းကြီးဖြစ်နေသည်။ ၎င်းက အထဲသို့ မဝင်သေးပဲ အိမ်ထဲမှာ အခြေအနေကို ကြည့်နေသည်။

ခန္ဓာကိုယ်ပေါ်မှာ လင်းနို့တစ်ကောင်ကဲ့သို့ အတောင်ပံကြီးများပါသော်လည်း မျက်နှာက လူတစ်ယောက်မျက်နှာမျိုးဖြစ်ပေသည်။

မျက်လုံးက နီရဲနေပြီး ပါးစပ်ထဲမှ အစွယ်များပေါ်ထွက်အောင် ဖြဲထားသောကြောင့်သာ ရုပ်ပျက်နေသဖြင့်. . ဘယ်သူဘယ်ဝါမှန်း သဲကွဲစွာ မမြင်ရသော်လည်း လူတစ်ယောက်၏ မျက်နှာဖြစ်သည်ကတော့ အသေအချာပင်ဖြစ်၏။

ပြတင်းပေါက်နားမှာကပ်နေသော မိစ္ဆာကောင်က ပြတင်းပေါက်မှတစ်ဆင့် ဘောင်ပေါ်သို့ ရောက်လာပြီး ဆောင့်ကြောင့်ထိုင်ကာ အခန်းထဲမှ အခြေအနေကို ကြည့်နေသည်။

သူသည် တစ်စုံတစ်ယောက်ကို ရှာဖွေနေဟန်ရှိသည်။

ထိုအခြေအနေမှာပင် နီမောင်က ဘေးနားမှာချထားသောဒူးလေးနှင့် မြားတံကိုကောက်ယူလိုသည်။

သူလှုပ်ရှားလိုက်သည်ကို မိစ္ဆာကောင်က သတိပြုမိသွားဟန်ဖြင့် လှမ်းကြည့်သည်။

နီမောင်ကလည်း ဒူးလေးကြိုးဆွဲတင်ပြီး မြားတပ်ကာ မိစ္ဆာကောင်ကို ချိန်ပြီးပစ်လိုက်သည်။

"ဝှစ်. . ."



www.burmeseclassic.com

www.burmeseclassic.com



မြားချက်က မိစ္ဆာကောင်ကိုထိတော့ ထိသည်။

သို့သော် ချက်ကောင်းတော့မဟုတ်ပေ။

သူမြားလွှတ်လိုက်သောအချန်မှာပင် မိစ္ဆာကောင်က သူ ၏အတောင်ပံဖြင့် ကာလိုက်သောကြောင့် ကိုယ်ကိုမထိတော့ ပေ...။

ထို့နောက်မှာတော့ မိစ္ဆာကောင်ကြီးက သွားနှင့်အစွယ် များပေါ်အောင် 'ဂီး'ခနဲ တစ်ချက်မာန်ဖီလိုက်ပြီးနောက် ပြတင်း ပေါက်ဘောင်ပေါ်မှ 'ဝေါ'ခနဲ ထပျံသွားလေတော့သည်။

၄င်းပျံထွက်သွားသောအရှိန်ကြောင့် အိမ်တစ်အိမ်လုံး မှာလည်း သိမ့်သိမ့်တုန်ကာ ကျန်ခဲ့လေတော့သည်။

ထိုအခါမှ ဦးဗန်ကောင်းကပြောသည်။

"မင်းပစ်လိုက်တဲ့ မြားက သာမန်မြားတစ်ချောင်းဆိုရင် တော့ထိရင်လည်း ဘာမှဖြစ်မှာ မဟုတ်ဘူး"

"ဘာဖြစ်လို့လည်း အဘ...."

"မိစ္ဆာဘဝရောက်နေတဲ့ သူတွေကို သာမန်လက်နက် တွေနဲ့ သတ်လို့မသေနိုင်ဘူး၊ အစီအရင် ပြုလုပ်ထားတဲ့ လက် နက်တွေနဲ့သတ်မှ ရတယ်၊ ဖုတ်ဝင်နေတဲ့လူကို သာမန်ဓား ခုတ်လို့ မရဘူး၊ မခုတ်ဓားလို့ခေါ်တဲ့ နတ်ဆက်ဓားနဲ့ ခုတ်မှ သလိုမျိုးပေါ့"

"ဒီတော့ သူ့ကို ဘယ်လို လက်နက်နဲ့ သတ်သင့်ရမလဲ"

"ဆရာကြီး ဦးဒီပကို အကျိုးအကြောင်းပြောပြပြီး စီရင်





ရမယ်၊ သူ့ဆီမှာ တန်ခိုးကြီးတဲ့ ဂမုန်းတွေပါလာတော့ အဲဒီဂမုန်း တွေနဲ့ အစီအရင်လုပ်ရင် ရပါတယ်..."

"ဒါထက် စောစောက ဘယ်သူလို့ ထင်သလဲ၊ ဘယ်သူ ဖြစ်မလဲ အဘ..."

"ငါလည်း သေသေချာချာတော့ မမြင်လိုက်ဘူး၊ ဒါပေ မယ့် တခြားသူတော့ မဖြစ်နိုင်ပါဘူး၊ ဒေါ်မင်းဇာနဲ့ မယ်ဇာရီ တစ်ယောက်ယောက်ဖြစ်မှာပေါ့"

"ဒီလိုဆိုရင် သူတို့အိမ်သွားကြည့်ရင် အခြေအနေသိရ မယ်ထင်တယ်"

"မင်းသွားကြည့်ရင်လည်း သူတို့က လူသိခံကြမှာမှ မဟုတ်တာ ဘယ်တွေ့ရမလဲ၊ ဒါပေမယ့် စိတ်မပူပါနဲ့ သူတို့က လူသွေးတွေနဲ့ အသက်ရှင်ကြတာဆိုတော့ အချိန်အကြာကြီး ပုန်းမနေနိုင်ကြပါဘူး၊ အခြေအနေငြိမ်သွားရင် ပြန်ထွက်လာကြ မှာပါ..အဲဒီအချိန်ကျရင် ကိုယ့်ဘက်ကအဆင်သင့်ဖြစ်အောင် ကြိုတင်ပြင်ထားကြတာပေါ့"

ဟုပြောလေသည်။


ထိုနေ့ညက မိုးစင်စင်လင်းသည့်တိုင် မအိပ်ပဲနှင့် ထိုင် စောင့်ကြသော်လည်း နောက်ထပ် အခြေအနေ မထူးတော့ပေ။





www.burmeseclassic.com

www.burmeseclassic.com





# ( အခန်း ၁၅ )

# ကွင်းပိုင်မိစ္ဆာနှင့် မဖဲဝါ

ထိုအဖြစ်အပျက်များ ဖြစ်ပျက်ခဲ့ပြီး သုံးရက်ခန့် ကြာသောအခါ ဆေးဆရာကြီး ဦးဒီပတည်းခိုသော ရွာလူကြီးဦးဖိုးထင်နေအိမ်သို့ ဦးစိုင်းမောင် ရောက်လာလေသည်။

"ဦးစိုင်းမောင်ပါလား ဘာကိစ္စရှိလို့များလဲ"

ဦးဖိုးထင်က မေးသောအခါ မျက်နှာမကောင်းလှစွာဖြင့်. . .

"ကျွန်တော့်သမီးလေး နေမကောင်းဖြစ်နေတာကို



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ပေးဖို့ ဆရာကြီးကို လာပင့်တာပါဗျာ. . .”

ဟုပြန်ပြောလေသည်။

ထိုနောက် ဆရာကြီးနှင့်တွေ့ပြီး အကျိုးအကြောင်းပြော ပြသောအခါ ဆေးလွယ်အိတ်ထဲသို့ လိုအပ်သော ပစ္စည်းများ ထည့်ကာ လိုက်လာလေသည်။

ထိုနေရာသို့ ရောက်လာသောအခါ နှစ်ဆောင်ပြိုင်အိမ် ကြီး၏ အခန်းတစ်ခန်းထဲမှာ မယ်ဇာရီကိုတွေ့ရလေသည်။

အနားမှာ ဒေါ်မင်းဇာလည်း ရှိနေသည်။

ဦးဒီပက သေွးစမ်းကြည့်သောအခါ တစ်ကိုယ်လုံးခြစ် ခြစ်တောက်ပူနေပြီး အဖျားဝင်နေသည်ကို တွေ့ရသည်။

“မိန်းကလေးက ကိုယ်ပူကြီးပြီး အဖျားဝင်နေတာပါ. . ကျုပ်ကို ရေနွေးပူပူ မြေအိုးတစ်လုံးစာလောက် လုပ်ပေးပါ”

ဟုပြောသောအခါ ဒေါ်မင်းဇာက အပြင်ထွက်သွားလေ သည်။ ထိုအခါမှ ဦးဒီပကမေးသည်။

“မင်းခန္ဓာကိုယ်မှာ အဆိပ်သင့်တဲ့ လက္ခဏာမျိုးတွေ့ရ တယ်၊ ဒဏ်ရာတစ်ခုခုများ ရထားသလား”

ဟုမေးတော့မှ စောင်ခြုံထဲမှ ဒဏ်ရာရထားသောလက် တစ်ဖက်ကိုပြသည်။

ဦးဒီပက အသေအချာကြည့်ပြီး မေးလိုက်သည်။

“ဒါက အဆိပ်ရှိတဲ့ အချွန်တစ်ခုခုနဲ့ ထိုးမိထားတာပဲ. . ဘာဖြစ်တာလဲ”





“ဝါးချွန်စူးမိတာပါ. . .”

ဦးဒီပက အခြေအနေကိုသိသော်လည်း ဘာမှဆက်မ မေးတော့ပဲ ဆေးလွယ်အိတ်ထဲမှ ဆေးများကို တစ်ခုချင်းအပြင် သို့ ထုတ်နေလေသည်။

“ဆရာကြီးကို တစ်ခုတော့ပြောပါရစေ. . .”

ဟု မယ်ဇာရီက လွန်စွာအားနည်းနေသောအသံမျိုးဖြင့် ပြောလိုက်သည်။

“ပြောပါ. . .”

“ကျွန်မကိုဆေးပေးရင် ဂမုန်းပါတဲ့ဆေးတွေ မပေးဖို့ တောင်းပန်ပါရစေ”

ထိုစကားကြားသော်လည်း ဦးဒီပက အံ့သြဟန်မပြပဲ ခေါင်းတစ်ချက်ညိတ်ပြလိုက်ပြီးနောက် ဂမုန်းဖြင့်စီမံဖော်စပ် ထားသောဆေးပုလင်းများ၊ ဆေးထုပ်များကိုလွယ်အိတ်ထဲသို့ ပြန်ထည့်လိုက်သည်။

ထိုအချိန်မှာ အမျိုးသမီးတစ်ယောက် ရေနွေးပူများ ထည့်ထားသော မြေအိုးတစ်လုံးကို ပေးသွားပြီး အခန်းပြင်သို့ ပြန်ထွက်သွားလေသည်။

ဦးဒီပက အခြားငန်းဆေး၊ အနာပျောက်ဆေး၊ အဆိပ် ပြယ်ဆေးများကိုပေးပြီး ဆေးမြစ်ဆေးဥများကို ရေနွေးအိုးထဲ ထည့်ပြီး ပေါင်းခံပေးတော့မှ တစ်ကိုယ်လုံးချွေးများထွက်လာပြီး အနည်းငယ်သက်သာသွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော်လည်း အားအင်များ နုတ်ယူထားသကဲ့သို့ တစ်ကိုယ်လုံး ဖျော့ဖပ်ဖျော့ရော်ဖြစ်နေလေသည်။ ထိုအခါ ဆရာကြီးက လေသံတိုးတိုးဖြင့် မေးလိုက်သည်။

"မင်းခန္ဓာကိုယ်အတွက် လိုအပ်တဲ့ သွေးမရဘူးလား"

ထိုသို့မေးလိုက်သောအခါ ဆရာကြီးမျက်နှာကို တစ်ချက်မော့ကြည့်ပြီး မျက်ရည်များစီးကျလာသည်။

ပြီးမှ ဖြေးညှင်းစွာခေါင်းခါပြသည်။

ဆရာကြီးစိတ်မကောင်းစွာဖြင့် သက်ပြင်းချလိုက်သည်။

"ဘယ်လိုရောဂါမျိုးလဲ"

"ကျွန်မမှာ မွေးကတည်းက သွေးခမ်းခြောက်တဲ့ရောဂါမျိုး ပါလာတယ်၊ အစားအစာ စားသောက်ရုံနဲ့မရပါဘူး လိုအပ်တဲ့သွေးရမှ အသက်ရှင်နိုင်ပါတယ်"

"ဒါပေမယ့် ဘယ်သူကမှ သူတို့ရဲ့ကိုယ်ခန္ဓာထဲကသွေးကို အလွယ်တကူပေးချင်ကြမှာမဟုတ်တော့. . . မင်းအတွက် အတော်ကို အန္တရာယ်များလှပါတယ်. . ."

"ကျွန်မက သွေးမရရင် တဖြည်းဖြည်းနဲ့ သေရမယ့်သူပါ၊ ဒါကြောင့် အန္တရာယ်တွေကို ရှောင်ရှားပြီး ကျွန်မအတွက် လိုအပ်တဲ့သွေး မရရအောင် ကြိုးစားရှာနေရတာပါ၊ ကျွန်မက သေလူ ဖြစ်နေပါပြီ သွေးမရရင်လည်း သေမှာပါပဲ၊ သွေးရအောင် ကြိုးစားရင်းနဲ့ အန္တရာယ်နဲ့တွေ့ရင်လည်း သေရမှာပါပဲ မထူးတော့ပါဘူး"





"ဒီစကားကြားရတာ မင်းအတွက်စိတ်မကောင်းပါဘူး ဒီရောဂါမျိုးက ကုသစရာဆေးလည်းမရှိလေတော့ မင်းအတွက် ဘယ်လိုမှ အကူအညီမပေးနိုင်တာ တကယ်ပဲ စိတ်မကောင်းပါဘူး"

ထိုသို့ပြောသောအခါ မယ်ဇာရီက မျက်နှာပေါ်သို့ စီးကျနေသော မျက်ရည်စများကို အဝတ်စဖြင့် သုတ်ဖယ်ပစ်နေသည်။

"ကျွန်မအတွက် အခုလို နားလည်ခွင့်လွှတ်ပေးတာ ကျေးဇူးတင်ပါတယ် ဆရာကြီးရယ်. ."

"ဒါထက် မေးပါရစေဦး၊ လူကနေ လင်းနို့အသွင်ပြောင်းနိုင်တဲ့ပညာမျိုး ဘယ်ကရသလဲ"

"အဘွားသင်ပေးခဲ့တာပါ၊ တကယ်တော့ အဘွားက ဒီပညာမျိုးကို သင်မပေးချင်ပါဘူး၊ ဒါပေမယ့် ကျွန်မအသက်ရှင်ဖို့က ဒီတစ်လမ်းပဲရှိတော့တာမို့ မလွှဲသာလို့သာ သင်ပေးခဲ့ရတာပါ. . ."

"အေးလေ ဘာပဲဖြစ်ဖြစ်ပေါ့ ဘဝပေးကံဆိုးခဲ့တဲ့ မင်းအတွက်တော့ တကယ်ပဲ စိတ်မကောင်းဖြစ်မိပါတယ် ကံကောင်းပါစေလို့ပဲ ဆုတောင်းပေးရတော့မှာပေါ့"

ဟုပြောရာ မယ်ဇာရီက မျက်ရည်ကျနေရင်းမှပင် အားခြားဆေးဝါးများကို ပေးထားခဲ့ကာ ပြန်ရန်ပြင်လေသည်။

ထိုအခါ မယ်ဇာရီက ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မလုပ်နေတာတွေ မကောင်းမှန်းလည်းသိပါတယ်၊ ကိုယ်အသက်ရှင်ဖို့အတွက် တခြားသူအသက်ကို သတ်ရတာလည်း မတရားမှန်းသိပါတယ်၊

ဒါကြောင့် သေရမယ့်အတူတူတော့ အပြစ်ကင်းကင်းနဲ့ သေဖို့ပဲ ကျွန်မကြိုးစားပါတော့မယ် ဆရာကြီး"

ဟုကတိပေးလိုက်ရာ ဆရာကြီး ဦးဒီပက သာဓုခေါ်ကာ ပြန်ခဲ့လေသည်။

နောက်ပိုင်းရက်များမှာတော့ ပေါင်းဝရွာ အပါအဝင် အနီးပတ်ဝန်းကျင်မှာရှိကြသော ရွာများမှာ ထိတ်လန့်ဖွယ်ရာကောင်းသော အခြေအနေများရောက်မလာတော့သဖြင့် ရွာသူရွာသားများလည်း စိတ်ချမ်းသာနေကြသည်။

နောက်ထပ် (၁၅)ရက်လောက်ကြာသောအခါ သတင်းဆိုးတစ်ခု ကြားကြရသည်။

မယ်ဇာရီ တစ်ယောက်သေဆုံးသွားပြီဆိုသော သတင်းပင် ဖြစ်ပေတော့သည်။

ထိုသတင်းကြားသည်နှင့် နီမောင်တို့လည်း အသုဘအိမ်သို့သွားပြီး လိုအပ်သည်များကို ဝိုင်းကူလုပ်ပေးကြရလေသည်။

(၇)ရက်ပြည့်ပြီး အသုဘသင်္ဂြိုဟ်သောနေ့ရောက်မှ မြေမြှုပ်ခါနီးတွင် ခေါင်းအဖုံးဖွင့်ကြည့်သောအခါ စိတ်မကောင်းစရာမြင်ကွင်းကို တွေ့မြင်ကြရသည်။





မယ်ဇာရီမှာ ယခင်ရုပ်မျိုး မရှိတော့ပဲ တစ်ကိုယ်လုံးအသွေးအသားများ ခမ်းခြောက်လျက်ရှိကာ အရိုးပေါ်အရေတင်နေသော ကမ္ဗဋ္ဌာန်းရုပ်မျိုး ဖြစ်နေသည်ကို မြင်တွေ့ကြရသည်။

သူမအတွက်လိုအပ်သော သွေးများမရတော့သဖြင့် ကိုယ်ထဲမှာရှိသောသွေးများ တဖြည်းဖြည်းခမ်းခြောက်သွားကာ ယခုကဲ့သို့ အခြေအနေမျိုးဖြင့် သေဆုံးခဲ့ကြရခြင်းဖြစ်တော့သည်။

ဦးစိုင်းမောင် ဒေါ်ရွှေလေးနှင့် ဒေါ်မင်းဇာတို့ကတော့ စိတ်မကောင်းကြသော်လည်း ဘဝဆိုးကြီးမှလွတ်မြောက်သွားခဲ့ပြီးဖြစ်သောကြောင့် ကြိုးစားပြီး စိတ်ဖြေကြရလေသည်။

ထို့နောက်မှာတော့ အလောင်းကို ပေါင်းဝသုသာန်မှာပင် မြေမြှုပ်သင်္ဂြိုဟ်လိုက်ကြလေသည်။

မယ်ဇာရီသေရခြင်းအတွက် တစ်အိမ်လုံးက စိတ်ကိုဖြေကြသော်လည်း စိတ်မဖြေနိုင်သူ တစ်ယောက်တော့ရှိသည်။

မယ်ဇာရီ၏မောင်ဖြစ်သူ ရွှေမောင်ပင်ဖြစ်သည်။ ရွှေမောင်ကသူ့အမသေရသည်မှာ ပေါင်းဝရွာသားများလက်ချက်ဖြစ်ရမည်ဟု ထင်သဖြင့် ကလဲ့စားပြန်ချေရန် စိတ်ကူးနေလေတော့သည်။

"ငါ့ညီမသေရသလို. . . ဒင်းတို့ရွာသားတွေလည်း အသေဆိုးနဲ့သေအောင်လုပ်ရမယ်. ."



www.burmeseclassic.com

www.burmeseclassic.com



ဟု ကြိမ်းဝါးကာတစ်ညမှာတော့ စားသောက်ပွဲများပြင်ပြီး လေးကျွန်းပိုင်ကွင်းပိုင်နက်ကျော်ကိုခေါ်ရာ အချိန်အတော်ကြာမှ ထိုနေရာသို့ရောက်လာလေသည်။

"မင်းကလည်း ဘယ်ရောက်နေတာလည်းကွာ ခေါ်မှပဲရောက်လာတော့တယ်"

"ငါလည်း မဖဲဝါကြောက်လို့ တခြားသွားနေရလို့ပါကွာ ဘာကိစ္စရှိလို့လဲ"

"ငါ့ ညီမတော့ ပေါင်းဝရွာသားတွေသတ်လို့ သေခဲ့ရပြီ၊ ငါသူတို့ကို ကလဲ့စားပြန်ချေချင်တယ်"

"ဒါက လွယ်ပါတယ် မင်းညီမလည်း သေရာကအသက်ပြန်ရှင်လာရမယ် ရွာသူရွာသားတွေလည်း ဒုက္ခရောက်အောင် ငါလုပ်ပေးပါမယ်"

"ကောင်းတယ်ဟေ့. . ၊ ဒါထက် အလောင်းက ပေါင်းဝသုသာန်မှာ မြှုပ်ထားတာဆိုတော့ မင်းသုသာန်သွားလို့ရပါ့မလား"

"ရပါတယ် အခုမဖဲဝါက သုသာန်မှာမရှိတော့ဘူး၊ သူ့အတွက်နေစရာရလို့ ဟိုးချောင်းဝဘက်မှာ သွားနေတာဆိုတော့ ငါသွားလို့ရတယ်၊ ကျန်တဲ့. . သရဲသဘက်၊ ကျတ်၊ မှင်စာတွေလောက်တော့ ငါနိုင်ပါတယ်"

"ကောင်းပြီလုပ်ပေတော့၊ ငါ့ညီမအသက်ပြန်ရှင်လာပြီး ပေါင်းဝရွာသားတွေ တစ်ယောက်ပြီးတစ်ယောက် သေတာမြင်ရ





ရင် ငါကျေနပ်ပြီ. . "

ဟုပြောပြီး အစားအသောက်များကိုကျွေးရာ နက်ကျော်က စားသောက်ပြီးနောက် ပေါင်းဝသုသာန်ဘက်သို့ ထွက်သွားလေတော့သည်။

နောက်ထပ်တစ်ပတ်သို့ ကြာသောအခါ ပေါင်းဝရွာမှာ ကြောက်စရာကောင်းသော အဖြစ်အပျက်များ ဝင်ရောက်လာပြန်တော့သည်။

ညည့်အချိန်ရောက်လာလျှင် ခွေးအူသံများကြားရပြီးနောက် ရွာထဲသို့ ဆံပင်ဖားလျားချထားသော မိန်းမတစ်ယောက် ဝင်လာလေတော့သည်။

တစ်ကိုယ်လုံးအဝတ်နက်ကြီး ခြုံထားပြီးသူလာလျှင် လင်းနို့များလည်း ပျံဝဲလိုက်လာတတ်သည်။

သူဝင်လာပြီး မရှေးမနှောင်းမှာ ရွာထဲမှအိမ်တစ်လုံးပေါ်သို့ 'ဘုန်း'ခနဲ တစ်စုံတစ်ခု ပစ်တင်သွားသံကြားကြရသည်။

နောက်တစ်နေ့မှ ထွက်ကြည့်သောအခါ အိမ်ခေါင်မိုးပေါ်မှ အရိုးခေါင်းတစ်လုံး တင်နေသည်ကို တွေ့ကြရသည်။ ထိုကဲ့သို့ အရိုးခေါင်းပစ်တင်ခံရပြီဆိုလျှင် ထိုအိမ်မှလူသေလေတော့သည်။

ထိုသို့ဖြစ်သောအခါ ညအချိန်ရောက်လာလျှင် ခွေးအူသံကြားရမှာ ကြောက်လန့်နေကြသည်။

မိမိအိမ်ပေါ်သို့ တစ်စုံတစ်ခု ကျသံကြားရမှာကြောက်



www.burmeseclassic.com

www.burmeseclassic.com



နေကြသည်။ အပင်ပေါ်မှ အုန်းသီးကြွေကျသံ ကြားလျှင်ပင် အသက်ရှူရပ်မတတ် ကြောက်နေကြရသည်။

ရွာထဲမှာလူများ တစ်ယောက်ပြီးတစ်ယောက်သေပြီး အသေအပျောက်များသောအခါ ရွာလူကြီးဦးဖိုးထင်က ဦးဇန်ကောင်းကို ခေါ်ပြောလေသည်။

ထိုအချိန်မှာ ဆရာကြီးဦးဒီပက ပုသိမ်မြို့သို့ ပြန်သွားပြီဖြစ်သောကြောင့် ရွာမှာဦးဇန်ကောင်းသာရှိတော့သည်။

"ဆရာကြီး လုပ်ပါဦးဗျ၊ ကျုပ်တို့ရွာတော့ ဖုတ်ဝင်ပြန်ပြီနဲ့တူတယ်၊ ကြာရင်တော့ တစ်ရွာလုံးကုန်ပြီး ရွာပျက်တော့မှာပဲ"

ဟု ပြောသဖြင့် ဦးဇန်ကောင်းလည်း ၄င်း၏ဆေးလွယ်အိတ်ကြီးကိုယူလျှက် နီမောင်တို့ပိုက်တဲသို့ သွားလေသည်။

"အဘ. . ရွာထဲကအခြေအနေဘယ်လိုရှိသလဲ"

"သိပ်တော့ မကောင်းလှဘူး၊ ပေါင်းဝရွာမှာ ဖုတ်ဝင်နေတယ်၊ ဒီဖုတ်ကောင်ကို ရှာပြီး မသုတ်သင်နိုင်ရင်တော့ ငါတို့ရွာပျက်မှာပဲ"

"ဒီတော့ ဘယ်လိုလုပ်မှာလဲ"

"မဖဲဝါခေါ်ပြီး အကျိုးအကြောင်းမေးကြည့်ရအောင်"

ဟု ပြောပြီး ညအချိန်ရောက်တော့ မဖဲဝါခေါ်ပြီးမေးကြည့်တော့ သူကပြောပြသည်။

"ဖုတ်ဝင်နေတဲ့ အလောင်းကို ဖျက်ဆီးပစ်မှရတယ်၊ မကြာခင် သူအသက်ဝင်လာတော့မယ်. . ၊ အသက်ဝင်လာရင် ဘယ်လိုမှသတ်လို့ မသေတော့ပဲ ရွာပျက်လိမ့်မယ်"

"အလောင်းကဘယ်မှာလဲ"

"ပေါင်းဝသုသာန်က ကညင်ပင်အောက်မှာရှိတယ်"

"အလောင်းကို ငါတို့ရှာဖွေပြီး ဖျက်ဆီးပစ်မယ်၊ ကျန်တဲ့ အန္တရာယ်အယှက်တွေလာရင် နင်ပါလိုက်ခဲ့ပြီး အကူအညီပေးပါဦး"

ဟု နီမောင်ကပြောရာ မဖဲဝါက လိုက်ခဲ့မည်ဟု ပြောသည်။

ထို့နောက်မှာတော့ နီမောင်၊စောထီး၊ ငမဲအောင်၊ ဦးဇန်ကောင်းတို့လေးယောက်တို့သည် လိုအပ်သောပစ္စည်းများစုံလင်အောင်ယူကာ နေဝင်ရီတရောအချိန်၌ ပေါင်းဝသုသာန်သို့သွားကြလေသည်။

"မဖဲဝါပြောလိုက်တဲ့ ကညင်ပင်အောက်ကမြေပုံဆိုတာ တခြားမဟုတ်ဘူး၊ မယ်ဇာရီရဲ့မြေပုံပဲ"

"သူပဲဖြစ်မှာပေါ့"

ထိုသို့ပြောပြီးသွားကြရာ. . မှောင်ရီပျိုးစအချိန်တွင် သုသာန်ပေါက်ဝသို့ ရောက်သွားကြသည်။

ထိုနေရာရောက်တော့ ဦးဇန်ကောင်းက ကျန်သုံးယောက်ကို ပရိတ်ချည်များ လည်ပင်းမှာ ဆွဲပေးထားလိုက်သည်။

"ဟိုနေရာရောက်ရင် ငါခိုင်းတာကိုပဲလုပ် ဘာကိုမှကြောက်မနေကြနဲ့၊ အန္တရာယ်အယှက်တွေကတော့ အများကြီး





www.burmeseclassic.com

www.burmeseclassic.com



လာမှာပဲ"

ဟုလည်း မှာထားလေသည်။

သုသာန်ထဲဝင်သွားတော့ သာမန်သရဲတစ္ဆေတို့လောက်သာတွေ့ရပြီး ကြီးကြီးမားမားမတွေ့ရသေးပေ. . ။

ကညင်ပင်အောက် ရောက်သောအခါမှာတော့ အတော်မှောင်နေပေပြီ. . ။

သို့ကြောင့် မီးတိုင်တစ်တိုင်မီးထွန်းပြီး မြေပုံအနီး၌ စိုက်ထားလိုက်သည်။

ဦးဖန်ကောင်းက မြေပုံပတ်ဝန်းကျင်တစ်ဝိုက်ကို စည်းဝိုင်းတစ်ခုလည်း တားထားလိုက်သည်။

ပြီးသည်နှင့် စောထီးနှင့် ငမဲအောင်တို့က တူရွင်းပေါက်ပြားတို့ဖြင့် မြေပုံကို စတင်တူးကြလေတော့သည်။

ဦးဖန်ကောင်းနှင့်နီမောင်တို့က အနီးမှာရပ်ပြီး အခြေအနေကို စောင့်ကြည့်ပေးကြရသည်။

ထိုသို့တူးနေစဉ်မှာပင် သရဲသဘက်များ ရောက်လာပြီး ခြောက်လှန့်ကြသည်။

အချို့က သစ်ပင်ပေါ်မှ ဆင်းလာသည်။

အချို့က သစ်ချုံအတွင်းမှ ထွက်လာသည်။

အချို့ကတော့ မြေပုံများထဲမှာ ထိုးထွက်လာကြသည်။

ပုံပန်းသဏ္ဌာန် အမျိုးမျိုးဖြစ်သော်လည်း အားလုံးကတော့ ကြောက်စရာကောင်းသော ပုံပန်းသဏ္ဌာန်မျိုးချည်းဖြစ်ကြ





လေသည်။

၎င်းတို့မနီးမဝေးနေရာအထိ ရောက်လာကာ ခြောက်လှန့်ကြသော်လည်း ဦးဖန်ကောင်းတားထားသောစည်းကိုတော့ မကျော်ဝံ့ကြပေ. . . ။

စောထီးနှင့်ငမဲအောင်တို့ကလည်း ဦးဖန်ကောင်းက မှာထားသဖြင့် အခြားဘာကိုမှ ဂရုမစိုက်ပဲနှင့် ဆက်တူးကြရာ မြေအောက်မှာ ခေါင်းတလားပေါ်လာသည်အထိ ရောက်သွားကြလေပြီ. . . ။

ထိုအချိန်ရောက်တော့မှ သုသာန်အတွင်းသို့ ခြေသံပြင်းပြင်းနင်းပြီး ဝင်လာသောအသံကို ကြားကြရသည်။

မြေပြင်ပေါ်မှာ ပေါက်နေသောချုံပုတ်များအပေါ်မှဖြတ်နင်းလာသော တဂျွမ်းဂျွမ်းနှင့် အသံများလည်း ကြားကြရသည်။

"ဘာကောင်ပဲရောက်လာလာ ကြောက်စရာမလိုဘူး၊ တို့အလုပ်ကိုသာ ဆက်လုပ်ကြ"

ဟုဦးဖန်ကောင်းက ခပ်တိုးတိုးပြောသည်။

ခဏကြာတော့ အသံက တဖြည်းဖြည်းနှင့် နီးလာပြီး သစ်ပင်များကြားမှ ထွက်လာသော မည်းမည်းသဏ္ဌာန်ကြီးကို တွေ့ကြရလေသည်။

အရပ်အမောင်းကမြင့်လှသဖြင့် ပျဉ်းမပင်ကိုင်းများနှင့်ပင် မလွတ်မလပ်ဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



အမှောင်ထဲမှာပင် နီရဲနေသောမျက်လုံးကြီးနှစ်လုံးက
အထင်းသားပေါ်နေသည်။

နီမောင်ကတော့ မကြောက်မရွံ့ ကြည့်နေရင်း
သုသာန်စောင့်သဘက်ကြီးများ ဖြစ်မလားဟု စိတ်ထဲမှ တွေ
လိုက်မိသည်။

တစ်ကိုယ်လုံး အမွေးရှည်များရှိပြီး ကြောက်စရာ ပုံပ
သဏ္ဌာန်ရှိသော သဘက်ကြီးက ဦးဇန်ကောင်းတားထားသေ
စည်းနှင့်မနီးမဝေးသို့ ရောက်လာသည်။

၄င်းရောက်လာသောအခါ ခြောက်လှန့်နေသော သ
သဘက်များ ပျောက်သွားကြသည်။

၄င်းကစည်းနှင့် မနီးမဝေးမှာရပ်ရင်းနှင့် အသံသြ
ကြီးဖြင့်ပြောလေသည်။

"ငါက လေးကျွန်းပိုင် ကွင်းပိုင်နက်ကျော်ပဲ၊ ငါလုပ်ထ
တဲ့အလုပ်ကို ဘာကြောင့်လာပြီး နှောင့်ယှက်ကြတာလဲ သုသာ
ထဲက အခုချက်ချင်းပြန်ထွက်သွားကြ. . . "

ဟုမောင်းထုတ်လေသည်။

ထိုအခါ ၄င်းတို့နှင့် ရေစက်မကုန်သေးသော ကွင်းပို
နက်ကျော်နှင့် ပြန်တွေ့နေကြရပြီး ယခုဖြစ်သောအဖြစ်အပျ
များမှာလည်း ၄င်းလက်ချက်ဖြစ်မှန်း သိကြရလေတော့သ

ကွင်းပိုင်နက်ကျော်က ပြောသော်လည်း နီမောင်တို့
အရေးမစိုက်ပဲ လုပ်စရာရှိသော အလုပ်များကိုသာ ဆက်လု





နေကြလေသည်။

ထိုအခါ ကွင်းပိုင်နက်ကျော်က ဒေါသဖြစ်လာပြီး စည်း
ဝိုင်းနံဘေးတိုးကပ်လာကာ အန္တရာယ်ပေးရန်ကြိုးစားလေတော့
သည်။

ဦးဇန်ကောင်း အနေဖြင့်လည်း သူတတ်နိုင်သလောက်
ဖြင့်သာ အကာအကွယ်အတားအဆီး ပြုလုပ်ထားရလေရာ. .
အကယ်၍သာ ထို့ထက်ပိုဆိုးလာပါက တားဆီးနိုင်မည် မဟုတ်
တော့ပေ။

ထိုအခြေအနေမျိုးမှာပင် နောက်ဘက်မှ အမျိုးသမီး
တစ်ယောက်အသံ ထွက်လာလေတော့သည်။

"ဟဲ့. . မိစ္ဆာကောင် ငါ့ရဲ့ပိုင်နက်ဖြစ်တဲ့ သုသာန်မှာ ငါ
အခွင့်မပေးပဲနဲ့ ဘာကြောင့်ဝင်နေတာလဲ ထွက်သွားစမ်းဟဲ့"

ထိုအသံကြားသောအခါ ကွင်းပိုင်နက်ကျော် ခိုးထုပ်ခိုး
ရာပါသည်ဖြင့် အမိခံရသူလို ဟိုကြည့်ဒီကြည့် ဖြစ်သွားလေသည်။

ထိုသို့ကြည့်နေစဉ်မှာပင် သူ့ကိုယ်ပေါ်သို့ မမြင်ရသော
တုတ်ချက်များ ကျရောက်လာပြီး တဘုန်းဘုန်းမြည်သံများကိုပင်
အတိုင်းသားကြားနေရသည်။

အတန်ကြာတော့ ကွင်းပိုင်နက်ကျော်မှာ စူးစူးဝါးဝါးနှင့်
အော်ရင်း သုသာန်အတွင်းမှ ပြေးထွက်သွားလေတော့သည်

ထိုအခါမှ စောစောက မိန်းမအသံကြားရသော နေရာ
ဘက်သို့ လှမ်းကြည့်လိုက်သောအခါ သူတို့ရှိနေသော နေရာ



www.burmeseclassic.com

www.burmeseclassic.com



နှင့် မနီးမဝေးမှာ ရပ်နေသည့် မဖဲဝါ၏ ပုံပန်းသဏ္ဌာန်ကို တွေ့
မြင်ကြရလေသည်။

ထို့နောက်မှာတော့ အမှောင်ထဲမှာ ပျောက်သွားလေ
သည် စောထီးနှင့် ငမဲအောင်တို့ကလည်း အနှောင့်အယှက်
မရှိတော့မှ ဆက်တူးကြရာ ခေါင်းတလားပေါ်လာပြီး ဖြစ်သဖြင့်
ကြိုးများဖြင့် သိုင်းချည်ပြီး အပေါ်သို့ဆွဲတင်ကြလေသည်။

အပေါ်သို့ တင်ပြီးသဖြင့် ရိုက်ပိတ်ထားသော အဖုံး
ဖွင့်လိုက်သောအခါ အံ့သြဖွယ်ရာကောင်းသော မြင်ကွင်း
တွေ့ကြရလေတော့သည်။

သင်္ဂြိုလ်စဉ်ကာလ အရိုးပေါ်အရေတင်ပြီး ကမ္ဘာ
ရုပ်သာသာ ဖြစ်နေခဲ့သော မယ်ဇာရီ၏ အလောင်းမှာ ယ
တော့ နေကောင်းစဉ်ကကဲ့သို့ ပြည့်ပြည့်ဖြိုးဖြိုးနှင့်ဖြစ်နေပြီး မျ
နှာမှာလည်း ဝင်းပစိုပြည်လျက်ရှိနေသည်။

မီးရောင်ဖြင့် မြင်ရသော အနေအထားမှာ ချောမော
ပသော မိန်းမပျိုတစ်ယောက် အိပ်ပျော်နေသကဲ့သို့ ရှိနေက
လည်ပင်းမှာ အကြောစိမ်းစိမ်းတို့ကိုပင် မြင်နေရသည်။

လက်တစ်ဖက်တွင် မြားချက်ထိသဖြင့် ဒဏ်ရာဖြစ်
သော နေရာမှပင် သွေးများစို့နေသည်။

သို့သော်လည်း အောက်ခြေထောက်ပိုင်းကတော့ အ
ပေါ်အရေတင်နေဆဲပင် ရှိနေသေး၏။

ထိုအခိုက်မှာပင် အဝေးမှခွေးအူသံများပေါ်ထွက်





လေသည်။ အချိန်ဆွဲနေ၍ မဖြစ်တော့ပေ။

ဦးဇန်ကောင်းက ဓားတစ်လက်ကိုယူပြီး မယ်ဇာရီ ရင်ဝ
ကို ထိုးစိုက်ချလိုက်သည်။

လူကောင်းတစ်ယောက်ကို ထိုးလိုက်သကဲ့သို့ သွေးများ
ပန်းထွက်လာသည်။

သူက ထိုမျှနှင့် မပြီးသေးပဲ ရင်ဘတ်ကို ဓားဖြင့်ခွဲကာ
အထဲမှ နှလုံးသားကို ဖြတ်ယူသည်။

ပြီးမှ ဓားဖြင့် အပိုင်းပိုင်းဖြတ်တောက်ကာ အဝေးတစ်
နေရာသို့ ပစ်ပေးလိုက်ရာ မနီးမဝေးမှာရှိနေသော မကောင်းဆိုး
ဝါးများက ကောက်ယူစားသောက်ကြလေသည်။

ထိုကိစ္စပြီးသောအခါ အလောင်းကို အပြင်ထုတ်ပြီး
နောက် သစ်ကိုင်းခြောက်များစုပုံကာ ရေနံဆီလောင်း၍ မီးရှို့
ပစ်လိုက်ကြလေတော့သည်။

"မင်းအတွက် စိတ်မကောင်းပါဘူး၊ ဒီဘဝဆိုးကကျွတ်
ပြီး ကောင်းရာဘုံဘဝသို့ ကူးပြောင်းရရှိနိုင်ပါစေ. . ."

ဟု ဆုတောင်းပေးလိုက်ကြသည်။

အလောင်းကို မီးရှို့ပြီးသောအခါ အကြွင်းအကျန်တို့ကို
ခေါင်းထဲသို့ ပြန်ထည့်ကြသည်။

ပြီးမှ ခေါင်းတလားကို မြေကျင်းထဲသို့ ပြန်ထည့်ပြီး အ
ပေါ်မှ မြေသားများပြန်ဖို့ကာ မူလအခြေအနေအတိုင်း ပြန်ဖြစ်
အောင်စီမံထားခဲ့ပြီးမှ လေးယောက်သား သုသာန်အတွင်းမှ



www.burmeseclassic.com

www.burmeseclassic.com



ပြန်ထွက်လာခဲ့ကြလေတော့သည်။

သူတို့ပြန်ထွက်လာသောအခါ စောစောက ခြောက်လှန့်နှောင့်ယှက်နေကြသော တစ္ဆေ၊ သရဲ၊ ကျတ်၊ မှင်စာတို့ကို တစ်ကောင်မှ မတွေ့ကြရတော့ပေ။

ထိုနေ့မှစပြီး ပေါင်းဝရွာအပါအဝင် ထိုအနီးအနားပတ်ဝန်းကျင်တစ်ဝိုက်မှာ ရှိနေကြသော ရွာများသို့ လင်းနို့အုပ်များလည်း လာရောက်သည်ကို မတွေ့မမြင်ရတော့ပေ။

ယခင်က လူအသေအပျောက်များခဲ့ခြင်းများလည်း ရပ်တန့်သွားပြီးနောက် စိတ်ချမ်းသာစွာဖြင့် နေကြရပေတော့သည်။







## ( အခန်း ၁၆ )

# ကျွန်ုပ်နှင့် တာဝန်ကျေခဲ့သောဇာတ်လမ်း

နောက်ထပ်လအနည်းငယ် ကြာသောအခါ နီမောင်နှင့် မြသင်းကြူတို့နှစ်ယောက်လည်း လူကြီးများ၏ သဘောတူခွင့်ပြုပေးကြသဖြင့် လက်ထပ်ကြလေသည်။

ကညင်ပင်ရွာနှင့် မော်ဇာရွာ၊ ဘီးလူးမဂယက်ကျွန်းများဘက်မှ အစပျိုးခဲ့သော ၎င်းတို့နှစ်ဦး၏ ဖူးစာကံအကြောင်းမှာလည်း ယခုမှပင် ပြည့်စုံသွားပြီဖြစ်တော့သည်။

www.burmeseclassic.com



နီမောင်လုပ်သော သုသာန်ချောင်းမှာလည်း အနှောင့်အယှက်ကင်းစွာဖြင့် လုပ်ကြရသဖြင့် များစွာအကျိုးစီးပွားရရှိလေသည်။

ဦးစိုင်းမောင်တို့နှင့် ထက်ဝက်စားလုပ်ရသည် ဆိုသော်ငြားလည်း နောင်တစ်နှစ်မှာတော့ ကိုယ်ပိုင်ချောင်းတစ်ချောင်းလေလံဆွဲနိုင်သော အခြေအနေမျိုး ရောက်ခဲ့လေသည်။

ထိုနေရာမှာ အလုပ်လုပ်နေသော ကာလတစ်လျှောက်လုံးမှာလည်း မဖဲဝါက များစွာအကူအညီပေးခဲ့လေသည်။

တစ်ညတော့ မဖဲဝါက ပြောသည်။

"နီမောင် ငါ့အတွက် ကုသိုလ်ကောင်းမှုတစ်ခုခုလုပ်ပေးပြီး အမျှအတန်းပေးဝေပေးပါ၊ ငါ ဒီဘဝက ကျွတ်လွတ်ခွင့်ရတော့မယ်"

"နင့်အတွက် ငါဝမ်းသာပါတယ် မဖဲဝါရယ်၊ ဒါပေမယ့် နင်နဲ့ခွဲခွာရမှာဆိုတော့ ငါစိတ်မကောင်းပါဘူး"

"ငါလည်းစိတ်မကောင်းပါဘူး၊ တကယ်လို့ ငါလူ့ဘဝကို ပြန်ရောက်ခွင့် ရရင်တော့ နင်တို့နဲ့အတူတူ လာနေချင်ပါတယ်၊ ငါ့ကိုခွင့်ပေးမှာလား"

"နင်လည်း ပြောနေရသေးလား၊ နင်ကိုသရဲဘဝနဲ့တောင်မှာ ငါတို့နဲ့အတူ နေခွင့်ပေးထားခဲ့သေးတာပဲ၊ နေမယ်ဆိုလာနေပေါ့. . ."

ဟု ခွင့်ပေးလိုက်သည်။





နောက်ပိုင်းမှာတော့ ရွာမှဘုန်းကြီးကျောင်းမှ သင်္ကန်းကပ်လှူခြင်းစသော အလှူအတန်းနှင့် ကုသိုလ်ကောင်းမှုများပြုလုပ်ပြီး မဖဲဝါကို အမျှအတန်းပေးဝေခဲ့သည်။

ထို့ပြင် သူ့အတွက်ဆောက်ပေးထားသော တဲမှာလည်း အမျှအတန်းပေးဝေလိုက်ရာ နောက်ပိုင်းမှာတော့ မဖဲဝါကို မတွေ့ မမြင်ရတော့ပေ။

နောက်ထပ်လအနည်းငယ်ကြာတော့ မြသင်းကြူက ပြောသည်။

"အစ်ကို ကျွန်မထူးထူးဆန်းဆန်း အိပ်မက်တစ်ခုမက်တယ်"

"ဘယ်လိုအိပ်မက်မျိုးလဲ"

"အိပ်မက်ထဲမှာ အမျိုးသမီးတစ်ယောက်တွေ့တယ် သူက ကျွန်မတို့နဲ့လာနေပါရစေလို့ ခွင့်တောင်းတယ် သူ့နာမည်က မဖဲဝါတဲ့. . ."

"ဟင်. . . ဒီတော့ မြလေးကဘယ်လို ပြန်ပြောလိုက်သလဲ"

"မဖဲဝါက အစ်ကိုနဲ့ သိတာမဟုတ်လား၊ ကျွန်မကတော့ နေချင်လည်း လာနေပေါ့လို့ ပြောလိုက်တယ်"

"ကောင်းတာပေါ့ မြလေးရယ်၊ သူဘဝဆိုးတွေထဲက တကယ်ပဲ လွတ်မြောက်ခွင့်ရသွားပြီဆိုတော့ ဝမ်းသာစရာပေါ့"

ဟု ပြန်ပြောလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်ပိုင်းမှာတော့ မြသင်းကြူမှာ ကိုယ်ဝန်ရှိလာပြီး အချိန်စေ့၍ မွေးဖွားသောအခါ မိန်းကလေးဖြစ်နေသည်ကို တွေ့ရလေသည်။

နီမောင်စိတ်ထဲမှာ မဖဲဝါတစ်ယောက်သူတို့ မိသားစုဆီသို့ပြန်လည်ဝင်စားသည်ဟု ထင်သဖြင့် အကျေနပ်ကြီး ကျေနပ်နေမိလေသည်။

ဤနေရာမှပင် ဇာတ်လမ်းကအဆုံးသတ်ပြီဟု ဆိုရပေတော့မည်။ ကျွန်ုပ်သည် မဖဲဝါအကြောင်းကို ဝတ္ထုရေးခဲ့ပြီး လအတန်ကြာသောအခါ သူမနှင့် ပြန်တွေ့ခဲ့ရပြန်သည်။

သူမပြောပြသဖြင့် လေးကျွန်းကိုင် ကွင်းပိုင်မိစ္ဆာနှင့် သူမဘဝအဆုံးသတ်ပုံအကြောင်းများကို ထပ်မံရေးသားခဲ့ရ ပြန်ပေသည်။ ထိုဝတ္ထုနှစ်အုပ်မှာ. . .

"လေးကျွန်းကိုင် ကွင်းပိုင်မိစ္ဆာ"

"ကွင်းပိုင်မိစ္ဆာနှင့် မဖဲဝါ"ဝတ္ထုနှစ်အုပ်တို့ပင်ဖြစ်ပါသည်။ သို့ဆိုပါက ပထမထုတ်ဝေထားသော "မဖဲဝါနှင့် ဝေမာနိက ရန်ငြိုး" စာအုပ်နှင့် ဆိုပါလျှင် သုံးအုပ်ဖြစ်ပါသည်။

ထိုစာအုပ်သုံးအုပ်မှာ တစ်အုပ်ချင်း ခွဲဖတ်လျှင်လည်း ရသမပျက်စေပဲ ဖတ်ရှုနိုင်ပါသည်။

သို့မဟုတ်ပါပဲ. . .

"မဖဲဝါနှင့် ဝေမာနိက ရန်ငြိုး"

"လေးကျွန်းကိုင် ကွင်းပိုင်မိစ္ဆာ"





"ကွင်းပိုင်မိစ္ဆာနှင့် မဖဲဝါ"

တို့သုံးအုပ်တို့ကို အစဉ်အတိုင်း ဖတ်ပါကလည်း ပိုမိုပြည့်စုံပြီး ဝတ္ထုအရသာကို ခံစားနိုင်ကြမည် ဖြစ်ပါသည်။

ယခုတော့ မဖဲဝါပြောပြပေးသော အကြောင်းအရာများမှာလည်း ပြီးဆုံးသွားခဲ့ပေပြီ. . .။ ကျွန်ုပ်အနေဖြင့်လည်း တာဝန်ကျေခဲ့ပြီဟု ဆိုရပေတော့သည်။

စာရေးဆရာတစ်ယောက် အနေနှင့် ကိုယ်ဖန်တီးသော ဇာတ်လမ်းအတွက်. . . ဒါမှမဟုတ် ဇာတ်ကောင်အတွက် တာဝန်ကျေပွန်ရန် လိုအပ်လှပါသည်။

ယခုတော့ ကျွန်ုပ်၏ဇာတ်ကောင်တစ်ဦးဖြစ်သော. . 'မဖဲဝါ'အတွက် တာဝန်ကျေခဲ့ပြီ ဖြစ်ပါတော့သည်။

သို့ကြောင့်. . . . ဤနေရာတွင် ကျွန်ုပ်ရေးသားသော (ကွင်းပိုင်မိစ္ဆာနှင့် မဖဲဝါ) အမည်ရှိ ဂမ္ဘီရဆန်းကြယ် ဝတ္ထုရှည်မှာလည်း နိဂုံးကမ္ပတ် အဆုံးသတ်ပြီ ဖြစ်ပေတော့သတည်း။ ။

အနိစ္စာဟောန္တု သုခီအတ္တာနံ ပရိဟရန္တု

စာပြီးချိန်။ ။၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာ (၂၁) ရက်၊ သောကြာနေ့၊ နံနက် (၉) နာရီ. . . ။



www.burmeseclassic.com